www.burmeseclassic.com

# လမင်းဝိုဝို

ကံကြမ္မာ စေညွှန်ရာ




www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## ကံကြမ္မာစေ့သွန်ရာ


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၈၀၂၁၀၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၆၁၃၁၀၀၈

၂၀၀၉ ခုနှစ်၊ ဧပြီလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


BURMESE CLASSIC

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွား စနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







၁

တီးလုံးသံကလေး မြည်လာတဲ့ ဖုန်းလေးကို မိုးဧကါင်က ကောက်ယူ၍ ကြည့်လိုက်ပါသည်။ ဖုန်းပေါ်က ခေါ်သူအမည်က ရဲလင်းဆွေ။ မိုးဧကါင်က တစ်ချက်ပြုံးရင်း ဖုန်းကိုချက်ချင်း မဖွင့်ဘဲ ခဏဆက်ကိုင်ကာ စဉ်းစားနေလိုက်ပါသည်။

ခုချိန်မှာ ဒီကောင့်ဆီက ကြားရမယ့်စကားဟာ ဘာဆိုတာ မှန်းနိုင်နေတာပဲ။ ဒီအချိန်မျိုးမှာ သူပြောမယ့်စကားဟာ ဒါကလွဲလို့ ဖြစ်နိုင်စရာ တခြားမရှိပါဘူးလေ။ အဲဒီ "ဒါ" ကြီးကိုပဲ မကြားချင်တာ။ ပြောဆိုဖြေရှင်းနေရမှာကို ဝန်လေးတာ။ ဒါပေမဲ့ အခုမကိုင်လည်း တော်ကြာထပ်ဆက်မယ့်သူ၊ မရမချင်း ဖုန်းခေါ်နေမည့်သူမျိုး ဖြစ်တာမို့ ရှောင်လည်း တစ်ခဏပဲရှောင်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မိုးဂေါင်က ခေါင်းတစ်ချက်ယမ်းရင်း ဖုန်းကိုဖွင့်လိုက်ပါသည်။

"အေး ... ရဲကြီး ပြော"

"ဟေ့ကောင် မိုးဂေါင်"

"အေး ... ပြော"

"မင်း အိမ်ပေါ်က ဆင်းသွားတယ်ဆို"

"အေး"

"ဟာ ... မင်းကလည်းကွာ၊ အခ်ိပ္ပာယ်မရှိတာကွာ၊ ဘာတွေဖြစ်ကြလို့လဲ၊ ကလေးမဟုတ် သူငယ်မဟုတ်ကွာ၊ မင်းအသက်အရွယ်က လင်မယားပြဿနာတက်ရင် အိမ်ပေါ်ကဆင်းရမယ့် အရွယ်လား၊ ကလေး ကလားကွာ"

"အိမ်ပေါ်က ဆင်းရမယ့်အရွယ်ရယ်လို့ ရှိလို့လား"

"ဟာ ... ညားကာစ,တို့ မနူးမနပ်တို့တော့ ဟုတ်တာပေါ့ကွ၊ ပြဿနာတက်လိုက် မိန်းမကဆင်းလိုက်၊ ပြဿနာတက်လိုက်၊ ယောက်ျားကဆင်းလိုက်ပေါ့၊ မင်းတို့ ငါတို့ဆိုတာက ရင့်ကျက်တဲ့ အစိတ်အပိုင်း ရောက်နေကြပြီလေ၊ ကလေးတျင့် ကလေးကြံ ကြံလို့လုပ်လို့ မရတော့ဘူးလေ၊ အပိုတွေ မလုပ်စမ်းပါနဲ့ မိုးဂေါင်ရာ"



"ရဲကြီး ... ငါတို့အိမ်ထောင်သက် ဆယ့်ငါးနှစ်အတွင်း ငါ အိမ်ပေါ်က ခုလိုဆင်းလာတာမျိုး မင်း ကြားဖူးလား"

"မကြားဖူးဘူးလေ၊ အဲဒါကြောင့် ..."

"ငါ အပျော်ဆင်းလာတာလည်း မဟုတ်ဘူး၊ မူလကျိုသွန်နီလုပ်ပြီး ဆင်းလာတာလည်း မဟုတ်ဘူး ရဲလင်းဆွေ၊ ပြီးသွားပြီကွ၊ ငါနဲ့ ရိုးရဲ့ ဇာတ်လမ်းက လုံးဝပြီးဆုံးသွားပြီ၊ ဘယ်သောအခါမှ ပြန်လည်ပေါင်းစည်းဖို့ မဖြစ်နိုင်ဘူး၊ ငါ သူ့ဆီ ဒီရက်ပိုင်းပဲ ကွာရှင်းစာချုပ် ပို့လိုက်မှာ၊ ငါရှေ့နေကို စီစဉ်ခိုင်းထားပြီးပြီ"

"မိုးဂေါင် ... မင်း ... ရိုးကို ဒီလောက် အပြတ်ပြောစရာလားကွာ"

"ဖြစ်မှ မဖြစ်နိုင်တော့ဘဲ ရဲလင်းဆွေရာ"

"လင်နဲ့မယား လျှာနဲ့သွားဆိုတာ ရှိတာပဲ မိုးဂေါင်၊ တစ်ခါတလေ ..."

"ငါတို့ ကြီးကြီးကျယ်ကျယ် ကတောက်ကဆတ် ပြဿနာမျိုးမဖြစ်ကြပါဘူး"

"ဒါဆို ဘာကွဲစရာ ကွာစရာ ရှိလို့လဲကွ"

ရဲလင်းဆွေ အသံက စိတ်မရှည်သံ ဒေါသသံပေါက်လာပါသည်။

www.burmeseclassic.com



"အကြောင်းကြောင်းပေါ့ကွာ"

"ဟော့ကောင် ... မိုးဂေါင်၊ ရိုးလို မင်းကိုသိပ်ချစ်တဲ့မိန်းမမျိုးကို မင်း ပစ်ပစ်ခါခါ မဆုံးဖြတ်သင့်ပါဘူးကွာ၊ သူ့မှာ မင်း ခွင့်မလွှတ်နိုင်စရာ ဘာအပြစ်ရှိလဲ ပြောပါ၊ ငါတို့ ခက်ခက်တို့ ရအောင်ဝိုင်းနားချ ပြုပြင်ပေးပါ့မယ် မိုးဂေါင်ရာ"

"မင်းတို့ ပြုပြင်ပေးလို့ ရတာ ဘာမှမရှိဘူး"

"မင်း စကားကုန် မပြောပါနဲ့ မိုးဂေါင်ရာ"

"ရဲကြီး ... မင်းတို့က အေးလူပါ၊ ဖြေရှင်းလို့ရနိုင်တာဖြစ်ရင် ကာယကံရှင် ငါက အရင်ဖြေရှင်းပြီးပြီပေါ့၊ လူဆိုတာ ကိုယ့်အကြောင်းနဲ့ ကိုယ်ပေါ့ကွာ၊ ရိုးနဲ့ လမ်းခွဲလိုက်တာက ငါ့အတွက် အဖြေပဲ၊ ထွက်ပေါက်ပဲ၊ အချိန်သိပ်မနှောင်းခင် နောက်ကျမကုန်ခင် ဒီလိုပဲ လုပ်သင့် လုပ်ထိုက်တယ်လို့ ငါ ဆုံးဖြတ်ပြီး လုပ်လိုက်တာပဲ ...

ခုကိစ္စမှာ ငါ တစ်ကိုယ်ကောင်း ဆန်ကောင်း ဆန်မိမယ်၊ ငါ အတ္တကြီးရာလည်း ရောက်ချင်ရောက်မယ်၊ ဒါပေမဲ့ ငါ့အတွက် ဖြေရှင်းနည်းက ဒါပဲ၊ ဒီတစ်ခုပဲရှိတယ်၊ ငါ့ကိုယုံပါ ရဲကြီး"





ရဲလင်းဆွေက ဘာဆက်ပြောရမည် မသိသလို ခဏတာဖြုတ် တိတ်ဆိတ်နေပြီးမှ ...

"ကဲ ... ဒါဖြင့် ပြဿနာက ဘာလဲ၊ မင်း ဒီနည်းနဲ့ဖြေရှင်းလိုက်ရပါတယ်ဆိုတဲ့ ပြဿနာကို ငါ့ကို ပြောပြစမ်းပါ"

"ငါ ပြောမှာပါ၊ ဒါပေမဲ့ ဖုန်းထဲကနေတော့ မပြောချင်ဘူး၊ ငါ အေးအေးဆေးဆေး အချိန်ယူပြီး မင်းကိုရော မြတ်ထူးကိုရော ရှင်းပြမှာပါ၊ ဒါလည်း မင်းတို့က သိပ်သိချင်နေလို့သာ ရှင်းပြရမှာ၊ ငါ့တကယ်တော့ သိပ်ပြောချင်လှတာ မဟုတ်ဘူး ရဲကြီး ...

ငါပြောပြတဲ့ အကြောင်းပြချက်ကိုလည်း မင်းတို့က နိုင်လုံတယ် ထင်ချင်မှထင်မယ်၊ ဒီလိုလုပ်တာ မှားသွားတယ် ထင်ချင်ထင်မယ်၊ တစ်ယောက်အတွက် မှန်တဲ့ကိစ္စတိုင်းဟာ နောက်တစ်ယောက်အတွက် မမှန်နိုင်ဘူး၊ နောက်တစ်ယောက်အတွက် မှားယွင်းနေတဲ့ ကိစ္စတစ်ခုဟာ တစ်ယောက်အတွက်ကျတော့ မှန်ကန်ချက်တစ်ခု ဖြစ်ရင်ဖြစ်နေမယ် ...

ငါ့အဖို့ကတော့ ကိုယ့်အတွေး ကိုယ့်လိုအပ်ချက်နဲ့ ကိုယ် အပြောင်းအလဲ ဖြစ်သင့်ပြီထင်တာ တစ်ခုကိုခဲ့ဦးစားပြီးမှ လုပ်လိုက်တာပဲ ရဲလင်းဆွေ"



www.burmeseclassic.com

www.burmeseclassic.com



"အပြောင်းအလဲ ! "

"ဟုတ်တယ်"

"အိမ်ထောင်ရေးတစ်ခုမှာ အပြောင်းအလဲဆိုတာ လိုအပ်လား !၊ မင်း ဘာလဲ၊ မင်း ရီးကို သစ္စာဖောက်ပြီးနောက် တစ်ယောက် တွေ့နေတာလား"

"သစ္စာမဖောက်ပါဘူး၊ နောက်တစ်ယောက်လည်း မတွေ့သေးပါဘူး"

"မင်းစကားက ဘယ်လိုလဲ မိုးဂေါင်၊ တစ်ဝက်တစ်ပျက်နဲ့"

"နောက်မှ တွေ့မှာပေါ့၊ ရှာရမှာပေါ့"

"ဟော့ကောင် ... မိုးဂေါင်"

မိုးဂေါင်က သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"ရဲကြီး ... ငါ့မှာလည်း ငါ့ခံစားချက်နဲ့ငါ ရှိပါတယ်၊ မင်း ငါ့အကြောင်း သိပါတယ်၊ ငါ အလုပ်ပိုတွေ မလုပ်ဘူးကွာ၊ ငါ လုပ်ရမယ့် ကိစ္စတွေပဲ လုပ်တယ်၊ ပြီးတော့ ငါက လုပ်တော့မယ်ဆိုရင် အဲဒီကိစ္စတစ်ခုကို လုပ်ကိုလုပ်တယ်"

တစ်ဖက်က ရဲလင်းဆွေရဲ့ သက်ပြင်းချသံလည်း သိသိသာသာ ပေါ်လာပါသည်။





"အင်း ... ငါသိတယ် မိုးဂေါင်၊ မင်းက လုပ်တော့မယ်ဆိုရင် လုပ်ကိုလုပ်တယ်ဆိုတာ ငါသိပါတယ်၊ အေးက ဘယ်သူဘာပြောပြော မင်းလုပ်ချင်တာကို လုပ်ကိုလုပ်တယ်၊ ဖျက်လို့လည်း မရတော့ဘူး၊ ဟိုဘက်ဒီဘက်လည်း မျှမကြည့်တော့ဘူး၊ တစ်ယူသန်တယ်၊ တစ်ဇွတ်ထိုးတယ်၊ ဒီအကျင့်တွေ အားလုံးကို သိတဲ့သူမို့လို့ ငါ ခုလို အရမ်းစိတ်ပူပြီး ကြားကြားချင်း ဆက်လိုက်တာပါ ...

ငါက မင်းသူငယ်ချင်း၊ ရီးက ခက်ခက်သူငယ်ချင်း၊ အားလုံးဟာ သူငယ်ချင်းတွေ၊ မြတ်ထူးလည်း ဒါကိုကြားသေးပုံမရဘူး၊ ကြားရင် အံ့ဩတုန်လှုပ်ပြီး လက်သင့်ခံချင်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ခင်လို့ပေါ့ကွာ၊ ကိုယ့်သူငယ်ချင်းချင်းတွေရဲ့ အိမ်ထောင်ရေး လူမှုရေး စီးပွားရေးတွေ ပြေလည်သာယာတာကိုပဲ မြင်ချင်ပြီး မပြေလည်တာ ပြိုကွဲဆုံးရှုံးတာတွေကို မမြင်ချင်တာဟာ သူငယ်ချင်းကောင်းတွေရဲ့ ဆန္ဒပဲပေါ့ကွာ ...

ငါ ခုလေးတင် ကြားတယ်၊ ငါ့ဆီ ခုပဲ ခက်ခက် လှမ်းဖုန်းဆက်ပြောပြီး ဖုန်းချသွားတာ၊ ခက်ခက်က အခု ရီးအိမ်မှာပဲ ရှိသေးတယ်၊ ရီးလည်း ပြောပြရင်း ငိုနေတယ်တဲ့၊ ဒါကိုကြားတော့ စိတ်မကောင်းတာနဲ့ ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်လိုက်တာပါ၊ မင်းက မင်းကောင်းတယ် မှန်တယ် ထင်တာကိုပဲ လုပ်သွားမှာ၊ သူများအကြံဉာဏ်ကို လက်သင့်ခံမှာ မဟုတ်ဘူးလို့ သိနေပေမယ့် မနေနိုင်လွန်းလို့ လက်မခံနိုင်လွန်းလို့ ငါလှမ်းဆက်တာပါ ...

မင်း ပြန်စဉ်းစားပါဦး မိုးဂေါင်ရာ၊ ကဲ ... မင်း ငါတို့ကိုတွေ့မယ့်အချိန် ပြီးမှပြန်ချိန်းလိုက်၊ ဒါပဲ မိုးဂေါင်"

"အေး"

မိုးဂေါင်က ဖုန်းကို ခလုတ်လေးနှိပ်၍ လိုင်းဖြတ်လိုက်ပြီး စားပွဲပေါ် ခပ်ဖြည်းဖြည်း ချထားလိုက်ပါသည်။

♣ ♦ ♣

"မိဖြူရေ ... ဟင်းရည်အိုးကို မီးဖိုပေါ် ခဏတင်လိုက်၊ နည်းနည်းနွေးအောင် နွေးလိုက် သမီး၊ ဟို ကြက်သားနှင့် ထားတာလေးတွေက သုပ်မှာနော်၊ အန်တီခက်ခက်က ဆီပြန်ဟင်း မကြိုက်ဘူး သိတယ်မှလား၊ ခရမ်းချဉ်သီးလေး ဂေါ်ဖီလေး လှီးထားလိုက် မာမီ လာသုပ်မယ်"

ညှော်ခန်းထဲမှာ ထိုင်နေရာက မီးဖိုဘက်ကို လှမ်းအော်ညွှန်ကြားနေတဲ့ "ရွှေနှယ်ရီး"ကို ခက်ခက်က စိတ်မသက်မသာကြည့်ရင်း ...





"ထားလိုက်စမ်းပါ ရီးရယ်၊ ဟင်းရည်လည်း ပူပူအေးအေး ဘာမှမဖြစ်ပါဘူး၊ အရေးလည်းမကြီးဘူး၊ ဆီပြန်ဟင်းမကြိုက်တာကလည်း မကြိုက်တာပဲ၊ သူတို့သားအဖတွေကတော့ ဆီပြန်အနှစ်လေးနဲ့ နယ်စားရတာ ကြိုက်ကြတော့ ချက်နေရတာနဲ့ပဲ ကိုယ်ပါရောပြီး စားလိုက်ရတာပါပဲ ဟယ် ...

အဆီအနှစ်တွေချန်ပြီး ဒီလိုပဲ အသားတုံးလေး ခပ်စားလိုက်တာပေါ့၊ နင်ဘာတွေပူနေတာလဲ ရီး၊ အလုပ်ရှုပ်လိုက်တာ သပ်သပ်သုပ်ပေးမနေနဲ့"

"ကျွေးချင်းကျွေး ကိုယ့်သူငယ်ချင်း ကြိုက်တာပဲ ကျွေးချင်တာပေါ့"

"ကိုယ့်မှာဖြင့် ကိုယ့်ယောကနဲ့ကိုယ်၊ ကိုယ့်အပူနဲ့ကိုယ်၊ ဒီအချိန်မျိုးမှာများ သူများစားဖို့ သောက်ဖို့ ဇာချဲ့မနေစမ်းပါနဲ့ဟယ်"

"ဘာထူးလဲ ခက်ခက်ရယ်၊ သူရှိရင်လည်း သူ့ဖို့ဖွယ်ဖွယ်ရာရာတွေ လုပ်ပေးနေရတာပဲ၊ သူက ငါဘာမှမလုပ်ပေးနိုင်လည်း ဟင်းကြေးမများပဲ ကြက်ဥကြော် ထမင်းပေါ်ပုံပြီး ဖြစ်သလို စားတတ်ပေမယ့် တိုလီမိုလီ ဖွယ်ဖွယ်ရာရာလေးတွေကိုလည်း သိပ်ခံတွင်းတွေ့တတ်တာ အကြော်



www.burmeseclassic.com

အသုပ်လေးတွေ ကြိုက်တတ်တာ၊ သူ့ကို အမြဲတမ်းနေ့စဉ်နဲ့အမျှ လုပ်ပေးနေရတာပဲ ...

ဒါတွေလုပ်ရတာ ငါ့အတွက် အပန်းမကြီးပါဘူး ခက်ခက်ရယ်၊ အခု သူ မရှိတော့လေ ဒါတွေလုပ်မပေးရတာ နှစ်ရက်ရှိပြီ"

ရှီးရဲ့အသံလေးက တိမ်သွားပါသည်။ ခုနကတော့ ခက်ခက်ကို ပြောပြရင်း မျက်ရည်ကျမိသေးသည်။ ဒါပေမဲ့ တစ်ချိန်လုံးတော့ ငိုနေတာ မဟုတ်ပါ။ ပြောရရင် ရှီးက စိတ်နိုင်ပါသည်။ ဖြေသိမ့်နိုင်စွမ်း ရှိပါသည်။

ငယ်ငယ်ကတည်းက ကိုယ့်စိတ်ကြိုက် ကိုယ့်ဆန္ဒအတိုင်း ဖြစ်မလာဘဲ ကိုယ့်စိတ်ကို ကိုယ်ဘာသာဖြေသိမ့်ပြီး ဖြစ်လာတာအပေါ် ရောင့်ရဲနှစ်သိမ့်လိုက်နိုင်စွမ်းမျိုး တကူးတကမကြိုးစားရဘဲ ဗီဇထဲပါလာသလိုရှိတဲ့ ရွှေနှယ်ရှီးကို ငြိမ်းချမ်းတဲ့ သဘောကောင်းတဲ့ ကလေးမလေးအဖြစ် မိသားစု၊ ဆွေမျိုး၊ သူငယ်ချင်းတွေက သတ်မှတ်ခဲ့ကြတာပဲ။

ရွှေနှယ်ရှီးက လှူချစ်လှူခင် ပေါပါသည်။ တမင်တကာ လုပ်ထားတာ မဟုတ်တဲ့ သည်းခံမှု၊ ခွင့်လွှတ်တတ်မှု၊ အနှံ့အတာခံမှု၊ ဇွဲမယူတတ်မှု၊ လိုက်လျောတတ်မှု စသည်တို့က ဘယ်သူ့အပေါ်မဆို တစ်သမတ် ဖြန့်ကျက်လွှမ်းခြုံထားတတ်သော





ရာ သိပ်ချစ် သိပ်ခင်သူတွေ ပေါသလို ဗိုလ်ကျသူတွေလည်း ပေါခဲ့တာပင်။

တစ်ယောက်က ခေါက်ဆွဲသုပ်စားမယ်၊ တစ်ယောက်က မုန့်ဟင်းခါးစားမယ် ဖြစ်နေလျှင် ရှီးက သူများစားမည့်အစားအသောက်ကိုပဲ အလျှော့ပေးအတူလိုက်စားတတ်တာမျိုးက အသေးအဖွဲ ဖြစ်တော့သည်။ ကိုယ့်ဆန္ဒထက် သူများဆန္ဒကို ဦးစားပေးပြီး လိုက်လျောတတ်သူ။ အင်မတန် သဘောကောင်းတဲ့သူလို့ သူတို့အားလုံးက အသိအမှတ်ပြုခဲ့ကြတာ။

အဲဒါကြောင့်လည်း "ကို"က ချစ်ခဲ့တာပေါ့။

ရှီး သိပါသည်။ မိုးဂေါင်ရဲ့စိတ်ဓာတ်ဟာ မာကျောကြံ့ခိုင်သည်။ နူးညံ့သိမ်မွေ့ခြင်း ကျဲပါးလှကာ ကိုယ်ဖြစ်ချင်တာကို အရလုပ်ယူရမှဆိုတဲ့ စိတ်ထားမျိုးရှိသူ။ အတိုက်အခံကို သူက မလိုလား။ ဒါကြောင့်လည်း သူ့မျက်စိတွင် ရွှေနှယ်ရှီးဟာ ချစ်ခင်ကြင်နာစရာလေး ဖြစ်ခဲ့တာ။

ရှီးရဲ့ရှေ့မှာ သူက ရည်းစားနှစ်ယောက် ထားခဲ့ဖူးသည်။ ပထမတစ်ယောက်နဲ့ နှစ်လအကြာမှာပြတ်ကာ ဒုတိယတစ်ယောက်နဲ့ ရက်နှစ်ဆယ်အကြာမှာ ပြတ်ခဲ့တာဖြစ်သည်။ သူ့အကြောင်းကို ရှီးက မလှမ်းမကမ်းကနေ တိတ်တဆိတ်မိုးကြည့်ရှိနေခဲ့သူပါ။

www.burmeseclassic.com



ရုပ်ဖြူလက်ရှည် စတစ်ကော်လာကိုပဲ အမြဲဝတ်ကာ လက်ရှည်ကို တံတောင်ဆစ်ပေါ်ထိ ခေါက်တင်ထားလျက် အောက်က လျှော်ပါများထားတဲ့ ကချင်ပုဆိုးကို ခပ်တိုတိုဝတ်တတ်တာ မိုးဂေါင်ရဲ့စတိုင်ဖြစ်သည်။ သူ့ကချင်ပုဆိုးတွေက အရောင်အဆင်း မတိမ်းမယိမ်း။ ရိုး စိတ်ထင် အလွန်ဆုံး သုံးထည်ထက်ပိုမည် မထင်ပါ။

ရိုးတို့တက္ကသိုလ်တက်စခေတ်က ကချင်လွယ်အိတ်တွေကို ကိုင်းတိုအောင်ထုံးပြီး ယောက်ျားလေးတွေ လွယ်ကြတဲ့ခေတ်။ မိုးဂေါင်ရဲ့ ဟောင်းနွမ်းလှပြီဖြစ်တဲ့ ကချင်လွယ်အိတ်နက်ပြာလေးကို ရိုး ခုထိမြင်ယောင်မိတုန်း။ ဖြူဆွတ်တဲ့အသားအရေ၊ နက်မှောင်တဲ့မျက်ခုံးထူ၊ မျက်တောင်ထူတို့ကြောင့် ထင်းနေတဲ့ သူ့ရုပ်ရည်ဟာ တစ်မူထူးခြားသည်။

အဲဒီထူးခြားရှင်းသန့်နေတဲ့ရုပ်နှင့် အမြဲတင်းမာနေတဲ့ မျက်နှာထားတို့ကြောင့်ပဲ နှမ်းပါးမှုန်း သိသာလှတဲ့ မိုးဂေါင်ကို ကောင်မလေးတွေက စိတ်ဝင်စားကြတာ။ အထာပေးကြတာ။ မိုးဂေါင်ရဲ့ ပထမရည်းစား ပွင့်ဖြူဟာ ကိုယ့်ကား ကိုယ်တိုင်မောင်းတက်တဲ့ကျောင်းသူ။ အဲဒီခေတ်က ကားမောင်းတက်တဲ့ ကျောင်းသားတောင်မှ ရှားပါးသေးရာ ကားမောင်းတက်တဲ့ ကျောင်းသူဆိုတာ မရှိသလောက်ပါ။





တကယ်တော့ ပွင့်ဖြူက အထာပေး အရေးပေးလို့လည်း မိုးဂေါင်နှင့် ပွင့်ဖြူ နီးစပ်တွဲဖြစ်သွားတာပါ။ သူတို့ပြတ်ကြတဲ့နေ့ကတော့ ကျောင်းကဲင်တင်းထဲမှာ အုတ်အော်သောင်းနင်းဖြစ်သွားခဲ့ရတာ။ ကဲင်တင်းက စားပွဲတစ်လုံးမှာထိုင်နေတဲ့ သူတို့စုံတွဲ အခြေအနေ တင်းမာနေတာကို ဘေးစားပွဲတွေပင် ရိပ်မိကာ မသိမသာ စိတ်ဝင်တစား အကဲခတ်နေကြပါသည်။

အဲဒီထဲမှာ ရိုးတို့ ခက်ခက်တို့လည်း အပါအဝင်။

"ကင်းနဲ့ ကွင်းနဲ့ တင်းမာနေတယ်ဟေ့"

တစ်ယောက်ကိုတစ်ယောက် အချက်ပေးကြသည်။ သူတို့ရဲ့နယ်မြေ တက္ကသိုလ်မှာ မိုးဂေါင်က "ကင်း"၊ ပွင့်ဖြူက "ကွင်း"ဘွဲ့ ရထားတာပါ။ ပထမပိုင်း စုပုပ်တင်းမာနေပြီး တစ်စထက်တစ်စ ရန်ထောင်ပေါက်ကွဲလာတဲ့ သူတို့စုံတွဲဟာ ဘေးဘီကိုပင် ဂရုမစိုက်တော့တာ။

ပွင့်ဖြူကလည်း သူဌေးသမီး မာနအိုး။ မိုးဂေါင်ကတော့ ဆင်းရဲသား မာနအိုးပေါ့လေ။ အကဲခတ်နေတုန်းပင် ပွင့်ဖြူက ဖျတ်ခနဲ မတ်တတ်ထရပ်ကာ ရှေ့ကအအေးဖန်ခွက်ကို ကောက်ယူပြီး အအေးတွေနှင့် မိုးဂေါင်မျက်နှာကို ပက်လိုက်ပါသည်။

"ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



ကင်တင်းထဲ တီးတိုးသံတွေ စုပေါင်းတော့ အသံအုပ်အုပ် ထွက်လာသည်။ မိုးဂေါင်ကို သနားအားနာစွာ မကြည့်ရဲ မကြည့်ရက် ဖြစ်နေကြဆဲမှာပင် မမျှော်လင့်ဘဲ မိုးဂေါင်က သူ့ရှေ့က လက်ဖက်ရည်ခွက်ကို ကောက်ယူကာ ပွင့်ဖြူ မျက်နှာကို လက်ဖက်ရည်နှင့် ပက်ပစ်လိုက်ပါသည်။

"ဟာ"

ဒီတစ်ခါအသံက အကျယ်ကြီး။

တန်ဖိုးကြီးလှတဲ့ ပွင့်ဖြူရဲ့ ဇာဖြူဖြူလွလွ အင်္ကျီလေးဟာ လက်ဖက်ရည်ညိုရောင်တွေ စွန်းထင်းပေကျံကုန်ကာ တစ်မျက်နှာလုံးလည်း ရုပ်ပျက်ဆင်းပျက်။ မယုံနိုင်လောက်အောင် ကြောင်အမ်းနေတဲ့ ပွင့်ဖြူကို ထားရစ်ပြီး မိုးဂေါင်ကအရင် ကင်တင်းထဲက ထွက်ခွာသွားပါသည်။

"ကြောက်စရာကြီးဟယ်၊ ငါ့ကိုသာ သူလာကြိုက်ရင်တော့ ငါ ဘယ်တော့မှ သူ့ကို ပြန်ကြိုက်ရဲမှာ မဟုတ်ဘူး"

အဲဒီတုန်းက ခက်ခက် ညည်းတွားခဲ့တဲ့စကား ဖြစ်ပါသည်။ အဲဒီတုန်းက ရိုးဟာ တစ်ချိန်မှာ မိုးဂေါင်ရဲ့ချစ်သူ၊ မိုးဂေါင်ရဲ့ဇနီးမယား ဖြစ်လာရလိမ့်မယ်လို့ ကိုယ့်ကိုယ်ကိုယ်လုံးဝ မထင်မှတ်ခဲ့မိ။ သို့ပေမယ့် ဘာကြောင့်မှန်းမသိ မိုးဂေါင်ကို နှစ်လိုသဘောကျမှုက ရိုးရဲ့ရင်ထဲ အမြဲပဲ ရှိနေခဲ့ပါသည်။





"အဲဒီ ပွင့်ဖြူကလည်း မောက်မာလွန်းပါတယ်ဟာ၊ ယောကျ်ားလေးတွေကိုလည်း မတူမတန်သလို သိပ်လုပ်တာ၊ မိန်းကလေးချင်းတောင် သူက ဘဝင်မြင့်ပြီး အားလုံးကို ခေါ်ချင်ပြောချင်တာ မဟုတ်ဘူး၊ သူ့ကို ဒီလိုပြန်လုပ်ဝံ့တဲ့သူမျိုးလည်း ပေါ်လာပါမှပေါ့၊ နို့မို့ဆိုရင် အားနွဲ့တဲ့ မိန်းမသားဆိုပြီး စော်ကားချင်တိုင်း စော်ကား၊ ကျောချင်တိုင်း ကျောနေသမျှ ယောကျ်ားလေးတွေက ငုံ့ခံနေရမှာလား"

ရိုးဟာ အဲဒီကတည်းက မိန်းကလေးချင်းဘက်ကပင် မပါမိဘဲ မိုးဂေါင် လုပ်ရပ်ကိုသာ အားပေးသဘောကျပြီး သူ့ဘက်က ရပ်တည်မိခဲ့တာပင်။ နောင်သောအခါ မိုးဂေါင်က ရိုးကိုချစ်ရေးဆိုလာတော့ ဘယ်သောအခါ ကာလတည်းက ရင်ထဲအသင့်ရှိနှင့်သည်မသိတဲ့ အချစ်ဖူးငုံဟာ ဘွားခနဲ ငွားစွင့်ပွင့်လန်းကာ ဘယ်လိုမှ မငြင်းနိုင်ဘဲ ရှိခဲ့တာ။

"မာမိ ... ကြက်သားသုပ်လို့ ရပါပြီ၊ လိုးတာတွေ အဆင်သင့်ဖြစ်ပါပြီ"

"အေး ... အေး၊ လာ ... ခက်ခက်၊ ထမင်းစားခန်းသွားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ အိမ်အလုပ် ကူလုပ်ဖို့ ရောက်လာသမျှ မိန်းကလေးငယ်တွေကို ရှီး အသက်သုံးဆယ်ကျော်လာကတည်းက "မာမီ" "ဒက်ဒီ"ခေါ်ဖို့ သင်ခဲ့ပါသည်။ ခုတော့ အသက် က လေးဆယ်မို့ ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်ရွယ် ဒီမိန်းကလေးတွေရဲ့ အဖေ အမေ ဖြစ်နိုင်တဲ့အရွယ်လည်း ဖြစ်နေခဲ့ပါပြီ။

ကိုယ့်မှာက ကိုယ့်ကို ဖေဖေ မေမေ, ဒက်ဒီ မာမီ စသဖြင့် တီတီတာတာခေါ်မည့် ရင်သွေးသားသမီးမှ မရှိခဲ့ပဲလေ။ အိမ်ထောင်ကျကာစကတော့ သားလေးတစ်ယောက် သမီးလေးတစ်ယောက် ယူမယ်လို့ စိတ်ကူးမျှော်လင့်ထားခဲ့သည်။ မိသားစု သိုက်သိုက်ဝန်းဝန်းကို အင်မတန်မှ အလိုရှိတဲ့ ကိုကဈော့ ...

"ရှီး ... ကိုယ်တို့ကလေးခြောက်ယောက်လောက် ယူကြရအောင်နော်"

"အမယ်လေး ... ဘုရားရေ၊ ညာညာတာတာ စာစာနာနာလည်း ပြောပါကိုရယ်၊ ဗိုက်ပူကြီးကို ကိုးလလွယ်ထားရမှာက ရှီးပါနော်၊ ခြောက်ယောက်တဲ့ ... စိတ်ကူးကလည်း လောဘကြီး ကြီးနိုင်လွန်းတယ်"

"ကိုယ့်အကြောင်း ရှီး အသိဆုံးပဲလေ၊ ကိုယ် မိသားစု အကြီးကြီးတစ်ခု ပိုင်ချင်တယ် ရှီး၊ ရှီး မွေးနိုင်သလောက် သာမွေး၊ ဒီမယား၊ ဒီသားသမီးတွေကို မတောင့်မတာ





မကြောင့်မကြ ပြည့်ပြည့်စုံစုံရှိအောင် ထားနိုင်ဖို့က ကိုယ့်တာဝန်၊ ကိုယ် ကြိုးစားမယ်၊ ကိုယ့်မိသားစု ချမ်းချမ်းသာသာ နေရအောင် ကိုယ် အလုပ်လုပ်ပါ့မယ် ရှီး ဘာမှ မပူနဲ့"

မိုးဂေါင်ဟာ သူ့စကားနှင့်အညီလည်း ကြိုးစားရှန်းကန် ရှာဖွေခဲ့ပြီး စီးပွားတရိပ်ရိပ် တက်လာခဲ့ပါသည်။ ရှီး သူ့ကို လက်ထပ်စဉ်က သူဟာ သူများပွဲရုံက ဝန်ထမ်း၊ လင်မယားနှစ်ယောက် အိမ်လေးငှားရမ်းနေပြီး ဘဝကိုစ,ခဲ့ရတာပါ။ ခုခါမှာတော့ ခြံနဲ့တိုက်တွေ၊ ပွဲရုံတွေ၊ ကွန်ဒိုမီနီယမ်အခန်းပိုတွေ၊ ကားတွေ၊ ရှီးမှာလည်း စိန်ရွှေရတနာတွေ ညွတ်သီးလျက်သား။

သို့ပေမယ့် သူ ရှူးသွပ်ခဲ့တဲ့ ရင်သွေးလေးတွေတော့ ရမလာခဲ့ပါ။

"ရှီး ... နင့်ထမင်းကလည်း နည်းလှချည်လား၊ ဒီလိုမလုပ်နဲ့လေဟာ၊ ပုံမှန်တော့စားမှပေါ့"

"ငါ မျိုချလို့ကို မရလို့ပါ ခက်ခက်ရယ်"

ရှီးက ထမင်းလုတ်ကို မနည်းဖိမျိုချရင်း မျက်ရည်လည်လာတာမို့ ဇွန်းကိုချပြီး ခေါင်းမော့၍ မျက်တောင်ကလေးပုတ်ခတ်နေပါသည်။

"ရှီး"



www.burmeseclassic.com

www.burmeseclassic.com



"ခက်ခက် စိတ်မကောင်းမဖြစ်နဲ့နော်၊ နင် ဝအောင်စား၊ နင်တို့ပါ ဒီလိုကူးဆက်ပြီး စိတ်ဆင်းရဲကြရမှာစိုးလို့ ငါ လုံးမပြောခဲ့တာပေါ့"

"ဒီနေ့ ငါ့ဟာငါ လာလည်ချင်လို့ ရောက်လာခဲ့မိပေလို့၊ အဲသလို နင်မပြောဘဲနေတော့ ငါတို့မသိရတော့ အချိန်မီ ကူညီစရာရှိတာ ကူညီမရဘူးပေါ့၊ နင် လုံးအသိပေးရမှာ ပေါ့"

"အိမ်ထောင်ရေးတစ်ခုဟာ ဘေးလူတွေအကူအညီနဲ့ ပြန် ပြီးရင်ကြားစေသွားနိုင်လည်း ခဏပါဟာ၊ ကာယကံရှင် တွေရဲ့ စိတ်အခြေအနေ ဆန္ဒတွေကသာ အဓိကပါ၊ အခု သူ့ရာမှ ငါ့ကိုမပေါင်းချင်တော့ပဲ"

"အဲဒါ ဘာကြောင့်တဲ့လဲ၊ အိမ်ထောင်သက် ဆယ့်ငါးနှစ် ပဲပြည့်ပြီးမှ ကြီးကြီးမားမား ဘာပြဿနာမှလဲ မရှိဘဲ ဘာကြောင့် သူက မပေါင်းချင်ရတာလဲ"

"……… ……"

ရိုးက နှုတ်ခမ်းလေး တင်းတင်းစေ့ပြီး ကျလာတဲ့ မျက်ရည်တွေကို ပွတ်သုတ်ပစ်နေပါသည်။

"သူ ဖောက်ပြန်ပြီး အသစ်တွေ့နေလို့လား"





"ငါ အတိအကျ မသိပေမယ့် အဲသလို မဖြစ်နိုင်ဘူးဆို တာ သေချာပါတယ်၊ နင်တို့ ကိုရဲတို့လည်း သူနဲ့ခင်မင် ပေါင်းသင်းနေကြတာပဲ၊ သူ့အကြောင်း သိကြတာပဲ၊ သူ ဟာ သူ့တစ်ကိုယ်ရည် သူ့ဂုဏ်သိက္ခာကို ဘယ်လိုတည် ဆောက်တဲ့လူလဲဆိုတာ အားလုံးအသိပဲလေ၊ သက်သေမကင်း ဖြစ်လောက်စရာလည်း ငါလည်းမတွေ့ဘူး၊ သူများပြောသံ လည်း မကြားဘူး"

"ဒါဖြင့် နင့်အမေနဲ့များ တစ်ခုခုဖြစ်သလား"

ရိုးရဲ့အမေနှင့် မိုးဂေါင် အကြားမှာ မကျေညက်နိုင် တဲ့ အဖုအကြိတ် အစိုင်အခဲတွေရှိမှန်းကို အားလုံးသိကြပါသည်။ လက်ထပ်မယ်ဆိုကတည်းက သဘောမတူခဲ့တာ။ သဘောမတူ တာကိုလည်း ရိုးရဲ့အမေက အတိအလင်း ကြေညာခဲ့သည်။ လုံးဝမပေးစားနိုင်ဘူး ဆိုတာကိုလည်း မိုးဂေါင်ကို တိုက်ရိုက်ပြော ခဲ့ပါသည်။

တကယ်တော့ ရိုးတို့မိသားစုရဲ့ အခြေအနေ ဂုဏ် ဒြပ်နှင့် မိုးကောင်းရဲ့အနေအထားဟာ ရိုးတို့ဘက်က "သဘော မတူနိုင်ဘူး" ပြောဖို့ အလွန်မရှိပါ။ ရိုးတို့မိသားစုက ဘိုးစဉ် ဘောင်ဆက် ပြည့်စုံကြွယ်ဝခဲ့သူတွေ၊ ရိုးအဲဖေက ဌာနဆိုင်ရာမှာ တာဝန်ကြီးကြီး ယူရတဲ့ အရာရှိကြီး၊ ရိုးအမေက တက္ကသိုလ်က ဆရာမ ခပ်စောစော အငြိမ်းစားယူထားသူ။

www.burmeseclassic.com

www.burmeseclassic.com



မိုးဂေါင်က ဘုန်းကြီးကျောင်းမှာ ကပ်နေရတဲ့ တစ်ကောင်ကြွက်။ ဘာမှသဘောတူစရာ အကြောင်းမရှိ။ ဒီလူကိုပဲ ရိုးက မေတ္တာစစ်နှင့် ချစ်ခဲ့သူ ဖြစ်သည်။ ရိုးရဲ့ချစ်မေတ္တာကို သမာဓေ၀ နတ်ကောင်းနတ်မြတ်တို့က ချီးမြှောက်ဂုဏ်ပြုချင်လို့ မိုးဂေါင်ရဲ့လုပ်ငန်း ကိုင်ငန်းတို့မှာ ကံကောင်းစေဖို့ ကူညီပေးခဲ့တာလို့ ခက်ခက်က အမြဲပြောခဲ့သည်။

ရိုးရဲ့ကံကြမ္မာပင်။

မိုးဂေါင်ရဲ့ကြိုးစားလုံ့လလည်း ပါခဲ့တာပေါ့။ မိုးဂေါင်နေတဲ့ ဘုန်းကြီးကျောင်းက ဘုန်းကြီးငါးပါးကိုပဲ ဆွမ်းကပ်ပြီး ဘယ်သူ့မှမဖိတ်ဘဲ လက်မှတ်ထိုး လက်ထပ်ခဲ့ကြတဲ့ သူတို့အိမ်ထောင်ဟာ နတ်ဖက်သလိုပင်။ စီးပွားလည်း တရိပ်ရိပ်ဖြစ်ထွန်းလာခဲ့တာ။ မိုးဂေါင် စုဆောင်းထားတဲ့ ငွေလေးနည်းနည်း သူငယ်ချင်းတွေ ဝိုင်းဝန်းချေးငှားပေးလိုက်တဲ့ ငွေတချို့တို့နှင့် ရန်ကုန်နဲ့အညာ၊ ရန်ကုန်နဲ့ မြစ်ဝကျွန်းပေါ် သွားချည်လာလှည့် အပင်ပန်းခံ ကုန်ကူး၊ ပွဲစားလုပ်ရင်းက အကြွေးတွေနှင့် ပွဲရုံငယ်ကလေး ထောင်လိုက်တဲ့ မိုးဂေါင်ရဲ့လုပ်ရည်ကိုင်ရည် စွမ်းဆောင်ရည်ဟာ ချီးကျူးဖို့တော့ တကယ်ကောင်းခဲ့ပါသည်။

ခါယ်တန်းအောင်တဲ့ ဆယ့်ခြောက်နှစ်အရွယ်ကတည်းက ပွဲရုံတစ်ခုမှာ အချိန်ပိုင်း ဝင်လုပ်ခဲ့ရာက ဘွဲ့ရတဲ့အသက်





နှစ်ဆယ်အရွယ်ကျတော့ အချိန်ပြည့်ဝန်ထမ်းဖြစ်ကာ အကွက်စေ့ လာဘ်မြင်မှုတွေကြောင့် ပိုင်ရှင်ပြီးရင် သူပဲဆိုတဲ့အထိ နေရာရခဲ့ တာမို့ အဆက်အသွယ် အခွင့်အလမ်းတွေ ယုံကြည်မှုတွေကိုလည်း ရထားပြီးဖြစ်လို့ ဖြစ်ပါသည်။

အိမ်ထောင်သက် နှစ်နှစ်လောက်ကတည်းက ရိုးရဲ့ဖခင်နှင့် ပြန်ပြီးအဆက်အသွယ် ရှိခဲ့ပါသည်။ ရိုးရဲ့ဖခင်ဟာ မိုးဂေါင်ကို ကွယ်ရာကနေ တစေ့တစောင်း အမြဲမျက်ခြည်မပြတ် ရှိနေပြီး မိုးဂေါင်ကို သဘောကျနှစ်ခြိုက်လာကာ သူကပဲ စတင် ဆက်သွယ်လာတာဖြစ်သည်။

"ငါတို့အိမ်ရိပ် နင်းစရာမလိုဘူး"ဆိုတဲ့အထိ ယတိပြတ်ပြောခဲ့တဲ့ ရိုးရဲ့အမေကတော့ သုံးလေးနှစ်လောက်ကြာမှ တဖြည်းဖြည်း တစစ မခေါ်ချင့်ခေါ်ချင် အသိအမှတ်ပြန်ပြုလာတာ။ နောင်အခါ မိုးဂေါင် တရိပ်ရိပ်စီးပွားဖြစ်လာတော့ မိုးဂေါင်လူတော် တစ်ယောက်ဖြစ်တာကို ရိုးအမေက အသိအမှတ်ပြုသော်လည်း...

"ညည်းယောကျ်ားက သူ့ကိုယ်သူလည်း အဟုတ်ထင်သလား မပြောနဲ့၊ ဘုန်းကြီးကျောင်း ကပ်နေရတဲ့ဘဝကနေ မယုံနိုင်စရာ တိုးတက်ကြီးပွားလာတော့ အောက်ခြေကလည်း လွတ်သလား မမေးနဲ့၊ ဘဝင်လေဟပ်နေတာ၊ သူလုပ်တာပဲ အကောင်း၊ သူထင်တာပဲအမှန် တစ်ယူသန်"



www.burmeseclassic.com

www.burmeseclassic.com



ရှီးအမေဟာ မိုးဂေါင်ကို လက်သင့်ခံလိုက်ရတဲ့တိုင် ကြည့်မရပါ။ မိုးဂေါင်ကလည်း ယောက်ခမကို မရိုမသေ စော်ကားမော်ကား မရှိတဲ့တိုင် ဟက်ဟက်ပက်ပက်တော့ အကျွမ်းတဝင်ဖြစ်မလာ။ ယောက္ခထီး၊ ရှီးရဲ့မောင်ငယ် ယောက်ဖလေးတို့အပေါ် ရင်းနှီးသလောက် ယောက္ခမကို မရင်းနှီးပါ။ ခပ်တန်းတန်းရှိကြမြဲကို သိထား၍ ခက်ခက်က မေးခြင်းဖြစ်ပါသည်။

"အထူးအထွေတော့ ဘာမှမဖြစ်ပါဘူး၊ ဒါပေမဲ့ သိတဲ့အတိုင်းပေါ့၊ မေမေက ကွယ်ရာဆိုရင် သူ့ကို အတင်းပြောနေတာပဲ၊ သူကလည်း ငါ့အမေမို့သာ ဘာမှမပြောဘဲမရိုင်းချင်လို့ နှုတ်ပိတ်နေပေမယ့် စိတ်ထဲတော့ မကျေနပ်မကြည်သာတာ ရှိတာပါပဲ၊ ဒါပေမဲ့ ဒီရက်မှာတော့ မေမေတို့မှ မရှိတာ၊ ဘာပြဿနာမှ ထူးထူးခြားခြား မဖြစ်ပါဘူး ခက်ခက်ရယ်"

ရှီးရဲ့မောင်လေးတို့ လင်မယားက စင်ကာပူမှာ အခြေချ သွားရောက်နေထိုင်ကြရာမှ လွန်ခဲ့တဲ့ တစ်လကျော်က ကလေးမီးဖွားပါသည်။ မောင်လေးက သုံးဆယ့်ငါးနှစ်၊ ယောက်မက သုံးဆယ်နှစ်နှစ်ရှိပြီဖြစ်ကာ ဒီကလေးဟာ ရှီးမိဘတွေအတွက် မြေးဦးပါ။





မမွေးခင်ကတည်း ယောက်မရဲ့အမေကတော့ ကြိုသွားနှင့်ကာ သမီးကို အဖော်ပြု နေထိုင်ပေးခဲ့ပေမယ့် ရှီးရဲ့အဖေနှင့် အမေကတော့ အခု ကလေးတစ်လကျော်မှပဲ ရောက်ဖြစ်ကြမှာဖြစ်ကာ တစ်လခွဲ နှစ်လတော့ နေကြမည် ခန့်မှန်းရပါသည်။ ခုမှ သွားတာ ဆယ်ရက်နှစ်ပတ်လောက် ရှိပါသေးသည်။

"ငါဖြင့် အကြောင်းရင်းက ဘာလဲ၊ စဉ်းစားလို့ မရပါလား ရှီးရယ်"

"သူ့မျက်နှာ မသာယာတာတော့ တစ်လလောက်ရှိပြီ၊ ဒါပေမဲ့ သူက သူ့အလုပ်ထဲမှာ စိတ်ရှုပ်စရာရှိရင် အထစ်အငေါ့ အဆုံးအရှုံး တစ်ခုခုရှိရင် ဒီလိုပဲ ငါ့ကိုလည်း ဖွင့်မပြောဘဲ မျက်နှာမကောင်းဘဲသာ ဖြစ်နေကျ၊ စိတ်တွေရှုပ်ပြီး ဖိစီးနေသလို ဖြစ်ရဲ့နေကျ၊ ငါလည်း အလုပ်ကိစ္စလို့ပဲတော့ ထင်နေမိတာပဲ၊ တခြားတော့ ဘာအမှားအယွင်းမှလည်း ငါ မစဉ်းစားမိပါဘူး ခက်ခက်ရယ်"

ရှီးက တစ်ရှူးဘူးမှ တစ်ရှူးလေး ဖြုတ်ယူကာ မျက်နှာကို ပွတ်သုတ်နေပါသည်။ ခက်ခက်က ရှီး လက်ဖျားလေးကို ဆုပ်ဇိုင်ကာ ...

"တော်တော့၊ စဉ်းစားမနေနဲ့တော့၊ ကိုရဲတို့ ကိုမြတ်ထွေးတို့လည်း သူ့ကို မေးကြမှာပဲ၊ အဲဒီကျ သိရမှာပေါ့၊ ဘာ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြောင့်ပဲဖြစ်ဖြစ် နင်တို့လင်မယား မကွဲစေရဘူး၊ အသက်တွေလည်း လေးဆယ်ရှိလာပြီ၊ ဘာပူပင်သောကမှလဲ ရှိရတာမဟုတ်တဲ့ အိမ်ထောင်တစ်ခုက ဘာဖြစ်လို့ ပြိုကွဲရမှာလဲ၊ အဓိပ္ပာယ်မရှိတာ"

ရှီးက ဝမ်းပန်းတနည်း ရှိုက်လိုက်ရင်း ..

"ငါတော့ မထင်ဘူး ခက်ခက်ရယ်၊ ကိုက ဆုံးဖြတ်ပြီးရင်လည်း မပြင်တော့တဲ့လူမျိုး၊ ငါတို့ကွဲရမှာ ထင်ပါရဲ့ဟာ"

"ဘာပြဿနာမှ မရှိဘဲနဲ့ သူက မပေါင်းနိုင်တော့ဘူးပြောတာနဲ့ပဲ ဟုတ်ကဲ့ ... ဟုတ်ကဲ့ ဆိုပြီး ကွဲပေးစရာလား"

"သူ့ဘက်မှာတော့ ခိုင်လုံတဲ့ အကြောင်းတစ်ခု ရှိလို့ပဲ ဖြစ်မှာပေါ့ ခက်ခက်ရယ်"

"ဘာပဲဖြစ်ဖြစ်လေ၊ နှစ်ဦးသဘောတူ လက်ထပ်ပေါင်းသင်းနေတာ၊ သူ့တစ်ယောက်တည်းသဘောနဲ့ လုပ်ချင်တိုင်း လုပ်လို့ရမလား"

"ခက်ခက်ရယ်၊ လမ်းခွဲကြပါစို့လို့ ပြောပြီး သူ့ဆုံးဖြတ်ချက်နဲ့သူ အိမ်ပေါ်ကဆင်းသွားပြီး ကွန်ဒိုခန်းအလွတ်မှာ သွားနေနေတဲ့သူကို ငါက ကွဲမပေးဘူးဆိုပြီး ဘယ်လိုပြောရမလဲ၊ မိန်းမတစ်ယောက်အဖို့ သူ့ကို မပေါင်းချင်တဲ့





ယောက်ျားတစ်ယောက်ကို တရားဥပဒေအရ စာရွက်စာတမ်းတွေနဲ့ ကွဲကွာမပေးဘူးဆိုတာမျိုးသာ ညစ်လို့ရမှာပေါ့၊ ဘယ်လိုလုပ် အတင်းလိုက်ပေါင်းရမှာလဲ ခက်ခက်၊ အဓိက,က စိတ်ပါဟာ ...

ကိုယ့်ကို မပေါင်းချင်တော့တဲ့ သူ့ရဲ့စိတ်ကို ဘာဥပဒေ ဘာစာရွက်နဲ့မှ ချုပ်ကိုင်လို့ မရနိုင်ပါဘူး၊ 'ကို'က ငါ့ကို ဘယ်လိုမှ မပေါင်းသင်းချင်တော့ပါဘူး ဆိုတာ တကယ်သေချာရင် ငါ အသာတကြည် လက်မှတ်ထိုးကွာရှင်းပေးလိုက်မှာပါ"

ခက်ခက်က ဘာမှ ဆက်မပြောတတ်ဘဲ ငိုင်နေပါသည် မိုးဂေါင် လုပ်ပုံကို မခံချင်စိတ်နှင့်သာ အလွယ်တကူ ကွဲမပေးဖို့ ပြောမိပေမယ့် ရွှေနှယ်ရီး ပြောတာ အမှန်ပင်။ ကိုယ့်ထံမှာ ဘာစိတ်မှ မရှိတော့တဲ့ လူတစ်ယောက်ကို ညစ်လို့ရရုံသက်သက် ထစ်ထားရစ်ထားလည်းပဲ ကိုယ်ပဲ ရေရှည်စိတ်ဆင်းရဲရုံအပြင် ဘာမှထူးလာမှာ မဟုတ်။

နှစ်ဦးအကြား ပဋိပက္ခပြဿနာတွေ ပိုမိုများပြားပြီး ပိုမိုအမုန်းပွားရုံအပြင် ဘာအကျိုးမှ မရှိနိုင်ပါ။ ဒါပေမဲ့လည်း အဲဒါကြောင့် တစ်ဖက်က ကွဲချင်တိုင်း ကိုယ်က အသာတကြည် လျှော့ရစ်ခဲ့ဖို့ဆိုတာကလည်း ...။



www.burmeseclassic.com

www.burmeseclassic.com



"တီတီ ... တီတီတီ"

"မာမီ ... ဖုန်းလာနေပါတယ်"

မိဖြူက အိမ်ရှေ့ဧည့်ခန်းက ကော့ဒ်လက်စ်ဖုန်းလေးကို ရီးထံ ယူလာပေးပါသည်။ ရီးက မျက်ရည်သုတ် လည်ချောင်းတစ်ချက်ရှင်းရင်း ...

"ဟယ်လို"

"........."

"ဟယ်လို"

ရီးသည် ထိတ်ခနဲ ရင်ထဲတုန်လှုပ်ပြီး အလိုလိုသိတဲ့ အာရုံတစ်မျိုးနှင့် ...

"ကို ! ... ကိုလား"

"ကိုယ်ပါ ရီး"

"ကို"

"အိမ်မှာ ခက်ခက် ရောက်နေတယ် ဟုတ်လား"

"ဟုတ်ကဲ့ ကို"

ရီးသည် ခုနမျက်ရည်ကျနေသလို မဟုတ်ဘဲ ပခုံးလေးပါ တသိမ့်သိမ့် တုန်ခါကာ အသံမထွက်ဘဲ ခိုက်ခိုက်တုန်တုန် ငိုချလိုက်ပါသည်။ ခက်ခက်က မျက်ရည်တွေလည်လာကာ ရီးရဲ့လက်တစ်ဖက်ကို အတင်းဆုပ်ထားမိသည်။





"ရီး နေကောင်းရဲ့လား"

"ကောင်း ... ကောင်း ... ကောင်းပါတယ် ကို"

"စိတ်အလိုလိုက်ပြီး ကိုယ့်ကိုယ်ကိုယ် ဒုက္ခရောက်အောင် မနေနဲ့နော် ရီး၊ မှန်မှန်အိပ် မှန်မှန်စားပါ၊ သိပ်စိတ်မထိခိုက်ပါနဲ့၊ ကိုယ့် ဆုံးဖြတ်ချက်ကြောင့် ရီးမှာ တစ်ခုခု နစ်နာ ထိခိုက်ရတယ်ဆိုရင် ကိုယ်လည်း စိတ်ကောင်းမှာ မဟုတ်ဘူး"

ကိုယ့်ယောကျ်ားက ကိုယ့်ကို ဆက်ပြီးမပေါင်းသင်းတော့ဘဲ အိမ်ပေါ်ကဆင်းသွား (ရှင်းရှင်းပြောရရင် ပစ်သွားတာဝင်)ပါတယ်ဆိုမှ ဘာတစ်ခုမှ မထိခိုက် မနစ်နာဘဲတော့ ကျန်ခဲ့ပါ့မလား ကိုရယ်။

"ကိုယ့်အပြုအမူက ရိုင်းစိုင်းကြမ်းတမ်းကောင်း ကြမ်းတမ်းမယ်၊ ဒါပေမဲ့ အကြောင်းကြောင်းကြောင့်သာ ကိုယ် ဒီလိုဆုံးဖြတ်လိုက်တာ၊ ရီးကိုတော့ နာကျင်စေလိုတဲ့ဆန္ဒ မရှိဘူး ရီး၊ ကိုယ်ကိုယ်တိုင်လည်း ဒီကိစ္စအတွက် ခံစားရပါတယ်၊ ရီးနဲ့လမ်းခွဲတာဟာ ရီးကိုမချစ်နိုင်တော့လို့ မုန်းလို့ဆိုတဲ့ အကြောင်းရင်းမျိုးတွေ လုံးဝမပါဘူး၊ ဒါကို ဟိုနေ့ကလည်း ကိုယ် ပြောခဲ့ပြီးသားပဲ၊ ရီး နားလည်ယုံကြည်ပါ ...



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်ရာကျတဲ့ ကိုယ့်ရဲ့လုပ်ရပ်ကို ရိုး ခွင့်လွှတ်ဖို့ မလိုပါဘူး၊ ကိုယ့်ကို မုန်းလိုက်နိုင်တယ်၊ နာကြည်းနိုင်တယ်၊ နောက် ... လိုအပ်လို့ ပြောရမှာတစ်ခုက ရိုးအခုနေတဲ့ ခြံနဲ့တိုက်၊ ကား၊ စိန်ရွှေလက်ဝတ်လက်စားတွေ ရိုးရဲ့ဘဏ်နံ့ခ်အကောင့်ထဲ ဒါတွေအားလုံး ရိုးအတွက် ထားခဲ့ပါတယ် ...

ကိုယ့်အပြုအမူက တစ်ဖက်သတ် တစ်ယူသန် တစ်ကိုယ်ကောင်းဆန်ရာလည်း ကျခဲ့ပါတယ်၊ ဒီအတွက် ရိုးမှာ တစ်ခုခုဖြစ်ပြီး ကျန်ရစ်ခဲ့ရတယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်ဖို့ အတော်ခက်ပါတယ် ရိုး၊ ဒါကြောင့် ရိုးစိတ်ကို ရိုး ဖြေသိမ့်ပေးပါ၊ လမ်းခွဲဖို့ ဆုံးဖြတ်လိုက်ရပေမယ့် ရိုးက မိန်းမကောင်း မိန်းမမြတ် ဇနီးကောင်း ဇနီးမြတ် တစ်ဦးပါ”

ကိုရယ် ...။ ရှင် လုပ်သွားပုံ အပြစ်မကြီးအောင် ရိုးက ဘာမှမဖြစ်ဘဲ ဖြေသိမ့်ကျန်ရစ်ပေးရမယ်ပေါ့နော်။ ရှင်ချန်ရစ်ခဲ့တဲ့ မိန်းမဟာ မိန်းမကောင်း မိန်းမမြတ်တဲ့လား ကိုရယ်။

✤ ✦ ✤





၂

မိုးဂေါင်က သူ့ရှေ့က တဝေါဝေါ ဆူညံသံပေးကာ ခုတ်မောင်းသွားတဲ့ ရထားကြီးကို ငေးမောကြည့်နေလိုက်မိသည်။ သူ ရောက်နေတာက ရန်ကုန်မြို့ထဲက မြို့ပတ်ဘူတာငယ်တစ်ခုမှာဖြစ်သည်။ သွပ်မိုးတန်းလျားရှည်ကြီးမှာ ဘေးအကာအရံမရှိ။ ခုံတန်းငယ်နှစ်ခုအနက် တစ်ခုမှာ မိုးဂေါင် ထိုင်နေပါသည်။

မနီးမဝေးတစ်ဝိုက်မှာ ခေါင်းစွက်ဖျပ်ထိုး မုန့်သည်တချို့။ ကွမ်းရာဆိုင်။ လူတွေကတော့ အသွားလား အပြန်လား မသိတဲ့ လှုပ်ရှားမှုတွေနှင့် ရှုပ်ယှက်ခတ်နေသည်။ သူထိုင်နေတဲ့ ဟောင်းနွမ်းနေသော သစ်သားခုံတန်းလျားရဲ့ တစ်ဖက်စွန်းမှာ အဘွားအိုတစ်ယောက် ထိုင်နေပါသည်။

ရှန်သားအင်္ကျီဖြူ အနွမ်းအကြေ၊ ယောဂီရောင်ထဘီနှင့် နွမ်းလျနေပုံရတဲ့ အဘွားအိုက ဘာတွေမှန်းမသိ တည့်ထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကြွပ်ကြွပ်အိတ်ထုပ်ကြီး တစ်ထုပ်ကိုပိုက်လျက် မိုးဝေါင်ဘက် တကြည့်ကြည့် လုပ်နေသည်။ မိုးဝေါင်က ခါးကိုင်းကာ တံတောင်ဆစ်တွေကို ဒူးပေါ်ပြန်ထောက်ရင်း စီးကရက်တစ်လိပ် ရှိုက်ဖွာရင်း ဟိုငေးဒီငေး ငေးနေပါသည်။

"သားရေ"

ဘေးက ကတုန်ကယင် ခေါ်သံကြောင့် မိုးဝေါင်က လန့်သွားပြီး ဖျတ်ခနဲ လှည့်ကြည့်လိုက်လျှင် ဘေးကအဘွားကြီးက ...

"အမေလေ ... ထမင်းမစားရသေးဘူး သားရယ်၊ ပိုက်ဆံကလည်း မပါတော့ဘူး၊ အမေက ဟိုးရွှေပေါက်ကံအထိ ပြန်ရမှာ၊ နေကလည်း မကောင်းတော့ ဆေးလေးလည်း ဝယ်သောက်ချင်တယ်၊ အဲဒါ အမေ့ကို ကူညီပါလား သားရယ်"

မိုးဝေါင်က အဘွားအိုကို စိတ်မကောင်းစွာ ဆက်စိုက်ကြည့်နေမိသည်။ ရင်ထဲထိခိုက်ကာ ကိုယ့်ဒုက္ခရာနှင့် တိုက်ဆိုင်တော့ မျက်ရည်တောင် လည်မလို ဖြစ်လာမိပါသည်။ ဒီ အဘွားအို ပြောစကား ဟုတ်သည်ဖြစ်စေ မဟုတ်ဘူးဖြစ်စေ သူ့မှာ ငွေလိုနေတယ် ဆိုတာတော့ ငြင်းမရ။ မှားစရာမရှိ။

"အမေ ပိုက်ဆံဘယ်လောက်လိုလဲ"





"အမေလေ ထမင်းဝယ်စားမှာနဲ့ ရထားစီးမှာနဲ့ ဆေးဝယ်ရမှာနဲ့ ဟို ... ထောင့်ငါးရာလောက် လှူနိုင်ရင် ..."

မိုးဝေါင်က ခေါင်းတစ်ချက်နှစ်ချက်ဆတ်ကာ သူ့ရဲ့ ရုပ်အင်္ကျီအဖြူအိတ်ကတ်ထဲက တစ်ထောင်တန်တစ်ထပ်ကို ဆွဲထုတ်လိုက်ပါသည်။ တို့နောက် ငါးရွက်ကို ရေတွက်ကာ အဘွားအိုထံ ကမ်းပေးလိုက်ရင်း ...

"ရော့ ... အမေ၊ ငါးထောင် ကန်တော့ပါတယ်၊ မွန်းလွဲနေပြီ၊ ဆာနေရောပေါ့၊ မြန်မြန်သွားဝယ်စားလိုက်တော့၊ ပိုက်ဆံကို သေချာဆုပ်ကိုင်သွားနော် အမေ၊ လမ်းမှာကျ ပျောက်ဦးမယ်"

"သာဓုကွယ် ... သာဓု ... သာဓု၊ ငါ့သားကြီး လိုရာဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်စုံပါစေ"

လိုရာဆန္ဒ ...။

မိုးဝေါင်က အဆက်မပြတ် ဆုပေးစကားတွေ ဆက်ရွတ်ကာ တလှုပ်လှုပ် ထွက်ခွာသွားသော အဘွားအိုကို လိုက်ငေးကြည့်နေမိရင်း ကြားလိုက်ရတဲ့ ဆုပေးကို ရွတ်ကြည့်နေမိသည်။ လိုရာဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်စုံပါစေတဲ့။ ပြည့်ချင်ပါတယ်လေ။ ပြည့်ရမယ်လို့လည်း ယုံကြည်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လဲဆိုတော့ မိုးဂေါင်ဟာ တစ်သက်နဲ့ တစ်ကိုယ် သူတစ်ပါးအပေါ်မှာ မကောင်းမှုရယ်လို့ ဘာတစ်ခုမှ မကျူးလွန်ခဲ့ဖူးလို့ပင်။ ကောင်းမှုကိုသာပြုဖူးသူအတွက် ကုသိုလ်ဆို တာ ရှိရမှာပေါ့။ သူ့ဘဝမှာ မကောင်းတာတစ်ခု ရှားရှားပါးပါးပြု ဖူးတယ်ဆိုရင် အဲဒါဟာ ဇနီးသည်ရိုးကို ထားရစ်ခဲ့ခြင်းပင်ဖြစ်မည်။

အဲဒီတစ်ခါဟာလည်း ကိုယ့်အစွဲအလမ်းနဲ့ကိုယ် လုပ်ရတာဖြစ်ပြီး အဲဒီတစ်ခုကလွဲရင် သူဟာ ဘယ်သူတစ်ဦးတစ် ယောက်ကိုမှ ထိခိုက်ဒဏ်ရာ ဝေဒနာ မပေးခဲ့ဖူးတာပါ။ ကိုယ့် ကိုယ်ကိုယ်လည်း ကောင်းအောင်ကြိုးစားနေထိုင်ခဲ့သူ တစ်ယောက် ပါ။ သူလိုလူတစ်ယောက်ရဲ့ ကြီးမားပြင်းထန်တဲ့ တစ်ခုသော လိုအင်ဆန္ဒကလေးကိုတော့ ပြည့်ဝအောင် မြတ်စွာဘုရားရှင်က ဖြစ်ဖြစ် လောကပါလနတ်မင်းကြီးပဲဖြစ်ဖြစ် ကံကြမ္မာရဲ့အရှင် သခင်ကပဲဖြစ်ဖြစ် ဖြည့်ဆည်းပေးသင့်တယ်လို့ ထင်ပါသည်။

အဘွားအိုကို သူ ရုတ်တရက် ရင်ထဲထိခိုက်သနား သွားမိတာကတော့ အခြေအနေရယ်၊ အချိန်အခါရယ်၊ နေရာအသေ ရယ် တိုက်ဆိုင်သွားခဲ့လို့ပင်။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ဘူတာ ရုံငယ်လေးတစ်ခုရဲ့ ရထားသံလမ်းနံဘေး မျက်စိသူငယ်နှင့် မိုး ဆာနေခဲ့တဲ့ ကလေးငယ်လေးတစ်ဦးရဲ့ ပုံရိပ်ဟာ သူ့ဘဝမှာ အ မှတ်မိဆုံးသော အစောဆုံးပုံရိပ်ပဲဖြစ်သည်။





ဘူတာရုံစုတ်ကလေးနဲ့တမျှော်တခေါ် ရထားသံလမ်း ရှည်ကြီးတို့ရဲ့ မြင်ကွင်းဟာ သူ့အတွက် ဘယ်တော့မှ ရိုးမသွား။ အိပ်မက်များစွာမှာလည်း ပါခဲ့သည်။ သူ့ဘဝမှာ ကူကယ်ရာမဲ့ သလို ကျဉ်းထဲကျပ်ထဲ ကျရောက်တာ၊ အခက်အခဲ အနှောင့် အယှက် ကြုံတွေ့ရတာတို့ ရှိခဲ့ရင် ခုလိုပဲ ဘူတာရုံငယ်လေး တစ် ခုခုမှာ လာထိုင်နေတတ်တဲ့အကျင့် သူ့မှာရှိခဲ့ပါသည်။

ခုလည်းပဲ သူ့စိတ်တွေ လေနေလို့။

သူ လုပ်ချင်ရာကို လုပ်လိုက်အံပြီး သူ့လုပ်ရပ်ဟာ လူတစ်ဖက်သားအပေါ် ရက်စက်ရာကျခဲ့ပြီလားလို့ တွေးမိကာ ရင်ထဲတင်းကျပ်ပိတ်ဆို့နေသမျှကို သူ ဖြေဖျောက်လို့ မရသေးပါ။ သူ့ရဲ့စိတ်အစွဲတစ်ခုမှာ ဒီရထားသံလမ်းနံဘေး သူရောက်လာခဲ့ ပြီးရင် သူ့ရဲ့အခက်အခဲ ပြဿနာတို့အတွက် ပြေလည်ရာ ပြေ လည်ကြောင်း လမ်းစတစ်ခုခုတော့ ပေါ်ပေါက်လာလိမ့်မယ်ရယ် လို့ပင်။

လွန်ခဲ့တဲ့ သုံးဆယ့်ခုနစ်နှစ်။

ကိုယ်နဲ့ကြီးနေတဲ့ ဖိုသီဖတ်သီ ဖရိုဖရဲ ဝတ်စုံတစ်စုံ ကို ဝတ်ဆင်ထားတဲ့ သုံးနှစ်အရွယ် ကလေးငယ်တစ်ယောက်ဟာ ရှုပ်ပတ်ဘူတာရုံငယ်တစ်ခုမှာ ဗိုက်တွေဆာပြီး ငိုမဲ့မဲ့ ရပ်နေခဲ့ ရသည်။ အဲဒီတုန်းက အဖြစ်အပျက်တို့ကို သူ့ဦးနှောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ခုထိစွဲစွဲမြဲမြဲ မှတ်မိပါသည်။ အဲဒီရဲ့ရှေ့က အဖြစ်အပျက်တို့ကိုတော့ ရေးတေးတေးပင်ဖြစ်၍ "အမေ"ဆိုတာဟာလည်း သူ့အာရုံထဲ ရေးတေးတေး ဖြစ်နေပြီ။

အဲဒီအဖြစ်အပျက်ကနေမှ စ,ပြီးမှတ်မိနေရခြင်းမှာ အဲဒီတုန်းက သူ့စိတ်ထဲ အားကိုးရာမဲ့ခြင်း၊ ကြောက်လန့်ခြင်း၊ ဝမ်းနည်းခြင်း၊ ဆာလောင်မွတ်သိပ်ခြင်းဆိုတဲ့ ခံစားချက်တွေက အရှိန်အဟုန် ပြင်းထန်လွန်းပြီး ကလေးငယ်တစ်ယောက်ရဲ့စိတ်ကို အကြီးအကျယ်ဆုံး ဖိစီးခဲ့တာမို့ ဖြစ်မည်လို့ မိုးဂေါင်ထင်ပါသည်။

နုဖပ်လှတဲ့ သူ့နှလုံးသားလေးမှာ ဒဏ်ရာဝေဒနာ ပြင်းထန်စွာ ဖိစီးရိုက်ပုတ်ခံခဲ့ရတာမို့ သူ မမေ့နိုင်အောင် ဖြစ်ခဲ့ရတာပေါ့။ အဲဒီနေ့ကစပြီး ပတ်ဝန်းကျင်က ရှိသမျှလူတွေရဲ့ မျက်နှာတွေကို အရိပ်အကဲကြည့်ပြီး ရပ်တည်ခဲ့ရတာမို့ သူ့စိတ်ဟာ အမြဲပင်ပန်း လေးနက်နေသည်။ ဒါကြောင့်လည်း ငယ်ပင်ငယ်သေးပေမယ့် အဖြစ်အပျက်တို့ကို ခပ်ပေါ့ပေါ့ ခပ်ရှုပ်ရှုပ်မေ့မသွားနိုင်ဘဲ အာရုံထဲ စွဲမြဲနေတာ။

အဖြစ်အပျက်တိုင်းဟာ ရွှံ့ပျော့ပျော့ထဲ တစ်လုံးချင်းစီမ်ပြေနပြေ ပစ်ပေါက်သွင်းခဲ့သော ကျောက်တုံးတွေအလားထင်းထင်းနက်နက် ဖွက်ခနဲ ဖွက်ခနဲ နစ်ကာမြုပ်ကာ ကျန်ရစ်ခဲ့





ဘာချည့်းပင်။ ဘယ်လိုမှ ပြန်ပြီးဖျောက်ဖျက်မရ။ ခုထိလည်း နစ်ဝင်နေတုန်း။

ဒေါ်မြိုင်က "အဲဒီတုန်းက နင်က သုံးနှစ်သား"ဆိုလို့သာ အဲဒီအသက်နဲ့ ပေါင်းတွက်ကြီးပြင်းခဲ့ရတာ။ တကယ်တမ်းမှာ သူ ဒီလောက်သိနေ မှတ်မိနေပြီဆိုတော့ သူဟာ သုံးနှစ်ခွဲလည်း ဖြစ်ရင်ဖြစ်မှာ။ လေးနှစ်လည်း ဖြစ်ရင်ဖြစ်မှာ။ လေးနှစ်ခွဲလည်း ဖြစ်ရင်ဖြစ်မှာ။ ဘယ်သူကများ သူ့မွေးနေ့သက္ကရာဇ်ကို အတိအကျ သိကြတာမို့လဲ။

အဲဒီတုန်းက သုံးနှစ်လို့ တွက်လို့သာ အခု သူ့အသက်က လေးဆယ်လို့ သတ်မှတ်ထားရတာ။ အဲဒီတုန်းက လေးနှစ်သားဆိုရင် အခု သူက လေးဆယ့်တစ်နှစ်ပေါ့။ သူ့အသက်ဘယ်လောက်လဲရယ်လို့ အတိအကျ သူကိုယ်တိုင် မသိခဲ့တာ၊ သူများတကာတွေလို မွေးနေ့ပွဲကျင်းပဖို့ဝေးလို့ မွေးနေ့အမှန်ကိုင် မသိခဲ့တာ၊ ယုတ်ဆွအဆုံး သူ့ကိုယ်သူ ဘာနေ့ဖွားရယ်လို့င် မသိခဲ့ရတာ။

သူ့နာမည် "မိုးဂေါင်"ဆိုတဲ့အတွက် (မိရိုးဖလာ တမ်းစဉ်လာအရ နေ့သင့် နာမ်သင့် အမည်မှည့်ခဲ့မှာပဲလို့သာ ကြည့်လိုက်ပြီး) ကြာသပတေးသားလို့ ယူဆထားလိုက်ရတာ။ သူ့ဘဝဟာ ဘာကြောင့် အဲသလို ဖြစ်ခဲ့တာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



"သား ... ဟိုခုံမှာထိုင်နေ၊ ကြားလား"

"အဖေကရော"

"အဖေ ဟိုးဘက်မှာ ဆေးလိပ်သွားဝယ်လိုက်ဦးမယ်"

"သားလည်း လိုက်မယ်"

"မလိုက်နဲ့၊ ဒီခုံမှာ ထိုင်နေခဲ့၊ အဖေ ပြန်လာခဲ့မယ်"

"အဖေ မြန်မြန်ပြန်လာခဲ့"

ဒါဟာ အဖေနဲ့သူ့ရဲ့ နောက်ဆုံး အပြန်အလှန်ပြောစကားတွေပင်။ ဒီရဲ့ရှေ့က ဘာတွေပြောဆိုဖြစ်ပျက်ခဲ့သလဲ ဆိုတာတွေ သူ မမှတ်မိပါ။ ဒီနေရာကနေသာ ဖြတ်၍မှတ်မိနေသည်မှာ ဒီနေရာမှာ သူ့ဘဝစပြီး နိုကိုးရာမဲ့ခဲ့လို့။

ဆေးလိပ်သွားဝယ်တယ်ဆိုတဲ့ အဖေဟာ သူ့ထံပြန်ရောက်မလာခဲ့တော့။ အဖေဟာ သူ့ကိုပစ်သွားခဲ့တာလား။ ဒါမှမဟုတ် လမ်းဖြတ်ကူးရင်း ကားပဲတိုက်သေသွားခဲ့သလား။ ဒါမှမဟုတ် ခြေချော်လက်ချော် ပြုတ်ပျက်ကျရင်း ရထားပဲကြိတ်သေသွားသလား ဘာကိုမှ သူ ရေရေရာရာ မသိနိုင်ပါ။

သူထိုင်နေတဲ့ ခုံတန်းကို လူတွေလာဝင်ထိုင်လိုက်ကြ။ ထ,ထွက်သွားလိုက်ကြ။ ခုံတန်းမှာ လူလေးယောက်လောက်ဖြစ်လာတဲ့အခါ မိုးကေါင်က ထ,ပြီးဖယ်ပေးလိုက်ကာ ရှေ့နားထွက်ရပ်စောင့်နေပါသည်။ တစ်နာရီနဲ့လည်း အဖေပေါ်မလာ။





နှစ်နာရီနဲ့လည်း အဖေပေါ်မလာ။ ကြာတော့ သူ ဗိုက်အရမ်းဆာကာ စ,တင်ငိုကြွေးပါသည်။

ပထမတော့ ပါးပေါ်မျက်ရည်ဥကြီးတွေ စီးလိမ့်ကျရုံ။ တဖြည်းဖြည်းနဲ့ သူ ဝမ်းအနည်းကြီးနည်း၊ အကြောက်ကြီးကြောက်လာပြီး အသံထွက်အောင်ပင် ရှိုက်ကြီးတငင် ဖြစ်လာခဲ့သည်။

"ဟဲ့ကလေး၊ ဘာလို့ငိုနေတာလဲ၊ မင်း ဘယ်သူနဲ့လာလဲ"

"......... အီး ... ဟီး ဟီး"

"အမေနဲ့လာတာလား၊ မင်းအမေရော"

"ဟင့်အင်း"

"အဖေနဲ့လား"

"အင်း ... အီး ... ဟီး"

"ဒါဖြင့် အဖေ ဘယ်သွားလဲ"

"အီး ... ဟီး ...၊ အ ... အဖေ ... ဆေးလိပ်သွားဝယ်တာ"

"ဘယ်နားမှာလဲ"

တစ်ယောက်တစ်ပေါက် ဝိုင်းမေးရင်းက သူ့နားမှာ လူတွေ ပတ်ချာလည်ကာ အုံခဲလာသည်။ သူလည်း ပိုပိုပြီး ကြောက်ရွံ့အားငယ်လာခဲ့ပါသည်။ လူတွေဟာ သူ့ကို ရဲစနိုးပဲ ပို့အပ်ရမလိုလို၊ ဘာလုပ်ရင်ကောင်းမလဲ တစ်ယောက်တစ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ရေဖန်ငြင်းခုန်နေကြဆဲ ဒေါ်မြိုင် ရောက်လာတာပင်။ အဲဒီတုန်းက ဒီမိန်းမကြီးဟာ "ဒေါ်မြိုင်"ပဲရယ်လို့လည်း မိုးဂေါင် သိခဲ့တာ မဟုတ်ပါ။

ဒေါ်မြိုင်က မုန့်ကြာစေ့ သာကူဗန်း ခေါင်းပေါ်ရွက် ရှောင်းရင်း လှူအုပ်အုပ်ထဲ တိုးဝှေ့စပ်စုရင်း သူ့ကို မြင်သွားခဲ့တာပါ။

"ဟဲ့ ... ကောင်လေး၊ နင် မိုးဂေါင် မဟုတ်လား"

ဒေါ်မြိုင့်ကိုလည်း သူ မသိ။ သူ မိုးဂေါင် ဟုတ်မဟုတ်လည်း သူ့ဟာသူ ဇဝေဇဝါပင်။ မိုးဂေါင်ဆိုတဲ့ နာမည်နှင့် သူ သိပ်ကြီးမကျွမ်းဝင်ပါ။ သူကျွမ်းဝင်သည်မှာ အဖေကခေါ်တဲ့ "သား"တို့ "လူလေး"တို့ စတဲ့နာမ်စားတွေပင်။

"နင် အောင်မိုး့သား မဟုတ်လား"

"အီး ... ဟီး ဟီး"

သူ မဖြေတတ်၍ ငိုပဲငိုနေခဲ့သည်။

"နင့်အဖေရော"

"သူ့အဖေက ဆေးလိပ်သွားဝယ်မယ်ဆိုပြီး သူ့ကို ဒီနားထားသွားတာတဲ့၊ ပြန်ပေါ်မလာတာ။ ကျွန်တော် ဒီရောက်တာပဲ နှစ်နာရီလောက်ရှိပြီ၊ အဲဒီမတိုင်ခင်ကတည်းက ထွက်သွားတာဆိုတော့ သုံးနာရီ လေးနာရီ ရှိလောက်ပြီ"





ရေခဲရှည်သည်က ဝင်ပြောပါသည်။

"ကျုပ်တို့ရပ်ကွက်ထဲကပါ၊ သူ့အဖေ အောင်မိုးလေ၊ အောင်မိုးမလဲနော်၊ ဘာလို့ကြာနေပါလိမ့်၊ ကားပဲတိုက်ပလား မသိဘူး"

"အဒေါ်တို့ ရပ်ကွက်ထဲကဆိုရင် အဒေါ်ပဲ ခေါ်သွားပေးလိုက်တော့ပေါ့၊ သူ့အိမ်ကို ပြန်အပ်လိုက်ပေါ့"

"သူ့အိမ်ဆိုတာကလည်း သူ့အဖေကလွဲရင် ဘယ်သူမှမရှိတာ၊ ခုနေ ပိတ်ထားမှာပေါ့၊ သူ့အမေမှမရှိတာ၊ သူ လေးငါးဆယ်လသားကတည်းက ဆုံးနှင့်ပေါ့၊ ကိုယ်တွေ ဖောရောင်ပြီး သေတာ၊ သူတို့က အဖေတစ်ခု သားတစ်ခုပဲ"

"သူ့အဖေက ဘာလုပ်လဲ"

"သိပါဘူး၊ ပျံကျပါပဲ၊ အလုပ်လည်း မယ်မယ်ရရ မရှိလှပါဘူး၊ ကြုံရာကျပန်းပေါ့၊ အရက်လေးက တမြမြပါလိုက်သေးတယ်၊ ကလေးတောင် ဝအောင်လင်အောင် စားရရဲ့လားမသိပါဘူး၊ ကြည့်ပါလား ကြုံလှီနေတာ၊ သုံးနှစ်လောက်တော့ ရှိနေပြီဟာ၊ ညှက်စိကလေး ဖြစ်နေတာမြင်တဲ့အတိုင်းပဲ"

"ဒါဖြင့် သူ့အဖေက မကျေးနိုင် မမွေးနိုင်လို့များ ပစ်သွားသလား"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ရင်လည်း ဟုတ်မှာ၊ မပြောတတ်ဘူး၊ လက်ကြော မှ မတင်းတာ”

“ဟာ ... ဒီအရွယ်လေး ဒီလိုရက်ရက်စက်စက် စွန့်သွားလို့တော့ ဘယ်ဖြစ်မလဲ”

“မဖြစ်ဘူးဆိုတာက စကားပဲရှိတာ၊ အခု စွန့်သွားပြီပဲ”

“လမ်းများ အန္တရာယ်တစ်ခုခု ကြုံနေလားမှ မသိတာဗျာ”

“ဒီနားနဲ့ ဟိုနား ဘာအန္တရာယ်ကြုံရမှာလဲ၊ တမင်ပြန်ကို မလာတာနေမှာ”

“ကလေးက သနားပါတယ်ဗျာ”

တစ်ယောက်တစ်ပေါက် ပြောဆိုဝေဖန်ကြ စုတ်သတ်ကြ သူ့ခြေကလေး လက်ကလေးတွေ ကိုင်တွယ်ကြည့်ကြနှင့်။ မိုးဂေါင်သည် ဆာလောင်နေသောဝမ်းကို ဒေါ်မြိုင့်ရဲ့ သာကူနှစ်ပန်းကန်နှင့် ဖြည့်ရကာ နောက်ဆုံးမှာတော့ သူ သေချာမသိတဲ့ ဒေါ်မြိုင် ဆိုတဲ့ မိန်းမကြီးခေါ်ရာနောက်ကို ပါလာခဲ့ရပါသည်။

“အောင်မိုးက အိမ်ရှင် ကိုကြွက်ကို အိမ်ဆက်မငှားတော့ဘူး တောကိုပြောင်းမှာဆိုပြီး အိမ်ပြန်အပ်သွားတာတဲ့”

ဒေါ်မြိုင့် ယောက်ျား ဘကြီးစိန်ထံက ထပ်မံကြားရတဲ့ သတင်းစကား ဖြစ်သည်။ ဒေါ်မြိုင် သူ့ရင်ဘတ်သူ ဖြန်းခနဲ ရိုက်ချလိုက်တဲ့ သဏ္ဌာန်ကိုပါ မိုးဂေါင် မှတ်မိနေပါသေးသည်။





အဲဒီနောက်တော့ မိုးဂေါင်သည် သူ့ထက်အများကြီးကြီးတဲ့ ဒေါ်မြိုင့်ကလေး လေးယောက်တို့၏ နှိပ်စက်ခံ အနိုင်ကျင့်ခံ ဗိုလ်ကျခံ ကလေးပေါက်စနလေးအဖြစ် ပြေးစရာမြေမရှိ ဒုပေဒါပေခံခဲ့ရသည်။

အိမ်နီးပါးချင်းထဲကလည်း ဘယ်သူကမှ တာဝန်ယူခေါ်မမွေးနိုင်ကာ ဒေါ်မြိုင်နှင့် သားသမီးတစ်စုရဲ့ အနိုင်ကျင့်မှုတို့ကိုတော့ စောင်းမြောင်းတစ်မျိုး မေးငေါ့တစ်မျိုး အတင်းပြောမည့်သူတွေ ပြည့်လို့ပင်။ အဲဒီအတင်းစကားတို့ဟာ တစ်ယောက်စကားတစ်ယောက်နား တစ်ဆင့်ပြီးတစ်ဆင့်ကူးလျက် အနီးအနားရပ်ကွက်သုံးလေးခုတို့ရဲ့ ကိုးကွယ်ဆည်းကပ်ရာ ဘုန်းတော်ကြီးများသို့ ပေါက်သွားခဲ့ပါသည်။

“ဖအေပစ်သွားတယ်ဆိုတဲ့ကလေး ခေါ်ခဲ့စမ်း”

ဘုန်းတော်ကြီးက အမိန့်စကား ပါးလိုက်လျှင် မိုးဂေါင်သည် ဒေါ်မြိုင် ကမန်းကတန်း ဝယ်ဆင်ပေးတဲ့ အင်္ကျီပါစား ဝတ်စုံသစ်နှင့် ဒေါ်မြိုင့်လက်တစ်ဖက် ဘကြီးစိန်လက်တစ်ဖက်ကို အလယ်ကတွဲကာ တင့်တင့်တယ်တယ် မြိုင်မြိုင်ဆိုင်ဆိုင်ကလေး ဘုန်းကြီးထံ ရောက်ရသည်။

အဲဒီအချိန်မှာ မိုးဂေါင်ဟာ ဒေါ်မြိုင်တို့အိမ်မှာ သောင်တင်ခဲ့တာ နှစ်နှစ်နီးပါး ရှိခဲ့ပြီးပါပြီ။ သူတို့သတ်မှတ်တဲ့ အသက်အားဖြင့် ဆိုလျှင်တော့ ငါးနှစ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ကလေးကှ နဖူးရေဒွးရေလည်း ကောင်း၊ ရုပ်ရည်လေးကလည်း တိုးတက်ထွန်းပေါက်မယ့် ဥပဓိရုပ်၊ အနံ့ညာတတော့မဟုတ်ဘူး၊ ဒီကလေး ခွေးတိုးဝက်ဝင် ဟိုလူအနိုင်ကျင့် ဒီလူအနိုင်ကျင့် ခံနေရတယ် ကြားနေလို့ ငါ ခေါ်ကြည့်တာ၊ နင်တို့ စာလေး ဘာလေး သင်မပေးဘူးလား၊ ကျောင်းမထားဘူးလား"

"ငယ်သေးတယ် ဘုရာ့"

"ဘယ်က ငယ်ရမှာလဲ၊ ကောင်လေး ပါးစပ်ဟ,စမ်း၊ ဟော ... သွားတွေဒီလောက်ရှိရင် ငါးနှစ် ခြောက်နှစ်ရှိပြီပေါ့၊ နင့်တို့ဆီပဲ ကြာနေပြီဆို"

"နှစ်နှစ်ပါ ဘုရား၊ ငါးနှစ်ထဲတော့ ရှိပါပြီ၊ အိမ်က ကလေးတွေတုန်းကလည်း ခြောက်နှစ်ကျမှပဲ"

ဒေါ်မြိုင်က ကောင်းအောင် လုပ်ပြောနေတာပင်။ တကယ်တော့ သူတို့မေ့လျော့နေတာပါ။ မေ့လျော့နေတာလည်း အပြစ်မဟုတ်။ သူတို့မိသားစုဟာလည်း ကိုယ့်ဝမ်းကိုယ် အနိုင်နိုင် တက်ညီလက်ညီ ကျောင်းနေရတာ မဟုတ်လား။ ဒေါ်မြိုင့်သားအကြီးဆုံး သံခဲပင် အခု ဆယ့်လေးနှစ်မှာ ခုနစ်တန်းကျောင်းထွက်ပြီး အနီးနားက ချည်စက်တစ်ခုမှာ တောက်တိုမယ်ရ ဝင်လုပ်နေပြီ။





"နင်တို့လည်း ဝမ်းရေးတောင် အနိုင်နိုင်ပဲ ဆိုတာ ငါသိပါတယ်၊ ကျွေးမွေးထားတာပဲ တော်လှပြီ၊ ဒါပေမဲ့ ဒီကောင်လေးပုံစံက ဉာဏ်ထက်ထက်နဲ့ ဒီတိုင်းထားရင် ဟိုချောင်တိုး ဒီချောင်တိုးနဲ့ ပြီးသွားမှာပဲ၊ ကျောင်းလေး ဘာလေးထားပေးဖို့သင့်တယ်၊ ထွန်းပေါက်မယ့် ကလေးဆိုရင် အလဟဿဖြစ်သွားမှာ နှမြောစရာကြီးဟဲ့၊ ကျောင်းထားကြည့်တာပေါ့၊ စာဘက် မထူးချွန်တော့လည်း တစ်မျိုးကြည့်လုပ်တာပေါ့လေ၊ ငါ သတင်းကြားကြားနေလို့ ခေါ်ကြည့်တာ ...

ဟဲ့ ... မောင်ရင်လေး၊ မင်း စာသင်မလား၊ ကျောင်းနေမလား"

"ဟုတ်ကဲ့"

"တင်ပါ့ဘုရားလို့ပြော"

"တင်ပါ့ဘုရား"

"တကယ်နေချင်လား"

"တင်ပါ့ဘုရား"

"စာကြိုးစားမှာလား"

"တင်ပါ့ဘုရား"

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"တင်ပါ့ ... အဲ ... မိုးဂေါင် တင်ပါ့ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"မိုးဂေါင် ...၊ နာမည်ကလည်း ကောင်းပါ့၊ မင်းနာမည်ကို ခကွေးနဲ့မခေါ်ရဘူး၊ ဂငယ်နဲ့ဂေါင်ရမယ် ကြားလား၊ အသံထွက်ကလည်း မိုးဂေါင်လို့ ထွက်နေတာပဲဟာ၊ ထွက်တဲ့အတိုင်းပဲပေါင်း၊ မိုးခေါင်တယ်ဆိုတာ မကောင်းဘူး၊ မိုးခေါင်ရင် ရေရှားတယ်၊ ရေရှားတယ် ဆိုကတည်းက မကောင်းတော့ဘူး၊ မင်း ငါ့ကျောင်းမှာ နေမလား"

မိုးဂေါင်က ဒေါ်မြိုင်ထက်စာလျှင် မျှမျှတတ ဆင်ဆင်ခြင်ခြင် ပိုရှိတဲ့ ဘကြီးစိန်ဘက် လှမ်းကြည့်လိုက်ပါသည်။ ဘကြီးစိန်က ဘာမှဝင်မပြောဘဲ ခေါင်းငုံ့နေ၍ ...

"တင်ပါ့ဘုရား"

"အေး၊ မောင်စိန်တို့ မမြိုင်တို့လည်း တာဝန်ကြီးတယ်၊ ကျေးမွေးပြီးသမျှက ကုသိုလ်ပေါ့၊ မဟုတ်ဘူးလား၊ အခုက စပြီး ငါခေါ်မွေးစားထားမယ်၊ ငါလည်း တောက်တိုမယ်ရ ခိုင်းလို့ရတယ်၊ ဒီကောင် ပါရမီပါရင် ဆယ်တန်းအောင် ဘွဲ့ရတဲ့အထိ ပညာသင်ပေးသွားမယ်၊ ပါရမီမပါတော့လည်း တစ်ခုခုတော့ ကြည့်ရှုနေရာချပေးရမှာပေါ့၊ ဟဲ့ကောင်လေး မင်း လိမ်လိမ်မာမာနေမလား"

"တင်ပါ့ဘုရား ... ဟို ... ဟို ..."

"ဘာတုန်း ... ပြောစမ်း"

"ကျွန်တော် ဘုန်းကြီးဝတ်ရမှာလား ဘုရား"





"ဟား ဟား ဟား ... မင်းက မဝတ်ချင်ဘူးလား"

"ဟင့်အင်း"

"မဝတ်ချင် မဝတ်နဲ့ပေါ့ကွ"

ဒီလိုနှင့် မိုးဂေါင်ဟာ ဘုန်းတော်ကြီး ဦးပညာသာမိထံ ရောက်ခဲ့ရပါသည်။ ကျောင်းလည်းအပ်လိုက်ရကာ ဘုန်းဘုန်းစားသောက်တဲ့ ပန်းကန် ဇွန်း၊ ရေနွေးခွက်ဘူး၊ ပန်းကန်လုံးတို့ ဆေးပေးရခြင်း၊ ညကျ ဘုန်းဘုန်းကို နင်းနှိပ်ဝတ်ဖြည့်ရခြင်းက လွဲ၍ မိုးဂေါင်မှာ တခြားတာဝန်မရှိပါ။ စာကျက်လိုက် ဆော့တစားလိုက်နှင့်။ အားလုံးက မိုးဂေါင်ကို ဘုန်းကြီးရဲ့မွေးစားသားလို့ သတ်မှတ်ကြသည်။

ဘုန်းဘုန်းကလည်း သူ့ကို ချစ်ခင်တွယ်တာသည်။ သူကလည်း ဘုန်းဘုန်းကို ချစ်ခင်မြတ်နိုးကြည်ညိုသည်။ မိုးဂေါင် ဘွဲ့မရခင်တစ်နှစ်က ဘုန်းဘုန်း ပျံလွန်တော်မူခဲ့ပါသည်။ ဘုန်းဘုန်းရှိကတည်းက မိုးဂေါင်လည်း အပြင်ထွက်၍ အဆောင်လေးဟာ့နေသည်။ ဆယ်တန်းအောင်ကတည်းက အလုပ်တစ်ဖက်လုပ်ခဲ့သူမို့ များလှသော်လည်း ခြိုးခြံစားလောက်တဲ့ဝင်ငွေ သူ့မှာရှိပါသည်။

ခုတော့ အဲဒီရပ်ကွက်ကလေး အနီးတစ်ဝိုက်က သူအတော်များများဟာ မိုးဂေါင်ရဲ့ပွဲရုံမှာ၊ ဆန်စက်မှာ၊ ဆီစက်မှာ၊ နောက်ဆုံးတိုးချဲ့ထားတဲ့ ပရိဘောဂစက်ရုံမှာ အများအပြား အလုပ်ဝင်နေကြပါသည်။ အလုပ်လာတောင်းသူတိုင်းကို တင်နေ



www.burmeseclassic.com

www.burmeseclassic.com



ရာရာတော့ ကြဲဖန်ပေးထားလိုက်သည်။ ဒေါ်မြိုင်သား အငယ် ကိုမောင်စိုးရော သမီးအငယ် မမအုန်းရဲ့ယောက်ျား ကိုမြသီးရော မိုးရောင် အလုပ်ခွင်တွေမှာပင်။

ဘုန်းဘုန်း မရှိတော့ပေမယ့် ကိုယ်နှစ်ရှည်လများ နေထိုင်ကြီးပြင်း၍ ဆွမ်းထမင်း ဆွမ်းဟင်း ဝင်စားခဲ့ရတဲ့ ကျောင်းကို ခုထိ မိုးဂေါင်က လိုတာလှူဒါန်းထောက်ပံ့နေတဲ့ ဒါယကာလူရင်း ဖြစ်ပါသည်။

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ကိုယ့်ဘဝကို မီးရထားလမ်းဘေးမှာ ငိုနေရတာကစ,ပြီး မှတ်မိရတဲ့ မိုးဂေါင်ဟာ သူ့ဘဝသက်တမ်းတစ်လျှောက် စိတ်ရှုပ်ထွေး စိတ်ပင်ပန်းစရာကြုံတိုင်း ရထားလမ်းတစ်ခုခုနံဘေး ရောက်အောင်သွားကာ ခဏထိုင်ပြီး ဖြေသိမ့်ပါသည်။

ဘာမှမသိနားမလည်သေးတဲ့ သုံးနှစ်သားအရွယ်ကလေးမှာ ရထားလမ်းနံဘေး အဖေ ပျောက်သွားတာတောင် သူ့အလိုလိုဖြစ်လာတဲ့ နည်းလမ်းနှင့် ကြံဖန်ရပ်တည် ရှင်သန်ခွင့်ရှိခဲ့သေးတာပဲ။ ဒီလောက်ထိတောင် ဖြစ်လာနိုင်သေးတာပဲ။ အခုကိုယ့်မှာ အစွမ်းအစတွေ သတ္တိတွေ ပိုင်ဆိုင်မှုတွေ တစ်ပုံတစ်ပင်နှင့် ဘာအခက်အခဲ ဘာပြဿနာ့ပဲဖြစ်ဖြစ် တနည်းနည်းနဲ့တော့ ပြေလည်ကျော်လွှားသွားနိုင်ရမှာပေါ့လို့ ကိုယ့်ကိုယ်ကိုယ် အားပေးဆောက်တည်ရမြဲ။





ကဲ ... အခုလည်း ...။

အခုလည်းပဲ မိုးဂေါင်စိတ်တွေ ဆုတ်နစ်နေသလိုရှိသည်။ သူ တကယ်ချစ်ခင် မြတ်နိုးခဲ့တဲ့ ချစ်ဇနီး ရိုးကို သူ တစ်ကိုယ်ကောင်းဆန်ဆန် တစ်ဖက်သတ်တည်း ဆုံးဖြတ်ပြီး ထားရစ်ခဲ့မိတဲ့အတွက် ရင်ထဲမှာ မကောင်းပါ။ ဒါပေမဲ့ မိုးဂေါင် ဆိုတာ ဘယ်လောက်ကြီးမားတဲ့ ဝေဒနာဒဏ်ရာကြီးကို ဖြစ်ပါစေ၊ ခပ်မြန်မြန် အနာကျက်အောင် ခွဲစိတ်လှီးထုတ် ဆေးခါးကြီးသောက်ချပြီး ခါတ်ကြမ်းတိုက် ကုပစ်မယ့် လူစားမျိုးပါ။

ကိုယ်က ဒီလိုပဲ ဖြစ်ချင်ပြီဆိုရင် ဒီလိုဖြစ်အောင် ဖြစ်တဲ့နည်းနှင့် လုပ်သူပါ။ သူ လိုလားတောင့်တချက်တွေထဲမှာ အကြီးမားဆုံး လိုအင်ဆန္ဒတစ်ခုအတွက် ရိုးကို စတေးရသလိုဖြစ်သွားတာကိုတော့ သူ့ရင်ထဲ တနုံ့နုံ့ တသိမ့်သိမ့်နှင့် စာနာခြင်းကြီးစွာ စိတ်မကောင်း ဖြစ်နေခဲ့ပါသည်။ သို့သော် အဲဒီအတွက် သူက ဆုံးဖြတ်ပြီးသားကို နောက်ပြန်ဆုတ်မှာတော့ မဟုတ်။

"ဦး"

ခေါ်သံတစ်ခုကြောင့် မိုးဂေါင်က တစ်ဖက်လှည့်ငေးနေတဲ့ ဦးခေါင်းကို အသံလာရာဘက် တစ်ချက်လှည့်ကြည့်လိုက်ပါသည်။ ခေါ်လိုက်သူကိုတွေ့တော့ အံ့အားသင့်ရပါသည်။ ခြေသလုံးတစ်ဝက်လောက် ဂျင်းဘောင်းဘီစကော,လေးနှင့် မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ငယ်တစ်ယောက်။ ဘေးလွယ်တဲ့အိတ်တစ်လုံးကို စလွယ်သိုင်းလေးလွယ်လျက်သား။ ဖြောင့်ထားတဲ့ ဆံပင်ညိုညိုကလေးတွေနှင့် ရုပ်ကလေးက ကလေးတစ်ယောက်လို ချစ်စဖွယ်။ ထိုရုပ်ကလေးက စူပုတ်ပုတ် ဖြစ်နေကာ ...

"ဦး ... ဟို ... လက်မှတ်က ဘယ်နားဝယ်ရတာလဲ"

"ဘာလက်မှတ်လဲ၊ ရထားလက်မှတ်လား"

"ဟုတ်"

"ဟိုမှာ"

မိုးဂေါင်က လက်ညှိုးညွှန်ပြလိုက်ပါသည်။

"ဩော် ... ဟုတ်၊ ကျေးဇူးပဲ"

ကောင်မလေးက ရှေ့ကို ဆက်လျှောက်သွားသဲ့နောက်ကနေ တဖုတ်ဖုတ်ခြေသံနှင့်အတူ ကောင်ကလေးတစ်ယောက် ပြေးလိုက်လာပါသည်။

"လှိုင်း ... လှိုင်း ... နေဦး"

"လိုက်မလာနဲ့"

ကောင်မလေးက လှည့်အော်လိုက်လျှင် ကောင်လေးက ကောင်မလေးရှေ့ကို ကျော်တက်ပြီး ရှေ့ကပိတ်ရပ်လိုက်သည်။ နှစ်ယောက်လုံး အသက်နှစ်ဆယ် ပတ်လည်လောက် မတိမ်းမယိမ်းတွေ။ မိုးဂေါင်က မသိမသာ စူးစမ်းလှမ်းကြည့်နေမိပါသည်။



"လှိုင်းကလည်းကွာ၊ ဘာဖြစ်လို့အလကားနေရင်း စိတ်ဆိုးနေတာလဲ"

"နင်လည်း နင့်ဟာနင်သွား၊ ငါလည်း ငါ့ဟာငါ သွားမယ်"

"လာပါ၊ ကားနဲ့ပဲ လိုက်ခဲ့ပါ လှိုင်းရာ"

"မလိုက်ဘူး"

ဩော် ... စုံတွဲကလေးကိုးလို့ မိုးဂေါင် နားလည်လိုက်ရကာ မသဲမကွဲ တစ်ချက်ပြုံးမိပါသည်။ ကတောက်ကဆတ်ဖြစ်လာကြတာ။

"ဒါဖြင့် ငါလည်း နင်သွားသလိုပဲ သွားမယ်"

"ငါ မြို့ပတ်ရထား စီးသွားမှာ"

"ငါလည်း စီးမယ်"

"ဟွန်း"

စူပုပ်ပြီး မျက်စောင်းထိုးလိုက်တဲ့ ကောင်မလေးနောက်မှ ကောင်ကလေးက ခွတ်လိုက်ချသွားတာကို လှမ်းကြည့်ရင်းက မိုးဂေါင်လည်း ပြန်ဖို့နေရာက ထ,သည်။

✤ ✦ ✤

www.burmeseclassic.com

www.burmeseclassic.com



## ၃

"ဟိုမှာလာပြီ"

ရဲလင်းဆွေက ပြောလိုက်၍ လှမ်းတစ်ဖက်ခြမ်းမှာ ပလက်ဖောင်းနံဘေး ကပ်ရပ်လိုက်တဲ့ ရိုးရဲ့ကားကို မိုးဂေါင်က လှမ်းကြည့်လိုက်ပါသည်။ ကားပေါ်မှာ ရိုးရဲ့နံဘေးမှာ ခက်ခက် ပါလာပါသည်။

"မိုးဂေါင် ငါ သက်သေလက်မှတ် မထိုးဘူးနော်"

"မင်းတို့ကို သက်သေထိုးဖို့ ခေါ်လာတာလေ၊ မင်းမထိုးရင် မြတ်ထူး ထိုးပေးကွာနော်"

"ငါလည်း မထိုးချင်ဘူး မိုးဂေါင်ရာ"

မိုးဂေါင်က နှုတ်ခမ်းကို လက်ညှိုးနှင့်ပွတ်ရင်း သူငယ်ချင်းနှစ်ယောက်ကို ကြည့်နေပါသည်။ ခဏနေမှ သက်ပြင်းရှိုင်းရင်း ...



"သက်သေလက်မှတ်ထိုးရုံနဲ့ ဒီကွာရှင်းခြင်းကို မင်းတို့ပါ အားပေးအားမြှောက်ပြုရာ မကျသွားပါဘူးကွာ၊ ဒါထုံးစံအရ ငါတို့နှစ်ဦးသဘောတူ ကွာရှင်းတာကို မင်းတို့လည်း သိပါတယ်ဆိုတဲ့ သဘောမျိုးပါပဲ၊ ခက်ခက်တောင် ရိုးဘက်က သက်သေအဖြစ် ထိုးပေးမှာ မဟုတ်လား"

"ဒါကတော့ ရိုးက အပြစ်မှမရှိတာ၊ မင်း ကွဲချင်လို့သာ သူကွဲရတာ၊ မင်းက စ,ကွဲချင်တဲ့သူ ဆက်မပေါင်းချင်တဲ့သူလေ၊ ဒီတော့ ငါတို့က မင်းဘက်က သက်သေလုပ်ရတာ အလိုတူအလိုပါလိုပဲကွာ"

"မဆိုင်ပါဘူး ရဲကြီးရာ၊ ငါ့အကြောင်းနဲ့ ငါပါ၊ မင်းတို့ ဘယ်သူမှ ဒီကိစ္စကို မကျေနပ်ကြတာလည်း ရိုးလည်းသိနေတာပဲ"

မြတ်ထူးက နောက်ခန်းမှာ ထိုင်နေရာက ရှေ့ကို ငိုင်းရင်း ...

"နေစမ်းပါဦးကွာ၊ ဒီကိစ္စက ဘာဖြစ်လို့ ဒီလောက်မြန်မြန်ဆန်ဆန် ရှေ့နေရှေ့မှာ စာချုပ်စာတမ်းနဲ့ တရားဝင်လက်မှတ်ထိုးဖို့ ဖြစ်လာခဲ့တာလဲ၊ ချက်ချင်း လက်မှတ်ထိုးကွဲဖို့ လိုလို့လား၊ မင်းတို့ချင်း စိတ်အခန့်မသင့်ဘူး၊ မင်းအနေနဲ့ ရိုးကိုမကျေနပ်ချက် တစ်စုံတစ်ရာရှိတယ်၊ မပေါင်း

www.burmeseclassic.com



ချင်ဘူး ဖြစ်တယ်ဆိုတဲ့အခါ မင်း အခု အိမ်ပေါ်က ဆင်း လာပြီး ကွန်ဒိုမှာ သွားနေတယ် ...

သတ်သတ်စီနေနေတာပဲ၊ အခုလည်း ပေါင်းသင်း နေကြတာမှ မဟုတ်တာ၊ ခွဲခွာပြီး နေနေကြတာပဲလေ၊ ဒီလောက်နဲ့ မလုံလောက်သေးဘူးလား။ လက်မှတ်ထိုးပြီး စာချုပ်စာတမ်းနဲ့ကွဲဖို့ လိုနေပြီမို့လို့လား၊ ငါ နားမလည် ဘူး။ ဒီတိုင်း ခွဲခွာပြီးတော့ ဘယ်နနှစ်နေနေ နေလို့ရတာ ပဲ"

"လက်မှတ်ထိုးတာရယ် မထိုးတာရယ် မထူးပါဘူးကွာ လက်မှတ်ထိုးလိုက်တော့လည်း တရားဝင် ကွဲသွားတာ ပေါ့"

"အဲဒါကို ပြောတာလေ၊ ကွဲဖို့လိုတာလား၊ တရားဝင်ကွဲ ဖို့လိုတာလား၊ လက်မှတ်မထိုးရသေးသရွေ့ မင်းတို့စိတ် ပြောင်းရင် စိတ်ပြေရင် အချိန်မရွေး ပြန်ပေါင်းလိုက်လို့ ရတယ်လေကွာ"

မိုးဝေါင်က သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"ငါက အမှန်တိုင်း ပြောရရင် တရားဝင် ကွာရှင်းချင် တယ်၊ ဒါကို ရီးကိုပြောပြတော့၊ ရီးက အဲဒါဆိုရင်တော့ စာချုပ်နဲ့ ရွှေနေနဲ့ လက်မှတ်ထိုးကွဲဖို့ကိစ္စကို အမြန်





လုပ်မယ်တဲ့၊ သူ့အဖေအမေ နိုင်ငံခြားက ပြန်မလာခင် ပြီးစီးအောင်တဲ့၊ သူ့အဖေအမေ ပြန်လာရင် ဒီကိစ္စက တအုံ့နွေးနွေးနဲ့ ပြဿနာကြီးလိမ့်မယ်တဲ့၊ ဒါကြောင့် ဒီရက်ကတော့ ရီး ရွေးတာမို့လို့ မြန်သွားတာပါ"

ရဲလင်းဆွေရော မြတ်ထူးရော မိုးဝေါင်ကို ကြည့်တဲ့ အကြည့်တွေထဲမှာ မကျေနပ်တာရော နားမလည်နိုင်တာရော စိတ်ဆင်းရဲတာရော ရောနှောရှုပ်ထွေးနေသည်။ ခေါင်းမာလှတဲ့ မိုးဝေါင်ကို ဘာမှသိပ်မပြောချင်တော့ဘူးဆိုတဲ့ အရိပ်အရောင်တို့ ကိုလည်း တွေ့ရပါသည်။

"မဆင်းသေးဘူးလား"

"ရှေ့နေကို ချိန်းထားတဲ့အချိန် နာရီဝက်လောက် စောနေ သေးလို့၊ ခဏနေမှတက်မယ်၊ ဒုတိယထပ်မှာ"

"ဟော ... ရီးနဲ့ ခက်ခက် ဆင်းလာတယ်"

ကားကိုသော့ပိတ်ကာ ဒီဘက်ကို လျှောက်လာနေ သော ရွှေနှယ်ရီးနှင့် ခက်ခက်ကို မိုးဝေါင် လှမ်းကြည့်နေမိသည်။ ရီး ပိန်သွယ် ကိုယ်ရည်စစ်သွားတာ သိသာလှသည်။ အသက် လေးဆယ်မို့ ဝချင်,ဝချင်နှင့် ဝ,ဖို့တာစူစ,ပြုပြီဖြစ်တဲ့ ရီး၊ မနည်း အစားလျှော့နေတာ။ ခုတော့ အစားလျှော့ဖို့မလိုဘဲ စိတ်တိုက် ဆင်;ရဲမှုကြောင့် ကိုယ်ရည်စစ်ကျသွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရည်စစ်သွားတော့ ရီးက ပိုပြီးကြည့်ကောင်းလာသည်။ နဂိုတည်းက အရပ်မြင့်သူမို့ သွယ်သွားတော့ ကြော့ရှင်းလာသလို ထင်ရသည်။

"ဒီကိုလာနေတာ၊ ဟော့ကောင် ... မင်းလည်း ဆင်းတော့လေ"

ရီးနှင့် ခက်ခက်က မိုးဂေါင်တို့ ကားအနား လျှောက်လာနေပြီမို့ မိုးဂေါင်က ကားပေါ်က ဆင်းလိုက်ပါသည်။ အနားရောက်လာတဲ့ ခက်ခက်နှင့် ရီး နှစ်ယောက်စလုံးကို ဆီးကြိုပြုံးပြလိုက်လျှင် ရီးက ခပ်နွမ်းနွမ်း အပြုံးကလေးနှင့် တုံ့ပြန်ပေမယ့် ခက်ခက်က လုံးဝမပြုံးပါ။

"ရီး ... နေကောင်းရဲ့လား"

"အင်း ... ကောင်းပါတယ်"

ရီးက လက်ပတ်နာရီလေးကို တစ်ချက်ကြည့်လိုက်ရင်း ...

"နည်းနည်း စောနေသေးတယ်နော်"

"ဟုတ်တယ် ရီး၊ ကိုယ်က တမင်စောစောကြိုထွက်လာလိုက်တာ၊ ခဏလောက် စောင့်လိုက်တာပေါ့"

"ရီးလည်း တမင်ပဲ နည်းနည်းစောပြီး ထွက်လာတာ၊ တမင်တကာတော့ လှမ်းခေါ်ဖို့ မရည်ရွယ်ပေမယ့် တကယ်





လို့များ ကိုလည်း စောပြီးရောက်လာရင် စကားနည်းနည်းပြောချင်လို့ပါ"

"ရီး ... ငါ ကိုရဲတို့နဲ့ ကားပေါ်မှာ စောင့်နေလိုက်မယ်"

"နင် နေလို့လည်း ရပါတယ် ခက်ခက်ရယ်၊ နင်တို့သိလို့ရပါတယ်"

"ပြောပါ ... နင်တို့ချင်း လွတ်လွတ်လပ်လပ် ဆွေးနွေးပါ၊ ဘယ်သူမှ မရှိတော့ ပွင့်ပွင့်လင်းလင်း ပိုပြောလို့ရတာပေါ့၊ ငါတို့ကတော့ ခုမသိလည်း မကြာခင် နောက်တော့ သိရမှာပါပဲ"

ခက်ခက်က ရဲလင်းဆွေနှင့် မြတ်ထူး ရှိနေတဲ့ မိုးဂေါင်ရဲ့ကားပေါ်ပဲ ဝင်ထိုင်လိုက်ပါသည်။ ဝေးဝေးလှမ်းလှမ်း မဟုတ်ပါ။ သူတို့က ကားထဲမှာ။ မိုးဂေါင်နှင့် ရွှေနှယ်ရီးမှာ ကားခေါင်းရဲ့ ရှေ့နားလောက်မှာပင်။ ကားထဲကလူတွေအဖို့ လှမ်းမြင်နေရနိုင်ပေမယ့် (ပါးစပ်လှုပ်တာကိုပင် မြင်နိုင်တာဖြစ်သည်) စကားသံကိုတော့ မကြားနိုင်ပါ။

"ကိုလည်း စိတ်ကျဉ်းကျပ်နေမှာပါ၊ ရီးကြောင့် ပိုပြီးမကျဉ်းကျပ်စေချင်ဘူး၊ ရီး အခုပြောမယ့်စကားက ကို့အတွက် စိတ်အနှောင့်အယှက် ဖြစ်စေမယ်ဆိုရင်တော့ ဗွေမယူပါနဲ့လို့ ကြိုပြီးပြောချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှိုး ...၊ ရှိုး ကိုယ့်ကို ဘာစကားမဆို ပြောနိုင်ပါတယ်၊ ကိုယ့်ဘက်ကသာ အလွန်ရှိခဲ့တာဖြစ်တဲ့အတွက် ရှိုး ဘာပြောပြော ကိုယ်ဖွေ့ယူစရာ အကြောင်းမရှိပါဘူး"

ရှိုးက မျက်လွှာကလေးချကာ ကတုန်ကယင် ဖြစ်နေတာကို ထိန်းချုပ်ရင်း ...

"ပထမတော့ ဘာမှမထူးတဲ့အတူတူ ဘာမှမေးမနေ ပြောမနေတော့ဘူးလို့ စဉ်းစားပါတယ်၊ ဒါပေမဲ့ ရှိုး မအောင့်နိုင်တော့ဘူး ကို၊ ကို အပြင်မှာ ရှုပ်ရှုပ်ယှက်ယှက် ဘာဓာတ်လမ်းမှ ရှိမနေဘူးဆိုတာလည်း အားလုံးဝိုင်းစုံစမ်းပြီး ရှိုးကို အသိပေးကြလို့ သိရတယ်၊ အဲဒီလို ဓာတ်လမ်းတစ်ခုခုရှိလို့ အသစ်တွေ့လို့ဆိုရင် ရှိုး ဘာမှမပြောချင်တော့ပါဘူး ...

အခုက ထားသွားခံရတာတောင် ကိုယ့်မှာ ဘာအပြစ်ရှိလို့ ထားသွားခံရမှန်း မသိဘဲ အကြောင်းကြောင်းနဲ့ ကျန်ရစ်ခဲ့ရမလို ဖြစ်နေတယ်၊ ရှိုးမှာ အကြောင်းရင်းကို သိပိုင်ခွင့်ရှိတယ်လို့ ထင်ပါတယ်၊ ဘာကြောင့်ဆိုတာက တကယ်တော့ အရေးမကြီးတော့ပါဘူး၊ အဲဒီအကြောင်းရင်းက ဘာဖြစ်ဖြစ် ကို ဆုံးဖြတ်ပြီးသား ဖြစ်တယ်ဆိုတာကိုလည်း သိပါတယ် ...



ရှိုး သိချင်ရုံ သက်သက်ပါ၊ ရှိုးမှာ မေးပိုင်ခွင့်ရှိသလို၊ ကိုမှာလည်း ဖြေရမယ့်တာဝန် ရှိတယ်လို့ ရှိုး ထင်တယ်၊ လက်မှတ်ကလည်း ဘယ်နည်းနဲ့မဆို ထိုးပေးမှာပါ၊ ဒါပေမဲ့ လက်မှတ်မထိုးခင် လင်ယောကျ်ားရဲ့စွန့်ပစ်ခြင်းကိုခံရတဲ့ ကိုယ့်ရဲ့ချို့ယွင်းချက်ကို ကိုယ်သိပါရစေ"

ရှိုးရဲ့အသံကလေးက ဘယ်လိုပင် ထိန်းပစေ တုန်ယင်နေပါသည်။ မိုးဂေါင် ရင်ထဲမှာ မကောင်းပါ။ ရှိုးရဲ့လက်ကလေးကို ဆွဲယူမဆုပ်ကိုင်မိအောင် သူ့လက်နှစ်ဖက်ကို နောက်ဘက်ပို့ပြီး တစ်ဖက်နှင့်တစ်ဖက် တင်းတင်းချိတ်ဆက် ဆုပ်တွဲထားမိသည်။

"ဟုတ်တယ်၊ ရှိုးမှာ မေးပိုင်ခွင့်ရှိတယ်၊ သိပိုင်ခွင့်ရှိတယ်၊ ကိုယ်လည်း ပြောပြရမယ်၊ ဒါကို နားလည်တယ်၊ ဒါပေမဲ့ အားနာနေလို့ ဒီနေ့ထိ ဖွင့်မပြောမိတာပါ"

ရှိုးကစိတ်ကို တင်းထားသလို လက်နှစ်ဖက်တင်းတင်းပိုက်ပြီး မိုးဂေါင်ကို တည်တည်ငြိမ်ငြိမ်ပဲ ကြည့်နေပါသည်။ စိတ်ထဲမှာတော့ မတည်မငြိမ် လှုပ်ရှားနေမှာမလွဲပါ။

"ကိုယ့်ကို ခွင့်လွှတ်ပါ ရှိုး"

"..........."

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဘဝမှာ ငယ်ငယ်ကလေးကတည်းက ကြီးမားပြင်းထန်ခဲ့တဲ့ အစွဲအလမ်း တစ်ခုရှိပါတယ်၊ အဲဒါကို ကိုယ့်ဘဝကို အစကအဆုံး ကကြီးကနေ အ,အထိသိတဲ့ ရိုးကိုလည်း ကိုယ်ဖွင့်ပြောခဲ့ဖူးပါတယ်၊ ကိုယ့်အမေအကြောင်းကို ကိုယ်မမှတ်မိဘူး၊ သေပြီလို့ပဲ ယူဆခဲ့ရတယ်၊ အဖေက ကိုယ့်ကိုပစ်ပဲသွားတာလား အန္တရာယ်တစ်ခုခုကြောင့် ကိုယ့်ကိုထားသွားတဲ့ နေရာဆီ ပြန်မရောက်လာနိုင်တာလား မသိရဘဲ ပျောက်ကွယ်သွားတယ်၊ ကိုယ်က မိဘမဲ့၊ မိဘမဲ့ရုံမကဘူး ဆွေမျိုး မောင်နှမသားချင်း ဘာမှမရှိခဲ့ရတဲ့ တစ်ကောင်ကြွက်"

"... ... ..."

"ဘယ်လိုမျိုးရိုး ဆက်နွယ်ကနေ လူဖြစ်လာတယ်ဆိုတာကို လုံးဝမသိခဲ့ရဘူး၊ ကိုယ့်အထက်က မျိုးဆက်ကို တစ်ယောက်တလေတောင် မသိဘူး၊ ဘယ်ကဘယ်လို လူဖြစ်လာတယ်ဆိုတာတောင် မသိဘဲ လောကကြီးထဲမှာ တစ်ယောက်တည်း ထီးထီးကြီး ရပ်တည်နေရတဲ့ မျိုးဆက်ပျက်နေတဲ့ လူတစ်ယောက်ပါ။ ကိုယ့်လိုလူမျိုး တခြားမှာရှိမယ်လို့တောင် ကိုယ် မထင်ဘူး၊ အနည်းဆုံးတော့ မခေါ်ပြောမပတ်သက်ရင်သာရှိမယ် တော်စပ်တဲ့သူ တစ်ယောက်





ယောက်တော့ ကိုယ့်ဆွေမျိုးသားချင်း အသိုင်းအဝိုင်း ကိုယ့်ရဲ့သွေးသားအဖြစ် သတ်မှတ်စရာ တော်စပ်စရာ ရှိကြမှာပါ"

မိုးဂေါင်က သက်ပြင်းတစ်ချက် ရှိုက်ထုတ်ပြီး ရိုးကို စေ့စေ့ကြည့်လိုက်ပါသည်။

"ကိုယ့်အတွက် သွေးသားတော်စပ် ပတ်သက်သူဆိုတာ ကိုယ့်ရဲ့အထက်မှာ လက်ဆုပ်လက်ကိုင် ညွှန်ပြဖို့တောင် တစ်ယောက်တလေ မရှိတော့၊ ကိုယ့်အဖို့ ကိုယ်ကဆင်းသက်တဲ့ မျိုးဆက်ဆိုတာကလွဲရင် တခြားမရှိနိုင်ဘူး၊ ဆွေစဉ်မျိုးဆက် ဆိုတာကို ကိုယ်ကနေပဲ ပြန်ကောက်ယူပြီး စ,ရမှာဖြစ်တယ် ရိုး"

ရွှေနွယ်ရိုးရဲ့ မျက်လုံးကလေးများမှာ လျှို့ဝှက်ရှုံ့မှုများလည်ရစ်ခက်သော အရိပ်အငွေ့တချို့ ခပ်ပါးပါးဖြတ်ပြေးသွားရပါသည်။ နှုတ်ခမ်းကလေးကို တင်းတင်းစေ့ပြီး မိုးဂေါင်ကိုစိုက်ရှုကြည့်နေပါသည်။

"မိသားစုကြီးတစ်ခု တည်ဆောက်ဖို့ကို ကိုယ်ဘယ်လောက်ရူးသွပ်တယ် ဆိုတာလည်း ရိုးအသိပဲ၊ ရိုးကိုလည်း ကိုယ်ပြောဖူးခဲ့တာ ရိုး မှတ်မိပါလိမ့်မယ်၊ ကိုယ်ပြောခဲ့သလို သားတွေ သမီးတွေ အများကြီး မဟုတ်တောင် မရှိမဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မျိုးဆက်အဖြစ်နဲ့ တစ်ယောက် နှစ်ယောက်လောက်တော့ ကိုယ့်အတွက် ပိုင်ဆိုင်ခွင့်ရမှ ဖြစ်မယ် မဟုတ်လား ရီး”

မိုးဂေါင်ရဲ့အသံဟာ ပုံမှန်ထက် နူးညွတ်ပျော့ပျောင်းနေပါသည်။ ရီး သိခွင့်ရဖို့သာ ရှင်းပြနေရပေမယ့် ရီးရဲ့စိတ်မှာ ထိခိုက်နစ်နာသွားမှာကို သူ လုံးဝမလိုလားပါ။ ဒါကြောင့်လည်း လေသံထဲမှာ ဖျောင်းဖျချော့မော့နှစ်သိမ့်တဲ့ ခံစားချက်မျိုးတွေ စိမ့်ဝင်နေတာဖြစ်သည်။

“ကိုယ် ရီးကို ချစ်လို့ မြတ်နိုးလို့ လက်ထပ်ခဲ့တယ်ဆိုတာ ရီး ယုံပါလို့ အထူးအထွေ ပြောနေဖို့ မလိုအပ်တော့ဘူးလို့ ထင်ပါတယ် ရီး”

ရီးက တန်လှုပ်နေသော အမူအရာကို ထိန်းချုပ်ပြီး မိုးဂေါင်ကို မော့ကြည့်လိုက်ပါသည်။

“ရီးတို့အိမ်ထောင်သက်တစ်လျှောက် ကလေးမရခဲ့တာအ ကို ခုလိုလမ်းခွဲဖို့အတွက် အဓိကအကြောင်းရပ်ပေါ့၊ ဟုတ် လား ကို”

ရီးရဲ့အသံတွေရော နှုတ်ခမ်းလေးတွေပါ တုန်ယင် နေသည်။

“ကိုယ် တောင်းပန်ပါတယ် ရီး၊ ကိုယ်တစ်ကိုယ်တောင် လည်း ဆန်ပါတယ်၊ အတ္တလည်းကြီးတယ်လို့ပဲ ရီး ရှ





ပါ။ ကိုယ် ... ကိုယ့်ရဲ့သားကလေး သမီးကလေး တစ်ယောက်ယောက်ကို အရူးအမူး လိုအပ်တယ်၊ ကိုယ့်အသက်လည်း အခု လေးဆယ်ပြည့်ပြီ၊ ကိုယ့်ရဲ့ရင်သွေးကလေးကို ပြုစုပျိုးထောင်ဖို့လည်း ကိုယ့်မှာအချိန်လုံလောက်အောင် ချန်ရဦးမယ်”

“နေစမ်းပါဦး ကို”

ရီးအသံကလေးက တုန်ယင်ရာမှ မာကျောလာသည်။

“ကို ဆိုလိုတာက ကိုက အခု ရီးနဲ့ကွာရှင်းပြီးရင် နောက်အိမ်ထောင်ပြုမလို့ပေါ့၊ ဟုတ်လား”

မိုးဂေါင်က မျက်နှာကို တစ်ဖက်လွှဲလိုက်ရင်း ...

“ကိုယ့်ကို ခွင့်လွှတ်ပါ ရီး”

“ရီး မေးတာကို ဖြေပါ”

“ဟုတ်ပါတယ်၊ ကိုယ့်ကို ခွင့်လွှတ်ပါ ရီး”

ငိုးက မယုံကြည်နိုင်အောင် အံ့ဩနေတဲ့ ရုပ်ကလေးနှင့် မရယ်ချင်ပဲ ဖျစ်ညှစ်ရယ်မောလိုက်ပါသည်။ နာကျင်သလို ရယ်မောနေတဲ့ ရီးရဲ့ရယ်သံဟာ ညည်းတွားသံတစ်ခုနှင့်ပဲ တူနေတာ မျက်ရည်တွေပါ မျက်လုံးထဲ ပြည့်အိုင်လာပါသည်။

“ရှင်းရှင်းပြောရရင် ကိုက ရီးကို ကလေးမမွေးတဲ့မိန်းမမို့ စွန့်ခွာပြီး နောက်ထပ် အိမ်ထောင်ပြုမယ်၊ ကို့တို ကလေး



www.burmeseclassic.com

www.burmeseclassic.com



မွေးပေးနိုင်မယ့် မိန်းမတစ်ယောက် ထပ်ယူမယ်ပေါ့၊ အဲသလို ပေါ့နော်"

"ရှီး ... ကိုယ် တောင်းပန်ပါတယ်"

"နေစမ်းပါဦး ကိုမိုးဂေါင်ရယ်၊ နားမလည်တာလေးကို တော့ မေးစမ်းပါရစေ၊ ရှင်နဲ့ ကျွန်မမှာ ကလေးမရခဲ့တာ ဟာ ကျွန်မကြောင့်ပေါ့ ဟုတ်လား၊ တခြားမိန်းတစ်ယောက် နဲ့ဆိုရင်တော့ ရနိုင်မယ်ပေါ့၊ ရှင့်ကို အဲသလို အပိုင်ယူဆ စေလိုက်နိုင်တာက ဘယ်က သက်သေသက္ခာယကြောင့် ပါလိမ့်၊ ဟင် ...၊ ပြောပြစမ်းပါဦး၊ ရှင့်ကိုယ်ရှင် စစ်ဆေး ကြည့်ခဲ့တာလား"

မိုးဂေါင်က တုန်လှုပ်ပေါက်ကွဲနေတဲ့ ရှီးကို ကြောင် ကြောင်နားနားပင် ငေးကြည့်နေလိုက်ပါသည်။ တကယ်တော့ သူ မပြောရက်ပါ။ လူတစ်ဖက်သားရဲ့ အားနည်းချက် ချို့ယွင်းချက် ကို ပေါ်ပေါ်လွင်လွင်ကြီး ထောက်မပြလိုပါ။ အခုလောက် အကျိုး အကြောင်း ပြောပြလိုက်ရင် ရှီးငြိမ်သက်နေလိုက်ပြီး အသာ တကြည် နားလည်ပေးလိုက်မည်လို့ မျှော်လင့်ထားပါသည်။

သူ တိတ်တိတ်ကလေး ကျိတ်ပြီးစမ်းသပ်စစ်ဆေး ပြီး ဖြစ်တာကို ခုချိန်ထိ အသိမပေးဘဲ ရှီးသူ့အပေါ် ဖုံးထားနေ သေးတဲ့အတွက် ရှေ့ဆက်ပြောဖို့ မိုးဂေါင် ခက်ခဲနေပါသည်။





"ဖြေလေ"

"... ... ..."

"ကျွန်မ မေးနေတာ ဖြေလေ၊ ရှင့်ကိုယ်ရှင် စစ်ဆေးပြီး ပြီလား"

"မစစ်ဆေးရသေးပါဘူး"

"မစစ်ပဲနဲ့ ရှင်ဘာကို သေချာနေတာလဲ၊ အမှန်အတိုင်း ဝန်ခံကြရရင် ရှင်ရော ကျွန်မရော အိမ်ထောင်သက် သုံး လေးနှစ်ကျော်လာကတည်းက ဘာများအမှားအယွင်းရှိခဲ့ သလဲဆိုတာ စစ်ဆေးကြည့်ကြဖို့ ဆန္ဒရှိခဲ့ကြတယ်၊ ရှင်း ရှင်းပြောရရင် ပုထုဇဉ်လူသားတွေပီပီ အတ္တကြီးကြီးနဲ့ ချို့ယွင်းသူဟာ ကိုယ် မဟုတ်ဘူးလို့ပဲ ထင်ချင်ခဲ့ကြတယ်၊ ရှင်ဒါကို ငြင်းမလား"

"မငြင်းပါဘူး ရှီး"

"ငြင်းလို့ မရဘူးလေ၊ ခုနစ်နှစ် ရှစ်နှစ်ရှိလာတော့ မင်း အရင်စစ် ရှင်အရင်စစ်နဲ့ တစ်ယောက်ကို တစ်ယောက် လွှဲချခဲ့ကြတာလည်း ငြင်းလို့မရဘူး၊ ဒီပြဿနာဟာ ရှင့် အပေါ် ပိုပြီးဖိစီးနေခဲ့တာ၊ ရှင့်မှာပဲ ရေးကြီးခွင်ကျယ်ဖြစ် နေခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ဝန်ခံပြီးပြီပဲ ရီးရယ်၊ ကိုယ်ဟာ ဥတစ်လုံးတစ်ကောင် ကြွက်၊ ကမ္ဘာကြီးပေါ်မှာ ကိုယ်တစ်ယောက်ကလွဲရင် ကိုယ်နဲ့ သွေးတော်သားစပ်တဲ့သူဆိုတာ နောက်တစ်ယောက်လောက် တောင် မရှိဘူး၊ ကိုယ့်မျိုးဆက်ဆိုတာ ရှိကိုရှိရမယ်၊ ကိုယ် လိုအပ်တယ်၊ ဒါနဲ့ပဲ ကိုယ် ရူးသွပ်နေတာ ဝန်ခံပြီးပြီပဲ"

"ရှင် တော်တော် တစ်ကိုယ်ကောင်း ဆန်တာပဲနော်၊ ရှင့် ကို ဒီလောက်ထိ ရက်ရက်စက်စက် တစ်ကိုယ်ကောင်းဆန် လိမ့်မယ်လို့ မတွေးမိခဲ့ဘူး၊ ကျွန်မကတော့ ရှင့်ကို လက် ထပ်ခဲ့တယ်ဆိုတာ ရှင့်ကို ချစ်လွန်းအားကြီးလို့ ဒီချစ်တဲ့ စိတ်တစ်ခုတည်းနဲ့ လက်ထပ်ခဲ့တာပါ၊ သဘာဝအလျောက် သာ ကိုယ့်ရင်သွေးဆိုတာ လိုချင်တာမျိုးရှိပေမယ့် ကုသိုလ် ကံမကောင်းလို့ သူ့ဟာနဲ့သူ မရခဲ့တော့လည်း ပြီးတာ ပေါ့၊ မူလ အရင်းခံက ရှင့်ကိုချစ်တဲ့ အချစ်လေ"

"ရီး ... ကိုယ် ရီးကို သိပ်ချစ်ပါတယ်"

"ပလီပလာ ပြောမနေပါနဲ့တော့ ကိုမိုးဝေါင်ရယ်၊ ရှင် ရှင့်ကိုယ်ရှင်ပဲ သိပ်ချစ်တဲ့သူပါ၊ တကယ်ကို အတ္တကြီး သူ၊ ရှင် ကျွန်မကို ချစ်လို့လက်ထပ်ခဲ့တာ မဟုတ် လား ... ဟင်၊ ခုမှ ကလေးမရလို့ဆိုတဲ့ အကြောင်းပြချက် လမ်းခွဲဖို့ စဉ်းစားရက်တယ်ဆိုတာ ရှင် အတ္တကြီးလွန်း



"ရီး ...၊ ကိုယ်တောင်းပန်နေပါတယ် ရီး"

ရီးသည် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ကာနေ သည်။

"ရှင် ... ရှင် ... အပြင်မှာ အသစ်တွေလို့ ရီးထက် ချစ် ရမယ့် မိန်းကလေးတစ်ယောက်နဲ့ ထပ်ဆုံစည်းမိလို့ ရီးကို ထားရစ်ခဲ့တော့မယ် ဆိုရင်တောင် ရီး ခုထက်ဖြေဘာပါ တယ်၊ ခွင့်လည်းလွှတ်နိုင်တယ်"

"ကိုယ့်ကို အတ္တကြီးတယ် ပြောလည်းပြော၊ ကိုယ်ကြီးပြင်း ခဲ့ရတဲ့ လျှောက်လှမ်းခဲ့ရတဲ့ဘဝနဲ့ ရီး ကြီးပြင်းလျှောက် လှမ်းခဲ့ရတဲ့ဘဝ မတူပါဘူး ရီး၊ ရီး ကိုယ့်ကိုဘယ်တော့မှ ကိုယ်ချင်းမစာနိုင်ပါဘူး၊ ကိုယ်ဘာမှမသိနားမလည်သေးတဲ့ အရွယ်ကတည်းကစပြီး ရှိခဲ့တဲ့ အပြင်းပြဆုံးဆန္ဒက ချမ်းသာ ကြီးပွားဖို့လည်း မဟုတ်ဘူး၊ ပညာတွေ သိပ်တတ်ဖို့လည်း မဟုတ်ဘူး၊ ရာထူးဂုဏ်ဒြပ်တွေ ပိုင်ဆိုင်ရဖို့လည်း မဟုတ် ဘူး၊ အဖေရယ် အမေရယ် သားသမီးတွေရယ် စုံစုံလင်လင် ပါဝင်တဲ့ မိသားစုတစ်ခု ကိုယ့်မှာရှိဖို့ပါ ရီး။ ဒါကိုပဲ အရူးအမူး စွဲလမ်းကြီးပြင်းလာတာပါ၊ ရီး ကိုယ့်ကိုနား လည်ပေးပါ ရီး"

ရီးက နာနာကျင်ကျင် ခေါင်းယမ်းခါနေပြီးမျှင် ...

www.burmeseclassic.com

www.burmeseclassic.com



"နားမလည်နိုင်ဆုံးကတော့ ရီးတို့မှာ သားသမီးရမလာတဲ့ ဖြစ်ရပ်မှာ အဲဒါ ရီး ချို့ယွင်းချက်ကြောင့်လို့ ရှင် တစ်ယူသန်မျက်နှာပြောင်ပြောင်နဲ့ ဆုံးဖြတ်လိုက်တာကိုပဲ ဘယ်လိုမှ နားမလည်နိုင်ဘူး ကို"

"ရီး"

"…………"

"ကိုယ် မပြောချင်ပေမယ့် ပြောပါရစေ"

"ပြောပါ၊ ဘာပဲဖြစ်ဖြစ် ပြောပြစမ်းပါ ကို၊ ရီးလက်သင့်ခံနိုင်အောင် ပြောစမ်းပါ"

"ရီး လွန်ခဲ့တဲ့ လေးလလောက်က အိုဂျီ ဒေါ်စုထားမွန်နဲ့ သွားပြီး စစ်ဆေးခဲ့တယ်ဆိုတာ ကိုယ် သိရတယ်"

ရီးက အလန့်တကြား တုန်လှုပ်သွားကာ မိုးဂေါင်ကို ဖျတ်ခနဲ မော်ကြည့်လိုက်ပါသည်။

"ကိုယ် ပြန်သိရတာကတော့ လွန်ခဲ့တဲ့ တစ်လခွဲလောက်မှာပါ၊ အဲဒီတုန်းက ရှိခဲ့တဲ့ အကူသူနာပြုက ကိုယ့်ဝန်ထမ်းတစ်ယောက်ရဲ့ဇနီးပဲ၊ ရီးကို သူသိတယ်"

"ဟင်"

"ဒါပေမဲ့ ကိုယ့်ရဲ့ဇနီး ကလေးရနိုင် မရနိုင် ချွတ်ယွင်းချက်မရှိ လာစစ်ဆေးတယ် ဆိုတာလောက်ပဲ ရီးရီးပဲ သိထား





ပြီး စကားလည်း မစပ်မိတာနဲ့ ကိုယ် မသိခဲ့ဘူးပေါ့၊ ပြီးခဲ့တဲ့နှစ်ကုန် ဝန်ထမ်းအားလုံးအတွက် နှစ်တိုင်းလုပ်နေကြနှစ်ပတ်လည် မိတ်ဆုံစားပွဲကျမှ အိမ်ထောင်ရှိသူတွေလည်း လင်စုံမယားဖက် တက်ရောက်ကြတော့ အဲဒီ သူနာပြုနဲ့ပါဆုံဖြစ်တယ် …

အဲဒီပွဲတုန်းက ရီး နေမကောင်းလို့ မတက်ခဲ့ဘူးလေ၊ ရီး မပါဘူးလား မေးကြရင်း စကားစပ်ပြီး ဆရာ့ဇနီးကို မြင်ဖူးပါတယ်ဆိုပြီး သူက ပြောပြလိုက်မှ ရီးသွားစစ်ဆေးခဲ့တယ်ဆိုတာ ကိုယ် သိလိုက်တယ်"

ရီးက မျက်နှာကို တစ်ဖက်သို့ လွှဲထားလိုက်မိပါ

"ကိုယ်ကလည်း အရမ်းစစ်စေချင်တာကို ရီးလည်း သွားစစ်ခဲ့ရက်သားနဲ့ ဘာဖြစ်လို့ မပြောပြပါလိမ့်လို့ ကိုယ်နားမလည်ဘူး၊ ရီး သွားစစ်ဆေးတဲ့ အချိန်တုန်းက ကိုယ်သစ်ကိစ္စနဲ့ ဗန်းမော်ဘက် ခရီးထွက်နေခဲ့တာ မဟုတ်လား၊ ကိုယ်မရှိခဲ့ပေမယ့် ပြန်လာရင်တော့ ပုံမှန်အတိုင်းဆို အသိပေး ပြောရမှာပေါ့ …

နှစ်ပတ်လည် မိတ်ဆုံစားပွဲပြီးလို့ လေးငါးရက်နေမှ ရီးကို ကိုယ်မေးခဲ့တယ်လေ၊ ရီးမှတ်မိမှာပါ၊ ရီးသိတင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွတ်လလောက်က '......'ဆေးခန်းကို ရောက်ခဲ့တယ်ဆိုလို့၊ ကိုယ့်မိတ်ဆွေက ရီးကိုတွေ့တယ်၊ ရီး ဘာဖြစ်လို့ ဘယ်သူနဲ့ သွားပြတာလဲလို့' ကိုယ် မေးကြည့်တယ်၊ ရီး ကိုယ့်ကို ဘယ်လိုဖြေခဲ့လဲ"

ဖျတ်ခနဲ မျက်လွှာပင့်ကြည့်လိုက်တဲ့ ရီးရဲ့မျက်ဝန်းမှာ မျက်ရည်စ,တွေ ခန်းခြောက်ရပ်စဲသွားခဲ့ပါပြီ။ တစ်ချက်ကြည့်ပြီးနောက် ရီးက မျက်လွှာပြန်ချထားလိုက်သည်။

"ဪ '......'ဆေးခန်းကို မသွားပါဘူးတဲ့၊ လုံးဝ ဘူးခံငြင်းခဲ့တယ်"

ရီးက သက်ပြင်းကလေးတစ်ချက် မှုတ်ထုတ်လိုက်ကာ ခေါင်းကလေးသာ မသိမသာ ညိတ်ဆတ်ရင်း ...

"ဟုတ်ပါတယ်၊ ရီး ကို့အပေါ် ဖုံးကွယ်ခဲ့တယ်၊ မသွားပါဘူးလို့လည်း ညာခဲ့တယ်"

"စိတ်မကောင်း မဖြစ်ပါနဲ့ ရီး၊ ကိုယ် ခွင့်လွှတ်ပါတယ်၊ ရီးရဲ့ စစ်ဆေးတွေ့ရှိချက်အပေါ် ရီး စိတ်မကောင်းဖြစ်မယ် ဝမ်းနည်းမယ်၊ လူမသိစေချင်ပဲ အထူးသဖြင့် ကိုယ် မသိစေချင်ပဲ ဖုံးထားမယ်၊ အဲသလို မဟုတ်လား"

ရီးက ခေါင်းကို ဖြည်းညင်းစွာ ညိတ်ရင်း ...

"ဟုတ်ပါတယ်"





"ဒါဟာ ရီးမှ ထူးပြီးမရိုးသားခဲ့တာ မဟုတ်ပါဘူး၊ ကိုယ် ကိုယ်တိုင်ဆိုရင်လည်း ဒီလိုပဲ ဖြစ်မိမှာပါ၊ ကိုယ့်ရဲ့ချွတ်ယွင်းချက်ကို ဝမ်းနည်းရှက်ရွံ့ပြီး ကိုယ်ဝန်ခံချင်မှာ မဟုတ်ပါဘူး"

ရီးက ငြိမ်သက်နေသည်။

"မကြာခင်ပဲ ရီးရဲ့ယောက်မ စင်ကာပူမှာ ကလေးမီးဖွားတယ်လေ၊ အဲဒီ သတင်းကြားတော့လည်း ကိုယ် ဝမ်းနည်းအားကျခဲ့ရတာ အမှန်ပဲ၊ ကိုယ့်ကိုထပ်ပြီး တွန်းအားပေးခဲ့တဲ့ စကားတစ်ခွန်းကတော့ ရီးရဲ့အမေ ပြောခဲ့တာ"

ရီးက အံ့အားသင့်သွားပြီး ...

"မေမေက ဘာတဲ့လဲ"

"ရီးအမေနဲ့ ကိုယ်နဲ့ ညစ်စာပွဲတစ်ခုမှာ ဆုံတယ်၊ သူတို့ နိုင်ငံခြားမထွက်ခင် နှစ်ရက်လောက် အလိုပဲ၊ အဲဒီညစ်စာပွဲမှာ ကိုယ် ရှိနေတာကို ရီးအမေ မမြင်ဘူး၊ ကိုယ့်ဘက် ကျောပေးထားတယ်၊ ကိုယ်ကသာ မြင်တာ၊ မြင်ဆို စားပွဲချင်းကပ်ကပ်လေးပဲ ကျောချင်းဆိုင်မတတ် ထိုင်နေကြတာပါ ...

သူ့မိတ်ဆွေကို စင်ကာပူ ခဏသွားလည်မယ့်အကြောင်း၊ သားကမွေးတဲ့မြေးကို သွားကြည့်မယ့်အကြောင်း ပြောပြနေတာပါ၊ သူ့မိတ်ဆွေက မေးတယ်၊ သမီးကြီး

www.burmeseclassic.com



မွေ့နှယ်ရီးကတော မြေးဘယ်နှယောက်ရပြီလဲတဲ့၊ ရီးအမေက သမီးကြီးတို့ လင်မယားက ကလေးမရဘူးတဲ့ ပြောတယ်။ ဒီတော့ အဲဒီမိတ်ဆွေက အိမ်ထောင်သက်လည်း ကြာလှပြီပဲတဲ့၊ သွားစစ်ဆေးကြည့်ကြပါလားတဲ့"

ရီးက မျက်လွှာကိုပင့်ကာ မိုးဝေါင်ကို စူးစိုက်ကြည့်လိုက်ပါသည်။

"ရီးအမေက ဘာပြောလဲ သိလား"

"... ... ..."

"သမက်က ကလေးမရနိုင်တာတဲ့"

"... ... ..."

"ကိုယ့်စိတ်ထဲမှာ ဖြစ်သွားခဲ့တဲ့ ဝမ်းနည်းထိခိုက်မှု၊ မခံချင်မှု၊ ဒေါသတွေ ဝေဒနာတွေကို ကိုယ်မျိုသိပ်ပြီး ပြန်ခဲ့တယ်၊ ရီးကိုလည်း မပြောပြခဲ့ဘူး၊ ခုလည်းပဲ ရီး ဖွင့်မေးလို့သာ မပြောချင်ပဲ ကိုယ် ပြောရတာပါ၊ ဘာဖြစ်လို့ ရီးအမေက သူ့သမီးရဲ့အားနည်းချက်ကို ကိုယ့်အားနည်းချက်အဖြစ် ဗလောင်းဗလဲလုပ် ပြောရတာလဲ၊ ကိုယ့်ရင်သွေးကို ကိုယ်ပိုပြီး ရှုသွပ်တောင့်တလာအောင် ဒီစကားကလည်း မီးလောင်ရာ လေပင့်ခဲ့တယ်"

❖ ✦ ❖



# ၄

ဟိုတယ်ရှေ့ကဖြတ်၍ ပတ်ကာ ကားပါကင်ဆီ မောင်းဝင်သွားတဲ့ လမ်းတစ်လျှောက်မှာပင် မိန်းကလေးတွေ မိန်းကလေးတွေဆိုတာ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် အိုင်းစုံ ဆိုက်စုံလို့ ပြောရအောင်ကို ပျားပန်းခတ်နေသည်။

"တွေ့ပြီလား၊ ဒီလိုပွဲမျိုးတွေလောက် မိန်းမများတဲ့ပွဲ မရှိတော့ဘူး"

မြတ်ထူး စကားကို ဘာမှမတုံ့ပြန်ဘဲ ပြုံးသာနေလိုက်မိသည်။

မျက်စိရှေ့တွေ့နေတဲ့ များသောအားဖြင့် မိန်းကလေးတွေဟာ ဆယ်ကျော်သက် နှစ်ဆယ်ကျော်သက်လေးတွေ။ သူတို့တက်ငါ အလှအယက် အပြိုင်အဆိုင် ခေတ်ဆန်စွာ ဝတ်စားပြင်ဆင်ထားကြသည်။ အတွန့်တွေ အတက်တွေ အခြေင်တွေ

www.burmeseclassic.com

www.burmeseclassic.com



အလက်တွေ အကွဲတွေ အဟိုက်တွေနှင့် လွှန်ကဲလွန်းနေတဲ့ သူတွေက များသည်။ ဒီလို အဆင်အယင် အသွင်အပြင်မျိုးတွေကိုတကယ်တော့ မိုးဝေါင် မျက်စိထဲ မဝင်လှပါ။

"ငါတော့ ယောက်ျားတောင် သိပ်မတွေ့ဘူး မြတ်ထူးရာ"

"ဘာလို့မရှိရမှာလဲ၊ အထဲကျတော့ မင်း တွေ့မှာပေါ့၊ ဒီပွဲမျိုးက ယောက်ျားရော မိန်းမရော အခြောက်တွေရော လူစုံရောက်တဲ့ ပွဲမျိုးပေါ့၊ အပြင်မှာ လမ်းသလားမနေလို့ မင်း မမြင်တာပါ"

ဒီပွဲဟာ ရန်ကုန်မြို့ရဲ့ နာမည်ကျော် အထင်ကရ ဖက်ရှင်ဒီဇိုင်နာသုံးယောက်ရဲ့ ဖက်ရှင်ရှိုးပွဲ။ စပွန်ဆာလုပ်သူက "......"အလှကုန်နှင့် "......"ရတနာဆိုင်။ ကျင်းပတဲ့နေရာက ဆီဒိုးနားဟိုတယ်မှာ။ မြတ်ထူးရဲ့ညီမတစ်ဝမ်းကွဲက ဒီပွဲမှာပါဝင်ပြသမည့် နာမည်ကြီးဒီဇိုင်နာဖြစ်ကာ သူ့ထံမှလက်မှတ်ကို မြတ်ထူးက ရယူထားတာဖြစ်သည်။

ရဲလင်းဆွေကို ခေါ်သေးပေမယ့် ခက်ခက်က မထည့်လို့ဆိုပြီး ခမျာ မလိုက်လာရပါ။ မြတ်ထူးကတော့ လူပျိုကြီးမို့ သူ့မှာ တားမြစ်ချုပ်ချယ်မည့်သူ မရှိ။ မိုးဝေါင်ကတော့ သိတဲ့အတိုင်း ခုနောက်ပိုင်းမှာ မိန်းမတွေများများရှိတဲ့ နေရာတွေကို တာဝန်တစ်ခုလို သွားလာဝင်ထွက်နေဖြစ်သူ ဖြစ်သည်။



"မင်းညီမကို သွားတွေ့ရမှာလား"

"ငါညီမနဲ့ ခုနေ သွားတွေ့လို့ ဘယ်ရမလဲ၊ သူ့မော်ဒယ်တွေကို ဝတ်ဆင်ခြယ်သပေးနေရတာနဲ့ ရှုပ်ယှက်ခတ်နေမှာ၊ ပွဲပြီးမှပဲ တွေ့ရင်တွေ့ရမယ်၊ မတွေ့လည်းကိစ္စမရှိပါဘူး၊ ဘာဖြစ်လဲ ငါတို့ဟာငါတို့ ထိုင်ခုံလက်မှတ်နဲ့ ဝင်ထိုင်နေလိုက်မှာပေါ့"

အေးစိမ့်နေတဲ့ ဟိုတယ်ထဲမှာ မိုးဝေါင် အိုက်စပ်စပ်လိုလို ချွေးပြန်ချင်သလိုလို ဖြစ်လာပါသည်။ ဟိုနားလည်း ကောင်မလေးတွေ၊ ဒီနားလည်း ကောင်မလေးတွေ။ တဟီးဟီး ထဟားဟား တစာစာစာနှင့် အလကားနေရင်း မြူးပျံပျော်ရွှင်နေကြသလိုပင်။

မိုးဝေါင်ဟာ အလကားနေရင်း ရယ်မောဟားတိုက် မြူးထူးပျော်ရွှင်နေတဲ့ Type မျိုး မဟုတ်တဲ့အပြင် အဲသလိုလူမျိုးတွေနှင့်လည်း တစ်ထိုင်တည်း ဟက်ဟက်ပက်ပက် ခင်မင်ရင်းနှီးဖို့ခက်ခဲတဲ့သူမျိုးပင်။ သူ့ပုံစံက အမြဲတမ်း အတည်အတံ့ အလေးအနက် ဆန်တတ်သည်။ သူ့မှာ အမြဲတမ်း အာရုံတစ်ခုခု အတွေးတစ်ခုခုတော့ ရှိနေတတ်ကာ စိတ်ကလည်း ပေါ့ရှပ်ပြီး လွင့်မျောနေတတ်သူ မဟုတ်ပါ။

www.burmeseclassic.com



ငယ်ကတည်းက သူ့ရဲ့ကြီးပြင်းခဲ့ရပုံကြောင့် ပတ်ဝန်းကျင်ကို အမြဲဂရုတစိုက် အာရုံစိုက်ပြီး အမြဲသတိဝီရိယနှင့် နေတတ်တဲ့သူ ဖြစ်ပါသည်။ စိတ်လွတ်ကိုယ်လွတ်ကြီး မနေတတ်။ ပတ်ဝန်းကျင်ထဲမှာ မိုးဂေါင်ဟာ ခွတီးခွကျလို့ မဆိုသာရုံတမယ် မလွှတ်လပ် မပေါ့ပါးတဲ့ လူစားမျိုးဖြစ်သည်။

"ဟား ဟား ... မင်းက အဘိုးကြီးညဉ့် ဝင်နေပြီ"

"မင်းနဲ့ ငါ ရွယ်တူပါ မြတ်ထူးရာ"

"ရွယ်တူပေမယ့် ငါက အိမ်ထောင်သည် မဟုတ်တော့ မင်းထက်တော့ အတွေးအမြင် နုပျိုတယ်ကွ"

"ငါက မနုပျိုတာ မဟုတ်ပါဘူး၊ တည်ငြိမ်ရင့်ကျက်တာပါ"

"တူတူပဲ ဟောကောင်၊ လှည့်ပြောမနေနဲ့"

ထကယ်တော့ ဒီပွဲမျိုးကို ယောကျ်ားသားနှစ်ယောက်တည်း လာတယ်ဆိုတဲ့ အဖြစ်အပျက်ဟာ အူကြောင်ကြောင်လိုလို ရှက်တာက်တက် ဖြစ်ချင်စရာလိုလို ဖြစ်နေတာ အမှန်ပင်။ ဒီမှာပြမည့် ဖက်ရှင်ဒီဇိုင်းတွေကို ကိုယ်လည်း ဝတ်ဆင်သုံးစွဲနိုင်တာ မဟုတ်။ ကိုယ်ချစ်သူ ကိုယ့်ဇနီးမယားကို ခေါ်လာပြရတာမျိုးလည်းမဟုတ်။ ဘာကြောင့် လာတယ်လို့ အကြောင်းပြချက်ပေးဖို့ ခပ်ခက်ခက်။



မိန်းကလေးတိုင်းက ဒီလူကြီးနှစ်ယောက် တမင်သက်သက် မျက်စိအစာ လာကျွေးတာလို့ ယူဆမည်ပင်။ နှာဘူးကြီးတွေလို့လည်း ထင်ရင်ထင်မည်ပင်။

"ဒီမှာကွ ... ထိုင်"

ခုံနေရာက အစွန်ဘက် နှစ်ခုံဖြစ်သည်။ မိုးဂေါင်က လမ်းဘက်ကပ်နေသည့် နေရာကို ညွှန်ပြရင်း ...

"ငါ ဒီမှာထိုင်မယ်"

"ထိုင်လေ ဘာဖြစ်လို့လဲ"

သူ့စိတ်ထဲ ထ,ထွက်ချင်စိတ်ပေါက်ရင် ခပ်သွက်သွက် ထ,ထွက်သွားနိုင်အောင်ပင်။ ဖိတ်ကြားထားတဲ့ ဧည့်သည်တွေနေရာမို့ ရှေ့နားကျကျ ဒုတိယလိုင်းမှာရှိသည်။ Cat walk လျှောက်လမ်းရဲ့ ဘေးတစ်ဖက် တစ်ချက်မှာတော့ အနုပညာသည်တချို့ကို တွေ့ရသည်။

ပျင်းရိလောက်အောင် ထိုင်စောင့်နေရဆဲ အချိန်တွေအတွင်း မိုးဂေါင်သည် မျက်နှာပူတူတူ ရှက်တက်တက် ဖြစ်နေမိသည်။

"ရွတ်"

ကိုယ်အစုနှင့်ကိုယ် တီးတိုးစကား ပြောဆိုနေကြသည့်သူတွေက ခန်းမတစ်ခုလုံးထဲ လှုံးထွေးကာ အုတ်အုတ်ကျက်ကျက်

www.burmeseclassic.com

www.burmeseclassic.com



အသံအရောအနှောကြီး ဖြစ်လို့နေတာမို့ သူ့နားထဲ ရှတ်ရှတ်ဆိုတဲ့ အသံမျိုး ကြားသလိုလို ရှိသော်လည်း သူ့ကိုခေါ်နေတယ် မထင်မှတ်မိ။

ခန်းမရဲ့မျက်နှာကြက်တွေ စင်ရဲ့အပြင်အဆင်တွေကို ပဲ ငေးမောကြည့်နေမိတဲ့ မိုးဂေါင်ကို နံဘေးလူသွားလမ်းရဲ့ ဟို တစ်ဖက်ထိုင်ခုံတန်းမှာ အစွန်နေရာက ထိုင်နေတဲ့ မိန်းကလေး တစ်ယောက်က လက်ဆန့်တန်း လှုပ်ယမ်းကာ ...

"ရှတ် ... ရှတ်"

ဒီတစ်ခါတော့ လက်လှမ်းဝှေ့ယမ်း လှုပ်တာလည်း ပါ၊ လှုရှင်းကလည်း မျက်စောင်းထိုး ဘေးလွယ်ခုတ်ပဲ ရှိတာမို့ မိုးဂေါင် မျက်လုံးထောင့်က ရိပ်ခနဲမြင်ကာ လှည့်ကြည့်လိုက်မိ ပါသည်။

"ဦး"

ကောင်မလေးတစ်ယောက်က သူ့ကို ရယ်ပြနေ သည်။ မိုးဂေါင်သည် လူကြီးပီပီ ငါ့ကို နောက်တာလား ရှက် စလို့လား စသဖြင့် မလုံမခြုံ ချောက်တွေးနေကာ ပြန်မပြုံးပြရ သိလည်းမသိဘဲနဲ့ ဘာအတွက် လာရယ်ပြနေပါလိမ့်လို့ သင် ထားကာ အကဲခတ်နေလိုက်မိသည်။

"အဟားဟား ... ဦး မမှတ်မိဘူးမှလား"





ခန်းမထဲမှာ သိပ်လည်း မလင်းချင်းလှတာမို့ သူ့ မျက်နှာကလေးကို မြင်တော့ မြင်ရပေမယ့် အရမ်းလည်း သဲသဲ ကွဲကွဲမဟုတ်။ မှိန်ပျပ်တုပ်ထဲ မြင်ရတာ။

"ဟင် ... မမှတ်မိဘူးပေါ့၊ ဟုတ်လား"

မိုးဂေါင် တစ်ချက်ပြုံးလိုက်ရင်း ...

"ဟုတ်တယ်ကွ၊ မမှတ်မိဘူး၊ ဆောရီးပဲ"

"ကိစ္စမရှိပါဘူး၊ ဘယ်မှတ်မိမလဲ၊ မီးတို့က ဖျတ်ခနဲလေး တစ်ချက်လောက်ပဲ မြင်ဖူးတာဥစ္စာ"

"ဘယ်မှာမြင်ဖူးတာလဲ"

"ဦး စဉ်းစားကြည့်လိုက်၊ ဦးရဲ့မှတ်ဉာဏ်ကောင်းလားလို့၊ ဟင်းဟင်းဟင်း၊ မီးလည်း ဦး ဝင်လာကတည်းက လှမ်း တွေ့တာ၊ ဒီဦးကို ငါမြင်ဖူးပါတယ် ဘယ်မှာမြင်ဖူးတာလဲ လို့ မနည်းစဉ်းစားယူရတာ၊ ဖျစ်ညှစ်စဉ်းစားမှ သြော် ... အဲဒီတုန်းကကိုးလို့ မှတ်မိသွားတာ၊ ဦးလည်း စဉ်းစားလိုက် ဦး ဆိုလား၊ စဉ်းစားလို့မရဘူး ပန်းပေးပြီဆိုရင် ပြော"

သူ့စကားကြောင့် မိုးခေါင် ပြုံးတုံ့တုံ့ ဖြစ်ရပါသည်။ သူ ဘယ်သူလဲ စဉ်းစားကြည့်ရဦးမယ်။ စဉ်းစားမရဘူး၊ ပန်းပေး ပြီဆိုရင် ပန်းပေးပြီလို့ ပြောရဦးမည်တဲ့။ ဘေးကနေ နားစွင့်နေ တဲ့ မြတ်ထူးက ပြုံးစိစိနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကဟာလေးလဲကွ"

"မသိဘူးကွ၊ မမှတ်မိဘူး"

"ကြည့်ကျက်လုပ်နော်၊ ရောမချလိုက်နဲ့၊ ဒါမျိုးလေးတွေက လူကြီးကို သူတို့ကတောင် အကြောင်ရိုက်ချင် ရိုက်ဦးမှာ၊ စိတ်ချရတာ မဟုတ်ဘူး၊ ပြီးရင် ကွယ်ရာမှာ ဟားနေမှာ"

"အေးကွ ... ငါတို့နှစ်ယောက်ကလည်း သူတို့ဟားချင် လှောင်ချင်စရာဖြစ်အောင် ဒီအသက်အရွယ်နဲ့ မဆီမဆိုင် ဒီနေရာမျိုး ရောက်နေမိတာကိုး"

"မဆိုင်ပါဘူးကွာ၊ ရောက်တော့ ဘာဖြစ်လဲ၊ ကိုယ့်လွတ်လပ်ခွင့်နဲ့ကိုယ်"

ကောင်မလေးက နောက်တစ်ကြိမ် လှည့်ကြည့်ပြန်ကာ ...

"ဦး သိပြီလား"

မိုးဂေါင်က ခေါင်းယမ်းပြလိုက်ပါသည်။

"ပန်းပေးလား"

"... ... ..."

"သဲလွန်စ,တစ်ခု ပေးမယ်၊ မီးနာမည်က လှိုင်းတဲ့၊ ကဲ... ဆက်စဉ်းစား၊ ဘယ်မှာဆုံဖူးလဲ"





မိုးဂေါင်က ပြုံးလိုက်ရပါသည်။ လှိုင်းဆိုတဲ့ နာမည်ကလည်း အာရုံထဲမှာ ရှိကိုရှိမနေပါ။ ကြားတောင် မကြားဖူးဘူးငပါရဲ့။ အသိအကျွမ်းထဲမှာ မရှိခဲ့ဖူးတာတော့ သေချာလှသည်။ ဒီလောက်လည်း မှတ်ဉာဏ်မတုံးသေးပါ။ လှိုင်းဆိုတဲ့ အသိမှာရှိကိုမရှိ။

အဲဒီကောင်မလေးရဲ့နံဘေးမှာ ထိုင်နေတဲ့ အဲဒီအရွယ်ာက် ကောင်မလေးနှစ်ယောက် သုံးယောက်ဟာလည်း လှိုင်းယောက် ဘယ်က ဖောတိအိုဗာတွေနှင့် ရင်းနှီးကျွမ်းဝင်နေသိမ့်ဆိုတဲ့ စူးစမ်းသော အကြည့်များနှင့် လှည့်တကြည့်ကြည့်နေကြပါသည်။

"ဦး မသိဘူးလား"

မိုးဂေါင်က ပြုံးကာ ခေါင်းသာယမ်းပြလိုက်သည်။

"အာ ... ဦးကလည်း အရမ်းမေ့တတ်တာပဲ၊ နောက်ထပ် သဲလွန်စတစ်ခု ပြောပြမယ်၊ ဒီတစ်ခါမှ ဦး မမှတ်မိရင်တော့ တော်ပြီ၊ မီးလည်း နှုတ်ဆက်ဖို့ ထပ်မကြိုးစားတော့ဘူး၊ သဲလွန်စက ဘူတာရုံလေးတစ်ခု၊ ကဲ ..."

လူသွားလမ်းကိုဖြတ်ကာ ဟိုဘက်နှင့် ဒီဘက်လှမ်းပြောနေတာမို့ အနီးအနားက လူတချို့လည်း ကြားနေနိုင်

www.burmeseclassic.com



ကာ တချို့က လှိုင်းကိုလည်းကြည့် မိုးဂေါင်ကိုလည်းကြည့်
မိုးဂေါင်က မျက်နှာထားရခက်သလိုဖြစ်နေရာက ဖျတ်ခနဲ အ
မှာ အသိတစ်ခု လင်းလက်လျှပ်ပြက်သွားပါသည်။

သိပြီ ...။

"သိပြီလား"

"အင်း ... အင်း ...၊ သိပြီ"

"တကယ်သိလို့လား၊ ရောချနေတာများလား"

"တကယ်သိတာပါ၊ မင်း လက်မှတ်ဝယ်ရမယ့်နေရာ
မေးတာ မဟုတ်လား၊ ကောင်လေးတစ်ယောက်လည်း
တယ်လေ"

"လာမေးတုန်းက မပါပါဘူး၊ နောက်က သူ့ဟာသူလို
လာတာကို"

"ဟုတ်ပါပြီ၊ မှတ်မိပြီ"

"တော်သေးတာပေါ့၊ ဦးတစ်ယောက်တည်းလား"

"ဒီမှာသူငယ်ချင်းပါတယ်"

"ဘာလာလုပ်တာလဲ"

သူ မေးပုံကြောင့် ရယ်ပာဟ ဖြစ်ရသေးသည်။

"ဒီလိုပဲ၊ ဖိတ်စာရလို့ လာကြည့်တာပါ"





"ဖိတ်တဲ့လူကလည်း ဦးတို့ကိုဖိတ်ပြီး ဘာလုပ်မှာလဲ၊ ဒီမှာပြမယ့် ဝတ်စုံတွေ ဒီဇိုင်းတွေ ဦးတို့လည်း ဘာမှသုံးလို့ရတာမှ မဟုတ်တာ ... နော်၊ ဟော ... ပွဲစတော့မယ်၊ ကြည့်တော့ ... ကြည့်တော့"

တကယ်စကားများမယ့် သာလီကာမ,လေးပဲ။ မှတ်
မိပြီ။ အဲဒီနေ့က ဒီကောင်မလေး လက်မှတ်ရုံဘက် လျှောက်သွား
တော့ နောက်ကကောင်လေးတစ်ယောက် လိုက်လာသည်။ စိတ်
စိတ်ကောက်လာကြပုံတာလိုလို ဘာလိုလို။ နာမည်ကိုတော့
တို့ချင်း ခေါ်ပြောတာကို သူ သေသေချာချာ မသိမှတ်လိုက်မိ
အဖြစ်အပျက်ကြောင့်သာ မှတ်မိလိုက်တာဖြစ်သည်။

မှတ်မိတော့မှသာ ဩော် ... ဟုတ်သားပဲ၊ ဒီကောင်
လေးပဲရယ်လို့ သူ့ရုပ်လေးကိုပါ တွဲပြီး မှတ်မိသတိရလိုက်တာ။
သန့် သူနဲ့လမ်းမှာတိုးရင်တော့ မှတ်မိရလောက်အောင် မိုးဂေါင်
ကဝန်းထဲ စွဲစွဲမြဲမြဲ မရှိလိုက်ပါ။

"တကယ်ဆိုဖူးတာပေါ့၊ အကြောင်းလာရိုက်နေတာ မဟုတ်ဘူးပေါ့"

မြတ်ထူးကမေးသည်။

"အေး ... တကယ်ဆိုတာ၊ ငါက '......'ဘူတာမှာ ဒီပုံပဲ ခဏသွားထိုင်ငေးနေတာပါ၊ သူက လက်မှတ်ဝယ်နား

www.burmeseclassic.com



ဝယ်ရလဲ လာမေးတာလေ၊ သုံးလေးငါးစက္ကန့်လောက်
ပါ၊ ဘယ်လိုလုပ် မှတ်မိမှာလဲ၊ သူအစဖော်ပေးလို့
မှတ်မိတာ”

ပွဲစပြီး ဒီဇိုင်နာတို့ရဲ့ ဖက်ရှင်ဝတ်စုံများကို မော်
လေးတွေ အမျိုးမျိုး လဲလှယ်ဝတ်ဆင် လမ်းလျှောက်ပြနေကြ
ကို မိုးခေါင် ကြာရှည်ကြာမျှား သည်းမခံနိုင်။ ပျင်းလာသ
နာရီဝက်လောက်ရှိလျှင် အတော်နေရထိုင်ရ ကျဉ်းကျပ်လာ
သည်။

မြတ်ထူးကတော့ ဒီလောက် ပျင်းရိပုံမရ။ အေး
ဆေးဆေး ဒူးတန့်နံ့နှင့် တစ်ယောက်ပြီးတစ်ယောက်ကို
ချက်တွေပင်ပေးလို့။

“မြတ်ထူး ... ငါ အပြင်ခဏထွက်ပြီး စီးကရက်သေ
ဦးမယ်”

“အေး ... သွား”

မိုးခေါင်က ဖျတ်ခနဲထ,ကာ ခန်းမရဲ့အပြ
ထွက်လာခဲ့ပါသည်။ အပြင်စင်္ကြံတစ်နေရာက တန်းစီချ
ဆက်တီတစ်ခုမှာ ဝင်ထိုင်လိုက်ရင်း တစ်ယောက်တည်း စီး
ထိုင်သောက်နေမိပါသည်။ ခဏနေရင်တော့ ပြန်စို့လို့ မြတ်
ပြောမှ။ သူ နေချင်သေးရင်လည်း ထားရစ်ခဲ့မှပင်။





ညနေမှာ လူတစ်ယောက်နှင့် ချိန်းထားသေးသည်။

“ဦး”

ဟော ...၊ လာပြန်ပြီ။

မိုးဂေါင်က လှည့်ကြည့်လိုက်လျှင် ကောင်မလေး
က သူနှင့်တစ်ခုံကျော်က ဆက်တီမှာ ဝင်ထိုင်လိုက်ကာ နားနှစ်
ဖက်ထဲ လက်ညှိုးနှစ်ချောင်းကို တစ်ဖက်တစ်ချက် ထိုးထည့်ခါ
ယမ်းရင်း ...

“အဲလိုတီးလုံးသံကျယ်ကျယ်ကြီးတွေ ကြားနေရရင် နား
ထဲကအူပြီး ထအားယားတာပဲ၊ နဖာကလော်တဲ့ ငွမ်းတံ
လေး ဘာလေး မပါဘူးလား”

မိုးဂေါင်က ဖြုံးတုံ့တုံ့ ဖြစ်သွားရင် ...

“ဘယ်လိုလုပ် ပါမှာလဲ”

“ဦးလည်း ပျင်းလို့ ထွက်လာတာ မဟုတ်လား”

“အင်း ...၊ ခဏနေရင် ပြန်တော့မယ်၊ သူငယ်ချင်းကခေါ်
လို့ ခဏလိုက်ကြည့်တာ၊ အလုပ်ကိစ္စ ချိန်းထားတာရှိသေး
တယ်”

“မီးလည်း ခဏနေရင် ပြန်တော့မှာ၊ ကျူရှင်ရှိသေးတယ်၊
သူငယ်ချင်းတွေက ကြည့်ချင်လို့ မေမေ့ဆီ လက်မှတ်
တောင်းပေးတာ၊ မီးကတော့ ဒါမျိုးတွေ ရိုးနေပြီ၊ ဆူညံ
နေတော့ ခဏနေရင် ခေါင်းကကိုက်လာရော”

www.burmeseclassic.com

www.burmeseclassic.com



မိုးဂေါင်က အရင်းနှီးလွယ်လှတဲ့ ကောင်မလေးကို အကဲခတ်ကြည့်နေရင်းက ...

"အမေက ဒီထဲမှာပါတာလား"

"အင်း ...၊ မေမေက ဒေါ်ခင်မိုးထွဋ်လေ"

"ဪ ... ဒီဗိုင်နာ သုံးယောက်ထဲက တစ်ယောက်မဟုတ်လား"

"ဟုတ်တယ်လေ၊ မီးအမေဆိုလို့ မိန်းမကြီးလို့ မထင်လိုက်နဲ့ဦး၊ မေမေက မီးကို ဆယ့်ခုနစ်နှစ်မှာ မွေးခဲ့တာ၊ ခုမှ သုံးဆယ့်ခုနစ်နှစ်ပဲ ရှိသေးတယ်၊ ဦးထက်တောင် ငယ်ဦးမှာ"

ဪ ...။ ဒီတော့ ဒီသာလိကာမက အသက်နှစ်ဆယ်ပေါ့။

"ပြီးတော့ မေမေက မီးလို ပုံမကျပန်းမကျ ဟိုမရောက် ဒီမရောက် ချွတ်တားလေး မဟုတ်ဘူး၊ အရပ်မြင့်မြင့် သွယ်သွယ်ကြော့ကြော့လေးနဲ့ မင်းသမီးတောင် လုပ်လို့ရတယ်၊ သိပ်ချောတာ"

မိုးဂေါင်က ခေါင်းတညိတ်ညိတ်နှင့် ဖြုံးလိုက်[illegible] သည်။





"ငယ်ငယ်ကလည်း စတား"

"ဪ"

"မေမေတို့ တက္ကသိုလ်ကျောင်းသူခေတ်တုန်းက သတ္တုတွင်းပြကွဒိန်တို့ ဘာတို့ အရမ်းခေတ်စားတာလေ၊ သိတယ် မဟုတ်လား"

"အင်း"

"မေမေက ကွင်းပေါ့၊ အာစီတူးမှာ ကွင်းပေါ့၊ မီးကိုမွေးပြီးတဲ့အထိ ပြကွဒိန်တို့၊ ပေဖူးလွှာမျက်နှာဖုံး၊ ချယ်ရီမျက်နှာဖုံးတို့ပါတုန်း၊ အဲဒီကတည်းက မေမေက အဝတ်အစားကို သူ့ဟာသူ ဖက်ရှင်ထွင်ထွင်ပြီး ဝတ်တာ၊ အရမ်းပေါ်ပြူလာဖြစ်ခဲ့တာ"

"ဪ ... အင်း ... အင်း"

မိုးဂေါင်က ကောင်မငဲလေးကို ရယ်ချင်လာသည်။ သူ့အမေအကြောင်းများ ကြွားလုံးထုတ်နေလိုက်တာ။ အမေကို အင်မတန် ချစ်ခင်လေးစား အားကျတယ် ထင်သည်။

"မင်းအဖေကကော"

"ဖေဖေက အလကား"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက သူဌေးသား လူပေါ်ကြော့၊ ဆေးကလည်းချ ဆေးတာစဲ့၊ မေမေနဲ့ ကွဲသွားတာကြာပြီ၊ မီး ဆယ်နှစ်က တည်းကဆိုတော့ ဆယ်နှစ်တောင်ရှိပြီပေါ့၊ ဖေဖေကနောက် အိမ်ထောင်ပြုထားတယ်၊ အမေရိကားမှာနေတာ"

"ဪ"

အမျှင်မပြတ် စကားပြောနိုင်ပြီး ကိုယ့်ရဲ့ကိုယ်ရေး ရာဇဝင်တွေကို မကွယ်မဝှက် အလွယ်တကူ ဖွင့်ဟချပြနေတဲ့ ဒီကောင်မလေးကို မိုးဂေါင် တစ်ချက်တော့ သနားသွားမိပါ သည်။ ကလေးစိတ်လေးနဲ့ ပြောသင့်မှန်းမသိ မပြောသင့်မှန်း မသိ လျှောက်ပြောနေလိုက်တာ။

"ဦး နားငြီးနေပြီလား"

"အဟင်းဟင်း ... မငြီးပါဘူး"

"မေမေကဆို မီးကို အမြဲတမ်းပဲ နားငြီးလိုက်တာလို့ ပြောနေကျမို့လို့"

"တစ်ခါတလေ ပျင်းနေတုန်း နားထောင်ရရတော့လည်း အပျင်းပြေတာပေါ့၊ အလုပ်ရှုပ်နေတုန်း လာပြောနေရင်တော့ နားငြီးမှာပေါ့"

"ဦးနာမည် ဘယ်လိုခေါ်လဲ"

"မိုးဂေါင်"





"မိုးဂေါင် ဟုတ်လား၊ ဦးမိုးဂေါင်၊ မီးနာမည်က လှိုင်းအိ ထွန်းတဲ့၊ နောက်တစ်ခါတွေ့ရင် ဦး မှတ်မိပါ့မလား"

"မှတ်မိပါပြီ၊ အဲဒီနေ့ကတော့ စကားတစ်ခွန်း နှစ်ခွန်းလေး လှမ်းဖြေလိုက်ရုံပဲဆိုတော့ မမှတ်မိဘူးပေါ့"

"ဦး အဲဒီနေ့က ဘုတ်ာရုံထဲမှာ ဘာလုပ်နေတာလဲ"

"လာထိုင်နေတာ"

"ရထားစီးမလို့ မဟုတ်ဘူးလား"

"မစီးပါဘူး"

"ဘာဖြစ်လို့ မစီးဘဲနဲ့ လာထိုင်နေတာလဲ"

"ဒီလိုပါပဲ၊ တစ်ခါတလေ စိတ်လက်ကျဉ်းကျပ်ရင် ဘူတာရုံ တစ်ခုခုဆီ သွားထိုင်ပြီး ရထားလမ်းတွေ ရထားတွေကို ငေးကြည့်နေမိတတ်တယ်"

လှိုင်းက နှာခေါင်းလေး ရှုံ့လိုက်ရင်း ...

"ဦးကလည်း စိတ်ကူးယဉ်ဆန်လိုက်တာ၊ ဘူတာရုံဆိုတာ ဘာများစိတ်သက်သောင့်သက်သာ ဖြစ်စရာ အကြောင်းရှိ လို့လဲ၊ လူရှုပ်ရှုပ် ဖုန်ထူထူနဲ့ ညစ်တီးညစ်ပတ်နဲ့၊ အဲကွန်း လဲမရှိ ဘာမရှိ"

"ဒီလိုပါပဲ၊ စိတ်အစွဲအလမ်းတစ်ခု ရှိလို့ပါ"

"ဘာအစွဲအလမ်းလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းကို ငါက ဘာကိစ္စ ဖွင့်ပြောနေရမှာလဲ"

"ဟား ဟား ဟား"

လှိုင်းက ခေါင်းကိုမော့လှန်ပြီး အားပါးတရ ရယ်လိုက်ပါသည်။ လွတ်လပ်ပွင့်လင်းပြီး ဘာဟန်ဆောင်မှုမှ မရှိတဲ့ ကောင်မလေးတစ်ယောက်ပင်။

"အဟဲ ... ဟုတ်သားပဲ၊ ဦးက လူကြီးပဲဟာ၊ မီးကနိုက်နိုက်ချွတ်ချွတ်တွေ သိပ်လျှောက်မေးလို့ ဘယ်ရပါ့မလဲ၊ လူကြီးသိက္ခာဂုဏ်ဖြေနဲ့ နေရမှာပေါ့နော်၊ ဦးပုံစံက နည်းနည်းထူးခြားမှုရှိလို့ မီးက စိတ်ဝင်စားနေတာပါ၊ ဒါနဲ့ ဟိုလေ ... ဦးက လူပျိုကြီးလား"

မိုးဂေါင်က ပြုံးလိုက်ရင်း ...

"ဆေးမှာ မိန်းမတစ်ယောက်တွဲပြီး မပါတိုင်း ယောကျ်ားတွေကို လူပျိုကြီးမှတ်မနေနဲ့"

"ဒါဖြင့် မိန်းမရှိတယ်ပေါ့"

"အင်း ... ဘယ်လိုပြောမလဲ၊ မိန်းမတော့ မရှိဘူး"

"ဟင် ... လူပျိုကြီးလည်း မဟုတ်ဘူး၊ မိန်းမလည်းမရှိဘူး၊ ဩော် ... သိပြီ၊ ဒါဖြင့် မုဆိုးဖိုပေါ့"

"မုဆိုးဖိုလည်း မဟုတ်ဘူး"

"ဟင် ... မုဆိုးဖိုလည်း မဟုတ်ပြန်ဘူး၊ ဒါဖြင့် ဘာလဲ"





"အဲဒါ စဉ်းစားကြည့်ပေါ့"

"အာ ... မသိတော့ဘူး"

"မသိလည်း ထားလိုက်တော့"

"ပြောလိုက်တော့ ဘာဖြစ်သွားမှာမို့လဲ"

"ဘာမှမဖြစ်ဘူး၊ ညည်းမှာ မြန်မာ့ရိုးရာဓလေ့ အခေါ်အဝေါ်တွေကို ဘယ်လောက်သိပြီး ဗဟုသုတရှိသလဲ စမ်းသပ်ကြည့်တာ"

"အာ ... မီးက ဗဟုသုတ သိပ်ရှိတာမဟုတ်ဘူး၊ ဦးက ပြောလိုက်တာ မဟုတ်ဘူး၊ တမင်သက်သက် ကပ်နေတာပဲ၊ ဩော် ... သိပါပြီ၊ သိပါပြီနော်"

"ဘာလဲ"

"မေမေ့လိုပေါ့၊ ဖေဖေနဲ့ ကွဲနေတာလေ၊ ဦးလည်းမိန်းမနဲ့ ကွဲနေတာပေါ့ ဟုတ်လား"

"အင်း ... မှန်တယ်"

"ဘာဖြစ်လို့ ကွဲတာလဲ၊ ဦးပုံစံကို ကြည့်ရတာ ဆိုးတဲ့ပုံလုံးဝမပေါက်ဘူး၊ ဖေဖေဆိုရင် အသက်ကြီးတဲ့ထိ ဆေးစွဲလမ်းသရဲလို ဖြစ်နေလို့ မေမေက ဒဏ်မခံနိုင်လို့ အမြဲရန်ဖြစ်ကြပြီး ကွဲသွားကြရတာလေ၊ ဦးကကျတော့ အဲလိုဆိုးတဲ့ပုံမှ မရဘဲ၊ ဒါဆိုရင် ဦးမိန်းမက ဆိုးတာပဲ ဖြစ်ရမယ်၊ ဟုတ်လား !"

www.burmeseclassic.com



"ဟင့်အင်း ... ဦးရဲ့မိန်းမက မဆိုးပါဘူး"

လှိုင်းက မိုးဂေါင်ကို တအံ့တသြလေး ငေးစိုက်ကြည့်လာပါသည်။

"ကိုယ့်ဇနီးက မိန်းမကောင်းပါ၊ အင်မတန်အေးတဲ့ ဇနီးကောင်း တစ်ယောက်ပါ၊ သူ့မှာ ဆိုးတဲ့အမူအကျင့် ဘာတစ်ခုမှ မရှိဘူး"

"ဒါဖြင့်ရင် ဘာဖြစ်လို့ ကွဲရတာလဲ"

"ကံကြမ္မာပေါ့၊ ပြုပြင်ဖန်တီးလို့မရတဲ့ ကံအကြောင်းတရားတွေကြောင့် ကွဲကြတာပါ၊ တစ်ယောက်ယောက်ကဆိုးလို့ မိုက်လို့ ရန်တွေဖြစ်ရလွန်းလို့ ကွဲရတာမျိုး မဟုတ်ပါဘူး"

မိုးဂေါင်က ဒီငချွတ်မလေးကို အရေးအရာထားပြီး ဂရုတစိုက် ဖြေနေမိပါသည်။ သူ့စိတ်ထဲမှာလည်း ဒီကိစ္စကို ပြောချင်တဲ့ဆန္ဒ ရှိနေလို့ပင်။

"ဪ ... သားသမီးတွေရော ရှိလားဟင် ဦး"

မိုးဂေါင်က ခေါင်းယမ်းလိုက်ရင်း ...

"မရှိဘူး"

"ဒါဖြင့် ခုတော့ ဦးက လူပျိုကြီး ပြန်ဖြစ်နေတာပေါ့၊ ဒါကြောင့်လည်း မော်ဒယ်တွေ လှလှပပ လျှောက်ပြနေတဲ့ ဖက်ရှင်ရှိုးကို လာကြည့်နေတာပေါ့ ဟုတ်လား၊ အဟား ...



ဦးကြည့်ချင်ရင် နောက်တစ်ခါတွေ မေမေတို့ရဲ့ဒီဇိုင်နာ ရှိုး၊ ဖက်ရှင်ရှိုးတွေရှိရင် လက်မှတ်တွေ တောင်းပေးမယ်၊ မေမေတို့ပါမှ မဟုတ်ဘူး၊ တစ်ခါတလေ သူများရှိုးပွဲတွေရဲ့လက်မှတ်တွေလည်း ရတတ်တာပဲ"

မိုးဂေါင်က လက်ပတ်နာရီကို တစ်ချက်ကြည့်လိုက်ရင်း ...

"သွားရတော့မယ်၊ သူငယ်ချင်း ဝင်ခေါ်လိုက်ဦးမယ်"

"မီးလည်း သူငယ်ချင်းတွေ ဝင်ခေါ်လိုက်ဦးမယ်၊ ကျူရှင် သွားရဦးမယ်"

နှစ်ယောက်အတူထ,ကာ ခန်းမဆီ ပြန်လျှောက်လာရင်း ...

"ဦး ... ဘယ်ကို ပြန်မှာလဲဟင်"

"သူငယ်ချင်းကို ရွှေဂုံတိုင်မှာချပြီး ဦးက ဘုရင့်နောင်ဘက်အထိပြန်မှာ"

"မီးတို့ကို ကားကြုံပို့ပေးမလား"

မိုးဂေါင်က ကောင်မလေးရဲ့ အားမနာပါးမနာ ပွင့်လင်းလှမှုကို သဘောကျစွာပင် ...

"ပို့ပေးမယ်လေ၊ ဘယ်ကိုပို့ရမလဲ"

"ကမာရွတ်လှည်းတန်းပါ"





www.burmeseclassic.com

www.burmeseclassic.com



"ရတာပေါ့၊ ဘယ်နှယောက်လဲ"

"မီးတို့ လေးယောက်"

"ရတယ်၊ နောက်ခန်းမှာ လေးယောက်ဆန့်တာပဲဟာ ပို့ပေးမယ်၊ ခေါ်လိုက်"

အဲဒီနောက်တော့ မိုးဂေါင်နှင့် မြတ်ထူးက ကားရှေ့ခန်းမှာ ကောင်မလေး လေးယောက်က နောက်ခန်းမှာ။ လမ်းမှာ မြတ်ထူးကိုလည်း သူတို့က မိတ်ဆက်ကာ အဖွဲ့တွေကျလျှက် ကလေးသာသာတွေ ဖြစ်တဲ့အတိုင်း ပြောချင်သလိုပြော နောက်ချင်သလိုနောက်၊ မြတ်ထူးကလည်း နဂိုကတည်းက လူမြူးဖြစ်လေရာ တဝါးဝါး တဟားဟားနှင့် မြိုင်ဆိုင်နေပါသည်။

သူတို့စကားတွေကြောင့် မိုးဂေါင်လည်း ရယ်မောနေရကာ စိတ်တွေပင် ပေါ့ပါးလန်းဆန်းလာသည်။ ရီးနဲ့လမ်းခွဲပြီးတဲ့နောက်ပိုင်း တစ်လကျော်အတွင်းမှာ ခုလို စိတ်ကြည်လင်ပေါ့ပါးမှု လုံးဝမရှိခဲ့ရာက ဒီနေ့တော့ ပထမဆုံးအကြိမ်အဖြစ် ရယ်မောရွှင်ပျရတာပင်။

သူ့ဆီကရော မြတ်ထူးဆီကရော ဗစ်စစ်တင်းကတ်တွေ တောင်းယူကာ သိမ်းကြသည်။ ကောင်မလေးတစ်သိုက် လှည်းတန်းမှာ ကားပေါ်က ဆင်းသွားတော့ ခြောက်ကပ်တိတ်ဆိတ်ပြီးတော့ ကျန်ရစ်ခဲ့သလိုပင်။

❖ ❖ ❖





## ၅

"ရီး အသက် လေးဆယ်ရှိနေပါပြီ မေမေရယ်၊ ရီးကလေးမဟုတ်တော့ပါဘူး"

ရီးက အသံတုန်တုန်ကလေးနှင့် ညည်းညူတိုးလျှိုးသည်။

"မလိုချင်ဘူး၊ အသက်လေးဆယ်ဟာ ကလေးမဟုတ်ပေမယ့် ရုပ်ရည်ရူပကာက အိုမင်းရွတ်တွနေတာ မဟုတ်သေးဘူး၊ ကိုယ့်အရွယ်နဲ့ကိုယ် ရှိသေးတာ၊ ဒီခြံတစ်လုံး အိမ်တစ်လုံးမှာ ညည်းရယ် မိဖြူရယ် နှစ်ယောက်တည်း၊ ဘယ်လိုမှ မဖြစ်ပါဘူး သမီးရယ်၊ မေမေတို့ဆီပဲ ပြန်ပြောင်းရွှေ့ခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သမီး၊ မေမေ ပြောတာမှန်သွားပဲ၊ ဖေဖေတို့ ဆီမှာလည်း သမီး မလွတ်မလပ် ဖြစ်စရာ ဘာအကြောင်း မှမရှိတာ၊ မိဘအိမ် ပြန်နေတယ်ဆိုတာကလွဲရင် ကျန်တာ အရာရာ သမီးဆုံးဖြတ်ချက်နဲ့ သမီးလုပ်ပါ၊ သွားချင်သွား လာချင်လာ သမီးလည်းလူကြီးမို့ သမီးသဘော လုပ်ချင် တာလုပ်ပါ၊ နေဖို့ ထိုင်ဖို့သာ ဒီမှာ မိန်းမသားနှစ်ယောက် တည်းနဲ့ မတင့်တယ်လို့ မိဘအိမ်ပြန်တက်နေခိုင်းတာပါ"

ဖေဖေကိုယ်တိုင်ပါ ဖျောင်းဖျနားချလာတော့ ငြင်းအားမရှိတော့ပါ။ နှစ်လနဲ့ တစ်ပတ်လောက် ကြာသွား စင်ကာပူခရီးက အပြန်မှာ ရိုးက ရိုးရဲ့အိမ်ထောင်ရေးကို ချင်းတောင် မပြောသေးပါ။ လေဆိပ်မှာ မိဘနှစ်ပါးကို သွား တော့ ...

"မိုးဂေါင် မအားဘူးလား"

"ဟုတ်ကဲ့ မေမေ၊ သူ မပါဘူး"

ပြန်မရောက်ခင်ကလည်း ဖုန်းဆက်သွယ်သမျှ ရိုးတို့နှစ်ယောက် အမြန်ဆုံး လက်မှတ်ထိုး ကွာရှင်းပြီးစီး တာကို ရိုးက မပြောပါ။ ဖေဖေတို့ မေမေတို့နှင့် မိုးဂေါင်ဆို ကလည်း ဖုန်းတိုက်ရိုက်ပြောတာပင် မရှိသလောက် ပြော သည်ဖြစ်ရာ မသင်္ကာစရာတောင် မဖြစ်ခဲ့။





သူတို့ပြန်ရောက်ပြီးတဲ့နောက် ရိုးက မိဘအိမ်ကိုသုံး ရက်တစ်ခေါက်လောက် ရောက်လာပေမယ့် တစ်ခေါက်လည်း မိုးဂေါင်ပါမလာ၊ နောက်တစ်ခေါက်လည်း မိုးဂေါင်ပါမလာ။ "ညည်းယောကျ်ား ဘာဖြစ်နေလဲ"လို့ မေမေ သင်္ကာမကင်းမေး လွန်းအားကြီးပြီး နောက်မှ ရိုးက ပြောပြလိုက်တာပါ။

"ဘာ ... မိဘတွေ မရှိတုန်း နင်တို့ လုပ်ချင်တိုင်းလုပ်လို့ ရမလား၊ ဘာဖြစ်လို့ လူကြီးမိဘပြန်အရောက်ထိတောင် မဆိုင်းနိုင် မစောင့်နိုင်ကြတာလဲ"

"လူကြီးတွေ ပါလာရင် ပြဿနာက ပိုပြီးခက်ခဲရှုပ်ထွေး သွားမှာမို့ပါ မေမေရယ်"

"ဘာတွေရှုပ်ထွေးစရာရှိလို့လဲ၊ ညည်းတို့ပြဿနာက ဘယ် လောက်ကြီးမားတဲ့ ပြဿနာမို့လဲ ... ဟင်၊ ညည်းတို့လင်မ ယား ရန်တောင်မှ ဖြစ်တောင့်ဖြစ်ခဲ မဟုတ်လား၊ ဘယ်လို ဘယ်လိုဖြစ်ပြီး ..."

မေမေ့ခမျာ သွေးတွေတက်ကာ အံ့အားတသင့် ခြင်းထုမနာ ဖြစ်နေပါသည်။ ဟိုးနဂိုကပင် မိုးဂေါင်နှင့် သဘော တွေ့ခဲ့တဲ့ မေမေသည် နောက်ပိုင်း ပြန်ခေါ်လိုက်ရကာ မိုးဂေါင် ရဲ့ကြိုးစားမှု ထူးချွန်မှုနှင့် တရိပ်ရိပ် တက်လာသော စီးပွားရေးတို့

www.burmeseclassic.com

www.burmeseclassic.com



ကို အသိအမှတ် ပြုလိုက်ရသော်လည်း ဟက်ဟက်ပက်ပက် မျက်နှာကြောတည့်လှတာ မဟုတ်ပါ။

ရေစက်လို့ပဲ ဆိုရမလားပင်။

မေမေဟာ မိုးဂေါင်ကို ဘုန်းကြီးကျောင်းကပ်နေရတဲ့ ကိုယ့်ကျောင်းစရိတ် ကိုယ်ရှာတက်ရတဲ့ ဆင်းဆင်းရဲရဲချို့ချို့တဲ့တဲ့ ဘဝကပင် ကြည့်လို့မရလာလိုက်သည်မှာ ကြီးစားရန်းကန်တိုးတက်ကြီးပွားလာပြီး ခြံ၊ တိုက်၊ ကား၊ လုပ်ငန်းတွေ တစ်ဟုန်ထိုး ပွားများပိုင်ဆိုင်လာလည်းပဲ ကြည့်လို့မရပါ။

ဖေဖေကတော့ မိုးဂေါင်ကို ကြိုးစားတဲ့သူ တော်တဲ့သူလို့ အသိအမှတ်ပြုကာ ချီးမွမ်းပြီး လေးလေးစားစား နေရာထား ဆက်ဆံလာပေမယ့် မေမေကတော့ မပြောမဖြစ်တဲ့ စကားလောက် တိုတိုတိပြောကာ ကွယ်ရာ၌လည်း မဲ့ကာရွဲ့ကာနှင့် အမြင်ကတ်ဆဲ ရှိပါသည်။

မိုးဂေါင်ကလည်း သူ့ကို အသိအမှတ်ပြုတဲ့ ဖေဖေနှင့် ရိုးရဲ့မောင်လေး "ရွှေမှင်းဝံ"တို့အပေါ် ဟက်ဟက်ပက်ပက်ခင်ခင်မင်မင် ပွင့်ပွင့်လင်းလင်း ဆက်ဆံသလောက် သူ့အပေါ် မေတ္တာမရှိတာ အသိသာကြီးဖြစ်နေတဲ့ မေမေ့ကိုတော့ ခပ်တန်းတန်းသာ ဆက်ဆံပါသည်။



ရိုးကလည်း မေမေနှင့် မိုးဂေါင် အကြားမှာ အခြေအနေကလေးကိုဖော့ပြီး မသိလိုက် မသိဘာသာလေးပဲ ကောင်းသလို ကြည့်နေခဲ့သူပါ။ ဟိုဘက်ဒီဘက် ညှိနှိုင်းပေးတာမျိုးလည်း မရှိ။ ဘယ်သူ့ကိုမှလဲ မဝေဖန်။ ကြားမညပ်အောင်လေးသာ နေခဲ့သည်။ မေမေက တစ်ခါတစ်ရံ မိုးဂေါင် ကွယ်ရာမှာ အမြင်ကတ်တဲ့စကားမျိုး အမနာပပြောလျှင် "မေမေကလည်း"လောက်နှင့်သာ တဟင်းဟင်း ရယ်မောဖော့တိမ်ပစ်ခဲ့တာမျိုးပါ။

မေမေ့ဘက်ကိုလည်း မတားမြစ်၊ ယောက်ျားဘက်ကိုလည်း အပြစ်မတင် ကြားမဝင်။ ခုတော့ နဂိုကမှ မိုးဂေါင်အပေါ် မေတ္တာမရှိတဲ့ မေမေဟာ ဆွေ့ဆွေ့ခုန်နေပါသည်။ ဖေဖေနှင့် မေမေ မေးလွန်းမကမေးတော့ အကြောင်းရင်းကို ရိုး ဖွင့်ပြောမပြလို့မရ။ အကြောင်းရင်း၊ ခိုင်ခိုင်လုံလုံ မရှိဘဲ ကွဲတယ်ဆိုတာမှ မဖြစ်နိုင်ပဲ။

ဖေဖေ့ကိုတော့ မျက်နှာပူ နှုတ်တွန့်၍ မေမေ့ကိုတော့ ဖွင့်ပြောရပါသည်။

"သူ ဇန်းမော်သွားတုန်း မေမေက ညည်း သွားစမ်းသပ်စစ်ဆေးကြည့်လိုက်ဆိုလို့ သမီးတို့ အိုဂျီဒေါ်စုထားဖွန်နဲ့ သွားစစ်ခဲ့ကြတယ် မဟုတ်လား မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ သင်းကလည်းမစစ်၊ ညည်းကလည်းမစစ်နဲ့ မစစ် မစစ် နေလာကြတာ နှစ်ပေါင်းကကြာပြီ စိတ်မရှည်နိုင်ဘူး၊ ကလေးလိုချင်တာတော့ သင်းက နန့်နန့်တက်၊ တကယ်တမ်း သွားစစ်ဖို့ကျတော့ သူ့ပြစ်ချက် ဖြစ်နေမလား ပေါ်လာမလား ကြောက်လို့ သူ မစစ်ရဲတာပေါ့၊ စိတ်မရှည်လို့ ညည်းကို ငါ သွားစစ်ခိုင်းခဲ့တာပေါ့"

တကယ်တော့ ပုထုဇဉ်ပီပီ ရှီးရဲ့မေမေ ဒေါ်တင်လေးစေ့သည် သမီးရဲ့ချွတ်ယွင်းချက်လား သမက်ရဲ့ချွတ်ယွင်းချက်လား သူလည်းသိချင်သည်။ သမက်က လွှဲချနေကာ သူအရင်စစ်ဖို့ မလှုပ်တော့ ဒီသမက် ခရီးသွားတုန်း သမီးကိုခေါ်ကာ ဘိတ်တဆိတ်သွားစစ်ဆေးကြည့်လိုက်တာ။

သူ့သမီးချွတ်ယွင်းချက် ဖြစ်နေရင်တော့ ဘာမှမပြောဘဲ မြိုနေလိုက်မည်ရယ်လို့ပင်။ အသိမပေးတော့ဘူးလို့ပင်။

"အဲဒီတုန်းက အိုဂျီနားနေတဲ့ နာ့စ်က သူ့ဝန်ထမ်းရဲ့ဇနီးတဲ့ မေမေ၊ စစ်တုန်းက မသိပေမယ့် နောက်နှစ်လရောက်နေတော့ ရုံးက နှစ်ပတ်လည်ညစာစားပွဲမှာ ဝန်ထမ်းတွေရော ခင်ပွန်းတွေ ဇနီးတွေရော ဆုံကြတော့ အဲဒီနာ့စ်က ဆရာဝန်ကတော်ကို မြင်ဖူးကြောင်း၊ ဒီလိုလာစစ်တုန်းက သူရှိကြောင်း သူ့ကိုပြောပြလိုက်လို့ ကိုက သိသွားတယ်"





"သိသွားတော့ ဘာဖြစ်လဲ"

"သိသွားပြီးတော့ ရှီးကို သူက မေးခဲ့တယ်၊ အိုဂျီဆီသွားတယ်ဆို၊ ဘာသွားလုပ်တာလဲ တဲ့"

"ဒီတော့ ... ! "

"ရှီးက မသွားပါဘူးလို့ လိမ်ပြောလိုက်တယ်"

မေမေ့ရဲ့ စိတ်ပျက်မျက်စောင်းက ရှီးအပေါ် ကျရောက်လာကာ ...

"ညည်းက မေတ္တာရှင်မကြီးလား၊ သူတော်စင်မကြီးလား ရွှေနှယ်ရီး၊ ဟင် ! ... အဲဒီတုန်းကတည်းက ညည်းယောက်ျားကို ပြလိုက်လို့ ငါ မပြောခဲ့ဘူးလား၊ ပြောခဲ့သလား"

"ပြောပါတယ်"

"ညည်းကပဲ သူ စိတ်ဆင်းရဲသွားပါမယ်၊ စိတ်မကောင်းဖြစ်သွားပါမယ်နဲ့ မပြောပါနဲ့ မေမေရဲ့၊ ဒီအတိုင်းလေးပဲထားလိုက်ပါနဲ့၊ ကဲ ... အခု သူက ဘာတဲ့လဲ၊ ဒါကိုပြန်ဖော်ပြီး ဘာပြောတာလဲ"

"... ... ..."

"ဟဲ့ ... ပြောလေ"

"သူက သွားစစ်ထားပြီးမှ စစ်တာကိုတောင် မစစ်ဘူး လိမ်ပြောပြီး ဖုံးထားခဲ့တာဆိုတော့ ရှီးမှာ ... ရှီးမှာ ကလေး

www.burmeseclassic.com



မရနိုင်ဘူးဆိုတဲ့ ချွတ်ယွင်းချက်ပေါ်လာလို့ ရီး ဖွင့်မပြေ တော့တာလို့ ထင်နေတာပါ"

ဖြန်းခနဲနေအောင် ကိုယ့်ရင်ဘတ်ကို ရိုက်ချလိုက် အသံကြီး ဒေါ်တင်လေးဝေထံမှ ထွက်လာကာ မျက်နှာကလည် ဒေါသတငြီးငြီးနှင့် နီးရာလူဖြစ်တဲ့ ရွှေနှယ်ရီးကိုပဲ ထုပြီးကုတ် လုပ်ပစ်ချင်သလို အသည်းတယားယား ရင်တလှပ်လှပ်နှင့် မရ ထိုင်မရ ဖြစ်သွားပါသည်။

"ဟင် ! ... မိရွှေနှယ်ရီး ... ဒီတော့ ... ဒီတော့ ...

"ပြီးတော့ မေမေတို့ စင်ကာပူကိုမထွက်ခင် ရက်ပိုင်းလေး ကလည်း ညှိခံပွဲတစ်ခုမှာ မေမေနဲ့ သူ ဆုံတယ်တဲ့

"ဘယ်ပွဲလဲ မဆုံပါဘူး"

"မေမေကသူ့ကို ကျော့ပေးပြီး မဖွေ့ဘူးတဲ့၊ လူရှင် အနီးလေး၊ မေမေ့မိတ်ဆွေကို မေမေက မော်ငွေလေး တဲ့ကလေး သွားကြည့်မလို့ ပြောနေတာတဲ့"

"ဩော် ... ဟုတ်ပြီ၊ သိပြီ၊ ဒေါ်လှလှလေး၊ အဲဒါ ဘာ လဲ"

"အဲဒီမိတ်ဆွေက ရွှေနှယ်ရီးကကော မမွေးသေးဘူး စစ်ဆေးမကြည့်ကြဘူးလားမေးတော့ မေမေက သ ကလေးမရနိုင်ဘူးလို့ ပြောလိုက်တာ သူက ကြားခဲ့



"ငါလား၊ ငါ ပြောခဲ့လား၊ ပြောရင်လည်း ပြောမိခဲ့မှာပဲ၊ မမရီတာတို့ကိုလည်း ပြောမိတာပဲ၊ ဒေါ်အေးအေးတို့လည်း အဲဒီအချိန် တလောက စကားစပ်မိလို့ မေးကြလို့ ကျွန်မ သမီးက ဘာမှမဖြစ်ဘူး၊ သမက်က မရတာလို့ ပြောပစ် လိုက်တာငဲ့၊ ပြောဖူးတာ လေးငါးယောက်လောက်တော့ ရှိမယ်"

ရီးသည် မျက်နှာလေးပျက်ကာ ...

"မေမေရယ် ... အလကား ဘာဖြစ်လို့ လျှောက်ပြောရတာ လဲ၊ ဒီကိစ္စကြီးက လူတကာပြောဖို့ ရှက်စရာကြီးပါ မေမေရယ်"

"ရှက်တတ်တဲ့လူအဖို့တော့ ရှက်စရာပေါ့၊ အထူးသဖြင့် ညည်းယောက်ျားလို လူစားအဖို့တော့ သိပ်အရှက်ကွဲရင် ကွဲမှာပေါ့လေ၊ ဒါပေမဲ့ ဘာဆန်းလဲ၊ ကလေးရင်သွေးရဖို့ ဆိုတာ သူ့ကုသိုလ်နဲ့ သူပဲလေ၊ ရရင်ရမယ် မရရင်လည်း မရဘူး၊ အဲဒါ ဘာဖြစ်တုန်း၊ ကဲ ... ကိုယ်က ကလေးမရနိုင် ဘူး ချွတ်ယွင်းတယ် ဒါဘာဖြစ်လဲ၊ မရ ဘာစာတ်နိုင်မလဲ ကိုယ်ကျင့်တရား ပျက်တာလည်း မဟုတ်၊ မရ ... ရဘူး ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မေမေရယ် … သူ့ချွတ်ယွင်းချက် ဆိုတာကတော့ သေမှ မသေချာသေးပဲ၊ သူလည်း စစ်ထားတာမှ မဟုတ်ဘဲ"

"ဟဲ့ … လင်မယားနှစ်ယောက်မှာ မယားက Normal ပဲ ဆိုရင် လင်က ချွတ်ယွင်းတာပဲပေါ့၊ ရှင်းနေတာပဲ ရွှေနှယ်ရီးရယ်၊ သူတစ်ပါးကို ပြောမိတာတော့ မေမေ မကောင်းဘူးထားပါ၊ ပြောမိတာဟာလည်း သူ့ကိုအမြင်ကတ်လို့ပဲ၊ ဒါကိုပဲ သူ့မှာရေးကြီးခွင်ကျယ် အမြဲဖြစ်နေတာ၊ ပြီးတော့ သူ့ချွတ်ယွင်းချက်ပဲ ဖြစ်နေတာ သူ မသိဘူးလေ၊ အမြင်ကတ်လို့ပြောတာ၊ ဒါကို သူကကြားပြီး မခံမရပ်နိုင်ဖြစ်တယ်ပေါ့၊ ဟုတ်လား"

"… … …"

ရီးက ခေါင်းကလေး ငုံ့ချထားပါသည်။

"အံ့ပါ့ ရွှေနှယ်ရီးရယ် အံ့ပါ့ဟယ်၊ ဒါတွေ သူပြောနေတုန်း ညည်းက သူ့ကို ဝက်ဝက်ကွဲ ဟားတိုက်ပြီး ရယ်မပစ်လိုက်ဘူးလား … ဟင် ! … ဒါ ညည်းကိုသူက ဆက်လက်မပေါင်းသင်းချင်ရတဲ့ အကြောင်းရင်းတဲ့ ဟုတ်လား၊ တောက် … အသည်းနာစရာ ကောင်းလိုက်တာအေ"

ဒေါ်တင်လေးဝေမှာ မခံနိုင် မရပ်နိုင် အသံတွေတုန်တက်လာသည်။





"ညည်းက ဘာဖြစ်လို့ သူ့အပေါ် ဒီလောက် ခွင့်လွှတ်သည်းခံရတာလဲ၊ ဟင် … ဘာကြောင့် ဒီလောက်အောက်ကျခံပြီး အသာတကြည် ကွဲပေးရတာလဲ"

"မဟုတ်ဘူး မေမေ"

ရီးက မျက်ရည် တစ်ပေါက်ပေါက် စီးကျလာပါသည်။

"ခွင့်လွှတ်တာ သည်းခံတာ အောက်ကျခံတာချည်းပဲ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲ၊ ပြောစမ်းပါ ဘာကြောင့်လဲ"

"ရီးလည်း နာကျင်တတ်ပါတယ် မေမေရယ်၊ သူ့အားနည်းချက် ကိုယ့်အားနည်းချက် ဆိုတာတွေကို ဒီကိစ္စမှာ ထည့်မတွက်ပါနဲ့ဦး၊ အမှန်က ဘာဆိုတာ ထားလိုက်ပါဦး။ ရီးတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် အပြန်အလှန် သိပ်ချစ်ကြလို့ လူကြီးမိဘတောင် သဘောမတူခဲ့တဲ့ကြားက လက်တွဲခဲ့ကြရတာ …

အထူးသဖြင့် ရီး၊ ကိုယ့်မိဘရဲ့ဆန္ဒကိုတောင် မျက်ကွယ်ပြုခဲ့ပြီး ကိုယ့်ဆုံးဖြတ်ချက်နဲ့ပဲကိုယ် သူ့ကိုယုံကြည်လက်ထပ်လာခဲ့တာ။ ဒီလူနဲ့ ဒီလူ ချစ်လို့ ပြုခဲ့တဲ့ အိမ်ထောင်ပါ၊ အစိက,က ဒီလူတွေပဲ၊ သားသမီး ထွန်းကား



www.burmeseclassic.com

www.burmeseclassic.com



မလာလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ရီးကို သူက ကွဲနိုင် ကွာနိုင်တယ်ဆိုရင် ရီးတစ်ယောက်လုံးကို သူက ဘယ်လို သဘောထားခဲ့တာလဲ”

ရီးက ပခုံးလေးတုန်အောင် ရှိုက်ကြီးတငင်ငိုပါသည်။

“သားသမီး ရမလာတဲ့အတွက် ရီးကို သူက မပေါင်းသင်း တော့ဘူးဆိုရင် သူ့အချစ်ကဘာလဲ၊ ရီးကို သူချစ်လို့လက် ထပ်တာလား၊ ကလေးမွေးပေးဖို့ လက်ထပ်ခဲ့တာလား၊ ချစ်ခြင်းမေတ္တာဆိုတာရဲ့ ဂုဏ်ကျက်သရေကို သူ မထေ့ မြင် ပြုလိုက်တာ၊ ချစ်ခြင်းမေတ္တာရဲ့တန်ဖိုးကို သူ မျှ ထောက်နဲ့ ချနင်းလိုက်တာပဲ မဟုတ်လား ...

အဲဒါကို ရီး ရင်နာတာ၊ ရီး သူ့အပေါ် နာကြည်း သွားတာ၊ အဲဒါကြောင့် ဘာကိုမှလဲ ရှင်းမပြလိုဘူး၊ ဘာ စကားမှ ဆက်မပြောလိုဘူး၊ သူတောင်မှ ရီးကို ဒီအမှု တပ်ပြီး ကွဲနိုင်ရင် ရီးက ဘာဖြစ်လို့ ကုပ်ကပ်ဆွဲဆောင် ပြီး စိတ်ပြန်လည်အောင် နောင်တရအောင် ရှင်းပြနေရဦး မှာလည်း မေမေ ...

ဆယ့်ငါးနှစ်ကာလဆိုတဲ့ သံယောဇဉ်ကိုတောင် သူ မထောက်နိုင်အောင်ဘဲ၊ သူ့အားနည်းချက် ဖြစ်နိုင်ပါလား လို့ ရီး ထင်မိခဲ့တဲ့ အချိန်မှာ ရီးက သူ့ကိုဖွင့်တောင်





မပြောရက်ခဲ့ဘူး၊ သူ သိပ် Serious ဖြစ်တဲ့ ဒီကိစ္စအတွက် သူ့ကိုယ်သူ ရှက်ရွံ့ဝမ်းနည်း သိမ်ငယ်သွားမှာ စိုးရိမ်ပြီး ကိုယ့်ဘက်မှာ ချွတ်ယွင်းချက်မရှိပါဘူး ဆိုတာကိုတောင် သူ မသိအောင် ဖုံးဖိထားပေးခဲ့တယ်၊ မျိုသိပ်ထားပေးခဲ့ တယ် ...

ရီးရဲ့ချွတ်ယွင်းချက်လို့ သူ ထင်လိုက်တဲ့ သံသယ ဝင်လိုက်တဲ့ အချိန်မှာတော့ ရီးအတွက် သူ ဘာမှမငဲ့ခဲ့ ဘူး မေမေ၊ ရီး သူ့အပေါ် ညှာတာ စာနာသလောက် စာနာဖို့ ညှာတာဖို့ နေနေသာသာ ဒီမိန်းမနဲ့ဖြင့် သူလိုချင် တဲ့ရင်သွေးလေးတွေ မရတော့ဘူးဆိုရင် နောက်အိမ်ထောင် သစ် ထူမှဖြစ်မယ်ဆိုတဲ့ အကြင်နာကင်းမဲ့တဲ့ ရက်စက်တဲ့ အတ္တကြီးတဲ့ တစ်ကိုယ်ကောင်းအတွေးမျိုး တွေးနိုင်တဲ့သူ့ ကို ရီး နာကြည်းပါတယ် ...

အဲဒီနာကြည်းချက်၊ အဲဒီဝေဒနာကြီးနဲ့ ရီးက သူ့ ကို ဖွင့်ပြော ရှင်းပြပြီး ဆက်ပေါင်းဖြစ်ကြရင်တောင် ရီး တစ်သက်လုံး သူ့ကို ကျေနိုင်မှာ မဟုတ်ဘူး၊ မေ့နိုင်မှာ မဟုတ်ဘူး၊ ရီးတို့ အိမ်ထောင်ရေးဟာလည်း ရှေ့ဆယ့် ငါးနှစ်က သာယာခဲ့သလောက် သာယာနိုင်မှာ မဟုတ်တော့ ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထားကို သိလိုက်ရတာတစ်ခုနဲ့တင် အားလုံးက ရေစုန်မျောသွားပြီးပြီ မေမေ၊ အဲဒါကြောင့် ရိုး သူ့ကို အသာတကြည် ခွဲခွာလိုက်တာပါ၊ မေမေ ထင်သလိုမဟုတ်ပါဘူး"

ပေါင်ပေါ် မျက်နှာအပ် ငိုရှိုက်နေတဲ့ သမီးဖြစ်သူရဲ့ ဆံပင်လေးတွေကို သပ်ကာ သပ်ကာ ဒေါ်တင်လေးဝေလည်း မျက်ရည်စတစ်ချို့ စီးဆင်းကျလာရသည်။ မိန်းမချင်း ကိုယ်ချင်းစာနိုင်ကာ သမီးရဲ့ နာကြည်းချက် ဝေဒနာကိုလည်း နားလည်ရသည်။ နှစ်သိမ့်မပေးတတ်အောင်လည်း ဖြစ်ရပါသည်။

✣ ✦ ✣





၆

"လှိုင်း"

"……… ……"

"နင် ဘာဖြစ်လို ငါ့ကို ဒီလောက် အနိုင်ကျင့် ဗိုလ်ကျရတာလဲ လှိုင်း"

"မသိဘူး … သွား … သွား၊ ငါ့ကိုဘာမှ လာမပြောနဲ့၊ ငါ နင့်မျက်နှာလည်း မကြည့်ချင်ဘူး နေလင်း"

"လှိုင်း"

"ဟယ် … နားညည်းလိုက်တာ ကျွတ်"

လှိုင်းက စားပွဲပေါ်က မစ်လ်ခ်ရှိတ်ဒ်ဖန်ခွက်ကြီးကို လှမ်းယူကာ လက်ကျန်အကပ်အသတ်ကို ဂလုး … ဂလုး မြည်အောင် စုတ်သောက်သည်။ စားပွဲမှာ အတူရှိနေတဲ့ စိမ့်၊ ရေနှာနှင့်



www.burmeseclassic.com

www.burmeseclassic.com



အောင်ကိုကိုတို့က အားလုံး ညီညီညွတ်ညွတ်ပင် လှိုင်းကို အမြင်ကတ်သလိုကြည့်ကာ ...

“ဟဲ့ ... နေလင်း၊ နင်ကလည်း လွန်လွန်းတယ်၊ အမြဲလိုက်ချော့နေတာချည်းပဲ၊ တစ်ခါတလေများ လွှတ်ထားလိုက်ပါဦးလား၊ သူ့ဟာသူ ဖြစ်ချင်ရာဖြစ်၊ သူ့မျက်နှာ နည်းနည်းလေးပုပ်ရင် နင့်ကိုက ဖြစ်ပြနေတာကိုး၊ ဒီတော့ သူက အနိုင်ကျင့် မိုလ်ကျနေတာ နည်းတောင် နည်းသေးတယ်”

“မိစိမ့်နော် ... ကြားက စိတ်ပုပ်နေတာ”

“တစ်ဖက်စောင်းနင်းနဲ့ နားကြားပြင်းကတ်တယ်လေ၊ နင်ကလည်း စိတ်ကောက် ကောက်နိုင်လွန်းတယ်”

“ကောက်တာ ဘာဖြစ်လဲ၊ ကောက်စရာရှိလို့ ကောက်တာပေါ့၊ နင်တို့ မခံရတိုင်း ခံလိုက်ရလို့ စိတ်တိုနေတဲ့သူကို လာမစေဖန်နဲ့”

သူတို့အုပ်စုဟာ ဆယ်တန်းကတည်းက တစ်ကျောင်းတည်းဖြစ်ခဲ့ကြတဲ့ သူငယ်ချင်းတွေပါ။ ဆယ်တန်းအောင်ကြတော့လည်း အမှတ်တွေက မတိမ်းမယိမ်း။ တက္ကသိုလ်မှာ မေဂျာတကွဲတပြား ဖြစ်ပေမယ့်လည်း မေဂျာတူတဲ့ သူငယ်ချင်းအသစ်တွေကို မတွဲဘဲဒီလူဒီလူချင်းသာ တတွဲတွဲ ပေါင်းသင်းခဲ့တာ၊ ခုဆို ဘွဲ့ရ





ပြီးကြလို့ သင်တန်းတက်တဲ့လူတက်၊ အလုပ်လျှောက်တဲ့လူလျှောက်၊ နိုင်ငံခြားထွက်မလို့ ယောင်ဝါးဝါး ဖြစ်တဲ့သူက ဖြစ်နေတဲ့ အချိန်ထိ အတွဲမပျက်။

မိန်းကလေးတွေက လှိုင်း၊ စိမ့်၊ ရတနာ၊ ဖူးပွင့်။ ယောကျ်ားလေးတွေက နေလင်း၊ အောင်ကိုကို၊ စိုင်းသီဟ။ စိုင်းသီဟနှင့် ဖူးပွင့်ကတော့ ချစ်သူတွေ အတိအလင်းဖြစ်ပြီးကာ နှစ်ယောက်လုံး ကုမ္ပဏီတစ်ခုထဲမှာ အလုပ်ရကာစ ဖြစ်သည်။

နေလင်းနှင့် လှိုင်းကိုလည်း ...။ အင်း ... ချစ်သူတွေလို့ပဲ ဆိုကြပါစို့။ လှိုင်းက ကိုယ်မခံချင်မှုနှင့်ကိုယ် အဖြေမပေး ခေါင်းမညိတ်တာကလွဲလို့ သူတို့နှစ်ယောက်ကိုလည်း ချစ်သူတွေလို့ပဲ အုပ်စုက သတ်မှတ်သည်။ သံယောဇဉ်တွေကိုလည်း အချင်းချင်းသိ အားလုံးသိ။

သူတို့နှစ်ဦးအကြားက အဓိက ပြဿနာကတော့ နေလင်းရဲ့မိခင်ပင်။ နေလင်းဟာ စီးပွားရေးလုပ်ငန်းရှင်သူဌေးကြီးတစ်ဦးရဲ့သား။ တော်တော်ကြီး ချမ်းသာပါသည်။ သူ့အမေကလည်း သူ့အဆင့်အတန်းအလျောက် အတော်လေး ဂုဏ်မောက်ပါသည်။

နေလင်းအမေရဲ့ မျက်စိထဲမှာ လှိုင်းလောက် အနေအထားက ချောင်တောင်မကပ်။ သူ့သားရဲ့ သူငယ်ချင်းတွေအနေ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပင် သူ့အမေက သိပ်ပြီး ဟက်ဟက်ပက်ပက် ဆက်ဆံတာ မဟုတ်။ လှိုင်းနှင့် သတင်းကို သိန့်သန့်ကြားတော့ သူ့အမေက လုံးဝမကြည်ဖြူ သဘောမတူပါ။ ဒါကိုသိအောင်လည်း သူတို့အိမ်မှာ အရေးပေါ် ဆွမ်းကျွေးတစ်ခု ထ,စီစဉ်လိုက်ပြီး တစ်ရွာလုံးကိုဖိတ်ကာ ကျွေးရင်း အထက်စီးစီးပင့်ပင့်ချိုချို မျက်နှာထားနှင့်ပင် ...

“သူငယ်ချင်းတွေ အချင်းချင်း ရိုးရိုးသားသား မောင်လို နှမလို ဆက်ဆံကြနော် ကြားလား၊ ထွေလီကာလီစိတ်တွေ မမွေးကြနဲ့၊ သူငယ်ချင်းချင်း ပြန်ကြိုက်သွားတယ် ဆိုတာမျိုးကို အန်တီက သိပ်မုန်းတာ၊ မကြိုက်ဘူး”

အဲဒီလိုစကားမျိုး။

“သူတို့မောင်နှမတွေကို အန်တီက အန်တီ့စိတ်ကြိုက် စီစဉ်တာ၊ ဆယ်တန်းအောင်လို့ယူတဲ့ ဘာသာတွဲကအစ အန်တီပဲ ရွေးပေးတာ၊ မိသားစု အစဉ်အလာအရ အမွေ တစ်ခွန်းပဲ ...

သူ့အစ်မ အကြီးဆုံး မေနှင်းကို ဆိုရင် မနှစ်က ဒေါက်တာကျော်ကျော်လတ်နဲ့ အန်တီက စီစဉ်နေရာချပေးလိုက်တယ်၊ အင်္ဂလန်မှာ ခွဲစိတ်ပါရဂူဘွဲ့ ရသွားပြီဆိုတော့ အခြေတကျလဲ ဖြစ်ပြီ ...





သူ့အစ်ကို ဝေမင်းကိုတော့ ဒီနှစ်ကုန်လောက် စေ့စပ်ပေးမယ်၊ လောလောဆယ် ဩစတြေးလျမှာ ကျောင်းတက်နေတာ၊ ဒီနှစ်ကုန်တော့ တစ်ခေါက် ပြန်လာနိုင်တယ်လေ၊ သူနဲ့ စေ့စပ်မယ့်ကောင်မလေးကလည်း အဲဒီမှာပဲ ကျောင်းတူတူတက်နေတာပါ၊ သမီးတို့တော့ ကြားဖူးမလား မသိဘူး၊ ဦးရဲကျော်ရဲ့သမီးလေ၊ သူတို့ဒက်ဒီနဲ့ စီးပွားဖက်တွေပါပဲ ...

နေလင်းကိုလည်း သေချာပြောထားတယ်၊ ရည်းစားမထားရဘူးလို့၊ ထားလို့ အပိုပဲ၊ အန်တီက သူ့ကိုငယ်သေးလို့ ခဏစောင့်နေတာ၊ ကျောင်းလည်းလွှတ်တက်ခိုင်းရဦးမှာ၊ သဘောတူထားတဲ့ မိန်းကလေးကတော့ ရှိပြီးပါပြီ၊ ငယ်ကြသေးလို့သာ မစေ့စပ်သေးတာ၊ လူကြီးချင်းတော့ နားလည်ပြီးသား၊ ဦးတင့်ထွန်းလေ၊ ‘......’ကွန်စထရပ်ရှင်လေ၊ သူ့သမီးအငယ်ဆုံးလေးပဲ၊ ဒေဝီတင့်ထွန်းတဲ့၊ ကျောင်းတက်လွှတ်ပြီး နည်းနည်းပါးပါး အောင်ပြီးမှ စေ့စပ်မယ်လေ ...

မင်းတို့သူငယ်ချင်း နေလင်းလည်း သူငယ်ချင်းတွေကို သံယောဇဉ်က မပြတ်တာ၊ ဒီကထွက်ချင်ပုံ မရဘူး၊ IELTS ကို အမှတ်မရအောင်များ တမင်ဖြေသလား ထင်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ ဒီတစ်ခေါက်တော့သေချာဖြေရမှာ၊ မရဘူး၊ အငယ်ဆုံးမို့လို့ ကြည့်နေတာ၊ ငယ်ပါသေးတယ်လေလို့ ခဏပေးနားထားတာ၊ အချိန်စေ့ရင်တော့ ညာမှာမဟုတ်ဘူး"

အားလုံးကို ခြုံငုံပြောသလိုလိုနှင့် လှိုင်းဘက်ကို မျက်စ,ပင့်ပင့်ပြီး ပြောတာကို အချဉ်မဟုတ်တဲ့ လှိုင်းက အထာမပေါက်ဘဲ မနေပါ။ ဒီတော့ ကိုယ်နှင့်မဆိုင်သလို မထိတရိ မျက်နှာထားနှင့် နေရသည်။ နေလင်းအမေဟာ ဘယ်တော့မှတော့ မျက်နှာပျက်ရအောင်မပြော။

နေလင်းထံ ဖုန်းဆက်လျှင်လည်း မကြိုက်ပုံကိုတော့ မပြ။ ချိုသာဖော်ရွေစွာနှင့်ပင် ...

"သမီးရေ ... နေလင်း ရေချိုးနေတယ်၊ ပြီးရင် ဒေဝီတို့အိမ်သွားမလို့ သူ့ပါခေါ်သွားမလို့၊ ပြောစရာရှိရင် မှာခဲ့တော့ သမီးရေ၊ အန်တီပဲ ပြောပြပေးတော့မယ်"

ဟဲန်းဒ်ဖုန်းကို ဆက်တာကိုပင် အမေ ကောက်ကိုင်လိုက်တာနှင့် မကြာ မကြာ တိုးပါသည်။ နေလင်း ဆိုတဲ့ အငယ်ဆုံးသားက ဒီပစ္စည်း ဟိုမှာချ မေ့၊ ဟိုပစ္စည်း ရောက်ရာအရပ်တင်သွား မေ့။ မလုပ်တတ် မကိုင်တတ်။ တာဝန်မရှိသူမို့ တာဝန်မယူတတ်။ အငယ်ဆုံးသားမို့ ဖွဲ့မဆိုးဘဲ မအေကိုကြောက်တဲ့ သားလိမ္မာမျိုးသာဖြစ်သည်။





သူ့အမေကြောင့် မခံချိမခံသာ ဖြစ်ရသမျှတွေ နေလင်းအပေါ်ပဲ စုပုံချကာ စိတ်ဆိုးရ ဖွေယူရ ပြန်အနိုင်ကျင့်ရသည်။ ဒါကြောင့်လည်း လူတကာအမြင်မှာ လှိုင်းက နေလင်းကို အနိုင်ကျင့်တယ်၊ ဗိုလ်ကျတယ် ဖြစ်နေသည်။

"သိမှမသိတာ၊ သိအောင်ပြောပြပေါ့"

"အထူးအထွေ ဘာရှိဦးမှာလဲဟာ၊ သူ့ဘွားတော်ပဲပေါ့"

"ဘာဖြစ်လို့လဲ"

"ငါတို့နဲ့ ချိန်းထားတာ လျှောက်သွားမှာတွေ ဒီကောင်က သံတော်ဦးတင်ထားတာ အကုန်၊ ဘွားတော်က ငါ့ကိုဖုန်းဆက်တာပဲ"

"ဘာတဲ့လဲ"

"သိပ်သဝေမထိုးကြနဲ့တဲ့၊ ဒီအုပ်စုနဲ့ ဆုံလိုက်မှဖြင့် နေလင်းဟာ အကျင့်ကို ပျက်နေတာတဲ့၊ ဟိုသွား ဒီသွား ဓလေလေနဲ့ အချိန်တွေလည်း ပုပ်တယ်တဲ့၊ နေလင်း မအားလို့ သုံးနာရီလောက်ထိပဲနေပြီး ပြီးရင် လူစုခွဲကြတဲ့"

"အဲလိုဖုန်းဆက်တယ် ! "

"ဟုတ်တယ်၊ ငါက အမြဲပြန်ပြန်မပြောလို့ ငါ့ဟာငါပဲ ကျိတ်ပြီး ဖာင်းနေပြီးတော့ သူ့ကို ရန်လုပ်တာမဲ့ နင်တို့က မြင်တာ"

www.burmeseclassic.com



“နင့်ဆီ ဘာပြောစရာလိုလဲ၊ သူ့သားကိုပဲသူ သုံးနာရီပြန်ခဲ့လို့ တိုက်ရိုက်မှာပေါ့”

“အေးလေ၊ ငါတို့နဲ့ပေါင်းလို့ပဲ အကျင့်ပျက်ရသေးတယ်တဲ့”

“နင့်အမေက သူ့သားပဲ သူပြန်ခေါ်ပေါ့၊ ငါတို့ကိုပါ လူစုခွဲခိုင်းရအောင် ငါတို့က သူ့သားသမီးတွေမှ မဟုတ်တာ”

“[illegible]”

တစ်ယောက်တစ်ပေါက်နှင့် နေလင်းကို ဝိုင်းအာကြပါတော့သည်။ ငုံ့ခံနေရတဲ့ နေလင်း ရုပ်ကို မြင်တော့လည်း ချဉ်စုတ်စုတ်ကြားက စိတ်မကောင်းရပြန်ဘူးပေါ့။ သံယောဇဉ်ဆိုတာ ရှိတယ်လေ။ သူ့တစ်ကိုယ်ရည်ဆိုရင် လှိုင်းအပေါ် အင်မတန်ကောင်းပြီး အင်မတန် အနွံတာခံလှတဲ့ နေလင်းမို့ သူ့အမေကို မခံချင်တာနှင့် သူ့ကို ရန်ပြန်လုပ်မိတိုင်း ကျေနပ်ပျော်ရွှင်နိုင်တာတော့ မဟုတ်ပါ။

သူ့အဖေလို ဂရိတ်သူဌေးကြီး မဟုတ်ပေမယ့် လှိုင်းတို့ကကော စုတ်ပြတ်သတ်နေတာမို့လို့လား။ မေမေက နာမည်ကျော် ဒီဇိုင်နာမို့ ဝင်ငွေကောင်းပါသည်။ တစ်ဦးတည်းသောသမီးဖြစ်တဲ့ လှိုင်း စိတ်ကြိုက်သုံးနိုင်ပါသည်။ ဒရိုင်ဘာနှင့်



ကားနှင့် လိုရာသွားနိုင်ပါသည်။ ကိုယ့်ဟဲန်းဒ်ဖုန်း ကိုယ်ကိုင်ပြီး ဝှလဲကွန်ဒိုမှာလောက်တော့ နေနိုင်ပါသည်။

ဒါကိုမတူတန်သလို ဆက်ဆံခံရတော့ ရင်နာတာ။ နင်နဲ့ သဘောမတူဘူးလို့ ထုတ်မပြောရုံတမယ်မို့ နေလင်းကို ခွင်ပင်အဖြေမပေးဘဲ တင်းခံနေတာ။

“ဟဲ့ ... ဟိုတစ်နေ့ကလည်း ငါ့ဟဲန်းဒ်ဖုန်းဆီဆက်ပြီး နေလင်းရှိလားတဲ့၊ မရှိပါဘူးဆိုတော့ လှိုင်းရောရှိလားတဲ့၊ လှိုင်းနဲ့လည်း ဒီနေ့ ချိန်းမထားဘူးဆိုတော့ ဒါဖြင့် သူတို့ နှစ်ယောက် ဘယ်ရောက်နေလဲတဲ့”

စိမ့်စကားကြောင့် လှိုင်းက စူပုပ်သောမျက်နှာလေးနှင့် ...

“တနင်္ဂနွေက မဟုတ်လား၊ ငါ့ဖုန်းကဖြင့် ဘက်ထရီတုံးလုံးဝတက်မလာတော့လို့ ပိတ်ပြီးချာဂျင်သွင်းနေရတာ၊ ငါအိမ်မှာပဲ နေနေတာ၊ သူ့သား လူပေါ်ကြောက ဖုန်းကိုပိတ်ပြီး အိမ်မှမေ့ကျန်ခဲ့တာပေါ့၊ စိုင်းသီဟ ရုံးပိတ်လို့ အောင်ကိုကိုရော သုံးယောက်တူတူ လျှောက်ထွက်နေတာ၊ အဲဒါကို သူရော ငါပါ ဖုန်းပိတ်ပြီး တစ်နေ့ရာလစ်နေ သလိုလို”

“လှိုင်းကလည်းဟာ”

www.burmeseclassic.com

www.burmeseclassic.com



"ဘာလိုင်းကလည်းလဲ၊ ညအထိဟယ်၊ ငါ့ကိုလှမ်းစစ်တုန်း၊ နေ့လယ်ကဖုန်းပိတ်ပြီး ဘယ်ရောက်နေလဲတဲ့၊ ငါ့အိမ်မှာ ပါပဲဆိုတာကို မယုံဘူးဖြစ်နေတာ"

"ဟုတ်တယ်ဟာ နေလင်း၊ နင့်အမေက မမိုက်ဘူး"

"သူ့သားသမီးသူ စစ်ပေါ့၊ သူများသားသမီးကို ဘာမှ လိုက်စစ်ဆေးနေစရာ မလိုပါဘူး၊ သိပ်ဖောင်းတာပဲ၊ ဟဲ့ ... ကဲ ... ကဲ ... နှစ်နာရီခွဲနေပါပြီ၊ ကိုနေလင်းရေ၊ ပြန်ရင် လည်း ဂြန်တော်မူပါတော့၊ တော်ကြာ ငါတို့ကလေကလွင့် အုပ်စုက အတင်းဆွဲထားတယ် ဖြစ်နေပါဦးမယ်"

"လှိုင်းကလည်းဟာ"

"နင် ဒီတစ်လုံးပဲ ညည်းညူတတ်လား"

"ငါ့အမေက ငါ့အမေလေ"

"နင်ပြောမှလား"

"အမေကို ငါက ဘယ်လိုဆုံးမလို့ ရမှာလဲ၊ မာမီဒီလိုဖြစ် နေတာကို ငါလည်း သဘောကျတာမှမဟုတ်တာ၊ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ၊ မာမီအတွက်နဲ့တော့ နင် ငါ့ကိုမစိမ်း သင့်ပါဘူးဟာ"

"ဩော် ... အဲဒီတော့ ငါက နင့်အမေရဲ့အပြောအဆိုတွေ ကို ငုံ့ခံပြီးတော့ နင့်ကို အလိုလိုက် အကြိုက်ဆောင်ရမှာ ပေါ့ ဟုတ်လား၊ သေလိုက် နေလင်း"





"နင် ငါ့ကို အဲလိုရက်ရက်စက်စက်တွေ အမြဲပြောတယ်၊ ငါကတော့ နင့်ကို ချစ်လိုက်ရတာ"

"ငါ့ကိုလာမပြောနဲ့၊ နင့်အမေကို သွားပြော၊ နင့်အမေရှေ့ ကျ နင် ဒီလိုပေါ်တင်ပြောရဲလို့လား၊ ဟိုဒေဝီတင့်ထွန်းကို လုံးဝယူမှာမဟုတ်ဘူး ဆိုတဲ့စကားမျိုး နင်ပြောရဲလား၊ ပြောရဲမှ ငါ့ကိုချစ်တာကိုလည်း လာပြော"

"ငါ လုံးဝ အဲဒီ ဒေဝီကို မယူဘူး၊ ကြိုက်လည်းမကြိုက် ဘူး"

"ဘာလို့ ငါ့ကို လာပြောနေတာလဲ၊ ငါကပေးစားနေလို့ လား"

သူတို့နှစ်ယောက်ရဲ့ (တကယ်တော့ လှိုင်းဘက်က ဟစ်ဖက်သတ်ရန်လိုနေတဲ့) ရန်ပွဲကို သူငယ်ချင်းတွေက ဟားနေ ကြပါသည်။

"ငါ နင့်ကိုပဲ ချစ်တယ်ဆိုတာ မာမီ့ကို ပြောဖူးပါတယ်"

"အိပ်မက်ထဲမှာလား"

"ငါ တကယ်ပြောတာပါ လှိုင်းရာ၊ ငါ့ကိုမလှောင်ပါနဲ့"

"ကဲ ... နင်က အဲလိုပြောတော့ နင့်အမေက ဘာတဲ့လဲ၊ အေး ... ချစ် ... ချစ် ... သားလေးလို့ ခွင့်ပြုလား၊ ဘာ မှထပ်မပြောနဲ့ မင်း ဒေဝီ့ကိုပဲ ယူရမယ်လို့ ပြောလား"



www.burmeseclassic.com

www.burmeseclassic.com



နေလင်းက ခေါင်းကြီးငုံ့နေပါသည်။

"ကျွတ် ... နေလင်းရာ ... နင်ပြန်တော့ဟာ၊ နင်ပြန်မရောက်လို့ ငါ့ဆီကို နင့်အမေ ဖုန်းလှမ်းလှမ်းတောက်တဲ့ အပြုအမူကိုလည်း ငါ အရမ်း Sick ဖြစ်နေပြီ၊ နင်သွားမလား မသွားဘူးလား"

"နင်ရော အရမ်း ငါ့ကို နိုင်တာပဲဟာ"

"ကျွတ် ... နင် မသွားရင် ငါသွားမယ်"

"နင်က ဘယ်သွားမှာလဲ"

"ငါ့ဟာငါ ဘယ်သွားသွား"

လှိုင်းက ဟန်းဒ်ဖုန်းလေးကို ဖွင့်ကာစလုတ်တချို့ကို ခပ်သွက်သွက် နှိပ်ချလိုက်ပါသည်။

"ဟယ်လို၊ အင်း ... ပြော"

"ဦးလား"

"အင်း"

"ဦး ဘယ်မှာလဲ"

"ဘုရင့်နောင်မှာ၊ ခဏနေ ရွှေပြည်သာက စက်ရုံသွားမလို့၊ ဘာလုပ်မလို့လဲ ခေါ်လှိုင်း"

"ရွှေပြည်သာ မသွားခင် မီးကိုလာခေါ်မလား"

"ဘာလုပ်ဖို့လဲ"

"စက်ရုံက ဖန်နေချာတွေ ကြည့်ချင်တယ်လို့ ပြောထားတာလေ"

"ကက်တလော့က်စာရွက်တွေ ပဲန်ဖလက်တွေ ယူလာပေးမယ်လို့ ပြောသားပဲ၊ အဲဒီမှာ ကြည့်လို့ရတာပဲဟာ"

"အာ ... ဦးကလည်း အပြင်မှာ ကြည့်ချင်တာ"

"အေးလေ ... လိုက်ချင်ရင်လည်း လိုက်လေ၊ ဒီအချိန်သွားရင် ငါးနာရီကျော်မှ ပြန်ပို့နိုင်မှာနော်"

"ရတယ် ဦး"

"ဘယ်မှာခေါ်ရမှာလဲ၊ ရတနာတို့ရော ပါမလား"

"မပါဘူး၊ မီး တစ်ယောက်တည်းပဲ လှည်းတန်းက မစ္စတာဘရောင်းရှေ့ကို လာခေါ်ပါ ဦး"

"ကောင်းပြီ၊ ခဏနေ ရောက်မယ်"

"ဟုတ်"

ပေကတ်နေတဲ့ နေလင်းရဲ့ရှေ့မှာ ခပ်ချောချော Gentleman ကြီးတစ်ယောက်ရဲ့ ပရာဒိုကားပေါ် ခပ်တည်တည် တစ်ယောက်တည်း လိုက်ပါသွားပြချင်တာမို့ ရတနာတို့ကိုလည်း ခေါ်နေဖို့ စိတ်ကူးမရှိ။ ဖကယ်တော့ ဒီကြားထဲမှာ လှိုင်းတို့ လှသိုက် ဦးမိုးဂေါင်ကို လပြည့်ဝန်းပလွာဓေ လိုက်ပို့နိုင်တာမျိုး







www.burmeseclassic.com

www.burmeseclassic.com



တို့၊ ဦးမြတ်ထူးကြီးကို မှန့်လိုက်ကျွေးခိုင်းတာမျိုးတို့ လေး၊ ငါး ခြောက်ကြိမ် ခုနစ်ကြိမ် ရှစ်ကြိမ် ဆိုသလို ထွက်ဖူးပြီးဖြစ်ကာ ဒီဦးလေးကြီးတွေနှင့် ရင်းနှီးနေကြပါသည်။

ဟိုဘက်ကလည်း အပျင်းပြေစေတဲ့ ချာတိတ်မငယ်တွေအဖြစ်၊ ဒီဘက်ကလည်း ညှဉ်းဆဲလို့ကောင်းတဲ့ အန်ကယ်ကြီးတွေအဖြစ်။

"လှိုင်း"

"ဘာလဲ"

"အဲဒါ ဘယ်သူလဲ"

"နင့်အပူ မပါပါဘူး"

"ဘယ်က ဦးလဲ၊ ငါလည်း တစ်ခါမှ မမြင်ဖူးပါလား"

"ဒေဝီကိုရော ငါ မြင်ဖူးလို့လား"

"လှိုင်းနော် ... ဒေဝီကဘာဆိုင်လဲ၊ မာမီ့ပါးစပ်ထဲ တစ်ချိန်လုံးပြောနေတာ၊ ငါ ဘယ်တုန်းက သူ့အကြောင်းကို စကားထဲ ထည့်ပြောဖူးလို့လဲ"

"အေး ... အဲဒီ နင့်အမေပါးစပ်က ထွက်နေတာကိုက အဓိကကျတဲ့ အချက်ပဲ၊ နင်က ဘာများ အရေးပါလို့လဲ၊ ငါ့ကိုချစ်တယ်ဆိုတဲ့ စကားကိုလည်း နင့်အမေကို မပြောရဲမှ ငါ့ကိုပါပြော၊ နင့်အမေကို တစ်ခွန်းမှ ဝန်မခံရဲဘဲ ငါ့ကိုလာမပြောနဲ့၊ နင်ဟာလေ အပြင်ထွက်ချင်တာတောင်မှ ငါ့ကို နင်တွေ့ချင်လို့ ခဏသွားဦးမယ်လို့ မပြောရဲဘဲ ငါက နင့်ကိုခေါ်လို့ နင်က သွားပေးသလိုပဲ နင့်အမေဆီ ပြောရဲတဲ့သူ၊ တော်ပြီဟာ နေလင်း၊ နင့်ဟာနင် ပြန်တော့"

လှိုင်းက တကယ်ပဲ စိတ်ထဲမခံချိမခံသာ နောက်ကျိနေကာ သူတို့အတူတူထိုင်နေတဲ့စားပွဲမှ ထ,ထွက်ပြီး ရှေ့နားက စားပွဲတစ်ခုံးမှာ တစ်ယောက်တည်း သွားထိုင်နေလိုက်ပါသည်။ နေလင်းကို ခုလိုပြောပြီးလျှင် လှိုင်း အမြဲပဲ သနားမိပါသည်။ စိတ်ထဲမှာ မကောင်းပါ။ လှိုင်း ရင်ထဲမှာ နေလင်း အပေါ်ထားရှိတဲ့ သံယောဇဉ်အတိုင်းအဆကို လှိုင်းပဲ အသိဆုံး။ နေလင်းကို ဘယ်တော့မှ မပြော။ ဘယ်သူမှ မသိစေရ။

လှိုင်းက အသက်ပင်ငယ်သေးသော်ငြားလည်း ကိုယ့်အတွေး ကိုယ့်မာနကလေးတော့ လှိုင်းမှာ ရှိပါသည်။ ကိုယ့်အပေါ် စကားသံလေး ချိုသာတာကလွဲရင် လုံးဝမလိုလားဘူးဆိုတာ သိသိသာသာ ပြသထားတဲ့ သူတစ်ယောက်ရဲ့သားကို လှိုင်းက မဆင်မခြင်ဘဲ ဘယ်တော့မှ ခေါင်းညိတ်လက်ခံမှာမဟုတ်ပါ။

သူတို့လောက် မချမ်းသာ မကြွယ်ဝတာ မှန်ပေမယ့် အဲဒီအပေါ်မှာ ဖိနှိပ်အဆင့်ခွဲခြားမှာကိုတော့ လှိုင်း လက်မခံနိုင်ပါ။ အဲဒီအပြင်ကို ကိုယ်မဟုတ်တဲ့ တခြား(ကိုယ့်ထက်သာတယ်လို့






www.burmeseclassic.com

www.burmeseclassic.com



သူထင်တဲ့) မိန်းကလေးတစ်ယောက်ကို သူ့သားနဲ့သဘောတူနေပါတယ်လို့ အသိပေးထားပါ၊ရက်နှင့် အရှက်မရှိ လှိုင်းက အတင်းလုယက် တွယ်ဖက်မထားလို။

"ဟော"

လှိုင်းက မေးထောက်ကာ လမ်းမကို မျှော်နေဆဲဆိုင်ရှေ့မှာ ရှင်းနှီးယဉ်ပါးပြီးဖြစ်သော ပရာဒိုကားက အချက်ပြ ထိုးရပ်လာသည်။ လှိုင်းက အိတ်ကိုဆွဲကာ ဖျတ်ခနဲ ထရပ်လိုက်ရင်း ...

"ဟဲ့ ... ရတနာ ... စိမ့်၊ အားလုံးပဲ ငါသွားပြီဟေ့"

"ဟဲ့ ... ဘယ်လဲ"

"ဒီလိုပဲ"

ရတနာတို့က သူတို့ကို မခေါ်ဘဲ လှိုင်း ထ,လစ်သွား၍ မကျေမချမ်း အော်ဟစ်ရင်း ကျန်ခဲ့ပါသည်။ လှိုင်းက နောက်ကပြဿနာပါမလာခင် ပရာဒိုကား ရှေ့ခန်းကို သွက်သွက်ဆွဲဖွင့် ခုန်တက်လိုက်သည်။

"ပြီးပြီလား"

"အင်း"

"သွားရတော့မလား"

"အင်းပေါ့"





မိုးဂေါင်က ကားကို လမ်းပေါ်ပြန်ယူကာ မောင်းထွက်ရင်း ...

"ညည်းက တစ်ယောက်တည်း ဘာလိုက်လုပ်မှာလဲ"

"အာ ... ဦးကို ပြောဖူးသားပဲဟာ၊ မေမေက မှန်အကြီးကြီးပါတဲ့ ခေတ်မီမီပုံစံ Dressing table တစ်ခု လိုချင်နေပါတယ်ဆိုတာ၊ မီးကို လမ်းများများနဲ့ ရောက်ရာအရပ်မှာ လှလှလေးရှာစမ်းလို့ ခိုင်းထားတာ၊ ယုဇနပလာဇာရဲ့လေးထပ်ရော၊ ပရိဘောဂတိုက်တွေရော၊ အို ... နံ့နေပြီ စုံနေပြီ၊ မျက်စိထဲဝင်တာ လှတာကို ရှာလို့မတွေ့တာ"

"ဒီတော့ ... !! "

"ဒီတော့ ဦးရဲ့ပရိဘောဂစက်ရုံကို လိုက်ကြည့်ချင်တာပေါ့"

"ဩတ်ပေါ့"

"အင်း ... ဩတ်ပေါ့"

မိုးဂေါင်က ဤဆရာ,မနိုင် နှစ်ဆောင်ပြိုင်ကလေးကို ရယ်မောမိပါသည်။ သူဟာ သိပ်ကြီးတော့ စိတ်ရှည်တတ်လှသူမဟုတ်သော်လည်း ရိုးနဲ့ခွဲခွာပြီးတဲ့နောက် နောက်ပိုင်းမှာ တစ်စုံတစ်ရာ လိုအပ်နေသလို ဟာနေတဲ့ သူ့ရဲ့ရင်ခွင်ကို အပြောင်းအလဲတစ်မျိုးနဲ့ ပေါ့ပါးလန်းဆန်းစေတဲ့ ဒီကောင်မလေးတို့ အုပ်စုကိုတော့ သည်းခံနိုင်နေပါသည်။ အထူးသဖြင့်တော့ လှိုင်းကိုပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ဆိုရင် ရယ်မောရတာလေးတွေများ၍ စိတ်လက်ပေါ့ပါးကြည် လင်လန်းဆန်းရသည်။

"ဟိုမှာ ညည်း ကြည့်တတ်မှာ မဟုတ်ပါဘူး"

"ကြည့်တာပဲ ဦးရာ၊ မကြည့်တတ်ဘူးရှိလား"

"ပရိဘောဂတွေက သစ်ကြမ်းရောင် ဖြူခြောက်ခြောက် ကြီးတွေလေ၊ သိပ်ကြီးအလှမထွက်ဘူးပေါ့"

"အကြမ်းကြီးတွေ ဘာလုပ်တာလဲ"

"အများအားဖြင့်က ဦးက ပရိဘောဂအကြမ်းကို ဘာရောင် မှမတင်ဘဲ တရုတ်ပြည်တို့ ဘာတို့ပို့တာ၊ ခုတော့ မြို့ထဲ မှာ ရှိုးရွမ်းမ်တစ်ခု ဖွင့်လိုက်ပြီ၊ အဲဒီမှာတော့ အသင့်ပြီး ပြီးသား၊ အရောင်တင်ပြီးသား၊ အချောပစ္စည်းတွေမြင်ရ မှာပေါ့၊ စက်ရုံမှာ ဆေးတင်ပြီးလို့ လှပြီဆိုတာနဲ့ ရှိုးရွမ်း ပို့လိုက်တော့ ဟိုမှာကတော့ အကြမ်းထည်ပဲ ရှိဖို့များ တာ"

"ဪ ... မီး ကြည့်တတ်ပါတယ် ဦးရဲ့"

"ကက်တလောက်ကြည့်တာ မဟုတ်ဘူး"

"အား ... မရပါဘူး၊ အပြင်မှာ မြင်ရမှ တကယ်လှမလှ သိတာ"

"မင်းအမေ စိတ်ပူနေဦးမယ်"





"စိတ်ပူလို့ ဖုန်းဆက်လာရင် ပြောပြလိုက်မှာပေါ့၊ ဦး စက်ရုံမှာ မှန်တင်ခုံသွားကြည့်နေတယ်လို့ အဟဲဟဲ၊ ပြီး တော့လေ ... မီးက ခုတင်ပုံဆန်းလေးလည်း သိပ်လိုချင် တာ၊ အောက်ထိအပိတ် ခြေထောက်မပါလေ၊ ဘေးတိုက် မှာ အံဆွဲတွေပါတဲ့ဟာ၊ နိုင်ငံခြား ကက်တလောက်ထဲ မြင်ဖူးတာ၊ ဒီမှာတော့ မတွေ့ဖူးပါဘူး၊ ဦးကို အော်ဒါမှာ လို့ရမလား"

"ပုံပြကြည့်လေ၊ ဦးက လက်သမားကို ပြကြည့်ရမှာပေါ့"

"ဦး စိတ်မပူနဲ့၊ မေမေက တစ်နေ့ကုန် မီးကိုမေ့ပြီး အလုပ်တွေ ရှုပ်ယှက်ခတ်နေတာ၊ ညနေ ဖနေ့ဝင်ချိန်ရောက် မှ ဒေသ်သည်တွေ ဘာတွေလဲ နည်းနည်းကျဲသွားမှ မီးကို သတိပြန်ရလာမှာ၊ အဲဒီကျမှ ဖုန်းဆက်ရင်ဆက်မှာ"

"ညည်းကို ယုံကြည်စိတ်ချစွာ လွှတ်ထားတာပေါ့"

"မီးကလည်း ယုံကြည်စိတ်ချရတာပဲဟာ၊ ဦးကိုလည်း မေမေ သိပါတယ်၊ မီးက ဦးအကြောင်း မြောပြထားပါ တယ်"

"ဘာတွေ ပြောထားလဲ"

"ဟိုသင်းလေ ... ကြည့်လည်းကောင်းတယ်၊ စမတ်ဖြစ် တယ်၊ ယောက်ျားပီသတယ်၊ ချမ်းလည်းချမ်းသာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သဘောလည်းကောင်းတယ်၊ မီးနဲ့လည်း ခင်တယ်ဆိုတော့ မတည့်မှာလည်း မပူရဘူး"

"ဘာအဓိပ္ပာယ်လဲ ... ဒါက"

"အဟိဟိ ... မေမေနဲ့ အောင်သွယ်နေတာပေါ့"

"ဟဲ့ ကောင်မလေး၊ ရှုပ်ရှုပ်ယှက်ယှက်တွေ မလုပ်စမ်းနဲ့ သူကများ လူကြီးတွေကို ပြောင်လား နောက်လားနဲ့"

"ပြောင်တာမဟုတ်ပါဘူး ဦးရဲ့ တကယ်ပါ၊ မေမေ့ကို ဦးက မမြင်ဖူးသေးလို့ပါ၊ တစ်ခါလောက် အိမ်လိုက်လည်ပါလား ဦးရဲ့၊ မေမေက သိပ်လှတာ၊ မီးနဲ့တခြားစီပဲ ဦးရဲ့၊ မေမေ့ကို ဦး အပြင်မှာ ဘယ်နေရာတွေ့တွေ့ မီး အရွယ် သမီးတစ်ယောက် ရှိလိမ့်မယ်လို့ ဘယ်လိုမှမထင်စေရဘူး"

မိုးဂေါင်က လှိုင်းကို တကယ်ပဲ သဘောကျကာ ရယ်နေမိပါတော့သည်။

"ဦးက Gentleman ပုံစံအပြည့်ပဲလေ၊ အမြဲပဲ ရုပ်ဖြူလက်ရှည်နဲ့ ပိုးတွဲနဲ့၊ မီးက အဲဒီပုံစံကို အရမ်းသဘောကျတာပဲ၊ ဟဲ့ ... ဒါ ငါ့ရဲ့ ဟိုသင်းပေါ့နော် အမေရဲ့ယောက်ျား Step-father လို့ မိတ်ဆက်ပေးဖို့အတွက် ဦးက ခန့်ညားပြီး ဂုဏ်ရှိတယ်"





"ဟား ဟား ... လှိုင်းရာ၊ တော်ပါတော့၊ ညည်းကတော် တော်ပေါက်ကရပြောတဲ့သူပဲ၊ ရုပ်လေးကြည့်တော့ သနားကမားနဲ့၊ လော်သလား မမေးနဲ့"

"ဦးက ခက်တာပဲ"

လှိုင်းက တကယ်ပဲ စိတ်ရှုပ်သလို ခေါင်းလေးကုတ်ဖွကာ ...

"တကယ်ပြောတာကိုပဲ လော်တယ် ထင်သေးတယ်၊ မေမေက တစ်ခုလပ် သမီးတစ်ယောက်အမေပေမယ့် သိပ်လည်းလှ အောင်လည်း အောင်မြင်တော့ အရေးပါတဲ့လူတွေရော အရေးမပါတဲ့ လူတွေရော အတည်ပေါက်တွေရော အချောင်နှိုက်တွေရော သိပ်ပြီးလာအရောဝင်ကြတာ"

"ဟဲ့"

"ဟုတ်တယ်လေ၊ တချို့ကလည်း ထိကပါး ရိကပါးနဲ့၊ အများနဲ့ဆက်ဆံရတဲ့ အလုပ်လည်း လုပ်နေတာ မဟုတ်လား၊ အလိုက်အထိုက်က ဆက်ဆံရသေးတယ်၊ မေမေများ မီး မျက်နှာကြောမတည့်တဲ့ဟာမျိုးနဲ့ ယူသွားရင်ဆိုတာ စိတ်ပူနေရတာ"

"ဟား ဟား ဟား၊ ညည်းအမေက ညည်းကိုပူဖို့ထားပါဦး လှိုင်းရယ်၊ သူကအမေ ညည်းကသမီးပါ"



www.burmeseclassic.com

www.burmeseclassic.com



"မီးက သမီးပေမယ့် မေမေ့လိုလည်း သိပ်မလှဘူး၊ ကိုယ့်ကို လာကြိုက်တယ် ချဉ်းကပ်တယ်ဆိုတဲ့ ယောကျ်ားလေးဆို လို့လည်း အပြေးအလွှားပြုံးပြလက်ချိုးရေမှ တစ်ယောက် ပဲရှိတယ်"

"ဟား ဟား၊ သနားတောင် သနားလာပြီ"

"ဒီတော့ ဘာမှစိတ်ပူနေစရာ အကြောင်းမရှိဘူး၊ မေမေ့ ခမျာ ပင်လည်းပင်ပန်းတော့ မီးက မှီခိုရာလေး ဘာလေး ရှိစေချင်ပါတယ်၊ ကပ်စားဖို့ လုပ်ကျွေးခိုင်းဖို့ မဟုတ်ပါ ဘူးလေ၊ ဦး နားလည်တယ်မို့လား၊ မေမွှေအတွက် လို အပ်ရင်မှီဖို့ ပခုံးတစ်ဖက်ပေါ့"

"ဟုတ်ကဲ့ခင်ဗျာ၊ ဟုတ်ကဲ့၊ နားလည်ပါတယ်"

"လိုရင်းပြောရရင် အဲဒါကြောင့် ဦးကို မေမေနဲ့ သိပ်မိတ် ဆက်ပေးချင်တာ"

"ဒုက္ခပါပဲ ဒီကောင်မလေးတော့၊ သူ့အမေကြားရင်တော့ နားရင်းနာနာနက်တော့မှာပဲ၊ မအေကိုများ သူက စီစဉ်နေရ ချထားချင်နေတာ"

"ဦးကလည်းပဲ လူလွတ်လေ"

"တော် ... တော် ... တော် ... ဒီမှာပဲ ရပ်လိုက်၊ ဆက် မပြောနဲ့၊ စောစောစီးစီး ရှင်းရှင်းလင်းလင်း ကြိုပြောထား





မယ်၊ ကျုပ်က နောက်အိမ်ထောင်ပြုခဲ့မယ်ဆိုရင် ကလေး တစ်ယောက် အဆစ်ပါလာမယ့် ရွယ်တူမတိမ်းမယိမ်းမိန်းမ ကို ယူမှာမဟုတ်ဘူး၊ ရှင်းပြီနော်၊ ငယ်ငယ်ရွယ်ရွယ်အပျို လေးယူမှာပေါ့"

"အွန်း"

လှိုင်းက နားလည်ရခက်တဲ့ အသံဆိုးကြီးထုတ်ရင်း မိုးဝေါင်ကို မကျေမချမ်းပုံစံနှင့် စွေစောင်းကြည့်ကာ ...

"ဦးတို့ ယောကျ်ားတွေက ဒီလိုပဲလား"

"ဒီလိုပဲပေါ့"

"ဦးကဖြင့် အသက်လေးဆယ်ဆို"

"မှန်တယ်လေ"

"သုံးဆယ့်ခုနစ်နှစ်လောက်ဆို မတော်သေးဘူးလား"

"No ... No"

"ဟွန်း"

"နှစ်ဆယ်ကျော် အစိတ်ပေါ့၊ သိပ်ငယ်ပြန်တော့လည်း သူ မရင့်ကျက်တာကို လိုက်ထိန်းကျောင်းနေရတာက အလုပ်တစ်ခုဖြစ်ဦးမယ်၊ အပျိုကြီးစာရင်းဝင်အောင် သိပ် ကြီးသွားပြန်တော့လည်း ကလေးတွေ ဘာတွေ မွေးဖွားဖို့ နုပျိုလန်းဆန်းမှု လျော့တယ်လေ"

www.burmeseclassic.com



"ဦးက မိန်းမတော့ မဖြစ်မနေ ထပ်ယူမှာပေါ့"

မိုးဂေါင်က ပြုံးရင်း ...

"ဟုတ်တယ်"

"အွန်း ... မုန်းဖို့ကောင်းလိုက်တာ"

"ဦးတို့အိမ်ထောင် ကွဲကွာခဲ့ရတဲ့ အကြောင်းရင်းကိုက တစ်ယောက်ကဆိုးလို့ မတည့်လို့ ကွဲကြတာ မဟုတ်ဘူးလို့ လှိုင်းကို ဦး ပြောပြထားဖူးသားပဲ၊ နောက်တော့လည်း ညည်းလောက် အမေးအမြန်းထူပြီး စပ်စုတဲ့သူအဖို့ မသိချင်အဆုံး A to Z သိခွင့်ရလာမှာပါ၊ ဘာကြောင့်မှမဟုတ်ဘူး၊ ကိုယ့်ဘဝအတွက် ကိုယ်ရည်မှန်းထား မျှော်လင့်ထားတဲ့ အတိုင်း ဆောင်ရွက်မှာ သက်သက်ပါ၊ ပွင့်ပွင့်လင်းလင်းပေါ့၊ အိမ်ထောင်ထပ်ပြုဖြစ်မယ်၊ သိပ်လည်းနောက်မကျအောင် ရည်ရွယ်ထားတယ်"

မိုးဂေါင်က ကိုယ့်ထက် အသက်ထက်ဝက်ငယ်တဲ့ကလေးမကို အရေးအရာထားပြီး ပြောပြနေမိခဲ့သည်။ ဒီစကားမျိုးက တွေ့ကရာလူကို လျှောက်ပြောနေဖို့လည်းမသင့်။ သိပ်ဂရုစိုက်စရာ မလိုတဲ့ကလေးသာသာမို့ မရှိန်ပဲ အလွယ်တကူပြောထွက်တာဖြစ်သည်။

✤ ✦ ✤





၇

ခက်ခက်က ရိုးရဲ့မျက်နှာလေးကို လှည့်ကြည့်နေမိရင်း ...

"နင် အခု ဘယ်သွားနေတာလဲ၊ ကိစ္စရှိလို့ဆိုတာဘာလဲ၊ ပြောဦးလေ"

"ခုပဲ သိရမှာပါ၊ နင့်ကို ငါ ပြစရာရှိတာ"

ပြောပြောဆိုဆိုနှင့် ရိုးက ကားကို ပုလဲကွန်ဒိုဝင်းထဲ ချိုးချလိုက်ပါသည်။ ကားကို တစ်ပတ်ပတ်ပြီး ဟိုးဘက်က အဆောက်အအုံကြိုကြားတို့မှာ သွားရပ်လိုက်ပြီး ကားတံခါးဖွင့်ဆင်းလိုက်၍ ခက်ခက်ပါ ဆင်းလိုက်ပါသည်။

"လာ"



www.burmeseclassic.com

www.burmeseclassic.com



ရိုး ရှေ့ကသွားရာနောက် လိုက်ခဲ့တော့ မိုး
အေးရှားလိုက်စုပါမားကက်ထဲ ဝင်သွားပါသည်။

"ဟဲ့ ... ဒီရှေ့မှာတင် ပါကင်နေရာရှိသားနဲ့ နင် ဘာဖြ
ဟိုဘက်တိုက်ရဲ့ချောင်ထဲမှာ သွားရပ်ထားရတာလဲ"

"ဒီရှေ့မှာ မရပ်ချင်လို့ပေါ့"

အဲဒီနောက်တော့ ရိုးဟာ စူပါမားကက်ထဲ
လျှောက်ဒီလျှောက် ဟိုကြည့်ဒီကြည့်နှင့် အရေးတကြီးဝယ်
မယ်မယ်ရရလည်း ဘာမှရှိတာ မဟုတ်နိုင်ဘဲ တိုလီမိုလီလေး
လျှောက်ကောက်ထည့်နေပါသည်။ ဈေးဝယ်တဲ့ထဲလည်း စိတ်
စားပုံမရဘဲ ဟိုငေးဒီငေး ဟိုကြည့်ဒီကြည့်နှင့် ရိုးပုံစံက စိတ်
လှုန့်မကပ်။

နာရီဝက်နီးပါး ကြာသွားလျှင်တော့ ...

"မိုခက်"

"အင်း"

"အပြင်ကိုကြည့်လိုက်"

ခက်ခက်က ဆိုင်ရဲ့မှန်ချပ်တချို့ကို ဖောက်မြင်
ရတဲ့ အပြင်ဘက်မြင်ကွင်းကို လှမ်းကြည့်လိုက်ပါသည်။

"မိုးဂေါင်ပါလား"

"အေး ... ဟုတ်တယ်"





ကားရှေ့ခန်းမှာ ထိုင်နေတဲ့ မိုးဂေါင်က ဖုန်းထုတ်
ပြီး ဆက်နေပါသည်။ ခက်ခက်က သက်ပြင်းတရှိုက်နှင့် ရိုးကို
ဖျတ်ခနဲ လှမ်းကြည့်ရင်း ...

"သူက ဘယ်ကိုလာတာလဲ"

"နင် ကြည့်နေလေ"

ရိုးနှင့် ခက်ခက်က မိုးဂေါင်ကို မြင်ရနိုင်တဲ့ နေရာ
နားမှာပဲ ဆက်ရှိနေပါသည်။ မိုးဂေါင်အဖို့တော့ လှမ်းကြည့်ရင်
ပင် ဆိုင်ထဲကို သဲသဲကွဲကွဲ မြင်ရဖို့ မလွယ်ပါ။ သုံးလေးမိနစ်မျှ
စောင့်ကြည့်လိုက်ရပြီးလျှင် တိုက်ရဲ့တစ်နေရာက ထွက်ပေါ်လာ
သော ကောင်မလေးတစ်ယောက်က မိုးဂေါင်ရဲ့ကားရှိရာဆီ ဦးတည်
လျှောက်သွားနေပါသည်။

ခပ်ဖျော့ဖျော့ ဂျင်းဘောင်းဘီရှည် အားအိတ်နှစ်ဖက်
ထဲ လက်နှစ်ဖက်ထိုးနှိုက်ရျက် စလွယ်သိုင်းထားတဲ့ သားအိတ်
လေးနှင့် နုနုစင်စင် ချစ်စဖွယ်ကောင်မလေးကို ခက်ခက်က
အံ့အားတသင့် ငေးကြည့်နေတုန်းပင် ကောင်မလေးက မိုးဂေါင်
ကားရဲ့ ရှေ့ခန်းတံခါးကို သူ့ဟာသူ ဆွဲဖွင့်တက်ထိုင်လိုက်ပြီး
လျှင် မိုးဂေါင်ကို လှည့်ပြုံးပြလိုက်သည်။

ထို့နောက်တော့ နှစ်ယောက်သား စကားတစ်ခွန်း
နှစ်ခွန်း ပြောနေကြသေးပြီးတဲ့အခါ မိုးဂေါင်က ကားကိုမောင်း



www.burmeseclassic.com

www.burmeseclassic.com



ရွေ့ထွက်ခွာသွားပါတော့သည်။ ခက်ခက်က ရိုးကို လှည့်ကြည့်လိုက်လျှင် ရိုးက သူဝယ်ထားတဲ့ တိုလီမိုလီလေးတွေကို ငွေရှင်းကောင်တာဆီ ငွေသွားရှင်းနေသည်။

ခက်ခက်တို့နှစ်ယောက် ဆိုင်ထဲက ပြန်ထွက်လာလျှင် ခက်ခက်က ခပ်ငိုင်ငိုင် တွေးနေရာမှ ...

"နင် မကြာ မကြာ တွေ့ဖူးပြီးသားပေါ့"

"အင်း ...၊ လွန်ခဲ့တဲ့ နှစ်လလောက်ကတည်းက တွေ့လိုက်တာ၊ သူ့ကားပေါ် ဘေးကပါသွားတာကိုလေ၊ နှစ်ခါ သုံးခါလောက်လည်း တွေ့မိရော ငါလည်း သိချင်တာနဲ့ သူတို့နောက်က နောက်ယောင်ခံပြီး လိုက်သွားကြည့်တာ"

ကားပေါ်နှစ်ယောက်သားထိုင်မိပြီး ရိုးက ကားကို မောင်းမထွက်သေးဘဲနေသည်။

"ဒီကောင်မလေး ဒီမှာနေတယ်လို့ သိလိုက်ရပြီး ငါ ဒီကို တစ်ပတ်သုံးလေးခေါက်လောက်တောင် ရောက်တယ်၊ ဘာရယ်လို့ မဟုတ်ပါဘူး၊ သူ ဒီလောက်ငယ်ငယ်ကလေးနဲ့ ချက်ချင်းရောက်တွဲနိုင်တာကိုပဲ အံ့သြမိတယ်ဟာ၊ ခံစားရတယ်၊ ခံစားရလို့ မမြင်အောင် နေလိုက်ပါလားဆိုတော့လည်း ခံစားရလေ ထပ်ခါထပ်ခါ ပိုမြင်ချင်လေ ဖြစ်နေတယ် ...





ခုတော့ သူတို့ရဲ့ အပတ်စဉ် ရှဂျူးလ်တောင် ငါသိနေပါပြီ၊ ဘယ်နေ့ ဘယ်အချိန် ဘယ်မှာခေါ် ဘယ်ကိုပို့၊ ဘယ်လိုနေ့တွေ ဘယ်မှာရှိတတ်ကြတယ်ပေါ့။ သူတို့အုပ်စုလိုက်နဲ့ကို ရင်းနှီးနေတာ၊ ရင်းနှီးတဲ့ထဲမှာ ကိုမြတ်ထူးလည်း ပါတယ်"

"ဩော် ... အဲဒီအုပ်စုကိုး၊ ကိုရဲကတော့ ပြောဖူးတယ်၊ မြတ်ထူးတို့ မိုးဝေါင်တို့ ကျောင်းသူသာသာ ကလေးသာသာ အုပ်စုလေးတွေနဲ့ လုံးလုံး လုံးလုံး လုပ်နေတယ်တဲ့၊ ငါကတော့ သူ့ကို လုံးဝဝင်မပါနဲ့လို့ မှာထားတာ၊ ကိုမြတ်ထူးကတော့ ငါမေးဖူးတော့ ရိုးရိုးပါလို့ ပြောဖူးတာ"

"ကိုမြတ်ထူးက ရိုးရိုး ဟုတ်ချင် ဟုတ်မှာပေါ့၊ သူကတော့ ဒီတစ်ယောက်နဲ့ နှစ်ဦးတည်း သီးသန့်ခွဲပြီးလည်းတွဲတယ်၊ ခုလို ကြိုပို့ပေးတဲ့ တာဝန်ယူမှုတွေလည်း မြင်ရတယ်၊ ငါ ဘာမှလုပ်ဖို့ ရည်ရွယ်ချက်လည်း မရှိပါဘူး၊ ငါ မြင်ရခံစားရတာ နင့်ကိုပါ ဝေမျှမိတာပါ၊ ခုမှ သူနဲ့ ငါနဲ့ကွဲတာ ခုနစ်လပဲ ရှိပါသေးတယ် ခက်ခက်ရယ်၊ ခုနစ်လဆိုတဲ့ အချိန်က သူ့နားမှာ ကောင်မလေးတစ်ယောက် ဆွဲကပ်ထားနိုင်ဖို့ လုံလောက်တယ်တဲ့လား"

ခက်ခက်က သက်ပြင်းချရင်း ...



www.burmeseclassic.com

"နင် ဘာလို့ လိုက်ကြည့်နေမှာလဲ ရိုး၊ ဘာမှ အကျိုးအ
ထူးနိုင်တာ၊ နင့်ကိုယ်နင်ပဲ ညှဉ်းပန်းနှိပ်စက်ရာကျတယ်"

"မသိဘူး၊ ဘာလို့ လိုက်ကြည့်မိမှန်း မသိဘူး"

"နင်ပြောတော့ နင်လည်း နာကြည်းတယ်ဆို"

"နာကြည်းတာက သတ်သတ်။ ဆယ့်ငါးနှစ်ပေါင်းလာတဲ့
ယောကျ်ားပဲ ခက်ခက်ရယ်၊ သူ ငါ့ကိုချစ်တာကိုလည်း
ငါသိနေတယ်၊ အိမ်ထောင်သက် ဆယ့်ငါးနှစ်အတွင်းလည်း
ငါ့အပေါ် ဘာစိတ်ဒုက္ခ လူဒုက္ခ ပေးခဲ့တာ မရှိဘူး၊ ခုမှပဲ
တစ်ကြိမ်ဆို ဆိုသလောက်၊ ဒီတော့ အတိတ်ကို သတိရ
လိုက်ရင် ကောင်းတာတွေပဲ ပေါ်ပေါ်လာတယ်၊ ပျော်ရွှင်
စိတ်ချမ်းသာခဲ့ရတာတွေပဲ လွမ်းစရာဖြစ်လာတယ်၊ နာ
စရာက ခွဲလိုက်ရတဲ့တစ်ကြိမ်မှာပဲ ရှိတာ"

"နင် ဘာဖြစ်ချင်လဲ"

"ဘာကိုလဲ ခက်ခက်"

"ဒီကောင်မလေးနဲ့ ပတ်သက်ပြီးတော့ပေါ့၊ သိချင်တာ
ဖြစ်ချင်တာ ပြောချင်တာ တစ်ခုခုရှိလား"

"ငါက ဘာဖြစ်ချင်လို့ ပြောချင်လို့ ရမှာလဲ ခက်ခက်ရယ်
ငါနဲ့ ကိုနဲ့က ဘာမှမဆိုင်တော့တာပဲဟာ၊ တရားဝင်ရှင်း
ရှင်းကင်းကင်း ခွဲခွာထားတာပဲ"





"ဒါပေမဲ့ တစ်ခုခုပေါ့လေ၊ အင်း ... ဘယ်လိုပြောမလဲ"

ခက်ခက်က ကားပြတင်းပြင်ပကို တစ်ချက်ငေးနေ
လိုက်ပြီးမှ ...

"ဒီကောင်မလေးကို ငါ သိတယ် ရိုး"

"ဟင်"

"သူ့အမေနဲ့ ငါ ခင်တယ်"

"ဟင် ... တကယ်လား"

"သူ့အမေက ဒီဇိုင်နာ ခဝ်မိုးထွန်းလေ၊ ကြားဖူးတယ်
မဟုတ်လား၊ သမီး ဒီအရွယ်ရှိပေမယ့် ငါတို့ထက် နှစ်နှစ်
သုံးနှစ် ငယ်ဦးမှာ၊ ငါ့ညီမသက်သက်နဲ့ ငယ်ငယ်ကတည်း
က သူငယ်ချင်း၊ ဆယ်တန်းအောင်ပြီး First Year တက်
နေတုန်းပဲ ယောကျ်ားနောက် လိုက်ပြေးသွားလို့ သမီးက
ဒီအရွယ် ဖြစ်နေတာ"

"နင်တို့နဲ့ ဆက်ခင်နေတုန်းလား၊ အဆက်အသွယ်ရှိလား"

"ရှိတာပေါ့၊ ငါကသာ သူ့ဆီ သိပ်မအပ်ဖြစ်ပေမယ့်
သက်သက်တို့ နွယ်နွယ်တို့ တစ်တွေက သူ့ဆီမှာပဲ အပ်
ကြ ချုပ်ကြတာ၊ ငါ့ယောက်မအငယ်ဆိုရင် နိုင်ငံခြားက
နေ တစ်ခါအပ်ရင် ဆယ်ထည် ဆယ့်ငါးထည် ပိတ်စတွေ
ပို့ပြီး လှမ်းချုပ်ခိုင်းတာ၊ သက်သက်တို့ပဲ သွားအပ်တာ၊

www.burmeseclassic.com



ပြန်ပို့ပေးပေါ့၊ အမြဲအဝင်အထွက်ရှိတယ်၊ ငါလည်း သုံးလလောက်နေရင်တော့ တစ်ခါလောက် ကြုံပြီးရောက်နေတာပဲ၊ နင့်ကိုတောင်မှ ပြောဖူးပါတယ်၊ သက်သက်တို့အပ်တဲ့ဆိုင်ကောင်းတယ်လို့၊ နင်က နင့်စက်ချုပ်သမားနဲ့နင် အဆင်ပြေနေတော့ စိတ်မဝင်စားတာလေ၊ ဒီကောင်မလေးနာမည်က လှိုင်း ဆိုလားပဲ၊ အဖေမရှိဘူး၊ သူ့အမေကြည့်ရတာလည်း သူကိုယ်တိုင် ငယ်ငယ်နဲ့ပဲ အိမ်ထောင်ကျထားတော့ သူ့သမီးသူလည်း သိပ်မဆုံးမတတ်ဘူးနဲ့ တူပါတယ် ...

သူ့သမီးလေး ကြည့်ရတာ လွတ်လွတ်လပ်လပ်ပဲ၊ အမေက အလုပ်ကလည်းရှုပ်တယ်လေ၊ ခုလို အသက်လေးဆယ်နဲ့ တွဲနေတာရော သိရဲ့လားမသိဘူး၊ သူတို့ပုံစံတွေက တလွတ်တလပ်နဲ့ အရမ်းကြီး စည်းကမ်းမတင်းကျပ်ဘူးဆိုပေမယ့် မျိုးရိုးကောင်းကောင်းပါ၊ စိတ်သဘောထားတွေလည်း ကောင်းကြတယ်၊ ပေါင်းလို့ သင်းလို့ကောင်းတဲ့ မိတ်ဆွေမျိုးထဲမှာ ပါတယ်၊ သက်သက်နဲ့ အချစ်ဆုံးသူငယ်ချင်းပဲ"

ရီးက ပါးစပ်လေးဟပြီး နားထောင်နေရှာသည်။ ခြော် ... သူ့အမေကတောင်မှ ကိုယ့်ထက်ငယ်သေးတဲ့ အရွယ်၊ မိုးဂေါင်ရယ် ... နင်ကလည်း ဖွံလှချည်ရဲ့ပါလား။ ဒါပေါ့လေ၊





ရင်သွေးရဖို့ ရူးသွပ်တဲ့ သူလိုလူက ရွယ်တူကိုယ်ရင့်တဒုကြီးတွေကိုတော့ ဘယ်စိတ်ကူးထဲ ထည့်ပါ့မလဲ။ ဒါပေမဲ့ သူထပ်ပြီး အိမ်ထောင်ပြုရင် အစိတ်နဲ့ သုံးဆယ်ကြားလောက် ဖြစ်လိမ့်မယ်လောက်သာ တွက်ထားမိတာ။ ဒီလောက်ငယ်ငယ်လို့တော့ ထင်မထားဘူးပေါ့။

"အဲဒါကြောင့် နင့်မှာ တစ်ခုခုများ ဖြစ်ချင်တဲ့ဆန္ဒ ရှိလားလို့"

ရီးက ခေါင်းလေးယမ်းရင်း မျက်ရည်လည်ကာ ...

"ဘာဆန္ဒမှ မရှိပါဘူး ခက်ခက်၊ ဘာဆန္ဒရှိလို့ ရမှာလဲ၊ ငါနဲ့ သူနဲ့က တရားဝင် ကွာရှင်းပြီးသား၊ ဘာဆန္ဒမှလဲ ရှိခွင့် မရှိဘူး၊ ငါ သူတို့ကို မြင်မြင်နေရတာကို ရင်ထဲမှာ တစ်မျိုးကြီးခံစားနေရတော့ တစ်ယောက်ယောက်ကို ရင်ဖွင့်ချင်တာနဲ့ နင့်ကို ခေါ်လာပြမိတာပါ ခက်ခက်ရာ ...

သူ ဘာလုပ်လုပ် ငါ စွက်ဖက်ပိုင်ခွင့်မှ မရှိတော့ပဲ"

ရီးက ကားကို စက်နှိုး၍ ချက်ချင်း မောင်းထွက်လာခဲ့သည်။

✤ ✦ ✤



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ..."

မိုးဂေါင်က နာရီကို တစ်ချက်ကြည့်ရင်း ...

"ပြော ... ဘာတွေပြဿနာရှိလဲ ပြော"

လှိုင်းက မိုးဂေါင်ကို မျက်စောင်းတစ်ချက်လှမ်းထိုးရင်း ...

"ဦးက ရောက်တာဖြင့်ခုမှ၊ နာရီကကြည့်နေပြီ၊ ဦး အချိန်မရရင် မီးကိုထားခဲ့ပြီး သွားပါတော့"

မိုးဂေါင်က ပြုံးလိုက်ရင်း ...

"နာရီကြည့်တာကတော့ ဒီလိုပဲ အကျင့်ပါလို့ပါ မကြာမကြာ လက်ကနာရီကိုကြည့်မိတဲ့အကျင့်ကိုပါနေတာပါ၊ ညည်း ဘာတွေ စိတ်နဲ့လူနဲ့အံမဝင်ဘူးလဲ၊ ခုတလော တစ်မျိုးကို ဖြစ်နေတာ မရွှင်မပျနဲ့ ဘာဖြစ်နေလဲ လှိုင်း"

မိုးဂေါင်သည် မမျှော်လင့်ဘဲ သူ့အနား တကပ်ကပ် တတွဲတွဲဖြစ်ခဲ့တာ ကြာပြီဖြစ်တဲ့ လှိုင်းအပေါ် သံယောဇဉ်ကြီး ကလေးတော့ ရစ်ပတ်မိသလိုရှိစပြုလေသည်။ နို့မို့လည်း သူ့ဘဝသူ့ ကမ္ဘာကြီးက ခြောက်သွေ့ငြီးငွေ့ဖို့ ကောင်းလွန်းလို့ သေရချည်ရဲ့။





ိုးကို အခါများစွာသတိရပေမယ့် ကိုယ်လုပ်ချင်သလို လုပ်ခဲ့ပြီး နောက်မှာ ထပ်မံ ဝေဒနာမပေးလိုတော့ပါ။

ကွာရှင်းတော့ထားပြီး စကားပြောချင်လည်း ဖုန်းဆက်လိုက်တာပဲဆိုတာမျိုး သူ အနှောင့်အယှက် မပြုလိုတော့။ ဒီတော့ သူ့အနားမှာ လှိုင်းတစ်ယောက်ရှိနေတာဟာ တီတီတာတာနှင့် တော်တော်တော့ အငြီးပြေပါသည်။ ရိုးသားဖြူစင်ပွင့်လင်းတဲ့ သူငယ်မလေးလို့လည်း ဆုံးဖြတ်ထားနိုင်၍ အထိုက်အလျောက် အမှတ်ပေးနေရာပေး ဆက်ဆံမိတတ်ပါသည်။

သူလေးအတွက် တကူးတက ကရိကထခံပေးတာမျိုး။ တောင်းဆိုတဲ့ဆီ လိုက်ပို့ပေးတာမျိုး။ ပူဆာတာကို ဝယ်ပေးတာမျိုး။ ကိုယ့်အတွက် အပန်းမကြီး မဖိစီးလှတဲ့ လိုက်လျောခြင်းမျိုးနှင့် အလိုလိုက်ထားဖြစ်ပါသည်။

"ဟုတ်တယ်၊ မီး စိတ်ညစ်နေတယ်"

"သုံးရက်ရှိပြီမို့လား"

"ဦး ဘယ်လိုလုပ်သိလဲ"

"ဒီလိုပဲသိတာပေါ့၊ ညည်း မျက်နှာရိပ်မျက်နှာကဲ မြင်ရင် သိနိုင်တာပဲ"

"ဦးက မီး မျက်နှာကို အမြဲအရိပ်တကြည့်ကြည့် နေတာမို့ လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲသလောက်မဟုတ်ပေမယ့် ညည်း ပျော်နေတယ် စိတ်ညစ်နေတယ်လောက်တော့ သိပါတယ်၊ ညည်းနဲ့ကလည်း နေ့တိုင်းလို တွေ့နေရတာပဲဟာ"

လှိုင်းက နှုတ်ခမ်းလေးကိုက်ပြီး ငြိမ်သက်စဉ်းစား နေမိသည်။ သုံးရက်ရှိပြီ။ ဟုတ်တယ် သုံးရက်ရှိပြီ။ သုံးရက် သုံးရက် သုံးရက်။ လှိုင်းရဲ့နားထဲမှာ လှိုင်းပုတ်သံကြီးတွေနှင့်အတူ သုံးရက်ဆိုတဲ့အသံကို ပွဲတင်ထပ်ပြီး ကြားနေရပါသည်။

"လွန်ခဲ့တဲ့လေးရက်က ညည်းနဲ့ နေ့လယ်ဘက်တွေ့ တယ်လေ၊ ညည်း မြူးထူးလန်းဆန်းနေသားပဲ။ အဲဒီ ညည်းတို့သူငယ်ချင်းအုပ်စု စတိတ်ရှိုးကြည့်ကြမယ်ဆို ဦးကိုတောင် ခေါ်နေသေးတာပဲ၊ စတိတ်ရှိုးကြည့်မှာမို့ စားပြင်ဆင်ရဦးမယ်ဆိုပြီး ရတနာတို့ရော အားလုံး နာရီမှာ ညည်းတို့ပြန်သွားကြတာလေ၊ အဲဒီအထိ ညည်း ဘာမှ စိတ်ညစ်စရာ မရှိသေးဘူးမို့လား လှိုင်း"

မှတ်မှတ်မိမိ ပြောနေတဲ့ မိုးဂေါင်ကို စိုက်ကြည့်ရင်း လှိုင်းရဲ့မျက်လုံးထဲ မျက်ရည်ပူတွေ စိမ့်အိုင်လာသည်။

"ဟိတ် ... လှိုင်း၊ ဟာ ... ဒီကောင်မလေး ဘာဖြစ်တာလဲ ဟာ"





စသိကတည်းက ခုထိ ခြောက်လကျော်အတွင်း ဒီကောင်မလေးမှာ ရှိလိမ့်မယ်တောင် မထင်ခဲ့ရတဲ့ မျက်ရည်တွေ မျက်လုံးထဲပြည့်လျှံလာတာမြင်ရ၍ အလန့်တကြား ဖြစ်သွားမိပါသည်။ စိတ်ပျော့အသည်းနုလှတဲ့သူ မဟုတ်ပေမယ့် သူ့ဘဝမှာ မိန်းမတွေရဲ့ မျက်ရည်ဆိုတာတွေကို ကြိမ်ဖန်များစွာ မြင်ဖူးလှတယ် မဟုတ်။ သိပ်အတွေ့အကြုံမရှိပါ။

ရည်းစားသက်တမ်း အိမ်ထောင်သက်တမ်းများစွာ အတွင်း ရီး ငိုကြွေးမျက်ရည်ကျတာကိုပင် လက်ချိုးရေဦး မြင်ဖူးကြိမ်ပေါင်း ငါးကြိမ် ခြောက်ကြိမ်ထက် ပိုမည်မထင်။ ရီးက ငိုခဲလှသည်။ ငိုခဲဆို သူတို့အိမ်ထောင်ရေးမှာ စိတ်ညစ်စရာပြဿနာ မှမရှိဘဲ။ ဒီငါးကြိမ် ခြောက်ကြိမ်ထဲမှာတောင် သူ အိမ်ပေါ်ကဆင်း လာတဲ့နေ့ကတစ်ကြိမ်၊ လက်မှတ်ထိုးကွာရှင်းမည့်နေ့ကတစ်ကြိမ် ဒီနှစ်ကြိမ်ပါဝင်သေးသည်။

"လှိုင်း ... ဟိတ် ... ချာတိတ်မ ညည်း ဘာဖြစ်လို့လဲ၊ ညည်းအမေဆူလို့လား၊ သူငယ်ချင်းတွေနဲ့ ရန်ဖြစ်လို့လား၊ ဟိုကောင်လေး နေလင်းနဲ့ မကြည်လို့လား"

ဒီလောက်ရင့်ကြာလာတဲ့ ခင်မင်ချိန်ကာလအတွင်းမှာ မိုးဂေါင်ဟာ နေလင်းနဲ့ လှိုင်းအကြောင်းလည်း လှိုင်းပြောသလောက်တော့ သိထားပြီးပါသည်။ နေလင်းက လှိုင်းအပေါ်

www.burmeseclassic.com



အလှုအလဲ အသည်းအသန်ကြွေတဲ့အကြောင်း။ နေလင်း အမောဂုဏ်မောက်ရင့်ကျော့လှတဲ့အတွက် လှိုင်းက နေလင်းကို လုံးဝစိတ်မကူးဘူး ဆိုတဲ့အကြောင်း။ နေလင်းက အမေကို မလွန်ဆန်ရဲတဲ့အကြောင်း၊ ဒီအချက်ကို အထင်မကြီးတဲ့အကြောင်း စသဖြင့်တွေ ...။

လှိုင်းက မပြောပေမယ့် ဒီကောင်မလေး သံယောဇဉ်လေးတော့ အနည်းအကျဉ်းရှိပုံရပါတယ်လို့ မိုးဂေါင်က သူ့ဟာသူ ယူဆထားမိပါသေးသည်။

"ဩော် ... မငိုနဲ့လေ၊ ဒီကောင်မလေး ခက်တော့တာပဲ"

မိုးဂေါင်က မည်သို့မည်ပုံချော့မော့ရမယ်မသိ မျက်ရည်ပဲ လှမ်းသုတ်ရမလား၊ လက်ကြီးတဝဲဝဲနှင့် လုပ်သင့်ရဲ့လားလည်း သေသေချာချာမဆုံးဖြတ်တတ်ဘဲ လှိုင်းဘက်လှည့်ထိုင်ကာ ခေါင်းကြီးရှေ့တိုး လက်ကြီးဖွေ့ယမ်းရင်း ချော့မော့စကားဆိုနေတုန်းပဲ ဝမ်းပန်းတနည်းရှိလှပုံပေါ်တဲ့ လှိုင်းကလည်း တအီးအီးငိုရင်း ရှိုက်ရင်း ခေါင်းကြီးငိုက်စိုက်တိုးပြီး အမှီတွယ်ရာရင်းကရည်ရွယ်မျှော်လင့်ခြင်းမရှိဘဲ လှိုင်းရဲ့ဦးခေါင်းဟာ မိုးဂေါင်ရဲ့ရင်ခွင်ကျယ်ကို တိုးကပ်ဖိမှီမိပါလေသည်။

"ဟိတ် ... ဟိတ် ... တိတ်တိတ် မငိုနဲ့၊ ဦး ဘာလုပ်ပေးရမလဲပြော၊ အကူအညီလိုတာပြော"





အကူအညီလိုတာပြောတဲ့။ လှိုင်းသည် နေလင်းကို နာကြည်းနေတာရော၊ ဖြစ်ပျက်ခဲ့တဲ့ပြဿနာကို ရင်နာနေတာရော အားလုံးရောပေါင်းကာ ဖြေမဆည်နိုင်အောင် ဖြစ်နေရင်းကပင် မိုးဂေါင်ကို ဘယ်လိုပြောရင်ကောင်းမလဲ ဆိုတာကိုလည်း ပူထူအောင် စဉ်းစားနေပါသေးသည်။

"ဦးကို ပြောပြပါလို့ဆို လှိုင်းရယ်၊ စွတ်ငိုနေတော့တာပဲ၊ ငိုတာကြီးကို မကြိုက်ပါဘူးကွာ၊ ဘာကိစ္စပဲဖြစ်ဖြစ် ဘာဝမ်းနည်းစရာရှိလဲ၊ ပြဿနာတိုင်းမှာ ဖြေရှင်းစရာနည်းလမ်းရှိတာချည်းပဲ လှိုင်းရဲ့"

"မရှိဘူး"

"ဩော် ... ရှိပါတယ်ဆို"

"ပြဿနာတိုင်းမှာ မရှိပါဘူး"

"ဩော် ... ပြောပဲပြောကြည့်စမ်းပါဦး၊ ညည်း မဖြေရှင်းတတ်လည်း ဦး ဖြေရှင်းပေးတတ်ပါတယ်၊ ဘာကိုပဲဖြစ်ဖြစ် ကူညီဖြေရှင်းပေးမယ်၊ ဘာဖြစ်သလဲသာပြော"

သူ့ရင်ခွင်ကို ကန့်ကလျလည်းမဟုတ်ဘဲ ခေါင်းကြီးစိုက်ပြီး ငယ်ထိပ်နှင့် ဦးတိုက်ကာ တအီးအီးငိုကြွေးနေတဲ့ လှိုင်းရဲ့ပခုံးကလေးကို အလိုအလျောက်ပင် မိုးဂေါင် ဆုပ်ကိုင်မိသွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါသည်။ နို့မို့ရင်လည်း ဟောဒီလက်ကြီးနှစ်ဖက် ဘယ်နားသွားထားရပါ့မလဲ။ အတင်းတိုးကပ်နေပုံကြောင့် သူ့လက်နှစ်ဖက်ကို ဖြောက်ထားဖို့မှအဆင်မပြေရင်တော့ ပခုံးလေးကိုသာ အလိုက်သင့်ကိုင်ထားရတော့မှာ။ တကူးတက တမင်တကာ အသားယူမှုမပါတာတော့ မိုးဂေါင် ကျိန်ဆိုနိုင်သည်။

သို့ပေမဲ့ ဒီပခုံးလေးကို ဆုပ်ကိုင်ထားရင်းက ရှန်မှုန့်သင်းသင်း ဆံစလေးတွေကလည်း ကိုယ့်နှာခေါင်းအောက်တည့်တည့်မှာ ရောက်နေတဲ့အခါ သင်းတပျံ့ပျံ့လေး ရင်ကို သာယာလှိုက်မောစေတဲ့ ဆံပင်စလေးတွေကို ပွတ်သပ်ပေးမိခြင်းဆီသို့ တစ်ဆင့်တိုးရသည်။ ကျောပြင်လေးကိုပါ ချော့မော့နှစ်သိမ့်ခြင်းနှင့် တဘုတ်ဘုတ် ပုတ်ပေးမိပြန်တဲ့အခါ သူ့ရင်မှာ တစ်မျိုးသောတုန်ယင်လှုပ်ခါမှုကို ဖြစ်ပေါ်စေပါတော့သည်။

"ကဲ ... ပြော ... ပြော ... ပြော"

"ဦး"

"အင်း"

"ဦး"

"အင်း ... ပြောပါဆို"

"မိုး ... မိုး အိမ်မပြန်ချင်ဘူး"





"ဟင် ..."

မိုးဂေါင်က အလန့်တကြား ဖြစ်သွားရကာ လှိုင်းမျက်နှာကို ဆွဲမော့လိုက်မိရင်း ...

"ဘာဖြစ်လို့လဲ လှိုင်းရဲ့"

"မေမေက လှိုင်းကို ယောကျ်ားပေးစားလိမ့်မယ်"

"ဟင် ... ဘာဖြစ်လို့ ပေးစားမှာလဲ"

"ဦး မသိပါဘူး၊ ပေးစားလိမ့်မယ်၊ အီး ဟီး ... မိုး မယူချင်ဘူး"

"နေပါဦး ရုတ်တရက် ဘာဖြစ်လို့ ဘယ်သူနဲ့ပေးစားမှာလဲ၊ လှိုင်းက ငယ်သေးတာပဲဟာ၊ ကိုယ့်ဟာနဲ့ကိုယ် ယောကျ်ားမရနိုင်တာလည်းမဟုတ်ဘဲနဲ့ ဘာဖြစ်လို့ မေမေက ပေးစားစရာအကြောင်းရှိလဲ၊ လှိုင်းကို နေလင်းလို သိပ်ချမ်းသာတဲ့ကောင်လေးမျိုးက အသည်းအသန်ကြိုက်နေတာလည်း ရှိသားပဲ၊ ဘာအတွက် ဘယ်သူနဲ့ ပေးစားမယ်လုပ်တာတဲ့လဲ"

"အဲဒါကြောင့်ပေါ့ အဲဒီ နေလင်းတို့ကြောင့်ပဲ၊ နေလင်းအမေက လှိုင်းနဲ့သဘောမတူနိုင်ပါဘူးလို့ မေမေ့ကိုလှမ်းပြောလို့ မေမေက ဒေါပွပြီး သူကလည်း နေလင်းနဲ့ မပေးစားပါဘူးဆိုပြီးတော့ တခြားတစ်ယောက်နဲ့ ကောက်ပေးစားတော့မယ်လုပ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... လှိုင်းအမေကလည်း နေလင်းနဲ့ သဘောမတူဘူး မပေးစားဘူးဆို ပြီးရောပေါ့၊ တခြားတစ်ယောက်နဲ့ ပေးစားရအောင် ပေးစားစရာလူကလည်း ကောက်ကာငင်ကာ ရက်ပိုင်းအတွင်းရှာလို့ရသလား"

"ဦးကလည်း သမီးရှင်အမေပဲဟာ၊ သူ့ဟာသူ ကြည့်ထားရှာထား နားခွင့်ထားတာတွေရှိတာပေါ့၊ အဒေါ်ကြီးကလည်း ကရှိတာ၊ အခု အဲဒီလူနဲ့ ပေးစားပစ်လိုက်တော့မယ်လုပ်တာ"

"ဘယ်သူလဲ"

"မေမေ့မိတ်ဆွေရဲ့ သားပဲပေါ့၊ ဦး မသိပါဘူး"

"ဘယ်တော့လဲ"

"အမြန်ဆုံးပဲ"

မိုးဂေါင်က နဖူးစပ်ကို လက်ချောင်းလေးများနှင့် ကုတ်ရင်း ...

"လှိုင်း မကြိုက်ဘူး၊ မယူချင်ဘူးလို့ ပြောပေါ့"

"မရဘူး ပြောပြီးပြီ"

"အဲဒါ ဦး ဘာကူညီရမလဲ၊ လှိုင်း မေမေကို လိုက်တောင်းပန်ပေးရမလား"





"တွေ့လား ဦးက အာလွှာပဲရှိတာ၊ ဘာမှလဲ ကူညီနိုင်တာ မဟုတ်ဘဲနဲ့၊ ဦးနဲ့ မေမေနဲ့က ခုထိတောင် တွေ့ဖူးမြင်ဖူးတာလည်းမဟုတ်ဘဲနဲ့ ဦးရဲ့ပြောစကားကို ဘာအတွက် မေမေက နားထောင်ပြီး လက်ခံလိုက်မှာတဲ့လဲ၊ ဦး တောင်းပန်လို့ ဘယ်ရပါ့မလဲ၊ ရှင်နဲ့ ဘာဆိုင်လဲလို့ မေမေက ပြောမှာပေါ့"

"ဒါဖြင့် ဦး ဘာလုပ်ပေးရမလဲ ... လှိုင်း၊ ကဲ ... !"

"ဦး တကယ်ကူညီချင်ရင် တစ်ခုပဲလုပ်ပေးလို့ရတယ်"

"ဘာလဲပြော၊ လုပ်ပေးမယ်"

ထိုအချိန်မှာ မိုးဂေါင်သည် သူ့ရင်ထဲ ဖိုလှိုက်လှုပ်ရှားနေတဲ့ တွန်းအားနှင့် လှိုင်း၊ အကူအညီတောင်းတာကို ဖြစ်အောင်ကူညီပေးလိုက်ချင်တဲ့စေတနာ ပြင်းထန်နေပါသည်။ ထိုအချိန်တွင် ဆန်းကြယ်တဲ့ (ဘာမှန်းမသိသော) အရာတစ်ခုကလည်း သူ့ကို ဖြားယောင်းလျက်ရှိလေသည်။

"မီး အိမ်မပြန်ချင်ဘူး ဦး"

"......"

မိုးဂေါင်က မျက်လွှာချထားတဲ့ လှိုင်းကို စေ့စိုက်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးအိမ်မှာ ခဏနေလို့ရမလား ဟင်"

"......"

"နောက်ပြီးရင်တော့ မီး တခြားနေရာရှာပါ့မယ်"

"လှိုင်း"

မိုးဂေါင်က သက်ပြင်းကြီးချလိုက်ရင်း ...

"ဦးအတွက် ဘာမှ အပန်းကြီးစရာ ထည့်တွက်စရာမလို ဘူးဆိုတာ ညည်းလည်း သိမှာပဲ၊ ညည်းအတွက် ညည်း စဉ်းစားရမှာလေ၊ ညည်းအတွက် မကောင်းတာ၊ ညည်း နစ်နာမှာ၊ ညည်း အထင်လွဲခံရမှာလေ"

"အဲဒါတွေအတွက် ကိစ္စမရှိဘူး၊ မီး ဂရုမစိုက်ဘူး"

ကားထဲမှာ အကြာကြီး တိတ်ဆိတ်နေပါသည်။ မိုးဂေါင်က ရှေ့ကို တည့်တည့်လှည့်၍ စတီယာရင်ပေါ် လက်နှစ်ဖက်ဆန့်တင်ကာ ရှေ့တူရူကို စိုက်ကြည့်ငြိမ်သက်နေသည်။ ရှေ့နားက ဘာကိုမှမမြင်။ သူ မြင်နေတာ ဟိုးအဝေးက မိုးကုပ်စက်ဝိုင်းစွန်းတစ်နေရာ။ အဲဒီမိုးကုပ်စက်ဝိုင်းအဆုံး၌ 'ရိုး'ရဲ့မျက်နှာကို သူ လှမ်းမြင်နေရသည်။ ရိုးရဲ့နံဘေးမှာ ... လှိုင်း။

တကယ်တော့ အိမ်ထောင်တစ်ခု ထူထောင်ဖို့ကိစ္စဟာ လွယ်ကူတာမဟုတ်ပါ။ ရိုးကို အလောတကြီး ကွာရှင်းခဲ့တာကိုက သူ့ အမြန်ဆုံး နောက်အိမ်ထောင်သစ်တစ်ခု ထူထောင်နိုင်





ဖို့ဖြစ်သည်။ သူ့ရဲ့အလုပ်ခွင်မှာ ပတ်ဝန်းကျင်မှာ မိန်းမတွေ ရှားပါးတာလည်းမဟုတ်။ ဒါပေမဲ့ များပြားလှတဲ့ ပတ်ဝန်းကျင်က ထိုမိန်းမတွေထဲမှာ သူ လက်ထပ်အိမ်ထောင်ပြုဖို့ မပြောနှင့် စိတ်တူသဘောတူ ရင်းနှီးခင်မင်ဖို့လူဆိုတာပင် တကယ်တော့ ရှားပါးလှပါသည်။

ခုဆိုရင် ခြောက်လကျော်လို့ ခုနစ်လထဲရောက်လာပြီ။ ဒီအတိုင်းကတော့ တစ်နှစ်ပြည့်သွားလည်းပဲ သူ လက်ထပ်ချင်မယ့်မိန်းမတစ်ယောက် သေသေချာချာ ရွေးချယ်နိုင်ဖို့ လွယ်ကူတာမဟုတ်။ သူ့အတွက် ဘာဖြစ်လို့ ဒီကိစ္စက ခက်ခဲနေခဲ့တာလဲ။ သူကိုယ်၌က လူသွက်တစ်ယောက် မဟုတ်တာလည်း ပါတာပေါ့။

မိုးဂေါင်က သက်ပြင်းတစ်ချက်နှင့် နံဘေးက လှိုင်းကို ဖြည်းဖြည်းကလေး ငဲ့ကြည့်လိုက်သည်။ ထို့နောက် ယောင်ချာချာနှင့် ကားစက်ကိုအသာနှိုးလိုက်ပါသည်။

✤ ✦ ✤



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော့်ဘက်မှာ လူကြီးမိဘလည်းမရှိပါဘူး၊ ကျွန်တော် ကိုယ်တိုင်ပဲ လူကြီးတစ်ယောက်ပဲဆိုတော့ တခြားခေါ်လာစရာဆွေမျိုးသားရင်းဆိုတာလည်း တကယ်ကို မရှိတဲ့တူတူ ဒီအတိုင်းပဲ လာလိုက်ပါတယ်၊ ရှင်းရှင်းပြောရရင် ခလေ့ထုံးတမ်းစဉ်လာတွေ ဘယ်လိုရှိတယ်ဆိုတာလဲ ကျွန်တော် နားမလည်ပါဘူး ‘ဒေါ်ခင်မိုးထွန်း’”

ဒေါ်ခင်မိုးထွန်းသည် သူ့ရှေ့ဆိုဖာရှည်တွင် သမီးဖြစ်သူ လှိုင်းနှင့် ယှဉ်တွဲထိုင်နေတဲ့ မိုးဂေါင်ဆိုတဲ့လူကို အံ့အားတသင့် မျက်လုံးအဝိုင်းသား၊ ပါးစပ်အဟောင်းသားနှင့် ကြည့်နေမိပါသည်။





လှိုင်းကို မျက်ရိပ်မျက်ခြည်နှင့် မေးချင်တာတွေရှိပေမယ့် လှိုင်းကလည်း ခေါင်းကြီးကိုငုံ့ချထား၍ ဘယ်လိုမှ အရိပ်အခြည်ပြ၍ မမေးမြန်းသာ။ ဦးမိုးဂေါင် ဆိုတာကိုတော့ သမီးပြောတဲ့စကားထဲမှာ ကြားဖူးပါသည်။

သမီး အပြောအရ ဖက်ရှင်ရှိုးပွဲမှာ မမျှော်လင့်ဘဲ သိကျွမ်းသွားပြီး ဆက်လက်ခင်မင်နေတဲ့ သူတို့ ညှဉ်းဆဲစရာ ဦးလေးကြီးနှစ်ယောက်တဲ့။

ဦးမိုးဂေါင် ဦးမြတ်ထူးတဲ့။ သမီးနှင့် ဦးမိုးဂေါင်က နည်းနည်းပိုရင်းနှီးတယ်ဆိုတာကိုလည်း သိပါသည်။ လှိုင်းဆီ ဖုန်းလာတာ ဖုန်းပြောနေတာ သုံးလေးခါကြားဖူးပါသည်။ တခေ့တစောင်းကြားရတဲ့ ပြောဆိုနေတဲ့စကားတွေကတော့ ရိုးရိုးသားသားတွေပင်။

“ဟဲ့ ... လှိုင်း၊ ဒီအရွယ်ကြီးတွေဆိုတာ သူတို့အိမ်ထောင်တွေနဲ့သူတို့ဖြစ်မှာပေါ့၊ ညည်းတို့တွေနဲ့ အရောဝင်တယ်ဆိုတော့ ဒီဟာကြီးတွေက လူကောင်းရောဟုတ်ရဲ့လား၊ အခွင့်အရေးသမားကြီးတွေလား၊ တော်ကြာ ကိုယ်က ဘာမှလဲမဟုတ်ဘဲနဲ့ အိမ်ထောင်သည်ကြီးတွေနဲ့ တွဲနေတယ်လို့ အထင်ခံနေဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘော်ဒါတွေပါ မေမေရာ၊ အိမ်ထောင်လည်းမရှိဘူး ဦးမြတ်ထူးက လူပျိုကြီး၊ ဦးမိုးဂေါင်က အိမ်ထောင်နဲ့ကွဲသွားပြီ၊ ကလေးလည်းမရှိဘူးဆိုတော့ လူပျိုကြီးလိုပဲပေါ့၊ မေမေ ဘာမှစိတ်မပူနေနဲ့၊ သမီးက အကွက်ချောင်းနေတာ ဦးမိုးဂေါင်ကို လစ်ရင်လစ်သလို မေမေနဲ့ အောင်သွယ်လုပ်မလို့"

"ဘာ ... ဟဲ့ လှိုင်း၊ နင် ကလေးကလားလုပ်မနေနဲ့၊ စကား နောက်တရားပါ၊ နောက်တစ်ခွန်းထပ်မပြောနဲ့၊ သူများကြားရင် အဟုတ်ထင်ဦးမယ်"

"မေမေကလည်း ဦးက အရမ်းစိတ်ကောင်းရှိပြီး တည်ကြည်တာပဲ၊ အဲဒါကြောင့် မီးက မေမေ နောက်အိမ်ထောင်များ ပြုမယ်ကြံရင် ..."

"မကြံဘူး၊ မအေကို အပေါစားဖြစ်အောင် လျှောက်ပြောမနေနဲ့ ခွေးမလေး၊ သူများအထင်သေးစရာဖြစ်မယ်၊ နင်တို့ ရိုးရိုးသားသား ခင်မင်တယ်ဆိုပြီးရော၊ ဘာဇာတ်လမ်းမှ မထွင်နဲ့"

သားအမိနှစ်ယောက် ဒီလိုတော့ ပြောဆိုဖူးခဲ့သည်။ မေမေနဲ့ အောင်သွယ်မလို့တဲ့လေ။ ခုတော့ ...။





"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်က လူကြီးပါ၊ ကျွန်တော်က ပိုတာဝန်ရှိပါတယ်၊ ပိုလည်း အပြစ်ရှိပါတယ်၊ အမှန်တော့ လှိုင်းရဲ့မိခင်ကို ယဉ်ယဉ်ကျေးကျေး ခွင့်တောင်းပြီးမှ ရှေ့တိုးသင့်တာပါ၊ အဖြစ်အပျက်က မမျှော်လင့်ဘဲ ခုလို အလောသုံးဆယ်ကြီး"

မိုးဂေါင်သည် ဒါမျိုးတွေလည်း သိပ်ပြောတတ်သူ မဟုတ်ရာ ဘာတွေ ပြောလို့ပြောရကောင်းမှန်းလဲ နားမလည်။ သင့်တင့်လျှောက်ပတ်မယ်ထင်တဲ့ စကားတွေ ရှာကြံပြောရင်း ချွေးပါပြန်လာသည်။

"ဒေါ်ခင်မိုးထွဋ် ... လှိုင်းရဲ့မိခင်အနေနဲ့ ခွင့်လွှတ်ပေးပါ"

ဒေါ်ခင်မိုးထွဋ်သည် ဘာပြောရမှန်း မသိအောင် အတော်စိတ်ရှုပ်နေပါသည်။ ဒီလူကို မျက်နှာမြင်ဖူးလိုက်တော့ ဒီလူဟာ ဘယ်နည်းနဲ့မှ ကလေကချေ လူပေါ်သွမ်းမဟုတ်ဘူးဆိုတာ သေချာဆုံးဖြတ်နိုင်ပါသည်။ သို့ပေမဲ့ ကြည့်ပါဦး။ ဒါကြီးကို သူက သမက်တော်ရတော့မှာပေါ့။

မိလှိုင်း။ မိလှိုင်း။ နားရင်းတော့အုပ်ပစ်ချင်သေးသည်။ မအေကို တိုင်ပင်ပါဦးလား။ မတိုင်မပင် သူလုပ်ချင်သလို လုပ်နေတာပဲ။ နှစ်ရက်တိတိ လှိုင်းပျောက်သွားတာကိုလည်း လှိုင်းသူငယ်ချင်းတွေအားလုံး သိသွားပြီးပြီ။ သိဆို ဒီကလေးတွေကို အကြောင်းကြား အကူအညီတောင်းရတော့တာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



နေလင်းနဲ့ လိုက်သွားပြီလားထင်မိတာ။ ဒါကြောင့် အောင်ကိုကိုတို့ စိုင်းသီဟတို့ကို နေလင်းထံလွှတ်ရသည်။ ဟိုမှာ သူ့အိမ်မှာသူ နေလင်းက ငုတ်တုတ်ကြီး ရှိနေပါတယ်ဆိုတော့မှ 'ဟိုက်'ခနဲ ရင်ဘတ်စည်တီးဖြစ်ကာ ဘယ်ကိုလိုက်ရတော့မယ် မသိတော့တာ။

"ငါ့သားကို ငါ့မျက်စိရှေ့အောက်မှာ တုတ်တုတ်မလှုပ်ဘဲ ထားထားတယ်လို့ပြောလိုက်၊ တစ်စက္ကန့်တောင် မျက်ခြည် မပြတ်ဘူး၊ ဘယ်သူ့မှလဲ နိုးမပြေးဘူး၊ အစီအစဉ်ကိုမရှိ ဘူးပြောလိုက်၊ ဆယ်ရက်အတွင်း ဩစတေးလျကို ထွက် ပြီဆိုတာပါပြောလိုက်၊ ဓာတ်လမ်းတွေထွင်ပြီး Trickတွေ သုံးဖို့လည်းကြိုးစားမနေနဲ့လို့၊ တိုင်ချင်ရာတိုင် လုပ်ချင်တာ လုပ် ငါ ရအောင်ဖြေရှင်းမယ်လို့ ပြောလိုက်"

နေလင်းအမေရဲ့ မောက်မာရင့်သီးရိုင်းပျသော စကား တို့ကိုသာ ကလေးတွေ သယ်ဆောင်လာနိုင်သည်။ ဒီမှာတော့ မအေလုပ်သူက ပြဿနာကို ဘယ်လိုရှေ့ဆက်မလဲ၊ ဖြေရှင်းမလဲ ထုပ္ပတုန်းရှိသေးသည်။ လှိုင်းက တစ်ခါ ထပ်ပျောက်သွားကာ စုံစမ်းစရာ လမ်းစပျောက်နေတော့ ရေထဲပဲခုန်ချပြီလား ရဲပဲတိုင် ရမလား ကယောင်ချောက်ချား ဖြစ်နေခဲ့တာ။





တော်သေးတာပေါ့။ တစ်နေ့ကတရက်။ မနေ့ကတစ် ာ် ပြန်မလာတဲ့အတွက် ဒီနေ့မှာတော့ ရဲစခန်းကို ဘယ်နည်းနှင့် စ်ဖြစ် လူပျောက်တိုင်ကြားတော့မည်လို့ ဆုံးဖြတ်ထားတာ။ စ်ညလုံးပင် အိပ်မပျော်နိုင်ဘဲ ငိုကြွေးခဲ့ရတာ။ ဒေါသထက် ာ်ပူပန်မှုက အများကြီး ပိုနေတဲ့အချိန်။

ဒီမနက်စောစောမှာ ကြိုတင်ဖုန်းဆက် အကြောင်း ာ:မှုတောင်မှမရှိဘဲ လှိုင်းနှင့် ဦးမိုးဇော်ဝင်တို့ အိမ်တံခါးဘဲလ် း:ကာ ရောက်လာခဲ့ကြတာဖြစ်သည်။

"ဒေါ်ခင်မိုးထွန်းရဲ့ဆန္ဒကိုပြောပါဦး"

"ဪ ... အင်း"

ဒေါ်ခင်မိုးထွန်းက လည်ချောင်းတစ်ချက်ရှင်းရင်း ...

"ဟို ... ကျွန်မအနေနဲ့က သိလည်းမသိ ထင်လည်းမထင် မျှော်လည်းမမျှော်လင့်တာတွေ ခုမှ သိရ ကြားရ မြင်ရနဲ့ Shockဖြစ်နေပါတယ်၊ ဒီနေ့မှာပဲ ကျွန်မ ရဲတိုင်တော့မလို့ တောင် စီစဉ်ထားတာ၊ ရက်တရက် ဒါတွေ နားထောင်ရတဲ့ အချိန်မှာ ပြန်ပြောစရာစကားမရှိဘဲ ဖြစ်နေပါတယ်"

"ကျွန်တော် လှိုင်းကို ဒီနေ့ပဲ လက်မှတ်ထိုးလက်ထပ်ဖို့ စီစဉ်ထားပါတယ်၊ ညှိခံပွဲတို့ဘာတို့ကိုလည်း ဒေါ်ခင်မိုးထွန်း တို့ ဆန္ဒရှိသလို အားလုံးလုပ်ပေးဖို့ ရည်ရွယ်ထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ ကျွန်မအနေနဲ့ ဦးမိုးဂေါင်ကို ခုမှပဲ မြင်ဖူးပြီး သမီးရဲ့ အင်း ...သမီးရဲ့ ... ဟို ... သတို့သားလောင်းဆို ပြီး ခုတစ်ထိုင်တည်းသိရတာအပေါ် ဘယ်လိုမှ နားလည်မရ သေးလို့ ကျေးဇူးပြုပြီးတော့ တစ်ခုလောက် ... တစ်ခုလောက် တောင်းဆိုပါရစေ"

"တောင်းဆိုတယ်ရယ်မဟုတ်ပါဘူးဗျာ၊ ပြောပါ ဆန္ဒရှိတာ ကို ပြောပါ"

"ကျွန်မ လှိုင်းနဲ့ သားအမိနှစ်ယောက်တည်း အခန်းတံခါး ပိတ်ပြီး လွတ်လွတ်လပ်လပ် ခဏစကားပြောချင်ပါတယ်။ သူ့ကို သေသေချာချာ ကျွန်မ မေးကြည့်ရပါဦးမယ်"

မိုးဂေါင်က လှိုင်းဘက်ကို လှည့်ကြည့်လိုက်ရင်း ဒေါ်ခင်မိုးထွင့်ကို ခေါင်းညိတ်ပြလိုက်ပါသည်။ သူ့အမေနဲ့ သူ့ သမီး ပွင့်ပွင့်လင်းလင်း မေးမြန်းပြောဆိုချင်တာတွေ ရှိမှာပေါ့။ ခုမှ မြင်ဖူးတဲ့ အစိမ်းသက်သက် မိုးဂေါင်ရဲ့ရှေ့မှာ မေးမထွေး နိုင်တာတွေလည်း ရှိနိုင်တာပဲပေါ့။

ဒေါ်ခင်မိုးထွင့် မျက်နှာက တကယ်ပဲ လုံးဝနား မလည်လိုက်မမီနိုင်တဲ့ အရိပ်အရောင်တွေနှင့် ဇဝေဇဝါကို ရှုပ်ထွေး နေတာ။

"လှိုင်း ... အမေကို ပြောပြလိုက်လေ လှိုင်း ... သွား"





ဒေါ်ခင်မိုးထွင့်သည် အခန်းထဲရောက်သည်နှင့်တစ် ...င်နက် အခန်းတံခါးကို လော့ခ်ချလိုက်ကာ လှိုင်းကို ပခုံးမှ ...န်း၍ ခုတင်ပေါ်ပစ်ထိုင်ချမိအောင် ဆောင့်တွန်းလိုက်ပါသည်။

"ကဲ ... ပြောစမ်း၊ နင် ဒါဘာလုပ်တာလဲ၊ ဘာလုပ်တာလဲ လှိုင်းရဲ့၊ ငါ သေချင်တယ်၊ နင် ငါ့ကို တစ်ရှက်ကနှစ်ရှက် သုံးရှက် ဘယ်အထိ အရှက်ခွဲဒုက္ခပေးနေမှာလဲ"

"မေမေ ဦးနဲ့ မီးနဲ့ အတည် ... အတည်လက်ထပ်မှာပါ"

"အဲဒါက ဘယ်လို ဖြစ်သွားတာလဲ၊ ငါ့ကို ဘာဖြစ်လို့ မတိုင်ပင်လဲ"

"မေမေ့ကို ပြန်တိုင်ပင်ချိန်လည်း မရတော့ဘူး၊ အဲဒီနေ့က ဦးနဲ့တွေ့ရင်း မီးခေါင်းထဲပေါ်လာတဲ့ အစီအစဉ်အတိုင်း လုပ်လိုက်တော့တယ်၊ ဒါ ... ဒါပေမဲ့ မီးလုပ်ရပ်က ပေါက် လွတ်ပဲစားဖြစ်မသွားပါဘူး၊ မေမေ စိတ်ချပါ၊ တင့်တင့် တယ်တယ်လေးပဲ ဖြစ်သွားမှာပါ"

"ညည်းပြောတော့ ဒီလူနဲ့က ဆော်ဒါကြီးတွေပဲဆို၊ ဘယ်လို လုပ်ပြီး သူကတော ရုတ်တရက် လက်ထပ်ယူမယ်ဖြစ်သွား တာလဲ"

"မီးစိတ်ထဲမှာ ရုတ်တရက် တစ်ထိုင်တည်းပဲ နေလင်းမဟုတ် တဲ့ ကိုယ့်အတွက်လည်းအားကိုးအားထားယောက်ျားကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ့်သူတစ်ယောက်နဲ့ အမြန်ဆုံးလက်ထပ်လိုက်မယ် ဆိုတဲ့ ဆုံးဖြတ်ချက်ပေါ်လာတော့ အဲလိုလူစားမျိုးအဖြ အနီးဆုံးမှာ အသင့်တော်ဆုံး အဆင်သင့်ရှိနေတဲ့သူဟာ ဦးပဲဖြစ်နေတာ လျှပ်တစ်ပြက်သွားမြင်မိတာပါ၊ အသ သိပ်ကွာတာ တစ်ခုကလွဲရင် အသင့်တော်ဆုံးဟာ ဦးပဲဖြ မှာမို့ မီး ဆုံးဖြတ်မိတယ်၊ အဲဒါကြောင့် မေမေက မီးကို ယောကျ်ားပေးစားတော့မှာမို့ အိမ်မှာ မနေချင်တော့ဘူး ဦးကို ...”

ဒေါ်ခင်မိုးထွင့်သည် မျက်ရည်တွေစိမ့်အိုင်ကာ ယုက မရငေးကြည့်နေမိသည်။ အလုပ်များလွန်းတဲ့အတွက် ဒီသမီးကို မျက်ခြည်ပြတ်ခဲ့တာလည်းအမှန်။ သမီးလေးခမျာ ကံမကောင်းရှာ ပါလား။ သမီး နေလင်းကို သံယောဇဉ်ရှိတာ ဒေါ်ခင်မိုးထွင့် သ သည်။

အဲဒီ နေလင်းဆိုတဲ့ကောင်ကလေးကလည်း မိဘချ သာတာကလွဲရင် အဖြစ်ရှိပုံမပေါ်၊ အမေကို လွန်ဆန်နိုင်ပုံမပေ တော့ မခက်ဘူးလား။ လွန်ခဲ့တဲ့ငါးရက်ခြောက်ရက် သူတို့သူငယ် ချင်းတစ်စု စတိတ်ရှိုးကြည့်ကြတယ်ဆိုတဲ့ညကတော့ အဲဒီနေလင် ဟာ ယောကျ်ားတစ်ယောက်ရဲ့အစွယ်ကို မမျှော်လင့်ဘဲထုတ်ပြ ပြီး ထိုအစွယ်ဖြင့် သမီးကို ကိုက်ခဲအဆိပ်သင့်စေခဲ့သည်။





သမီးဖြစ်သူ လှိုင်းက သူ့ကို အမြဲမထေမဲ့မြင်ပြုလို့၊ နှိမ်လို့၊ အရွဲ့တိုက်လို့၊ အနိုင်ကျင့်လို့တဲ့။ စတိတ်ရှိုးအပြန် အိမ် ပြန်ပို့မယ်ဆိုပြီး သူတို့ပိုင်တဲ့တိုက်ခန်းလွတ်တစ်ခုကို လှည့်ဖြား ခေါ်ဆောင်ခဲ့ပါသည်။ သူ့အဒေါ်အိမ် ကိစ္စရှိလို့ ခဏဝင်မယ်ဆို ပြီးခေါ်သွားခဲ့တာက အခန်းလွတ်။

အလွန့်အလွန် နောက်ကျတဲ့ထိ ပြန်မလာကြတော့ ဒေါ်ခင်မိုးထွင့်ရော နေလင်းရဲ့အမေပါ ဟိုဆက်ဒီဆက် ဟိုမေး ဒီမေး ပူထူဗျာများကုန်ကြကာ ဆွေ့ဆွေ့ခုန်ခဲ့ကြရသည်။ နေလင်း အမေက ဒေါ်ခင်မိုးထွင့်ထံကိုပါ ဖုန်းဆက်သည်။ ပိုက်ဆံချမ်းသာ သလောက် အတော်မောက်မာရိုင်းပျတဲ့ ထိုမိန်းမဟာ သူ့သားရော လှိုင်းပါ ပြန်မရောက်တာသိလျှင် လှိုင်းကိုရော ဒေါ်ခင်မိုးထွင့်ကိုပါ ဖိနှိမ်ပြောဆိုကြိမ်းမောင်းသည်မှာ နှစ်ပြားမတန်သလောက်တည်း။

သမီးအပူကတစ်ဖက်။ မခံချင်ဒေါသကတစ်ဖက်။ ဆတ်ဆတ်တုန်ကာ ဒေါ်ခင်မိုးထွင့် မျက်ရည်ပေါက်ပေါက်ကျရ သည်။ နောက်ဆုံးတော့ နေလင်း အမေဟာ နေလင်း ရှိနေနိုင်တဲ့ သူတို့ပိုင် မထင်မရှားတိုက်ခန်းကို သတိရသွားဟန်တူပါသည်။ ထိုတိုက်ခန်းသော့ကလည်း ပျောက်နေတာမို့ နေလင်း ယူသွားကာ အဲဒီကိုပြေးကြမှာပဲဆိုတဲ့အသိနှင့် ဒေါ်ခင်မိုးထွင့်ကိုပါ ခုချက်ချင်း လိုက်ခဲ့ဖို့ လိပ်စာပေးသည်။

www.burmeseclassic.com



ညကြီးမင်းကြီး ကတုန်ကယင် ဖြစ်နေချိန်မှာ ယ ပန်းလည်း မကျွမ်းကျင်တဲ့ ဒေါ်ခင်မိုးထွင့် ကားမောင်းနိ မလွယ်ပါ။ ထို့ကြောင့် သူငယ်ချင်းသက်သက်တို့အိမ်ကို ဖုန်းဆ ပြီး သက်သက်တို့ဒရိုင်ဘာကြီးကို ခဏလွှတ်ပေးဖို့ အကူအ တောင်းရသည်။

သက်သက်တို့အိမ်က ဆရာစံလမ်းပေါ်က ပြ ထောင်စုလမ်းသွယ်ထဲတင်။ ပုလဲကွန်ဒိုနှင့် အနီးလေး။ ဒရိုင်ဘာ ကြီး ပြေးလာလို့ရသည်။ ထိုဒရိုင်ဘာကြီးနှင့်ပင် နေလင်း အမေ တဲ့တိုက်ခန်းရှိရာ ဒေါ်ခင်မိုးထွင့် လိုက်ရပါသည်။ တိုက်ရဲ့အော မှာ အမေနှစ်ယောက်ကားနှစ်စီး ခေါင်းချင်းဆိုင်ပြီး ကမန်းကတ တိုက်ပေါ်တက်ခဲ့ကြရတာ။

တိုက်ခန်းကိုရောက်တော့ နေလင်းက အိမ်ပြန်ဖို့ရ အဒေါ်အိမ်ခဏဝင်မယ်ဆိုပြီး ညာခေါ်လာတာသိရ။ သမီးလည် နေလင်းလည်းငို။ နေလင်းအမေဟာ နေလင်းကို ပါးတွေနား ရိုက်။ အို ... ဝုန်းဒိုင်းကြဲ ပွက်လောရိုက်ပြီး ဇရဲပွက်နေသလို ဖြစ်ခဲ့တာ။

"ညည်းတို့ မိန်းကလေးတွေကိုကလည်း ညရေးညတာ ယောကျ်ားလေးတစ်ယောက်နဲ့ နှစ်ယောက်တည်း အ





လွှယ်ပြီး လိုက်စရာလား။ ခု ဘယ်လိုလုပ်ကြမှာလဲ၊ ငါက နေလင်းကို နှစ်ပတ်အတွင်း လွှတ်တော့မှာ၊ မနက်ဖြန်တောင် လေယာဉ်လက်မှတ်ဝယ်ပြီး၊ ဒီအစီအစဉ်တွေကိုတော့ အပျက် မခံနိုင်ဘူး"

"ရှင် အမေချင်းစာနာပြီး အမေတစ်ယောက်စကားပြောပါ၊ ဒါ ရှင့်သားက တမင်အကောက်ကြံ ယုတ်မာတာလေ၊ သူငယ်ချင်းအရင်းလိုပေါင်းလာတဲ့အတွက် ကျွန်မသမီးက ယုံမိတာကောအပြစ်လား၊ ယုံတယ်ဆိုကတည်းက ရှင်တို့ မိသားစုအဆင့်ကို အဆင့်အတန်းရှိတယ်မှတ်လို့ပေါ့၊ ခုလို ရှအောက်တန်းစားလို ကျင့်ကြံမယ်လို့ ဘယ်သူက ထင်မှာ လဲ"

အမေနှစ်ယောက်ရဲ့ရန်ပွဲဟာ တိုက်ခန်းထဲမှာ ကြွက် ကြွက်ညံနေခဲ့ပါသည်။ နေလင်းကတော့ သူ့အမေကို ငိုရင်းရှိက် ရင်း သူ့အမှားဖြစ်ကြောင်း တောင်းပန်ပါသည်။ သူတာဝန်ယူ သင့်ကြောင်း သူ့အမေကိုပြောပါသည်။ အချီအချ အခြေအတင် နှင့် ထိုတိုက်ခန်းမှာတင် မနက်သုံးနာရီကျော်ခဲ့သည်။

"ကောင်းပြီလေ၊ ကိုယ့်သားကလွန်နေတော့ တာဝန်တော့ ယူပေးရမှာပေါ့၊ မသွားခင် စာချုပ်မှာလက်မှတ်ထိုးလက်

www.burmeseclassic.com

www.burmeseclassic.com



ထပ်ပေးခဲ့မယ်၊ ဒါ တတ်နိုင်သမျှအကုန်ပဲ၊ ပြီးရင် နေလင်း
က စီစဉ်ပြီးသားအတိုင်း ဩစတေးလျကိုသွားရမှာပဲ၊ နေ
တက်မယ့်ကျောင်းက သုံးနှစ်ကြာမယ်၊ ဒီကြားထဲ လုံး
ပြန်လာနိုင်မှာ မဟုတ်ဘူး ...

နောက်သုံးနှစ်ဆိုတဲ့အချိန်ကာလကိုလည်း ဘာအာ
မခံချက်ပေးလို့မှ မရဘူး လှိုင်းအိတ္တွင်၊ နေလင်းလည်း
ပြောင်းလဲနိုင်တယ်၊ ညည်းလည်း ပြောင်းလဲနိုင်တယ်
ညည်း စဉ်းစားဆုံးဖြတ်ပေါ့"

"စဉ်းစားစရာမလိုပါဘူး အန်တီ၊ ဒီကောင်ကို သမီးက
လည်းမယူနိုင်ပါဘူး၊ လက်မှတ်မထိုးဘူး"

"သမီး"

"လှိုင်း"

"အခုတောင် သူ့စိတ်သူမနိုင် သတိတရားမရှိ အဆင့်အတန်း
မရှိ ကိုယ့်အပေါ် ဒီလိုပြုမူတဲ့ကောင်ကို နောင်သုံးနှစ်
နိုင်ငံခြားမှာ ကိုယ့်မျက်စိကွယ်ရာ ရောက်နေတုန်း အလိမ္မာ
တုံးလုပ်ပြီး သစ္စာရှိစောင့်ထိန်းနေပါမယ်လို့ ဘယ်သူ့ကယုံ
မှာလဲ၊ လုံးဝ အယုံအကြည်မရှိဘူး"

"လှိုင်း နှင့် ... နှင့်ကို ငါ တကယ်ချစ် ..."





"တိတ်စမ်း နေလင်း၊ ဟိုက နင့်ကို နှစ်ပြားမတန် ပြော
နေတာ၊ နင်က ငိုနေစရာလား နင် အရှက်မရှိဘူးလား"

နေလင်းအမေက မခံချိမခံသာနှင့် နေလင်းဆံပင်ကို
ဆောင့်ဆောင့်ဆွဲလိုက်ပါသေးသည်။

"ညည်းတကယ်ပြောတာလား လှိုင်းအိတ္တွင်၊ လက်မှတ်ထိုး
ထားပေးပါမယ်ဆိုတာကို မူနေသေးတာလား"

"လက်မှတ်ထိုးထားပေးမယ်ဆိုတဲ့စကားလုံးကိုက မဖြစ်နိုင်
လွန်းအားကြီးလို့ အောင့်သက်သက်အင်တင်တင်နဲ့ စေတနာ
မေတ္တာမပါဘဲ လုပ်ပေးရမှန်း သိသာပါတယ် အန်တီ၊
ကိုယ်လွတ်ရုန်းမရလို့သာ အဖြစ်သဘောစတီလုပ်သွားပေး
မယ့် ဒီကိစ္စဟာ သမီးအတွက် ဘယ်လောက်မှ ထိထိရောက်
ရောက် အကာအကွယ်လုံခြုံမှုလည်းပေးနိုင်မှာမဟုတ်ပါဘူး၊
စိတ်ထဲကမပါရင် လက်မှတ်ထိုးထားပေးမယ့် လှည့်မကြည့်
တော့ဘဲ နေနိုင်ပါတယ်၊ အဲဒီကျ သမီးကော ဘာလုပ်နိုင်
မှာလဲ၊ ဘာတတ်နိုင်မှာမို့လဲ၊ စာချုပ်ကိုင်ပြီး တရားစွဲတာ
မျိုးလောက်ပဲ လုပ်နိုင်မယ့် စာချုပ်မျိုးတော့ သမီး အယုံ
အကြည်မရှိပါဘူး ...

ပြီးတော့ သမီးကို ခုလို လှည့်ဖြားပြီး အနိုင်ကျင့်တဲ့
သူ့လိုကောင်ကို ... လူဆန်တဲ့ယောကျ်ားလို့လည်း မသတ်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ဘူး၊ နင့်ကို ငါ ရွံတယ် မုန်းတယ် နေလင်း၊ သတ္တိမရှိတဲ့ကောင်၊ အဆင့်မရှိတဲ့ကောင်၊ နင်လိုကောင်မျိုးနဲ့ လက်မှတ်ထိုးမိရင် တစ်သက်လုံး ပေါင်းနေရမှာက ပိန္နာတယ်ဟဲ့"

နာကြည်းမှုတွေ လျှမ်းလျှမ်းထနေတဲ့ လှိုင်းသည် မျက်ရည်ပူတွေ တပေါက်ပေါက်စီးဆင်းရင်း ပေါက်ကွဲနေခဲ့သည်။

"လှိုင်း"

"ဒီမှာ နေလင်း၊ ဒီကိစ္စ ဒီမှာ အားလုံးပြီးပြီ၊ ဒါကို မဖြစ်ပျက်ခဲ့ဘူးလို့ပဲ ငါမှတ်တယ်၊ နင်ရယ် ငါရယ်၊ နင့်အမေရယ်ကလွဲပြီး နောက်ထပ်တစ်ယောက်ထပ်သိတဲ့နေ့ သတင်းပေါက်ကြားတဲ့နေ့မှာ နင် ဘယ်ရောက်နေပါစေ နင့်ကို ငါ လိုက်အသတ်ပဲ၊ နင့်ပါးစပ်ကို ပိတ်ထား"

"ဒီမှာလှိုင်းအိထွန်း လက်မှတ်ထိုးပေးမယ်လို့ပြောတယ်နော်၊ ပြန်စဉ်းစားဦးမလား၊ ပေးမပေါင်းနိုင်တာကလွဲရင် တာဝန်ယူတဲ့အနေနဲ့ လက်မှတ်ထိုးပေးမယ်လို့ ငါ ပြောတယ်နော်"

"နေပါစေ မလိုပါဘူး အန်တီ"

သားအမိနှစ်ယောက် လက်တွဲကာ ပြန်ခဲ့ကြပြီးနောက် တစ်ရက်တွင် ခင်မိုးထွန်းသည် အိပ်ရာထဲကနေတောင် မထွက်နိုင်





အောင် စိတ်ထောင်းကိုယ်ကြေ ပုံလဲနေခဲ့သည်။ လှိုင်းကတော့ နေ့လယ်မှာရေချိုး ထမင်းစားသောက်ပြီး ကျူရှင်သွားဖို့ပြင်ဆင်လေသည်။

"ဘာဖြစ်လို့သွားနေမှာလဲ သမီး၊ အိမ်မှာနေနေစမ်းပါဦး"

"ညကလည်း မေမေ မိစိမ့်တို့ဆီ ဖုန်းဆက်မေး ဘာမေးနဲ့ ဒီနေ့ မီး သင်တန်းပျက်ရင် သူတို့က ပြဿနာကြီးကြီးတစ်ခုခုဖြစ်တယ်ထင်မှာပေါ့ မေမေ၊ ဘာမှ မဖြစ်ဘူးလို့ပဲ မီး စိတ်ထဲမှတ်ထားသလို အရင်လိုပဲ ပေါ့ပေါ့ပါးပါးနေပါရစေ"

"ဒီကိစ္စက ညည်းထင်သလောက် မလွယ်ကူ မပေါ့ပါးဘူး သမီး၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် သမီးကို မေမေ တစ်ယောက်ယောက်နဲ့ ရှာဖွေ အိမ်ထောင်ချပေးမှ ဖြစ်လိမ့်မယ်ထင်တယ်"

"မလုပ်ပါနဲ့ မေမေရယ်၊ ဘယ်သူဆိုတာ ခုမှ ရှာကြံစဉ်းစားရှာဖွေရမှာ မဟုတ်လား၊ အစိမ်းသက်သက် လူကြီးတစ်ယောက်နဲ့ ဖုတ်ပူမီးတိုက် ကောက်ပြီးလက်မထပ်ပါစေနဲ့၊ မီး တစ်သက်လုံး စိတ်ဆင်းရဲရလိမ့်မယ်"

နောက်ကွယ်ကအဖြစ်အပျက်တို့သည် ဒေါ်ခင်မိုးထွန်း ခေါင်းထဲ အစီအရီ ပွကာထွက်ကာဝင်လာပါသည်။ ဒီရက်တွေအတွင်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါင်းထဲမှာလည်း လှိုင်းကို နေရာချပေးထားဖို့ သင့်လျော်မည့် တစ်စုံတစ်ယောက်ကို အငွေ့ထွက်မတတ် စဉ်းစားနေတာပင်။ ခုတော့ လှိုင်းက သူ့သဘောဆန္ဒနှင့် သူ့တရားသူ စီရင်လာခဲ့ပြီ။

"သမီး"

"မေမေ"

"ဦးမိုးဂေါင်က သမီးကို ချစ်သတဲ့လား"

"မီးတို့ ခင်ကြတာပါ၊ ဦးကလည်း သမီးကို သံယောဇဉ် ရှိပါတယ်"

"ဒါလောက်နဲ့ပဲ လက်ထပ်ဖို့အထိ ဘယ်လိုဖြစ်သွားတာလဲ လှိုင်း"

"မေမေ စိတ်မပူပါနဲ့၊ ဦးက လူကြီးလူကောင်းပါ၊ အဆင့်အတန်းလည်းရှိပါတယ်၊ ဦးက သူ့အိမ်ထောင်နဲ့ကွဲသွားပြီးတဲ့နောက်မှာ နောက်အိမ်ထောင်မဖြစ်မနေပြုဖို့ ရည်မှန်းထားတဲ့သူပါ၊ မီးကို တည်တည်တံ့တံ့ ရိုးမြေကျပေါင်းမှာပါ"

"နောက်အိမ်ထောင်ပြုမှာတော့ဟုတ်ပါရဲ့ ညည်းကို အရင်ကတည်းက Propose လုပ်ထားတာတော့ မဟုတ်ဘူးမို့လား"





"ဦးနဲ့သမီးက လိုအပ်ချက်တွေရှိကြတဲ့လူချင်း အမှတ်မထင် တိုက်ဆိုင်သွားခဲ့တာမျိုးပါ၊ မေမေ စိတ်မပူပါနဲ့၊ ဦးကို လက်ထပ်မလားလို့ ဦးက စပြီးခွင့်တောင်းခဲ့လို့ သမီး ခေါင်းညိတ်လိုက်တာပါ"

ဒေါ်ခင်မိုးထွေးသည် ဖြစ်လာတဲ့ အခြေအနေအပေါ် ဘယ်လိုဝေဖန်ပိုင်းခြားဆုံးဖြတ်ရမလဲမသိနိုင်တော့ဘဲ ယှက်ကျူးမရ မျက်ရည်သာ တွေတွေကျနေခဲ့သည်။ အသက်နှစ်ဆယ်ကျော်စမှာ သမီးလေး အိမ်ထောင်ကျရတော့မယ်ပေါ့။ ကိုယ့်တုန်းကတော့ သူ့အဖေခိုးပြေးတော့ ဆယ့်ခုနစ်နှစ်ပဲ ရှိခဲ့ပါသေးသည်။

ကိုယ့်တုန်းကတော့ သူချစ် ကိုယ်ချစ် ဖြစ်ခဲ့သည်။ သို့ပေမဲ့ လူရွေးမှားခဲ့ပါသည်။ လှိုင်းအဖေ သူဌေးသားဟာ မူးယစ်ဆေးဝါးနဲ့ထိ နစ်နေခဲ့တဲ့ လူပေါ်ကြော့မို့ နောက်ဆုံးတော့ ကိုယ့်ရဲ့ရှေ့ရေး သမီးလေးရှေ့ရေးတို့ကိုကြည့်ပြီး ကွာရှင်းခဲ့ရတာ။ သမီးလေးရဲ့ အိမ်ထောင်ရေးကိုတော့ သူလိုငါလို သမားရိုးကျ စိတ်ချမ်းမြေ့ရသော အိမ်ထောင်ရေးမျိုးလေး ဖြစ်စေချင်ခဲ့တာ။

သို့ပေမဲ့ ဖူးစာကံအကြောင်းတရားကို စေစားချင်သလို စေစားလို့မရပါလား။ သမီးလေးဟာ ကိုယ့်လောက်ဆိုးတဲ့ ခါးသီးတဲ့ အဖြစ်အပျက်ကြီးတစ်ခုကို ကြုံတွေ့ခဲ့ရပြီ။ ကဲ... အခု



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်အိမ်ထောင်ကျတော့မည်ဆိုတော့ ကိုယ့်ထက် အသက် နှစ်ဆကြီးတဲ့ တစ်ခုလပ်။ သမက်က ယောက္ခမထက် အသက်ကြီး နေတဲ့အဖြစ်။ ဘယ်လိုပင်ဖြစ်စေ ကျုန်တာအဘက်ဘက်ကပြည့်စုံ တဲ့ လူကြီးလူကောင်း ဖြစ်နေတာကိုပဲ ကျေနပ်ရပါတော့မည်။

"ဒါဖြင့် သူနဲ့ ညှိခံပွဲကိစ္စ တိုင်ပင်ရတော့မှာပေါ့"

"ဟုတ်ကဲ့"

ထို့နောက်တော့ သားအမိနှစ်ယောက်သား မျက်ရည် ကိုယ်စီသုတ်ကာ အိမ်ရှေ့ခန်းကို ပြန်ထွက်လာခဲ့ကြပါသည်။ သူတို့ကို စိတ်စောစွာ အကဲခတ်စောင့်ကြည့်နေတဲ့ သမက်လောင်း ရှေ့ ဒေါ်ခင်မိုးထွင့်, ဝင်ထိုင်လိုက်ရင်း ...

"ဦးမိုးဂေါင်နဲ့ သမီးက အပြန်အလှန် သံယောဇဉ်ရှိကြတယ် လို့ လှိုင်းက ပြောပါတယ်"

"ကျွန်တော် တစ်သက်လုံး လှိုင်းကို ကြင်ကြင်နာနာ ရိုးမြေကျပေါင်းသွားမှာပါ ဒေါ်ခင်မိုးထွင့်၊ ရုတ်တရက် ဆုံးဖြတ်ဖြစ်သွားခဲ့တယ်ဆိုပေမယ့် ဒီဆုံးဖြတ်ချက်နဲ့ အချိန် တိုတောင်းမှုအပေါ် ဘာမှ သံသယမထားပါနဲ့၊ ကျွန်တော် လူကြီးလူကောင်းပါ၊ ကလေကချေမဟုတ်ပါဘူး၊ လှိုင်းကို မြတ်မြတ်နိုးနိုးပေါင်းပါ့မယ်"





"ဟုတ်ကဲ့ပါ၊ ဦးမိုးဂေါင်ကို ကျွန်မ စိတ်ချပါတယ်လေ"

"ဒေါ်ခင်မိုးထွင့် လက်ခံသဘောတူတယ်ဆိုရင်တော့ ကျွန် တော် ဒီနေ့ပဲ လှိုင်းကို လက်မှတ်ထိုးလက်ထပ်ဖို့ အစီ အစဉ်လုပ်လိုက်တော့မယ်၊ မိတ်ဆွေတရားသူကြီးကိုလည်း ဖုန်းတော့ လှမ်းဆက်ထားပြီးပြီ"

"သဘောတူပါတယ်၊ စီစဉ်လိုက်ပါတော့ ဦးမိုးဂေါင်၊ သိပ်အချိန်မခြားဘဲ မင်္ဂလာညှိခံပွဲကျင်းပဖို့လည်း ကျွန်မ တို့ ရက်ရွေးကြရအောင်"

"ဒေါ်ခင်မိုးထွင့်နဲ့ လှိုင်းရဲ့သဘောဆန္ဒအတိုင်း အားလုံး လုပ်ပေးဖို့ကတိပေးပါတယ်၊ တိုင်ပင်လိုက်ပြီး လုပ်ချင်တဲ့ အစီအစဉ်ကိုပြောပါ"

အမှန်တကယ်တော့ ဒီလိုအချိန်မျိုးမှာ ယောက္ခမကို သားသမီးစုံတွဲက လက်အုပ်ချီ ကန်တော့သင့်တဲ့ အခြေအနေမျိုး ပင်။ သို့ပေမဲ့ နှစ်ဦးနှစ်ဖက် မသိချင်ယောင်ဆောင်နေလိုက်ကြရပါ သည်။

✤ ✦ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၉

"ဦးရေ ... မိလှိုင်း မူးလဲသွားလို့ပါ"

ဖုန်းထဲက ပူပန်တကြီးအသံကြောင့် မိုးဂေါင် ထိုင်ရာက ဝုန်းခနဲပင် ထရပ်လိုက်မိပါသည်။ တရှိုက်မက်မက်ပိုးပန်းလိုက်ယူပြီးမှ ချစ်ခွင့်ရခဲ့တာမျိုး မဟုတ်ခဲ့သော်လည်း ကိုယ့်ထက် အနှစ်နှစ်ဆယ်ငယ်တဲ့ ဇနီးကလေးကို မိုးဂေါင် မြတ်နိုးပါသည်။ လက်ထပ်ယူအပြီးနောက်မှာ ပိုပြီးတော့ သံယောဇဉ်တိုးပြီး တွယ်တာမြတ်နိုးလာရတာမျိုးပါ။

"ရတနာလား ဘာဖြစ်တာလဲ"

"မသိဘူး ဦး၊ စာသင်ခန်းထဲကအထွက် လှေကားမှာမူးပြီး လဲတာပါ"

"ခု ဘယ်မှာလဲ"





"သမီးတို့က မြေနီကုန်းက သင်တန်းမှာဆိုတော့ အခုကားငှားပြီး အာရှတော်ဝင်ကို သွားနေပါတယ်"

"ဟုတ်ပြီ၊ ဦး လိုက်လာပြီ၊ ဘယ်သူတွေပါလဲ"

"မိစိမ့်ရော ဖူးပွင့်ရော ပါပါတယ်"

"အေး အေး ... ဂရုစိုက်ထားလိုက်ပါ၊ ဦး ခုပဲ လိုက်လာပြီ"

"ဟုတ်ကဲ့"

မိုးဂေါင်သည် ရုံးခန်းထဲက မြန်မြန်ပြေးထွက်ကာ ကားပါကင်ကကားဆီ ပြေးသည်။ ခုပဲ ကားတစ်စီးနှင့် ဒရိုင်ဘာလွှတ်ပေးရမလား၊ ဒီနေ့ ဘယ်သွားဖို့ လာဖို့ရှိလဲ စသဖြင့် လှိုင်းထံ ဖုန်းဆက်တော့မလို့။ လှိုင်း သွားချင်တာသွား လိုချင်တာဝယ်၊ မိုးဂေါင်က လှိုင်းကို ကလေးတစ်ယောက်လို အလိုလိုက်ထားပါသည်။

ဦး' 'ဦး'နှင့် တီတီတာတာနွဲ့ဆိုးတတ်တဲ့ ဇနီးငယ်ငယ်ကလေးဟာ မိုးဂေါင်ရဲ့ဘဝကြီးကိုလည်း စိုပြည်စေကာ မိုးဂေါင်ရဲ့ မျှော်လင့်ချက်တို့အတွက် ရောင်ခြည်တန်းကလေးလည်း ဖြစ်သည်လေ။ သူကလေးက ပိပိပြင်ပြင်မှ လူလားမမြောက်ချင်သေးတဲ့ ဖူးသစ်စပန်းကလေး၊ ကိုယ်ကတော့ တစ်ခုလပ်ဆိုတဲ့ အတွေးနှင့် လှိုင်းကို သူက အမြဲဦးစားပေး အလေးထားခဲ့တာပင်။



www.burmeseclassic.com

www.burmeseclassic.com



အာရုတော်ဝင်ကို ဘယ်လိုကဘယ်လို ရောက်လာတယ်တောင် မမှတ်မိတော့။ မီးပွိုင့်တွေများ ဖြတ်လာမိသေးလား ဝင် ပြန်တွေးယူရသည်။ ဆေးရုံရှေ့ရောက်လျှင် နေ့လယ်ခင်းနို ကားက ရှင်းပါသည်။ ပါကင်မှာ ကားထားပြီး ဆေးရုံပေါ်တို ကမူးရှူးထိုးပြေးတက်လာလျက် Reception ရှေ့ အမောတကော ရပ်ကာ ...

"ဟိုဒင်းခင်ဗျာ ခုန မူးလဲပြီးရောက်လာတယ်ဆိုတဲ့လူနာ"

"နာမည် ဘယ်သူပါလဲ"

"လှိုင်းအိထွန်းပါ၊ ချာတိတ်မလေးတစ်ခုနဲ့လာတာလေ"

"မူးပြီး လဲလာတာဆိုတော့ အရေးပေါ်ခန်းမှာဖြစ်ပါလိမ့်မယ်၊ ဟိုဘက်မှာပါ၊ သွားမေးကြည့်ပါနော်"

"ဟုတ်ကဲ့"

မိုးဂေါင်က အရေးပေါ်ခန်းဘက်ပြေးသည်။ ဘယ်သူ့မှမေးစမ်းမနေတော့ဘဲ အခန်းတံခါးကြီးကို တွန်းဖွင့်ဝင်သွားလိုက်ပါသည်။

"ဦး"

"ဖူးပွင့် ... လှိုင်း ဘယ်မှာလဲ"

"ဟိုခုတင်မှာဦး၊ အချိုရည်သောက်ချင်တယ်ဆိုလို့ သမီးသွားဝယ်ပေးမလို့"





"အေး ... သွား၊ ကျေးဇူးပဲ"

မိုးဂေါင်က အရေးပေါ်ခန်းထဲက တန်းစီနေတဲ့ ခုတင်တွေထဲကတစ်လုံးမှာ လှဲလျောင်းနေတဲ့ လှိုင်းဆီ အပြေးရောက်လာပါသည်။

လှိုင်းက မျက်လုံးလေးပွင့်နေပြီ။ မိုးဂေါင်ကို ယဲ့ယဲ့လေး လှမ်းပြုံးပြပါသည်။ မိုးဂေါင်က ဆရာဝန်မ စမ်းသပ်နေ၍ နောက်နားမှာပဲ ရပ်နေလိုက်သည်။ မိုးဂေါင်တို့အရွယ်လောက် ဆရာဝန်မက လှိုင်းကို နှလုံးခုန်တွေ ပရက်ရှာတွေ လက်ကောက်ဝတ်တွေပါ ထပ်ကာထပ်ကာ ဂရုတစိုက် စမ်းသပ်ကြည့်နေရင်း ...

"အသက်နှစ်ဆယ် ဟုတ်လား"

"ဟုတ်"

"ကျောင်းသူလား"

"ဟုတ်"

"Menstruation တွေ ဘာတွေမှန်ရဲ့လား"

"သမီးက အစကတည်းက သိပ်မမှန်ဘူး"

"ဘယ်လိုမမှန်တာလဲ"

"နည်းရင်နည်း၊ များရင်များ၊ တစ်ခါတလေလည်း လကျော်သွားတာမျိုးပါ"

"အဲဒီကိစ္စ ဆရာဝန်ပြဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"ဒီလိုမမှန်ဘူးဖြစ်နေရင် ဆရာဝန်ပြရမှာပေါ့ သမီးရဲ့ ဘာဖြစ်လို့မပြတာလဲ"

"တချို့တွေလည်း အဲလိုပဲပြောသံကြားလို့ အရေးမကြီးဘူး လားလို့ပါ"

"အရေးကြီးတာပေါ့၊ တစ်ခါတစ်ရံမှာ ထိန်နေတယ်ဆိုတာ မျိုးဖြစ်ခဲ့ရင် ရိုးရိုးလား ရောဂါကြောင့်လား တခြားအကြောင်း တစ်ခုခုကြောင့်လားဆိုတာ အဖြေမရှာနိုင်ပဲနေမှာပေါ့"

"ပြဆိုရင် ပြပါ့မယ်"

"သမီး ဗိုက်တစ်ချက် စမ်းကြည့်ရအောင်"

"ဟုတ်ကဲ့"

ဆရာဝန်မ အင်္ကျီပေါ်မှပင် ဝမ်းဗိုက်ကို လက်နှင့် ရော နားကြပ်နှင့်ပါ အနည်းငယ်စမ်းသပ်ကြည့်ပြီးလျှင် နားရွက်မှ နားကြပ်ကိုဖြုတ်၍ လည်ပင်းတွင် ချိတ်လိုက်ကာ ...

"ခုကော မူးသေးလား"

"ဟုတ် ... နည်းနည်းမူးသေးတယ်"

"ပရက်ရှာတော့ သိပ်မဆိုးပါဘူး၊ နည်းနည်းကျနေပေမယ့် ကိစ္စမရှိပါဘူး၊ ဒီရက်ပိုင်း မကြာခဏမူးလား"

"ဟုတ်"





ဆရာဝန်က မျက်လုံးဖြဲကြည့်ဘာကြည့်နှင့် ဟိုလုပ် ဒီလုပ်နေရာမှ ...

"ရည်းစားတွေ ဘာတွေရှိလား သမီး"

"ရှင်"

လှိုင်းက အူကြောင်ကြောင်လေးဖြစ်နေ၍ မိုးဝေါင် က ဘေးအနည်းငယ် ရွှေ့ရပ်လိုက်ကာ ...

"ဘာဖြစ်လို့လဲ ဒေါက်တာ၊ ကျွန်တော် သူ့ယောကျ်ားပါ"

ဆရာဝန်မက ပါးစပ်အဟောင်းသားနှင့် မိုးဝေါင်ကို လှည့်ကြည့်လိုက်ပြီး လှိုင်းကိုတစ်ခါပြန်ကြည့်လျက် ပြုံးကာ ...

"ဪ ... သမီးက အိမ်ထောင်သည်လား"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့ ကျွန်တော့်ဇနီးပါ၊ ဘာဖြစ်တာပါလဲ ဒေါက်တာ"

"ဘာမှမဖြစ်ပါဘူးရှင်၊ ရှင့်ဇနီးလေး ကိုယ်ဝန်ရှိတာပါ"

"ဗျာ"

မိုးဝေါင်သည် လူတစ်ကိုယ်လုံးမှာရှိသော မွေးညင်း တွေ ဆံပင်တွေ အားလုံးထောင်ထသွားသလို ရှိန်းခနဲ လန့်ဖျပ် အံ့သြသွားပြီးနောက် လူတစ်ကိုယ်လုံးပါ အောက်ခြေလွတ်ပြီး လေထဲမြောက်တက် ပေါ့ပျံသွားသလို ခံစားလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ရဲ့မစ္စစ် ကိုယ်ဝန်ဆောင်ရလို့မူးတာပါ၊ ဘယ်နှပတ်ရှိပြီလဲ သေချာအောင်ကတော့ အိုဂျီနဲ့ဆက်ပြပေါ့"

"ကိုယ် ... ကိုယ်ဝန်"

"ဟုတ်ကဲ့"

"ဘယ် ... ဘယ် ... ဘယ်နှလလောက်"

"သေချာစမ်းမိနေပြီဆိုတော့ နှစ်လလောက်တောင်ရှိနိုင်ပါတယ်၊ အိမ်ထောင်ကျတာ မကြာသေးဘူးလား"

"ဟုတ်ကဲ့ နှစ်လလောက်ပဲ ရှိသေးတာပါ"

"ဟုတ်လား၊ ဝမ်းသာစရာပေါ့၊ ကဲ ... မထနဲ့ဦး ခဏဆက်နေပါဦး၊ လက်မောင်းအကြောကနေ ဆေးတစ်လုံးလောက်ထိုးရအောင်၊ လာ ... အမျိုးသားလိုက်ခဲ့ပါ၊ ကျွန်မရေးပေးတဲ့ဆေး ဆေးကောင်တာမှာသွားဝယ်လိုက်ပါ၊ ထိုးဆေးနော်"

"ဟုတ်ကဲ့ ဒေါက်တာ၊ ဟုတ်ကဲ့"

မိုးဂေါင်သည် ကယောင်ကတန်းလှည့်အထွက် ခုတင်ရဲ့သံတိုင်နှင့် ခြေထောက် ဒုံခနဲဆောင့်ကာ ခြေချောင်းစွန်းလေးနာသွားရပြီးမှ လှိုင်းဘက် သတိတရလှည့်ကြည့်ကာ လှိုင်းရဲ့မျက်နှာအနား သူ့မျက်နှာကို တိုးကပ်ငုံ့မိုးရင်း ...





"လှိုင်း ဘာမှမကြောက်နဲ့၊ လှိုင်း ကိုယ်ဝန်ရှိတာတဲ့ ... သိလား"

"ဟုတ်"

လှိုင်း မျက်ဝန်းအိမ်ထဲ မျက်ရည်ရောင် စိမ့်လဲ့လာသည်။

"ဟိတ် ... ဘာငိုစရာရှိလဲ၊ ဦး ဆေးသွားဝယ်လိုက်ဦးမယ်နော် လှိုင်း၊ ခဏနေရင် သက်သာရင်း သက်သာရင်း ပျောက်သွားမှာပေါ့၊ ဝမ်းမနည်းနဲ့နော်"

ထို့နောက် မိုးဂေါင်က ဆရာဝန်တွေ နာ့စ်တွေ ဘေးခုတင်က လူနာတွေ လူနာရှင်တွေ လှိုင်းသူငယ်ချင်းတွေရှေ့မှာပင် လှိုင်းရဲ့နဖူးပြင် ဖြူဖြူဖွေးဖွေးကလေးကို အမြတ်တနိုးငုံ့၍ နမ်းရှိုက်လိုက်ပါသည်။ ရင်ထဲမှာ စိမ့်အိနှစ်နေတဲ့ကြည်နူးပီတိအဟုန်ကြောင့် သူ့လက်တွေပင် အေးစက်နေသည်။

စိတ်ကို ထိန်းမထားရင် သူတောင်မှ ခဏနေမူးလဲသွားတော့မလား ထင်ရပါသည်။ နှုတ်ခမ်းကြီးကို ဆွဲပြီး တင်းလို့စေ့လို့မရ။ ရင်ထဲကဝမ်းသာကြည်နူးခြင်းအဟုန်က မျက်နှာကိုပါ အရောင်ဟပ်နေ၍ သူ့မျက်နှာကြီးက ဝင်းပနေရပါသည်။

ဆရာဝန် ရေးပေးတဲ့စာရွက်နှင့်အတူ နာ့စ်တစ်ယောက် နောက်ကလိုက်၍ ထိုးဆေးပုလင်း လိုက်ဝယ်ရသည်။

www.burmeseclassic.com



ဆေးဆိုင်ကောင်တာဆီ လျှောက်လာနေတဲ့ မိုးဂေါင်သည် ကောင်တာမှာရပ်နေတဲ့ နောက်ကျောပြင်ကလေးတစ်ခုကို မြင်လျှင် ရုတ်တရက် ခြေလှမ်းတုံ့မှားသွားရပါသည်။

ရိုး ...။

ရိုးက သူ့နံဘေး ဝင်ရပ်လိုက်တဲ့ သူနာပြုလေးကို လှမ်းကြည့်ရင်းက နောက်ဘက်နားကိုပါ တစ်ဆက်တည်း မျက်ဆံဝဲကာ ရောက်လာရင်း ...

"ဟာ ...

မိုးဂေါင်ကိုမြင်လျှင် အံ့ဩသွားပါသည်။ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ဆယ်စက္ကန့်လောက် ငေးငိုင်စိုက်ကြည့်နေမိပြီးမှ မိုးဂေါင်က ရိုးကို စတင်၍ပြုံးပြနှုတ်ဆက်လိုက်ပါသည်။

ရိုးက ခေါင်းတစ်ချက် ပြန်ဆတ်ရင်း ...

"နေကောင်းလား"

"ကိုယ် နေကောင်းပါတယ်၊ ရိုးရော"

"ကောင်းပါတယ်"

"ဆေးလာဝယ်တာလား ရိုး"

"အင်း၊ ဖေဖေတို့သောက်တဲ့အားဆေး ဆဲနိထရမ် ကုန်နေတာလည်းဝယ်ရင်း မေမေ့သွေးတိုးဆေးရော၊ ပြီးတော့ ရိုး





သောက်တဲ့ ကယ်လ်စီယမ်တို့ ပရိုတက်ပလပ်စ်တို့ အစုံပါပဲ အိမ်သုံးဆေးတွေ လာဝယ်တာပါ၊ ကိုမိုးဂေါင်ရော ဆေးဝယ်သက်သက်လား"

"ဟုတ် ... ဟုတ်တယ်၊ ဟိုဟာလေ ထိုးဆေး"

မိုးဂေါင်က သူနာပြုလေးကို လက်ညှိုးညွှန်ပြကာ ထစ်တုံ့တုံ့ပြောလိုက်၍ ...

"ဘာဖြစ်လို့လဲ၊ ဘာထိုးဆေးလဲ၊ နေမကောင်းဘူးလား"

"ကိုယ်မဟုတ်ဘူး"

"......"

"လှိုင်းပါ"

ရိုးမျက်နှာက တစ်မျိုးလေး ပျက်သလိုဖြစ်သွားပါသည်။ ရင်ထဲမှာ ခံစားရတုန်းပဲလေ။ ချက်ချင်း ထိန်းဆည်ကာ လူမှုရေးအရ ...

"ဩော် ... လှိုင်း နေမကောင်းလို့လား"

"ဟိုဒင်း ... မွေးလဲလာတာနဲ့"

"ဆေးဖိုးရှင်းပါ ကျွန်မ ပြန်သွားနှင့်မယ်နော်"

သူနာပြုလေးက ဆေးထိုးအပ်အကြီး၊ ဆေးရည်ပုလင်းတို့ကို သယ်ယူကာ မိုးဂေါင်ကို လှမ်းပြောလိုက်၍ မိုးဂေါင်က ရှေ့တိုးကာ ပိုက်ဆံအိတ်ထုတ်၍ ဆေးဖိုးရှင်းလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရီးက မိုးဂေါင်မျက်နှာကို အဖြေရှာသလို ဆက်လက်စိုက်ကြည့်နေရာမှ ...

"ဘာဖြစ်လို့တဲ့လဲ"

"ကိုယ်ဝန်ရှိနေလို့လို့ ပြောတာပဲ၊ နှစ်လရှိပြီတဲ့"

ထို့နောက်တော့ ရီးနှင့် မိုးဂေါင် တစ်ယောက်ကို တစ်ယောက် စက္ကန့်ပေါင်းများစွာ အကြည့်မလွှဲဘဲ စိုက်ကြည့်နေမိကြသည်။

မျက်လုံးများ ကိုယ်စီအသီးသီးမှာ အရိပ်အရောင်မျိုးစုံဖြတ်သန်းရက်ယှယ်ကာ စကားတွေများစွာ ပြောဖြစ်လိုက်ကြသကဲ့သို့မင်။

"ကိုယ် လိုက်သွားလိုက်ဦးမယ်"

မိုးဂေါင်က စ,ပြီးလှုပ်ရှားလိုက်ပါသည်။ သူ့ရဲ့နှုတ်ဆက်စကားကို ရီးက ဘာမှပြန်မဖြေနိုင်။ မိုးဂေါင် လှည့်ထွက်လာတဲ့အထိ ရီးက စိုက်ကြည့်ရင်း ကျန်ရစ်ခဲ့ဆဲတည်း။ မသိမသာဖွင့်ဟသွားတဲ့ နှုတ်ခမ်းလေးနှင့် အံ့သြနေသော မျက်ဝန်းတို့ကို မိုးဂေါင် မျက်စိထဲကမထွက်ဘဲ မြင်ယောင်နေမိခဲ့သည်။

အရေးပေါ်ခန်းထဲ မိုးဂေါင် ပြန်ရောက်လျှင် လှိုင်းခုတင်ဘေးမှာ ဆရာဝန်မက ဆေးထိုးဖို့ ပြင်ဆင်နေပါသည်။ မိုးဂေါင်က ရီးကို ချက်ချင်းပဲ ပြန်မေ့လျော့သွားကာ ခုတင်ခြေရင်းမှနေ၍ လှိုင်းရဲ့ခြေဖျားကလေးကို ဆုပ်ကိုင်ထားပေးမိသည်။





အပ်ကိုကြောက်နေတဲ့ လှိုင်းရဲ့ရှုံ့မဲ့တဲ့မျက်နှာကလေးကို ကရုဏာသက်ရသည်။

သူ့ရင်သွေးကလေးကို မွေးဖွားပေးရတော့မယ့် မိခင်လောင်းလေးကို အချစ်တွေ အကြင်နာတွေပိုကာ တိုးလာမိပါသည်။

✤ ✦ ✤

ရီးသည် လက်နှစ်ဖက်ကို နောက်ပစ်ကာ အိမ်ရှေ့မျက်နှာစာမှာ ဒီမှဟို ဟိုမှဒီ အခေါက်ခေါက် အခါခါ လျှောက်ရင်း ခေါင်းလေးတယမ်းယမ်းဖြစ်လိုက် နှုတ်ခမ်းလေးက ပွစိပွစိရေရွတ်တစ်ကိုယ်တည်းပြောလိုက်နှင့် ဂနာမငြိမ်ဖြစ်နေလေသည်။

မလှမ်းမကမ်း နေရိပ်ထဲထိုင်ကာ ပန်းအိုးတစ်အိုးကို ရွက်ဝါတွေချိုး ကိုင်းပေါက်တွေဖြတ်နှင့် လုပ်အောင်သ,နေတဲ့ ဒေါ်တင်လေးဝေက အောင့်မနေနိုင်တော့သလို သက်ပြင်းတချက်နှင့် ...

"ရီး... ဒီကိစ္စ သမီး ဒီလောက်ဦးနှောက်ခြောက်နေစရာကို မလိုဘူး၊ မလိုတော့ဘူး၊ ကိုယ်နဲ့လည်းမဆိုင်တော့ဘူး၊ ကိုယ့်စိတ်ကို ကိုယ်ပင်ပန်းအောင် မညှဉ်းဆဲစမ်းပါနဲ့အေ"

"မဟုတ်သေးဘူး မေမေရဲ့"

"ဘာမဟုတ်သေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ မသိပါဘူး"

"ဘာကိုမသိတာလဲ"

ရိုးက မေမေ့ရှေ့မှာ လက်ပိုက်ရပ်ရင်း ခေါင်းကလေးကိုသာ ယမ်းနေမိသည်။ ဒေါ်တင်လေးဝေက သူ့သမီးသူ့သနားကရုဏာသက်လေ သစ်စိမ်းချိုးချိုးသွားတဲ့ သမက်ကိုဒေါသထွက်လေ နာကြည်းလေ။ မိုးဝေါင် အခုကောင်မလေးနဲ့ မင်္ဂလာဆောင်တော့မည်ကိုသိချိန်မှာ ရိုးတစ်ယောက် ဆောက်တည်ရာမရဖြစ်ကာ နောက်ဆုံးတော့ သူ့စိတ်ကိုသူ တရားမမှနှင့်ကုစားဖို့ တရားစခန်း နှစ်ပတ်လောက် ဝင်ဖြစ်ခဲ့ပါသေးသည်။

"သူတို့မင်္ဂလာဆောင်တာ တစ်လခွဲပဲ ရှိသေးတာပဲ"

"အေးလေ ... ဖိတ်စာကို ခက်ခက်တို့ဆီက မြင်ရသားပဲ၊ ခုထိတွက်ရင် တစ်လွှဲခွဲပဲရှိသေးတာဟုတ်တယ်လေ၊ ဒါပေမဲ့ ခက်ခက်ယောက်ျား ရဲလင်းဆွေ ပြောတယ်မဟုတ်လား၊ လက်မှတ်ထိုးလက်ထပ်ပြီး နှစ်ပတ်နေမှ မင်္ဂလာဆောင်တာဆို၊ ညေ့ခံပွဲကို အမြန်ဆုံး စီစဉ်ရတာဆို၊ အဲဒီလက်မှတ်ထိုးလက်မထပ်ခင်ကတည်းက မိုးဝေါင်က ကောင်မလေးကို ခိုးသွားတာဆို၊ စုစုပေါင်းဆိုရင်တော့နှစ်လ နှစ်လကျော်ရှိပြီပေါ့ ..."

ဒါပေမဲ့အေ ဒီမတိုင်ခင်ကတည်းက ဖြစ်နေကြရင်ကော ဘယ်သူသိမှာလဲ၊ စဉ်းစားမနေနဲ့ သူတို့ကိစ္စကို၊



ကိုယ့်ခေါင်းထဲ သင်းတို့အကြောင်း ထည့်ထားရတာ ခေါင်းသနပါတယ်"

မေမေ ဒေါသတွေမပြေနိုင်တာကို ရိုးက တွေတွေကလေး ငေးကြည့်နေမိပါသည်။ မေမေကတော့ နဂိုကတည်းက မကြည်ဖြူခဲ့တဲ့ယောက္ခမလေ။ ရိုးမှာတော့ ဆယ့်ငါးနှစ်လုံးလုံး ရိုးအပေါ် ဘာအပြစ်အနာအဆာမှမရှိစတမ်း ကောင်းခဲ့တဲ့ ခင်ပွန်းသည်ပါ မေမေရယ်။

သူ့အပေါ် မုန်းပါတယ် စိတ်နာပါတယ် ဘယ်လိုပဲပြောပြော သူ့ကို နစ်နာစေလိုတဲ့ဆန္ဒမျိုးတော့ ဘယ်လိုမှထားလို့မရပါ။ သူ့မှာ အခက်အခဲ ဒုက္ခသုက္ခ ဆိုတာမျိုး ကြုံလာခဲ့ရင်လည်း တတ်နိုင်သမျှ ကူညီတားဆီး ကာကွယ်ပေးချင်သေးတာပါ။ နာကြည်းချက်က ဒီတစ်ခုကလေးပါ။ မေတ္တာတွေ စေတနာတွေက အထပ်ထပ်အသိပ်သိပ်ပါ။

"သူ့ကုသိုလ်ကံ ညည်းကုသိုလ်ကံပါအေ၊ ညည်းနဲ့တုန်းက ဆယ့်ငါးနှစ်လုံးလုံး ကလေးမရနိုင်ခဲ့ဘဲ နောက်မိန်းမနဲ့ကျတော့ နှစ်လအတွင်း ကလေးရသွားတယ်ဆိုတာ ကံပဲပေါ့။ ဒါပေမဲ့ တစ်ခုပဲ မေမေ မခံချင်ဖြစ်နေတာ၊ ဒီအတိုင်းဆိုရင် မိုးဝေါင်ကတော့ ညည်း ကလေးမရနိုင်တာ ဆိုတဲ့ ယုံကြည်ချက်ကြီး ပိုခိုင်မာသွားတော့မှာပဲ၊ ညည်းကလည်း အဲဒီတုန်းကကတည်းကမှ ရှင်းမပြဘဲ၊ နှုတ်ပိတ်နေခဲ့တာ

www.burmeseclassic.com



ကိုး၊ အခု သူ ဒီလိုထင်သွားရင်လည်း ခံဖို့ပဲရှိတော့တာပဲ၊ ဘာမှ မခံချိ မခံသာ ဖြစ်မနေပါနဲ့တော့ ပင်ပန်းတယ်"

"ရိုး မခံချိမခံသာ ဖြစ်နေတာ မဟုတ်ပါဘူး မေမေ"

"ဒါဖြင့်လည်း ဒီကိစ္စပဲ တတွေးတွေး တငေးငေး ဘာဖြစ်လို့ ဖြစ်နေသလဲ၊ ခေါင်းထဲကထုတ်လိုက်ပါလား၊ ညည်းကို မြင်နေရတာ ငါပါ စိတ်မချမ်းသာလွန်းလို့ ရိုးရယ်"

"မေမေ"

ရိုးက မေမေ့ရှေ့မှာ ဆောင့်ကြောင့်ကလေးဝင်ထိုင်လိုက်ရင်း ...

"မေမေက မိုးဂေါင်လည်း ကလေးရနိုင်တာပဲလို့ ယူဆတာ ပေါ့နော်"

"ဟဲ့ ... အေးပေါ့၊ ဒါပဲပေါ့၊ သမီးဘက်ကို မေမေတို့ စစ်ကြည့်တယ်၊ သမီးမှာ ချွတ်ယွင်းချက် မရှိတာသိရတယ်၊ သူ့ကို စစ်မကြည့်မိခဲ့တဲ့အတွက် မရတာဟာ သူ့ချွတ်ယွင်းချက်ကြောင့်ဖြစ်မှာပါလို့ ယေဘုယျသဘော သတ်မှတ်လိုက်ရတော့တာပေါ့ ...

ကဲ ... အခု နောက်မိန်းမယူတော့ သူ့မိန်းမကိုယ်ဝန်ဆောင်လာတယ်၊ အဲဒီတော့ သူလည်း ချွတ်ယွင်းချက်မရှိလို့သာလို့ သတ်မှတ်ရတော့မှာပေါ့ ရိုးရယ်။ ဒါဖြင့် သမီးရော သူရော ဘယ်သူမှ ဘာမှချွတ်ယွင်းမှုမရှိဘဲနဲ့ ဘာဖြစ်





လို့ ကလေးမရခဲ့သလဲဆိုရင် ဒါ ကုသိုလ်ကံပဲ သမီး၊ အဲဒီတုန်းက ဆရာဝန်မကြီးကလည်းပြောသွားပဲ၊ တစ်ခါတစ်ရံလည်း ယောကျ်ားရော မိန်းမရော ဘယ်သူ့မှာမှ ချွတ်ယွင်းချက်မရှိဘဲနဲ့ ကလေးမမွေးဖွားတာတွေ ရှိတတ်တာပဲဆိုတာလေ၊ မရချင်လို့မရခဲ့တာ၊ ဘာမှ မတတ်နိုင်ဘူးပေါ့"

ဒေါ်တင်လေးဝေက သမီးဖြစ်သူ စိတ်မကောင်းဖြစ်နေတာသိတဲ့အတွက် ရှည်ရှည်ဝေးဝေး ချော့မော့ရှင်းပြနေပါသည်။ ရိုး မျက်နှာကတော့ ဗလာစိစားချက်နှင့် အဝေးကို ခပ်ငေးငေးရှိနေသည်။ ဒေါ်တင်လေးဝေ စကားတွေကိုပင် လုံးစေ့ပတ်စေ့ကြားရဲ့လား မကြားဘူးလားမသိ။

အကြာကြီးကြာမှ ရိုးက မျက်တောင်ကလေးပုတ်ခတ်သတိဝင်လာရင်း ...

"မေမေ"

"အင်း ..."

"သမီးက အဲသလို မထင်ဘူး"

"ဘာကို မထင်တာလဲ"

"မေမေ့ကို ရိုးမပြောဘဲ မနေနိုင်ဘူး၊ ဖွင့်ပြောပြမှဖြစ်မယ်"

"ဘာကိုလဲ"

"ရိုး မမျှော်လင့်ဘဲ သိခွင့်ရထားခဲ့တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ ရီးရယ်၊ ညည်းပုံစံက မထိတ်သာ မလန့်သာ ပါလားအေ"

"သူ မင်္ဂလာမဆောင်ခင် ရီး တရားစခန်းသွားဝင်ခဲ့တာ ရီး စိတ်ကိုရီး တည်ငြိမ်မှုရနိုင်အောင်လို့ပါ၊ အဲဒီတုန်းက စိတ်ထဲမှာ ဗလောင်တွေဆူပြီး ထူပူနေခဲ့တာ၊ သူ နောက်မိန်းမထပ်ယူလို့ တစ်ခုတည်းကြောင့်မဟုတ်ဘူး မေမေ"

"ဒါဖြင့် ဘာဖြစ်လို့လဲ"

"သူ နောက်မိန်းမထပ်ကိုယူမှာပဲဆိုတာ အစောကြီးကတည်းက ရီး သိပြီးသားပဲ မေမေ၊ သိပ်ပြီးဆိုးဆိုးဝါးဝါး ထပ်မတုန်လှုပ်တော့ပါဘူး၊ အဲဒီတုန်းက ကိုယ့်ကိုယ်ကိုယ် ဆောက်တည်ရာရအောင်မနည်းထိန်းရတာ တခြားအကြောင်း တစ်ခုရှိပါသေးတယ်၊ မိုးဂေါင်ရဲ့မိန်းမလေ လှိုင်းအိထွန်း တို့သားအမိက ခက်ခက်တို့နဲ့ သိတယ် ...

ခက်ခက်နဲ့က နည်းနည်းပါးပါး ခင်မင်ရုံပေမယ့် ခက်ခက်ညီမ သက်သက်နဲ့ လှိုင်းရဲ့အမေ ဒေါ်ခင်မိုးထွန်း ဆိုတာ အရမ်းချစ်တဲ့ ငယ်သူငယ်ချင်း၊ နောက်ကြောင်းတွေ အတွင်းရေးတွေအထိ အကုန်သိကြတာ၊ မိုးဂေါင်နဲ့ လှိုင်း လက်မထပ်ခင် လက်မှတ်မထိုးခင်ပေါ့၊ လှိုင်းက တခြား ကောင်လေးတစ်ယောက်နဲ့ ပျောက်သွားဖူးသေးတယ်"

ဒေါ်တင်လေးဇော်က မျက်လုံးအဝိုင်းသားဖြစ်ကာ



"ညည်း ဘာတွေပြောနေတာလဲ ရီး၊ အဟုတ်လား"

"တစ်ညမှာ ဒီကောင်မလေး အိမ်ပြန်မလာဘဲ သန်းကောင်ကျော်တဲ့အထိပျောက်နေတာနဲ့ ခင်မိုးထွန်းက သူ့သမီးနောက်လိုက်ရှာဖို့ သက်သက်တို့အိမ်က ဒရိုင်ဘာကြီးကို လွှတ်ပေးပါလို့ အကူညီ လှမ်းတောင်းခဲ့ဖူးတယ်၊ အဲဒီဒရိုင်ဘာကြီး အပြောအရ လှိုင်းနဲ့ကောင်လေးတစ်ယောက်ကို မိုးမလင်းခင်သုံးနာရီခွဲလောက်ကြီး သွားပြန်ဖမ်းမိလာတယ်တဲ့"

ဒေါ်တင်လေးဝေက အံ့အားတသင့် နားစွင့်နေပါသည်။

"ကောင်လေးအမေရော ခင်မိုးထွန်းရော ကိုယ့်သားသမီးကိုယ် ပြန်သိမ်းလိုက်ကြတာ၊ အပြန်ကားပေါ်မှာ လှိုင်းတို့သားအမိ ပြောလာတာထဲမှာ အဲဒီကောင်လေးက နှစ်ပတ်အတွင်း နိုင်ငံခြားသွားတော့မှာ ဆိုတာလည်းပါတယ်၊ သူ့အမေကြီး ရင့်သီးမောက်မာပုံတွေလည်းပါတယ်၊ လှိုင်း ရေတိမ်နစ်ခဲ့တာတော့အမှန်ပဲ"

"ရီး ... ညည်း ပြောနေတာတွေ တကယ်လား"

"တကယ်ပေါ့ မေမေရယ်၊ ရီးက အလကား လုပ်ကြံပြောလို့ ဘာအကျိုးရှိလဲ"

"တကယ်ဆိုရင် ဒီစကားတွေ ဒီတင် ရပ်တန်းကရပ်လိုက်တော့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနောက် လေးငါးခြောက်ရက်အတွင်း မိုးဂေါင်နဲ့လှိုင်း လက်မှတ်ထိုး လက်ထပ်ဖြစ်ကြတာ"

"ဘုရား ... ဘုရား ... ဘယ်လို ဇာတ်ရှုပ်တွေတုန်းကွယ်၊ ဟုတ်သည်ဖြစ်စေ မဟုတ်ဘူးဖြစ်စေ ဘယ်သူတွေဘာပဲ ပြောနေပစေ၊ သမီး ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ဘာမှထပ် မပြောပါနဲ့၊ အခု မေမေ့ကိုပြောတာ နောက်ဆုံးဖြစ်ပါစေ၊ တခြားလူ အတင်းအဖျင်းပြောတာနဲ့ သမီးနဲ့ မတူဘူး၊ သမီးက မိုးဂေါင်ရဲ့ ပထမဇနီး၊ မလိုလို့ တမင်တကာ သွားပုပ်လေလွင့် နာမည်ဖျက်သလို အထင်ခံရရင်လည်း ရှက်စရာကြီး၊ မတော် သူတို့ဘက်ကပြန်ကြားလို့ သက်သေ ရှင်းလားပြလား ပြဿနာတက်ကြရရင်လည်း သိက္ခာကျ ပါတယ် ...

ရှေ့လိုက်ပါ သမီးရယ်၊ ခေါင်းထဲကထုတ်လိုက်စမ်း ပါ၊ သမီးနဲ့မသက်ဆိုင်တော့ပါဘူး၊ မေမေတောင် မိုးဂေါင် အပေါ် ဘယ်တုန်းကမှ အမြင်မကြည်လင်ခဲ့ပေမယ့် ဒီစကား ကြားတော့ ရင်ထဲ တလှပ်လှပ်ဖြစ်လာတယ်၊ မဖြစ်ပါစေနဲ့ မမှန်ပါစေနဲ့ပဲ ဆုတောင်းမိတယ်၊ မှန်ခဲ့ရင်လည်း တစ်ဖက် သားမိန်းကလေးရဲ့ တကယ့်အပုပ်အပွသတင်းကြီး၊ ဘယ် တုန်းကမှ မသိမကြားခဲ့ရဘူးလို့ပဲ ခေါင်းထဲမှတ်လိုက်ပါ"

ရိုးက သက်ပြင်းလေးရှိုက်ကာ ...





"ဒီကိစ္စကို မိုးဂေါင် မသိသင့်ဘူးလား မေမေ"

"ဘုရား ... ဘုရား ... ညည်း ဘယ်လိုတွေးနေတာလဲ ရိုး၊ ခေါင်းထဲက ထုတ်ပစ်ပါဆိုမှ"

"မဟုတ်ဘူးလေ မေမေ၊ ကောင်မလေးက တစ်ချိန်တုန်းက တော့ ဒီလိုပဲမိုက်ခဲ့မှားခဲ့ဖူးပါရဲ့၊ ဒါပေမဲ့ ခုတော့ သူလည်း အိမ်ထောင်ရက်သားကောင်းကောင်းကျပြီး မိုးဂေါင်အပေါ် ဇနီးကောင်းပီသနေပြီ၊ သူတို့ရဲ့ကိုယ်ဝန်ဟာလည်း လက် ထပ်ပြီး အနည်းဆုံး ခြောက်လတစ်နှစ်ကြာမှပဲ ရှိလာခဲ့တယ် ဆိုရင် အစစအရာရာ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်မှုကို ရှေ့ရှုပြီး ကောင်မလေးရဲ့နောက်ကြောင်းကိစ္စကို မေ့ထားလိုက်လို့ ရတာပေါ့"

"ရိုး"

ရိုးသည် အသက်ရှူပြင်းကာ ရင်ကလေးက နိမ့်ချည် ...ချည် ဖြစ်နေပါသည်။ ကိုယ့်ကို သူ ထားသွားတုန်းကလည်း ...ကျင်ကျင်နဲ့ ဒီလိုပဲ ကျန်ရစ်ခဲ့ရကာ ဝေဒနာကို အချိန်ယူပြီး ...ရှည်ကြာမျှား ဖြေဖျောက်ကုစားခဲ့ရပါသည်။

စိတ်ထဲမှာ ရင်ထဲမှာ ဝေဒနာတွေ ဒဏ်ရာတွေ ...ကင်းသေလောက် ပြေပျောက်လောက်ပြီ ထင်ချိန်ရောက်ကာမှ ...င်း ကိုယ်ဝန်ရှိနေပြီကိုသိရတော့ တုန်လှုပ်ခဲ့ရသည်။ ဒါ... ...ကယ်ပဲ မိုးဂေါင်ရဲ့ကိုယ်ဝန် ဖြစ်နိုင်ပါ့မ... ...းလို...င်။

www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ အဖြစ်အပျက်က ဒီလိုရှိခဲ့တယ်၊ ချက်ချင်းပဲ ကောင်မလေးမှာ ကိုယ်ဝန်ရှိလာပြီး ကိုယ်ဝန်ကလည်း နှစ်လ ဆိုတော့ ..."

"အဲဒါ ညည်းနဲ့ ဘာဆိုင်တော့လို့လဲ ရိုးရယ်"

"မေမေ မိုးဂေါင်ဟာ တစ်ကောင်ကြွက် သူ့ရဲ့မျိုးဆက် သွေးကို အရူးတစ်ယောက်လို ရူးသွပ်တပ်မက်တဲ့သူပါ။ တော်ရုံရူးသွပ်မှုနဲ့ သူ ရိုးကို မကွာပါဘူး၊ သူ့ဘဝရဲ့အိပ်မက်မျှော်လင့်ချက် သူ့ရဲ့အနာဂတ်ပဲလေ"

"အဲဒါ ညည်းနဲ့မဆိုင်တော့ဘူး သမီး၊ မေမေ ပြောတာကို လက်ခံစမ်းပါ၊ ညည်းနဲ့ ဘာမှ မဆိုင်တော့ပါဘူး ရိုးရယ်"

"ဒီကိစ္စကြီးဟာ သူ့ဘဝရဲ့ အနှစ်နာဆုံး အမှားအယွင်းကြီး တစ်ခု ဖြစ်သွားမှာ စိုးရိမ်တယ်"

"တကယ်ဖြစ်တယ်လို့ ညည်းလည်း တပ်အပ်သေချာ ပြောနိုင်တဲ့ကိစ္စမဟုတ်ပါဘူး ရိုးရယ်၊ မိုးဂေါင်ကလည်း အတုံးအ,အမဟုတ်ပါဘူး၊ သူ့ဇာတ်သူ နိုင်အောင်ကနိုင်မှာပါ၊ သမီး ဒီကိစ္စမှာ လုံးဝဝင်မပါဘူးလို့ ကတိပေးစမ်းပါ ရိုး"

ရိုးက နှုတ်ခမ်းလေးကိုကိုက်ကာ ထုံပေပေ ငြိမ်သက်နေခဲ့သည်။

✤ ✦ ✤



# ၁၀

"ဟယ်လို ... ဟော့ကောင် မိုးဂေါင်၊ ညကြီးမင်းကြီး ပြော ဘာလဲ"

"ရဲကြီး ... ကိုင်းဉ ဘယ်နားရလဲ"

"ဘာ"

ရဲလင်းဆွေက တီဗီကို ရီမုတ်နှင့် အသံလှမ်းတိုးလိုက်ကာ ...

"မင်း ဘာမေးတာလဲ မိုးဂေါင်"

"ကိုင်းဉ ... ကိုင်းဉ"

"ကိုင်းဉ !! "

"အေး"

ရဲလင်းဆွေက နံရံက နာရီကို လှမ်းကြည့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ညကိုးနာရီကြီး ကိုင်းဥနဲ့ပတ်သက်ပြီး ဘာအရေးကြီးနေလို့လဲ"

"ကိုင်းဥ မင်း သိတယ်မဟုတ်လား၊ တုတ်လေးတွေနဲ့ထိုး သီပြီး ကင်ပြီး ရောင်းတယ်လေ"

"အေး ... သိတယ်လေ"

"အဲဒါ ဘယ်နားများ ရနိုင်လဲကွာ"

"အခုလား"

"အေး ... အခု"

"ဘာလုပ်ဖို့လဲ"

"စားချင်လို့ပေါ့ကွာ"

"မင်းက ကြိုက်လို့လား၊ ငါတော့ မသိပါလား၊ ဆူးလေ နားမှာ ငါ့ရုံးနားပဲကွာ၊ ကင်ရောင်းနေတဲ့ တစ်သည် တော့ ရှိတယ်၊ ညနေကတောင် တွေ့ခဲ့သေးတယ်၊ နက် ဖြန်ကျ ငါ ဝယ်ထားပေးလိုက်မယ်လေ၊ မင်း ကြိုက်ရင် ရုံးဝင်ယူလိုက်ပေါ့"

"နက်ဖြန်ဟာလည်းယူမယ်၊ ခုလောလောဆယ် ဘယ် ရနိုင်မလဲ၊ မင်းတို့က လသာထဲနေလို့ ငါက လှမ်း ကြည့်တာ၊ ငါ အခု မင်းတို့နားပဲ ရောက်နေတာ တရုတ်တန်းမှာ လမ်းလျှောက်နေတယ်၊ လျှောက်ရှာ





တာ၊ မိုးဖွဲလည်းကျနေတော့ ဈေးသည်တွေက မရှိတော့ သလောက် ဖြစ်နေတာကွ"

"ဘာ ... မင်း အခု တရုတ်တန်းမှာ လျှောက်နေတယ်"

"အေး"

"ဟကောင်ရ၊ နေ့လယ်နေ့ခင်းဆိုရင် ကိုင်းဥကင်ရောင်း တဲ့အသည်တွေက တရုတ်တန်းလည်း ရှိပါတယ်၊ စကော့ ဈေးတစ်ဝိုက်လည်း ရှိတာပဲ၊ ရွှေဘုံသာလမ်းထိပ်မှာလည်း ရှိတယ်၊ မြို့ထဲတစ်ဝိုက် ရှိတတ်ပါတယ်ကွာ၊ ဒါပေမဲ့ ခုဟာကည ကိုးနာရီလေကွာ၊ ဘယ်ကကိုင်းဥကင်သည်က ရှိတော့မှာလဲ"

"မိုးချုပ်ချုပ်လေး ရောင်းတတ်တဲ့ အသည်လေး ဘာလေး မရှိဘူးလားကွာ၊ နည်းနည်းသိရင် ညွှန်စမ်းပါ"

"ဘာလို့ ဒီလောက် အရေးကြီးနေတာလဲ၊ ခုချက်ချင်းစား ရမှ ဖြစ်မှာလား မင်းဟာက"

"ဟိုဟာကွာ၊ လှိုင်းပါ ... လှိုင်း လှိုင်း"

"လှိုင်း ဘာဖြစ်လဲ"

"လှိုင်းက ချဉ်ချင်းတပ်နေတာကွာ၊ ကိုင်းဥကင် အရမ်း စားချင်တယ် ဖြစ်နေတယ်၊ မနေ့ကတော့ သူက ဖုန်းဆက် မှာတော့ ငါက ဘုရင့်နောင်ဘက်ကနေအပြန်ဝယ်လာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီနေ့ကျတော့ သူကလည်း တစ်ခေါက်ထပ်မှာ ငါလည်း ဒီလိုကြီး ချဉ်ချင်းတပ်နေမှန်း မသိတော့ ဝယ် မလာမိဘူးပေါ့ကွာ၊ အဲဒါ အခု အရမ်းစားချင်နေတာ"

"ညကိုးနာရီမှ !! "

"အေးကွာ"

"အာ ... ချဉ်ချင်းကလည်းကွာ အချိန်မတော် တပ်ရလား ကွ၊ ဒီအချိန်ကြီးတော့ ကိုင်းဥမပြောနဲ့ တော်ရုံတန်ရုံမုန့် သည်တွေ ဘယ်မှာရှိတော့မှာလဲ၊ သိမ်းပြီး ပြန်ကြပြီပေါ့ ကိုင်းဥ ဆိုတာမျိုးက ရောင်းတဲ့အသည် ခပ်ရှားရှားဟာ ကို"

"ဒီအချိန် ရနိုင်မယ့်နေရာ မင်း မသိဘူးပေါ့"

"ဟော့ကောင် မိုးဂေါင်၊ ခက်ခက်လည်း ကလေးတွေမွေး ခဲ့တယ်ကွ၊ ချဉ်ချင်းလည်း တပ်ပါတယ်၊ အကြီးကောင် တုန်းကဆို အချဉ် ... အချဉ်နဲ့ မရမ်းယိုတွေ ရှောက်သီး သုပ်တွေ၊ ဇောင်းလျားသီးတွေများ အလုံးလိုက် အစိမ်း လိုက် ကိုက်စားနေတာ၊ အငယ်မကျတော့ အအီအဆိမ့် ယောပတ်ဆီတွေနဲ့ ထမင်းနဲ့နယ်စား၊ ချိစ်တွေအတုံးလိုက် ကိုက်စား၊ အသီးအရွက်နဲ့ မယိုးနီးစ်နဲ့နယ်စား ဆိုတာမျိုး ပေါ့ ...



ချဉ်ချင်းတပ်တယ် ဆိုတာကို ငါ နားလည်တယ်၊ သွေးထဲကတောင့်တသလိုမျိုး စားချင်နေတာ မမုန်းတမ်း စားနေတာ၊ သဘောပေါက်တယ်၊ ဒါပေမဲ့ ဘယ်လိုမှမရ နိုင်တဲ့ ညကြီးမင်းကြီးတွေ ဘာတွေတော့ ခုချက်ချင်း လိုက်ရှာစားရမှ ဆိုတာမျိုးလောက်တော့ မဟုတ်ပါဘူး ကွာ၊ ခုချက်ချင်း မစားရလို့မဖြစ်ဘူး ဆိုတာလောက်တော့ မဆည်းပါဘူး မိုးဂေါင်ရာ ...

မင်းရဲ့လှိုင်းက ခုဆို ခုမှလားကွာ"

"အေးကွာ၊ သူက အခုစားချင်တာ ဆိုတော့လည်း၊ ခု သူလည်း ကားပေါ်ပါလာတယ်ကွ"

"အဲဒါ မင်းမှ အလုပ်မဟုတ်တာ၊ အလိုလိုက်ချင်လည်း ကွာ၊ သူက ဒါစားချင်တယ် ဦးရယ် ဆိုရင်၊ အေး ... နက်ဖြန်ဝယ်ခဲ့မယ်ပေါ့။ ပြီးပြီပေါ့၊ သူ ပါးစပ်ကမာလိုက်တာ နဲ့ မင်းက ချက်ချင်းကားမောင်းထွက် ပတ်ရှာတာမျိုးတော့ မလိုအပ်ဘူး ထင်တယ်ကွာ"

"သူက အခုစားချင်တာကိုးကွ"

"သူ အသက်နှစ်ဆယ် ကျော်ပြီလေ၊ ဦးနှောက်မရှိတဲ့ ကလေးမှ မဟုတ်ဘဲ၊ ညကြီးမင်းကြီး ထင်ရာမြင်ရာမပူ ဆာသင့်ဘူး ဆိုတာတော့ နားလည်မှု ရှိဦးပေါ့၊ တိုတစ်နေ့

www.burmeseclassic.com



ကလည်း ဖာလူဒါဆိုလို့ မင်း သာကေတက ရွှေပုစွန်အထိ သွားရှာဝယ်တယ်ဆို၊ ဟိုမှာဆိုင်တောင်ပိတ်နေသလောက် ဖြစ်နေပြီ၊ မင်း မရမက ပြောဝယ်တာဆို”

“ဟဲ ဟဲ ... မြတ်ထူး ပြောတာမှလား”

“ဘယ်သူပြောပြောပေါ့၊ မင်းကို သည်းလွန်းအားကြီးတယ်၊ လွန်လွန်းတယ်၊ ဟိုက တော်တော်၊ မင်းကဖျက်နေတာ”

“ဟောကောင် ရဲကြီး၊ လှိုင်းက ငါ့ရင်သွေးလေးကို ဗိုက်ထဲထည့်ပြီး အလေးခံလွယ်ပိုးထားရတဲ့ မိခင်လောင်းလေကွာ”

“တစ်လောကလုံးမှာ မိခင်လောင်း သူတစ်ယောက်တည်း ရှိတာ မဟုတ်ဘူး မိုးဂေါင်၊ ဂုဏ်ပြုထိုက်သော်လည်း သင့်တင့်လျော့ပတ်သလောက်ပဲ လုပ်ကွာ၊ မျက်စိနောက်တယ်၊ လောကကြီးမှာ သူ့မိန်းမလေးတစ်ယောက်တည်း ဗိုက်ကြီးဖူးတာ ကျနေတာပဲ”

“မင်း ကိုယ်ချင်းစာပါ ရဲကြီးရ၊ မင်းက အသက်လေးဆယ်မှာ ကလေးနှစ်ယောက်အဖေပါကွာ၊ ငါက ခုမှ ပထမဆုံး ရင်သွေး ကိုယ်ဝန်လွယ်ထားတာကို ကြုံရတဲ့ ဖခင်လောင်းပါ၊ ပြီးတော့ အစစအရာရာ မင်းတို့လည်း သိပြီးသားပဲကွာ၊ ငါ့ရဲ့ ရူးသွပ်မှုကို မင်းတို့ နားလည်ပြီးသားပဲ”





“အဲဒီရူးသွပ်မှုကို အဓိပ္ပာယ်ရှိတယ်လို့ ဘယ်တုန်းကမှ မယူဆခဲ့ဘူး၊ မင်းစိတ် မင်းသဘောကို ငါတို့ ဝင်ဆန့်ကျင်လို့မရလို့ အလိုက်သင့်ကြည့်နေခဲ့ရတာကလွဲပြီး မပိုဘူး၊ မင်းက အချို့သောအရာတွေအပေါ်မှာ လိုအပ်တာထက်ကို ပိုကြီးအသည်းအသန် ဖြစ်ခဲ့တာချည်းပဲ၊ မင်းမိန်းမကိုပြောလိုက်၊ နက်ဖြန်ဝယ်ကျွေးမယ်လို့၊ ဒီညတော့ မိုးလည်းချုပ် မိုးလည်းရွာ ဘယ်လိုမှရဖို့ မလွယ်ဘူးဆိုတာ ပွင့်ပွင့်လင်းလင်း ရှင်းရှင်း ပြောပြလိုက်”

“အေးပါကွာ၊ ဒါပဲ ဟောကောင်”

“အေး”

ရဲလင်းဆွေက ဟန်းဒ်ဖုန်းလေးကို ခေါက်ပိတ်လိုက်ရင်း နံဘေးမှာ သူ့ကိုအကဲခတ်ကြည့်နေတဲ့ ခက်ခက်ကို လှည့်ကြည့် ခေါင်းယမ်းပြလိုက်ပါသည်။

“လှိုင်းက ဒီလောက်ကို အကဲမပိုဘူး၊ ရှင်တို့ မိုးဂေါင်ကကို အကဲပိုနေတာ၊ ဟိုကောင်မလေးက သူ့အသက်အရွယ်နဲ့ထိုက်သင့်သလောက် ကလေးဆန်ပေမယ့် မရမက ဂျီကျနေတဲ့အစားကို မဟုတ်ဘူး၊ ခက် မြင်ဖူးသားပဲ”

ရဲလင်းဆွေလည်း ဒီအတိုင်းပဲ မြင်သော်လည်း ခက်ခက်က ရိုး သူငယ်ချင်းမို့ သိပ်ကြီး အားပေးအားမြှောက်



www.burmeseclassic.com

www.burmeseclassic.com



ဆက်မပြောတော့ဘဲ သက်ပြင်းသာ ချလိုက်ရင်း တီဗီကို အသံပြန်ကျယ်လိုက်ပါသည်။

"ရှင့်သူချင်းကို သတိပေးလိုက်၊ တစ်နေ့ ရူးမယ်လို့"

✤ ✦ ✤

အိုးရှင်းစူပါစင်တာထဲမှာ ရိုးရယ် ခက်ခက်ရယ် ခက်ခက်ရဲ့သမီးငယ်လေးကို လက်တွဲပြီး လျှောက်နေကြပါသည်။ ဖြူလွလွဂါဝန်ကားကားကလေးနှင့် ခက်ခက် သမီးကလေးက ဘိုမရုပ်ကလေးတစ်ရုပ်လို ချစ်စရာကောင်းသည်။

"မေ့ ... ဒါစားမယ်"

"မေ့ ... အအေးဘူးဝယ်ပေး"

တစ်ခုပြီးတစ်ခု ပူဆာပြီး ထည့်နေတော့သည်မှာ များလာတဲ့အခါ ...

"ကွိကွိနော် အရမ်းပူဆာတာပဲ၊ မေမေ ဒါဆိုရင် နောက်တစ်ခါ မခေါ်တော့ဘူး၊ အိမ်မှာထားခဲ့မယ်"

ခက်ခက်ရဲ့ မာန်တဲ့စကားကြောင့် ကွိကွိက နောက်တစ်ကြိမ်ကျတော့ လူလည်ကျကာ သူ့ဘယ်ဘက်လက်ကို ဆုပ်တွဲထားတဲ့ ရိုးရဲ့လက်လေးတွေကို အမေမသိအောင် တိတ်တဆိတ်ညှစ်ကုတ်ပြီး မော့ကြည့်လာသည်။



"ဘာလဲ ... သမီး"

ရိုးက ခေါင်းငုံ့မေးတော့ ရှေ့နားက သူလိုချင်တဲ့ အရုပ်ဖက်လုံးလေးဆီ မျက်စိလေး ဇွေကြည့်ရင်း မေးဆတ်ပြပါသည်။ အဲဒါ လိုချင်တယ်ပေါ့လေ။ သူ့အမေကို မပူဆာတော့ဘဲ ရိုးဘက်တစ်လှည့် ပူဆာတာ။ လူလည်ကျပုံကို ရိုးကသဘောတွေကျကာ ကျိတ်ပြီးပြုံးမိရသည်။

ကလေးတစ်ယောက် ရှိတာဟာ တီတီတာတာနှင့်ကြည်နူးသာယာဖို့ ကောင်းပါသည်။ စိတ်ကို ငြိမ်းချမ်းရွှင်လန်းစေပါသည်။ တကယ်တော့ မျိုးဆက်တွေ ဘာတွေ ထည့်မတွက်ဘူးပဲထား၊ မိသားစုတစ်စုဆိုတာဟာ အဖေရယ် အမေရယ် သားသမီးလေးတွေရယ် ဆိုတာ အစုံအလင် ပါဝင်မှ အဓိပ္ပာယ်ရှိတာပဲ မဟုတ်လား။ သားသမီး မပါဝင်တော့ "လင်မယား"ဆိုတဲ့ အဆင့်မှာပဲ ရပ်နေမှာ မဟုတ်လား။

လူတွေက ပြောကြလျှင်လည်း ...

"သူတို့မိသားစုကလေ ..."ဆိုတာမျိုး ပြောနိုင်ဖို့ ကလေးကို ရှိရမည်လို့ ရိုး ထင်သည်။ ကလေးမှမရှိရင်တော့ "သူတို့လင်မယား" "သူတို့ဇနီးမောင်နှံ"လို့ပဲ သုံးနှုန်းကြမှာပေါ့။

တကယ်တော့ ရိုး ကိုယ်တိုင်လည်း သားသမီးရှင်သွေးဆိုတာကို လိုချင်တာပဲပေါ့။ မိုးဂေါင် စိတ်ထဲမှာ ငါကိုရော

www.burmeseclassic.com

မတွေးမိခဲ့ဘူးတဲ့လား။ သူ့လို ငယ်ဘဝရဲ့တစ်ကောင်ကြွက်ခံစား ချက်တွေကြောင့် သွေးသားမျိုးဆက်ဆိုတာကို ပြင်းပြင်းထန်ထန် အရူးအမူးတောင့်တမွတ်သိပ်တာမျိုး မဟုတ်ရင်တောင်မှ သာမန် ပုထုဇဉ်လူသားတစ်ယောက်ပီပီ အိမ်ထောင်ကျပြီးတဲ့နောက် ကိုယ့် ရဲ့ရင်သွေးကလေးဆိုတာကို လိုချင်မျှော်လင့်နေခဲ့မယ်လို့ မထင် နိုင်ဘူးလား။

ကလေး မရခဲ့တာဟာ သူ့တစ်ယောက်တည်းရဲ့ ပြဿနာလား။ သူ့တစ်ယောက်တည်းရဲ့ နစ်နာမှုလား။ သူ ပြေလည်သလို သူ့တစ်ဖက်သတ်တည်း ဖြေရှင်းသွားရက်လိုက် တာ။

"အန်တီရီး"

"ဘာလဲ သမီး"

ခက်ခက်က တစ်နေရာက ခြေသုတ်ဖုံတွေ၍ကို လှန်လှောကြည့်ရှု ရွေးချယ်ရင်း ကျန်ရစ်ခဲ့စဉ်မှာ ကွိကွိက ရီး လက်ကို အတင်းဆွဲလှုပ်ကာ ...

"ဟိုဖက်လုံးလေး သမီး လိုချင်တယ်၊ မေမေက ဆူလိမ့် မယ်၊ အန်တီရီးက အန်တီရီး ဝယ်သလိုမျိုး ခြင်းထဲ ယူ ထည့်ထားလိုက်ပါ၊ အိမ်ပြန်ခါနီးကျမှ အန်တီရီးက သမီး ယူသွားလို့ ပေးလိုက်ပါလားနော်"





ရီးမှာ လူလည်မလေးကို သဘောတကျ ရယ်မိ လျက် ...

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ကောင်းပါပြီရှင်"

ကွိကွိ ကြိုက်နေတဲ့ ဖက်လုံးကလေးကို ရီးက ငုံ့ ရွေးယူလိုက်ရပါသည်။ ဖက်လုံး ခရမ်းပြာလေးရဲ့ထိပ်မှာ အီးယော် ရုပ်ရဲ့ဦးခေါင်းလေးနှင့် နားရွက်လေးနှစ်ဖက် ဖားဖားကျနေတဲ့ ချစ်စရာအရုပ်ဖက်လုံးလေးပါ။ နှစ်လုံးသုံးလုံးထဲကနေ ရွေးချယ် နေဆဲ ...

"ဟယ် ... ကလေးလေးက ချစ်စရာလေးတော့"

အသံကလေး တစ်သံတော့ ကြားလိုက်ပါရဲ့။ သို့သော်မဲ့ မော့မကြည့်မိသေးဘဲ ဆက်ပြီး ရွေးချယ်နေမိပါသေးသည်။ ကွိကွိ ကိုမြင်တိုင်း ဆယ်ယောက်မှာ ငါးယောက် ခြောက်ယောက်က တော့ ဤသို့ရေရွတ်မိကြစမြဲ။ ကွိကွိကလည်း ဆံပင်ညိုညို ကောက်ကောက်လေးတွေနှင့် အရုပ်လေးနှယ် ချစ်ဖို့ကောင်းသည်။ မျက်နှာလည်း ချိုသည်။ သူ့ကိုတွေ့မြင်သူတွေ ချစ်ကြမှန်းလည်း သိသည်။ ပဲကလည်း ပေးတတ်သည်။

သူ့ကိုချစ်စရာလေးပြောရင် သူက ပြုံးပြရယ်ပြရင်း စကားရော ဖွဲ့ရောပင် သွားလုပ်တတ်သေးသည်။

"ချောလိုက်တာ၊ အရုပ်လေးကျနေတာပဲ"

www.burmeseclassic.com



"အဟက် ... အဟက်"

ကွိကွိက ရယ်များပင် ရယ်နေသေးသည်။

"အမယ်လေး ချစ်စရာလေး၊ သမီးလေး ... နာမည်ဘယ်လို ခေါ်လဲဟင်"

"ကွိကွိပါရှင့်"

"ဟယ် ... ကွိကွိတဲ့၊ ဦးရေ ချစ်စရာလေး။ အသည်းယားလိုက်တာ"

တစ်ဖက်က မိန်းကလေးသံနှင့်အတူ ရီးကလည်း ဖက်လုံးရွေးနေရာမှ မော့အကြည့် ကိုယ်ဝန်ဆောင်တွေအတွက် စပယ်ရှယ်ချုပ်ထားတဲ့ မိုက်ဖုံးဘောင်းဘီစကလေးနှင့် အပေါ်က ပန်းနုရောင်အင်္ကျီတိုကားကားလေးနှင့် ချစ်စရာကောင်းသော ကိုယ်ဝန်ဆောင်မိန်းမငယ်လေးကို အမြင်တွင် ရီးမျက်နှာပေါ်မှာရှိနေတဲ့ အပြုံးတွေ ဖျတ်ခနဲ အေးစက်သွားခဲ့ရပါသည်။

"သမီးလေး ... ဒီဆံပင်လေးတွေက အတုတွေ မဟုတ်လား၊ အန်တီ့ကို ဖြုတ်ပေးလိုက်"

"အတုတွေ ဟုတ်ပါဘူး၊ အစစ်တွေပါ"

"မဟုတ်ပါဘူး၊ ဆံပင်တုစွပ်ထားတာပါ၊ မညာပါနဲ့ကွာ"

"မညာပါဘူး၊ ဆံပင်အစစ်"





"ဟင် ... ဒီပါးပေါ်က မှဲ့လေးကလည်း အတုတပ်ထားတာ မဟုတ်လား"

"မဟုတ်ဘူး ... မှဲ့အစစ်"

"ခစ် ခစ် ခစ် ... ဒေါ်ကန်နေပြီ"

ကွိကွိကိုစ,ရင်း သဘောကျ ရယ်မောနေတဲ့ လှိုင်း အိတ္တွင့်ကတစ်ဆင့် သူ့နောက်မှာ တွန်းလှည်းတွန်းရင် ရပ်နေတဲ့ မိုးဂေါင်ကိုပါ မြင်လိုက်ရပါသည်။ ရီးက ဒူးတုပ်ထိုင်နေကာ သူတို့က ကွိကွိကို အာရုံစိုက် စိတ်ဝင်စားနေကြတာမို့ ရီးကို မိုးဂေါင်က မမြင်သေး။

လှိုင်းကတော့ အပူပင်ကင်းမဲ့ပေါ့ပါးစွာ ကွိကွိကို ချစ်စနိုး ရယ်မောနေပါသည်။ လှိုင်းကတော့ ရီးကိုမြင်လည်းပဲ သိမည်မထင်ပါ။ ရီးက ကတုန်ကယင်ဖြစ်လာတဲ့ ကိုယ့်စိတ်ကို ကိုယ်ထိန်းရင်း ထိုင်နေရာမှ ထ,ရပ်လိုက်ပါသည်။

"ကွိကွိ ... လာ"

သူတို့ကိုမကြည့်ဘဲ မျက်လွှာချထားပြီး ကွိကွိလက်ကိုဆွဲ၍ ရီးတို့ လှည့်ထွက်လိုက်ပါသည်။

"အစ်မ ... အစ်မသမီးလေးက တအားချစ်ဖို့ကောင်းတာပဲ"

လှိုင်းက ရီးကို လှမ်းပြောလိုက်တဲ့အပြင် ရီးလက်ထဲက ခြင်းတောင်းထဲ ထိုးထိုးထောင်ထောင်ပါနေတဲ့ အီးယော်ရုပ်ဖက်လုံးကို ဖျတ်ခနဲ ဆွဲနှိုက်ယူလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီဖက်လုံးလေး အန်တီ ယူလိုက်ပြီ"

ကွိကွိကို ဆက်စ,လိုက်ပြန်သေးရာ ကွိကွိက နှီး ဆွဲခေါ်လိုက်ရာသို့ မပါတော့ဘဲ လက်ကိုဆောင့်ဖြုတ်၍ လှိုင်း လက်ထဲက ဖက်လုံးရုပ်ကို ခြေဆောင့်ပြန်လုကာ ...

"ဟင်း ... သမီးဟာ ... သမီးဟာ၊ သမီး ယူထားတာ"

"အန်တီယူမလို့ပါ"

"ဟင့်အဖ်း ... ဟင့်အင်း ... ဟင့်အင်း"

ရိုးသည် ကွိကွိကို ချွန်ရစ်ခဲ့ပြီး ကိုယ်ချည်းထွက်သွား ဖို့ကလည်းမဖြစ်။ စိတ်ဆင်းရဲစွာ ကွိကွိလက်ကို လိုက်ဖမ်းဆွဲ ရင်း ...

"ကွိကွိ ... လာ"

"ဟင့်အင်း ... သမီးဖက်လုံး ... သမီးဖက်လုံး"

"ဟား ဟား မား၊ ကြည့်ပါဦး ဦးရယ်၊ ခေါသတွေကြီး နေလိုက်တာ၊ မျက်နှာလေးတောင် ရဲလာပြီ၊ ပေးဘူး မ ဘူး"

ရိုးသည် အလကားနေရင်း စိတ်တွေ တအားမြ ထူးနေပုံရတဲ့ လှိုင်းကို မနှာလိုလှစွာ တစ်ချက်လှမ်းကြည့်လိုက် မိပါသည်။ သူ့မှာတော့ စိတ်တွေချမ်းသာလွန်းအားကြီးလျက် ကိုယ့်မှာတော့ ရင်ကွဲပက်လက်ပါလား။





ဗိုက်ကလေး မူထွက်နေတာတာလွဲရင် ဆံပင်ကိုဘေး နှစ်ဖက်မှာ "ချို"ထွက်နေသလို ချည်ထားတဲ့ လှိုင်းရဲ့မျက်နှာ ကလေးဟာ နှမပ်ရှန်းသစ်ပြီး ငယ်ဂုဏ်နှင့် နုနယ်လန်းဆန်း တောက်ပနေသည်။ အရမ်းချောတဲ့ ရုပ်မျိုးမဟုတ်ဘဲ ကျန်းမာပြီး နုသစ်နေတဲ့ အလှမျိုးနှင့် လှိုင်းပုံစံကလေးက ချစ်စရာကောင်းလှ ပါသည်။

တစ်ဆက်တည်းပဲ ရိုးက မျက်ဝန်းအကြည့်ကို မထိန်းလိုက်နိုင်ဘဲ မိုးဂေါင်ထံ ဖျတ်ခနဲ ကြည့်မိလျက်သား ဖြစ် သွားပါသည်။ ဘယ်လိုထားရမှန်း မသိသလို ပျက်နေတဲ့ မိုးဂေါင် ရဲ့အိုးတိုးအမ်းတမ်းမျက်နှာကြီး ပုံပန်းဟာ သနားစရာ။ ရိုးကို အားနာပြီး စိတ်တွေအိုက်နေတာ ပေါ်လွင်နေသည်။

ရိုးထံ ပြန်ကြည့်နေတဲ့ သူ့ရဲ့မျက်ဝန်းတွေထဲမှာ တောင်းပန်တိုးလျှိုးသော အရိပ်အယောင်တွေ လျှံကျနေပါသည်။ ကိုယ် တောင်းပန်ပါတယ် ရိုးရယ် ... လို့ အသံပါထွက်ကျလာ သယောင် စကားလုံးတွေ ပျော်ဝင်နေတဲ့ မျက်ဝန်းများဟာ ဆွေး ညှိုလျက်။

ဩော် ... မိုးဂေါင် ... မိုးဂေါင်။

ခေတ်ဆန်ပြီး ငယ်ရွယ်နုပျိုတဲ့ ဇနီးကလေးနှ ထားတော့ အပြင်အဆင်တောင်မှ ပြောင်းလဲနေပါပေါလား။

www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း ရှပ်ဖြူလက်ရှည်၊ ပိုးတွဲပုဆိုးနဲ့ပဲ မြင်သားကျခဲ့တဲ့ မိုးဂေါင်ဟာ ခုတော့ စပို့ရှပ်ဖြူဆွတ်ဆွတ်လက်တိုနှင့် စတိုင်ဘောင်းဘီအနက်ကို ဝတ်ဆင်ထားပါသည်။ ဆံပင်ပုံတောင်မှ နုနယ်တဲ့ပုံညှပ်ထားသေးတဲ့အတွက် ပုံပြောင်းပြီး ငယ်နုသွားတယ်လို့တောင် ထင်မှတ်ရပါသည်။

ရီးက ဖျတ်ခနဲ မျက်လွှာပြန်ချလိုက်၍ ကွိကွိလက်ကိုဆွဲကာ ...

"ကွိကွိ ... လာတော့"

"ရော့ ... ရော့ ... သမီးလေး၊ အန်တီက စ,တာနော်သမီးနော်၊ ချစ်လို့စတာပါ၊ သမီးဖက်လုံးလေး ထည့်လိုက်ပြီနော်"

လှိုင်းက ဖက်လုံးကို ခြင်းထဲပြန်ထည့်ရင်း ရီးကိုကြည့်ကာ ...

"အစ်မသမီးလေးက အရမ်းကို ချစ်ဖို့ကောင်းတယ်၊ ကြာကြာကြည့်ထားမှ သူနဲ့တူတာလေး မွေးအောင် ... ဟီးဟီး"

ရီးက လှိုင်းကို စေ့စေ့မကြည့်ဘဲ မပွင့်တပွင့်ပြုံးရုံသာ လှည့်ထွက်လိုက်ပါသည်။

"သမီး ... တာ့တာ"

"... ... ..."



"အယ် ... ဦးရေ၊ မျက်စောင်းထိုးတယ်တော့၊ ဟား ဟား ချစ်လိုက်တာ"

ကလေးချစ်တတ်ပုံလည်းရတဲ့ ကလေးသာသာမိခင်လှောင်းလေး လှိုင်းရဲ့ ရယ်သံသာသာက နောက်နားမှာ ကျန်ရစ်သည်။ သူကိုယ်တိုင်ကိုက ချစ်ရာလေး။ တီတီတာတာနှင့် မိုးဂေါင်လည်း သိပ်ကိုချစ်မှာပါပဲ။ သူ့မိန်းမကို သိပ်သည်းတာ ဆိုတဲ့အသံမျိုးတွေ တစ်ခါတစ်ရံ ခက်ခက်ထံက မကျေမချမ်း ကြားရတတ်ပါသည်။

သူ့အတွက် ကိုယ်ဝန်ဆောင်ပေးထားတဲ့ ဧနီးကလေးရယ်လို့ ပိုပြီးတော့တောင် သည်းဦးမှာပေ့ါ။ ခုလို နေ့လယ်နေ့ခင်းအချိန်မျိုး အိုးရှင်းလိုနေရာကို ဈေးဝယ်အတူလိုက်လာပေးတာကို ကြည့်ပါလား။ ဒီလောက် အလုပ်များ အလုပ်ရှုပ်တဲ့ မိုးဂေါင်ဟာ နေ့လယ်နေ့ခင်းတွေမှာ ရီးနဲ့ ဘယ်တုန်းများ ဈေးဝယ်အတူထွက်ဖူးလို့လဲ။

ရှုပါမားကက်တွေ သွားချင်ရင် ရီးဘာသာရီး မိဖြူနှင့်ဖြစ်စေ ခက်ခက်နှင့်ဖြစ်စေ မေမေနှင့်ဖြစ်စေ အဖော်လုပ်ပြီးသွားရတာ။ ညဦးပိုင်းလောက်ဆိုရင်တော့ တစ်ခါတစ်ရံ အပြင်အတူထွက်ဖြစ်တာ၊ ရုပ်ရှင်ကြည့်တာ စသဖြင့် ထွက်ရလေ့ရှိသော်လည်း များသောအားဖြင့်တော့ ရီးကသာ တစ်နေကုန် တစ်နေ့ခန်း

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရှာတဲ့အလုပ်နှင့် ပင်ပန်းနွမ်းနယ်လာမည်ဖြစ်တဲ့ ခင်ပွန်းယောက်ျားကိုအိမ်ရောက်မှတော့ အနားယူပါစေတော့ဆိုတဲ့သဘောနှင့် ညပိုင်းတွေ ထွက်ခဲ့ခဲ့သည်။

ခုလို ဗိုက်ကြီးသည့်ဝတ်စုံလေးနှင့် ဖနိုင်ယယ်ဝယ်လေး နောက်ကနေ အသက်ကြီးကြီး ခင်ပွန်းသည်က ဖနီးဝယ်သမျှ လှည်းတွန်းပြီး လိုက်လာတဲ့ မြင်ကွင်းဟာ တစ်မျိုးတစ်ဖုံဆန်းပြီး ကြည့်ကောင်းနေတာကို ရိုး ဝမ်းပန်းတနည်း မြင်ယောင်နေမိပါသည်။

ငါနဲ့ ဒီလိုမြင်ကွင်းမျိုး ဘယ်နှခါရှိခဲ့ဖူးသလဲလို့ စဉ်းစားကြည့်တော့ အိမ်ထောင်သက် ဆယ့်ငါးနှစ်ကျော်ရှိတဲ့ အထဲ သဲသဲကွဲကွဲ မြင်ကွင်းမျိုး အမှတ်တရ အာရုံထဲပေါ်မလာ။ တစ်ခါတစ်ရံ ဒီလိုဈေးဝယ်ထွက်ဖူးတဲ့ အကြိမ်တွေ ရှိခဲ့သော်လည်း ရိုးက ကိုယ့်ခြင်းတောင်းကိုယ်လက်ချိတ်ကာ သွားတာပင်။

သူငယ်ချင်း အဖြစ်ကနေ အဆင့်တက်လာတာကြောင့်လား။ ဒါမှမဟုတ် ရိုးကိုကပဲ ချွဲနွဲ့မိုးမိုမတတ်တာကြောင့်လားတော့ မသိပါ။ ထူးခြားပြီး ဂရုစိုက်ကြင်နာမှုမျိုးကို မိုးဂေါင်ထံမှ ရိုး မရခဲ့ပါ။ သာမန်အားဖြင့်တော့ မိုးဂေါင်ဟာ မိန်းမအပေါ် ပုံမှန်ကြင်နာလေးစားမှုမျိုး ရှိပေမယ့် တကူးတက ယုယဂရုစိုက်နေတာမျိုးကိုတော့ ရိုး ဘာကြောင့် မရခဲ့တာများလဲ။





ရိုးကပဲ ရိုးရိုးကြီးနေတတ်လွန်းလို့လား။ လိှုင်းကိုတော့ သူ့ရင်သွေးကလေးကို ဗိုက်ထဲတပင်တပန်း လွယ်ပိုးပေးထားရတယ်ဆိုတဲ့ အထူးညှာတာကြင်နာမှုမျိုး သူ ထားရှိပုံရပါသည်။

"ဟဲ့ ... နင်တို့ ဘယ်ရောက်သွားလဲလို့"

ခက်ခက်နှင့်ပြန်ဆုံသော် ခက်ခက်က သူ့သမီးကို လာတွဲလိုက်ရင်း ...

"ဒီဖက်လုံးကြီးက ဘာလဲ၊ ကွိကွိ ... အန့်တီရိုးကို ပူဆာတာလား ဟုတ်လား၊ လျှောက်မပူဆာရဘူးလို့ မေမေ ပြောထားတယ် မဟုတ်လား"

"ထားလိုက်ပါ၊ ငါဝယ်ပေးချင်လို့ပါ"

"ရိုး ... ! နင် ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ"

"နင့်မျက်နှာက ဖြူဖပ်ဖြူရော်နဲ့ နေကောင်းရဲ့လား၊ ရတ်တရက် ပရက်ရှာတွေ ဘာတွေများ ကျတာလား"

"ဘာမှမဖြစ်ပါဘူးဟယ်၊ လာ ... သွားကြစို့"

ရိုးက ခက်ခက် လက်မောင်းကိုဆွဲကာ မိုးဂေါင်တို့ရှိရာဘက်နှင့် ဝေးရာသို့ ဆွဲခေါ်လာသော်လည်း လမ်းချိုးတစ်ခုထဲက ကွေ့ထွက်လာတဲ့ သူတို့လင်မယားနှင့် သက်မကင်း နောက်လှည့်ကြည့်တဲ့ ခက်ခက်တို့ ဘွားခနဲ လှမ်းတွေ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ! ဟို ... ဟိုမှာ"

ခက်ခက်သည် မိန်းမနောက်က လှည်းတွန်းပြီးလိုက်နေတဲ့ မိုးဂေါင်ကို မျက်လုံးပြူး မျက်ဆန်ပြူး လှမ်းကြည့်ရင်း ...

"သူလိုလူက ဒီလို ကရိကထ ခံတတ်တဲ့သူမျိုးလား၊ သူတို့ ကိုရဲတို့ အတူတူပဲ မိန်းမဆွဲထားတဲ့ ခြင်းတောင်းထဲ သူတို့စားချင်တာ တစ်ခုပြီးတစ်ခု ပစ်ထည့်တတ်တဲ့ သူမျိုးတွေပဲ မဟုတ်လား"

ဦးက မချိုပြုံးလေးနှင့် ...

"မိန်းမက မိခင်လောင်းဆိုတော့ ညှာတာရမှာပေါ့ဟယ်"

ခက်ခက်က ရီးထက် တရှုံ့ရှုံ့ ခံပြင်းနေကာ ...

"အမယ်လေးနော် ... ဘယ်သူ့ကလေးကိုမွေးမယ့် မိခင်လောင်းလဲ"

"မပြောပါနဲ့ ခက်ခက်ရယ်၊ သေမှမသေချာဘဲ၊ သူ့ကို စိတ်မဆင်းရဲစေချင်ပါဘူးဟာ၊ သူ ကံကောင်းပါစေလို့ပဲ နင်လည်း ဝိုင်းဆုတောင်းပေးနော်"

♣ ♦ ♣





## ၁၁

ဟဲန်းဒ်ဖုန်းမှာပေါ်လာသော "Unknown" ဆိုတဲ့ စာတန်းအရ လှိုင်း ထိတ်ခနဲ ရင်ဖိုသွားပါသည်။ ဒီလိုစာတန်းမျိုးဟာ နိုင်ငံခြားကလာတဲ့ ကောလ်တွေမှာ ပေါ်တတ်သည်။ ဦးက ကွန်ပျူတာစားပွဲမှာထိုင်ပြီး အီးမေးလ်စစ်နေခိုက်ဖြစ်ကာ လှိုင်းက ခုတင်ပေါ်မှာ ခေါင်းအုံးတွေ ဆင့်ကာ ခုကာ မှီပြီး ဗီဒီယိုတစ်ကား ကြည့်နေတုန်းဖြစ်သည်။

လှိုင်းက ဖုန်းကိုဖွင့်ကာ ...

"ဟယ်လို"

"လှိုင်း"

လှိုင်း ရင်ထဲ ဒိန်းခနဲနှင့် ခေါင်းနပန်းပါ ကြီးသွားသလိုပင်။ ထင်တဲ့အတိုင်း တစ်ဖက်ကအသံက နေလင်း။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"လှိုင်း ... ငါပါ"

"ဟယ်လို ... ဟယ်လို"

လှိုင်းက ဗီဒီယိုကိုပေါ့စ် လုပ်ထားရစ်ပြီး လှလည်ကျကာ ဖုန်းကိုနားမှာကပ်၍ ဟယ်လို ဟယ်လို အော်ရင်း အခန်းပြင် ထွက်လာပါသည်။ လှိုင်းပဲမမိသလိုလိုနဲ့ပေါ့။ ဘာမှမကြားရသလိုလိုနှင့်ပေါ့။ အခန်းပြင်ရောက်တော့မှ ဧည့်ခန်းအပြင်ဘက်ဝရန်တာဆီ ခြေဖျားထောက်ပြီးပြေးကာ ဝရန်တာနှင့် ဧည့်ခန်းကူးတဲ့တံခါးကို ပိတ်ပစ်လိုက်ပါသည်။

ဒါဆိုရင် ဝရန်တာမှာ လှိုင်း ဖုန်းပြောနေသမျှကို တစ်အိမ်လုံး ဘယ်နေရာကမှ မကြားရတော့ပါ။ ●

"ဟယ်လို"

"လှိုင်း ... မကြားရဘူးလား၊ ငါပါ နေလင်းပါ"

"ကြားတယ်၊ ပြော၊ နင် ဘာကိစ္စ ငါ့ဆီဖုန်းဆက်ရတာလဲ"

"ဒီလိုပါပဲ၊ ဆက်ချင်စိတ်ပေါက်လို့ ဆက်လိုက်မိတာ၊ အနှောင့်အယှက် ဖြစ်သွားလား"

"ဖြစ်တယ်"





"လှိုင်း ... ငါ့ဆီကို အောင်ကိုကိုက အီးမေးလ်နဲ့ဓာတ်ပုံတွေ ပို့လိုက်တယ်၊ ဖူးပွင့် မွေးနေ့တုန်းက နင်တို့လျှောက်လည်ကြတဲ့ပုံတွေလေ"

"အဲဒါ ဘာဖြစ်လဲ"

"အဲဒီမှာ နင့်ဗိုက် တော်တော်ပူနေပြီပဲနော်"

တောက် ...။ လှိုင်းက ကျိတ်၍ တောက်ခတ်လိုက်ပြီး မသာကောင်၊ ခွေးကောင်၊ လူယုတ်မာကောင် စသဖြင့် စိတ်ထဲကနေ နင်နစ်နာနာ နာမ်စားတွေ ခေါ်ဝေါ်သုံးနှုန်းပစ်မိသည်။

"အဲဒါ ဘာဖြစ်လဲ၊ နင့်အပူလား"

"ငါ ထွက်သွားပြီး သုံးရက်မြောက်နေ့မှာ နင်တို့ ဧည့်ခံပွဲလုပ်တာ ငါ သိတယ်၊ လက်ထပ်တာကတော့ ငါမသွားခင်ကတည်းက၊ ဧည့်ခံပွဲထက် ဆယ်ရက် ဆယ့်နှစ်ရက်စောတယ် မဟုတ်လား"

"နင် ဘာအရည်မရ အဖတ်မရတွေ လာပြောနေတာလဲ နေလင်း၊ ဒါတွေ နင်နဲ့ ဘာဆိုင်လို့လဲ၊ ဘာကောထူးဆန်းလို့လဲ"

"နင် အခု ဘယ်နှလလဲ၊ မွေးခါနီးနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"နောက်လမကုန်ခင် ခွဲမွေးမယ်၊ ကဲ ... ဒါပဲမို့လား"

"နေပါဦး လှိုင်း"

"နင် ငါ့ဆီ ဖုန်းမဆက်နဲ့၊ ငါ ဦးနဲ့ပြဿနာမတက်ချင်ဘူး၊ ငါတို့အိမ်ထောင်ရေးက ပြေလည်သာယာနေတာ၊ ဦးက အရမ်းကောင်းတဲ့ ခင်ပွန်းသည်၊ ငါ့ဘဝလေးကို ငါ အပျက်စီးမခံနိုင်ဘူး၊ ဘာမှလဲမဟုတ်ဘဲနဲ့ ဦး စိတ်ဆိုးမှာမျိုး ငါ မလုပ်ချင်ဘူး၊ နောက်ကို ငါ့ဆီမဆက်ပါနဲ့ နေလင်း"

"ငါလည်း နင့်သူငယ်ချင်းတစ်ယောက်ပဲလို့ ဦးမိုးဝေါင်သိထားသားပဲဟာ"

"ဒါပေမဲ့ မသိတာကိုလည်း မသိဘူး၊ ငါဘာပြဿနာမှမပေါ်ချင်ဘူး နေလင်း။ နင် ငါ့အပေါ် ဒီလောက်တော့ ငဲ့ညှာပြီး ကောင်းပေးသင့်တယ်"

"အင်းပါလေ၊ ရှေ့ကကော ငါ ဆက်ဖူးလို့လား၊ ဒီတစ်ခါပဲ ဆက်သေးတာ"

"နောက်လည်း မဆက်နဲ့"

"ခုလည်းပဲ ဓာတ်ပုံတွေတွေ့လို့သာ ဆက်မိတာပါ၊ နင်တောင် ကလေးမွေးတော့မယ် ထင်တယ်လို့ စိတ်ထဲမှာ





တွေးမိတော့ အရမ်းဆက်ချင်လာတာကြောင့်ပါ၊ ငါတောင် ရှေ့လကုန် ကျောင်းတစ်လပိတ်မှာ ပြန်လာမယ်"

"တစ်လတည်းများ ဟိုမှာပဲနေပေါ့၊ နင်တို့ သိပ်ငွေပေါနေတယ် ဟုတ်လား၊ သွားလိုက် ပြန်လိုက် လုပ်နေရအောင်"

"တစ်လလောက် ကိုယ့်မိသားစုကြား ကိုယ့်သူငယ်ချင်းတွေကြား ပြန်ရောက်ရတာ နည်းလား၊ ကုန်ရတဲ့ပိုက်ဆံနဲ့ နှိုင်းမရအောင် တန်တယ်"

"နင် ... နင့်အမေ ပြောခဲ့တုန်းကကျတော့ သုံးနှစ်အတွင်း တစ်ချက်မှ ပြန်မလာနိုင်ဘူးဆို၊ အခု ဘာဖြစ်လို့ ..."

ရုတ်တရက် ပွင့်သွားတဲ့ ဝရန်တာတံခါးကြောင့် လှိုင်းက ပြောလက်စ ထစ်တုံ့ကာ ရပ်သွားပါသည်။ ထွက်လာသူက မိုးဝေါင်။ လက်ထဲမှာ စီးကရက်နှင့်။ ဝရန်တာမှာ စီးကရက်ထွက်သောက်တာဖြစ်သည်။ အရင်က အိမ်ခန်းထဲမှာ စီးကရက်သောက်ပေမယ့် ခုတော့ ကိုယ်ဝန်နှင့်လှိုင်း ရှိနေပြီမို့ အိမ်ထဲမှာ မိုးဝေါင်က စီးကရက်မသောက်တော့။

မိုးဝေါင်က လှိုင်းရှိနေ၍ ဝရန်တာရဲ့ဟိုးဘက်စွန်း လှိုင်းအနားကပ်မလာဘဲ ဟိုးတစ်ဖက်စွန်းမှာပဲရပ်ကာ စီးကရက်သောက်နေရင်း လှိုင်းကို ပြုံးပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဒါပဲလား၊ နင် အလကားနေရင်း ဖုန်းဖိုးတွေလည်း ဖြုန်းတီးမနေနဲ့၊ ငါ ချလိုက်တော့မယ်၊ ငါ ဗီဒီယိုကြည့်နေတာ"

"လှိုင်း ... ငါ တစ်ခုပြောမယ်"

"ဘာလဲ"

"ငါ ... ငါလေ ... နင့်ပုံကိုမြင်တော့ နင့်ဗိုက်ထဲက ကလေးဟာ ငါ့ကလေးများ ဖြစ်နေရင် ဘယ်လို ..."

"သေလိုက်၊ နင် သေလိုက် မသာကောင်ရဲ့"

လှိုင်းက ဖုန်းကို စိတ်ဆိုးမာန်ဆိုးပိတ်ကာ ပါဝါပါ အော့ဖ်လိုက်ပါသည်။ မိုးဂေါင်က အံ့ဩတကြီး လှည့်ကြည့်ရင်း ...

"ဘယ်သူ့ကို ဒီလောက်တောင် ပြောနေတာလဲ လှိုင်းရဲ့"

လှိုင်းသည် တတ်နိုင်သလောက် မညာလိုသူမို့ ...

"နေလင်းပေါ့"

"ဩော် ... ဟိုကောင်လေးလား၊ နိုင်ငံခြားက ဆက်တာလား"

"ဟုတ်"

"ဘာတွေပြောလို့လဲ"





"ဖူးပွင့် မွေးနေ့၊ မီးတို့လျှောက်လည်တုန်းကပုံတွေ သူ့ဆီကို အောင်ကိုကိုက အီးမေးလ်နဲ့ ပို့လိုက်လို့ပါ၊ မီးပုံကိုတွေ့လို့ သူက မီးကို ဗိုက်ကြီးသည်မလို့ ခေါ်လို့ပါ"

"ဩော် ... ဟား ဟား ဟား၊ ခေါ်ပါစေပေါ့ လှိုင်းရယ်၊ ဘာဖြစ်လဲ ... ဟား ဟား"

"မီးဆီ ဖုန်းဆက်တာလည်း မကြိုက်ပါဘူး၊ တော်ကြာ ဦး အငွေ့ငင်လွဲလိမ့်မယ် မဆက်နဲ့လို့ ပြောလိုက်တယ် ဦး"

မိုးဂေါင်က စီးကရက်မီးကို ငြိမ်းသတ်လိုက်ပြီမို့ လှိုင်းက မိုးဂေါင်အနား "တိုးကပ်သွားကာ ဦးရင်ခွင်မှာ ခေါင်းကလေးတိုးမှီလိုက်ပါသည်။

"ဩော် ... ဆက်ရင်လည်း ဆက်ပစေပါ လှိုင်းရယ်၊ သူက လှိုင်းကို ချစ်ဖူးတယ်ဆိုပေမယ့်လည်း လှိုင်းလည်း လက်ခံခဲ့ဖူးတာမှ မဟုတ်တာ၊ ပြီးတော့ အစကတည်းက သူငယ်ချင်းတွေလည်း ဖြစ်ခဲ့သေးတာပဲဟာ"

"ဖယ်ားရှုပ်ပါတယ် ဦးရာ၊ မဆက်တော့ အေးရောပေါ့၊ ပြီးတော့ သူက ဒီကိုလည်း ပြန်လာလည်ဦးမှာတဲ့၊ နောက်လကုန် သူတို့ကျောင်းက စာစီလပိတ်မှာမို့လို့တဲ့၊ အားအားလျားလျား၊ ပိုက်ဆံကုန်ခံပြီး သွားချည်လာချည်နဲ့ ပြန်မလာဘဲနေတာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သြော် … သူ့ဟာသူ ပြန်လာတာပဲ လှိုင်းရယ်၊ ဘာဖြစ်တုန်း၊ မိဘက ဒီမှာလေ၊ လာတော့လည်း သူငယ်ချင်းတွေဆုံကြရင် တစ်ခါတလေ တွေ့လိုက်ပေါ့"

"ဟင့်အင်း … မီးလည်း အဲဒီအချိန်ကျ မွှေးနေလောက်ပြီ၊ ကိုယ့်ဟာကိုယ် အိမ်မှာပဲနေမယ်၊ ဆုံစရာလည်းမလိုဘူး၊ တွေ့စရာလည်း မလိုဘူး၊ အလကားနေရင်း ဦး အထင်လွဲမှာတွေ ပြဿနာတက်မှာတွေလည်း အဖြစ်မခံနိုင်ဘူး"

မိုးဂေါင်က လှိုင်းရဲ့ခေါင်းက ဆံပင်လေးတွေကို ပွတ်သပ်ကာ ခပ်တိုးတိုး ရယ်မောရင်း …

"လှိုင်းက ငယ်သေးတယ်ဆိုပေမယ့် ဦးက လှိုင်းကိုချစ်ချယ်တာ၊ မယုံကြည်တာ၊ ဒီလိုလုပ်ရမယ်လို့ ဝင်ဆုံးဖြတ်တာမျိုးတွေ မလုပ်ပါဘူး၊ လှိုင်းကို အကောင်းအဆိုး ဝေဖန်ပိုင်းခြားတတ်တဲ့ ဦးနောက်ရှိမယ်လို့ယုံတဲ့အပြင် ဦးရဲ့ရင်သွေး ဦးကလေးရဲ့ မိခင်တစ်ယောက် ဖြစ်တဲ့အတွက် ထိုက်တန်တဲ့ လေးစားနေရာပေးမှု ရှိရမယ် မဟုတ်လား၊ လှိုင်းကို ဦးယုံပါတယ် လှိုင်းရဲ့"

လှိုင်းသည် သူ့မျက်နှာကလေးကို မိုးဂေါင်ရဲ့ရင်မှာ ပိုတိုးအပ်ပြီး ဖွက်ထားလိုက်ပါသည်။ ဦးက အဲသလိုစကားမျိုး ပြောလျှင် လှိုင်းရင်ထဲ ဝမ်းနည်းသလို ခံစားရပါသည်။ အဲဒီအချိန်





တုန်းကတော့ နေလင်းကို မုန်းတီးနာကြည်းစိတ် နေလင်းအမေကို မခံချင်တဲ့စိတ် အောက်မကျချင်တဲ့ မာနတို့နှင့် ရုတ်တရက် ချက်ချင်းစဉ်းစားစိတ်ကူးပြီး အကောင်အထည်ဖော်ပစ်လိုက်တဲ့ လုပ်ရပ်ပင်။

ဒါပေမဲ့ နောင်တဖြည်းဖြည်းမှာ ကိုယ်လုပ်ခဲ့တဲ့ အပြုအမူအတွက် လှိုင်း ရင်ထဲ ဝမ်းနည်းသလိုလို နောင်တရသလိုလို လိပ်ပြာမလုံသလိုလို အမြဲပဲ မလုံခြုံတဲ့စိတ်က ချောင်ထဲမှာ ခိုအောင်းကာ အမှတ်မထင် လှုက်ခိုနှိပ်စက်ပါသည်။

အဲဒီတုန်းကတော့ ဦးလည်းပဲ တစ်ခုလပ်ပဲ၊ ဘယ်သူမှမသာ ဘယ်သူမှ မနာပါဘူးလို့ တစ်ယူသန်သန်ပဲ တွေးပစ်လိုက်သည်။ အိမ်ထောင်သည်ဘဝ ရောက်ပြီးမှ သူ့အပေါ် ဂရုတစိုက်နှင့် တမြတ်တနိုး တလေးတစား ရှိလှတဲ့ ဦးရဲ့အပြုအမူများက လှိုင်းကို နောင်တနှင့် ရင်မောနေဖို့ နှိပ်စက်ကြတာဖြစ်သည်။

လှိုင်းရဲ့ဗိုက်ထဲမှာ လွယ်ထားရတဲ့ ရင်သွေးကလေးကို ရူးရူးမူးမူး ဖြစ်လွန်းလှတဲ့ ဦးကြောင့် လှိုင်းသည် ခမ္ဘးဖွားရဖို့နီးလာလေလေ စိတ်တွေလှုပ်ရှား ကတုန်ကယင် ဂနာမငြိမ်လေ။ ဘာကိုကြောက်မှန်းမသိ ကြောက်နေကာ အလကားနေရင်းလည်း ဝမ်းနည်းနေမိတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးဂေါင်ရဲ့ ရှုးသွပ်ပုံက လှိုင်းကို ပိုပြီးချောက်ချား စေပါသည်။

အိပ်ခန်းလေးခန်းပါတဲ့ ကွန်ဒိုမီနီယမ်အခန်းထဲမှာ ပြတင်းပေါက်များများနှင့် လေဝင်လေထွက် အကောင်းဆုံးအခန်းကို ရွေးချယ်ကာ မိုးဂေါင်က Baby room အဖြစ် သတ်မှတ်ပြင်ဆင်ထားသည်။

အဖြူပေါ် အပြာနုဖျော့ဖျော့ ပူပေါင်းရုပ် ဖဲပြားရုပ်ကလေးများ ကျဲကျဲပါတဲ့ နံရံကပ်စက္ကူကို ကပ်ထားတာမို့ အခန်းလေးက လင်းနေသည်။ ကလေးလေး ငါးနှစ်သားအရွယ်ထိ ဆက်အိပ်လို့ရတဲ့ ပုခက်အကြီးကြီးက အရွယ်ကြီးလာတဲ့အခါ ပုခက်ပုံစံ ဘေးဘောင်တွေကို နှိမ့်ချလိုက်ရင် အကာခပ်နိမ့်နိမ့်ပါတဲ့ ခုတင်ပုပုလေးလို ဖြစ်သွားမည်။

ကလေးအဝတ်ထည့်ဖို့ အတွန့်အတက်လေးတွေပါတဲ့ အဖြူရောင်ဗီရိုပုပုလျားလျားကလေးထဲမှာ လက်ပြတ်လက်တို လက်ရှည်၊ ဘောင်းဘီတို့ရှည်၊ အနွေးထည်၊ ဦးထုပ်၊ ခြေအိတ်၊ လက်အိတ်၊ အခင်း၊ အနှီး၊ စောင်၊ ခေါင်းအုံးဖက်လုံးတွေက အလဲအလှယ်များစွာ လုပ်လို့ရအောင် အရောင်စုံ အသွေးစုံပြည့်လျှံလွှက်နေပြီ။





အဝတ်ဖိနပ်ကလေးတွေချည်း အရုပ်ပုံမျိုးစုံ၊ အနှီးဆိုလျှင် အဖြူကြောင်၊ ပန်းနုကြောင်၊ အပြာနုကြောင်၊ အဖြူပေါ် ပန်းနုပွင့်။ အဝါနုပွင့်၊ အို ... ချစ်စဖွယ် အဆင်အသွေးမျိုးစုံ အောင်ပင်။ နို့ဘူး၊ နို့ခွက်၊ ဇွန်း ပန်းကန်ခွက်ယောက်လေးတွေကလည်း အမျိုးစုံကာ လှပဆန်းကြယ်လှပါသည်။ တစ်ခါတစ်ရံလည်း လှိုင်းနှင့်အတူဝယ်သလို တစ်ခါတစ်ရံလည်း သူ ဘယ်လိုဖွေရှာဝယ်လာလဲ မသိရ။

အရောင်စုံစုံ အရုပ်တွေမျိုးစုံကလည်း နံရံတစ်ဖက်ကပ်၍ တစ်လျှောက်လုံး တန်းစီချထားသည်။ ဂျောက်ဂျက်လေးတွေ မျက်နှာကျက်က တန်းလန်းကျပြီး လည်နေတဲ့ ရောင်စုံရုပ်လေးတွေ။ သူ ပြင်ဆင်ထားတဲ့ ကလေးခန်းဟာ ဘယ်သူပဲဝင်သွားသွား "အို" "ဟယ်"နှင့် ရင်သပ်ရှုမော မဖြစ်မယ့်သူ မရှိပါ။ ဆန်းကြယ်သော အိပ်မက်ကမ္ဘာလေးထဲ ရောက်သွားရသလိုဆေးမော်မင်သက်ငိုရမည့် ခမ်းနားမှုမျိုးနှင့် လှနေသည်။

ဒါဟာ တစ်နေ့တစ်ရက်တည်း သူ မြင်ခဲ့တာမဟုတ်။ လှိုင်းမှာ ကိုယ်ဝန်ဆောင်ထားပြီဆိုတာ စသိကတည်းက တဖြည်းဖြည်း တစိမ့်စိမ့် နေ့စဉ်ရက်ဆက် စိမ်ပြီးပြင်လာတာ။ စိတ်ကူးရလိုက် ဝယ်ဖြည့်လိုက်၊ ပြင်ဆင်လိုက်။ သူ့ဟာသူလည်း တစိမ့်စိမ့် ကြည့်မဝ ကျေနပ်မဝ။



www.burmeseclassic.com

www.burmeseclassic.com



ရှုးသွားလောက်တဲ့ မျှော်လင့်မှုမျိုးနှင့် ဤကလေးလေးကို မိုးဂေါင် မျှော်လင့်နေတာ သိရလေလေ။ လှိုင်းရင်တွေ မောပန်းမွန်းကျပ်လေ။ ဦးကို အမှန်တရားအတိုင်း ပွင့်ပွင့်လင်းလင်း ဖွင့်မပြောခဲ့ဘဲ တိတ်တိတ် ကျိတ်မြိုလက်ထပ်ခဲ့မိတာအတွက် နောင်တတွေရလေ။ ခုချိန်မှာတော့ လှိုင်းသည် ဦး ဘာကြောင့် သူ့ရဲ့ပထမဇနီးနှင့် ကွာရှင်းရပါသနည်း ဆိုတာကို သိခွင့်ရပြီး ခဲ့ပြီ။

"ဒီချွတ်ယွင်းချက်လေးကလွဲရင် ရိုးမှာ ဘာအပြစ်မှမရှိခဲ့ပါဘူး၊ သူ သွားစစ်ကြည့်ပြီး အဖြေက မျက်နှာပန်းမလှတော့ ဦးကို ပြန်ဖွင့်မပြောဘူး၊ ဖုံးဖိထားတာပေါ့၊ ဒါပေမဲ့ သူ့အမေ ဦးရဲ့ယောက္ခမကြီးက သူ့သမီးချွတ်ယွင်းတာကို ဖုံးအုပ်ပစ်လိုက်ပြီး ပတ်ဝန်းကျင်မှာ ဦးက ကလေးမရနိုင်ဘူးလို့ ပြောင်းပြန်လှန်ပြီး သွားပုပ်လေလွင့် လျှောက်ပြောခဲ့တာ၊ တော်တော် စိတ်မကောင်းဖြစ်ခဲ့ရတယ် လှိုင်းရဲ့၊ ရိုးကို ဦး မေတ္တာမပျက်ဘဲနဲ့ ပြတ်စဲလမ်းခွဲခဲ့တာပါ၊ သူကတော့ စိတ်နာရှာမှာပေါ့လေ"

ဦး ပြန်ပြောပြတဲ့ အတိတ်ဇာတ်လမ်းကို ကျောတစိမ့်စိမ့်ဖြစ်အောင် နားထောင်ခဲ့ရသည်။ တုန်လည်း တုန်လှုပ်ခဲ့ရ





သည်။ သူ့ရဲ့ပထမဇနီးကို ချစ်လျက်နှင့် ကလေးမမွေးလို့ ကွာရှင်းခဲ့တာပေါ့။ ဒီလောက်တောင် ကလေးကို ရူးသွပ်တဲ့ ဦးကြောင့် အမှားအယွင်း အထစ်အငေါ့ တစ်စုံတစ်ရာ ဖြစ်မှာကိုလည်း လှိုင်း ကြောက်လွန်းလှပါသည်။

❖ ◆ ❖

ဗေဒင်ဆရာရဲ့ ခြံဝင်းကျယ်ကြီးထဲမှာ ကားတွေ ဟိုနားထိုး ဒီနားထိုးနှင့် စင်းရေက နည်းနည်းနောနောမဟုတ်။ မနက်ခပ်စောစော လာခဲ့တာပင် တိုကင်နံပါတ်ယူလိုက်တော့ နှစ်ဆယ့်ရှစ် ဖြစ်နေပါသည်။ နေရိပ်တဲ့ တစ်နေရာမှာ နေရာယူထားတဲ့ ကားပေါ်မှာ မေမေနှင့် ရိုး ထိုင်နေကြရင်းက မိုးဂေါင်ရဲ့ကားကို မေမေက စ,တွေ့တာဖြစ်သည်။

"ဟိုဟာ ... ညည်းယောကျာ်းကား မဟုတ်လား"

စကားထဲမှာ "မိုးဂေါင်"လို့ နာမည်ထည့်ပြောတဲ့အခါပြော၍ ရံဖန်ရံခါလည်း မေမေက "ညည်းယောကျာ်း"လို့ နှုတ်ကျိုးသလို သုံးနှုန်းတတ်မြဲ။ အဲဒီအခါတွေမှာ ဒဏ်ရာအနာကို အပ်ကလေးနှင့် ထိုးဆွသလို စူးစူးကျင်ကျင် နာကျင်ရပါသည်။

www.burmeseclassic.com



မိုးဂေါင်က ကားပေါ်မှာမရှိ။ ရိုး ဟိုဟိုဒီဒီ ဝေ့ကာဝဲကာ ရှာမိတော့ ခြံကျယ်ကြီးထဲမှာ ဟိုဟိုဒီဒီ လမ်းလျှောက်နေတဲ့ မိုးဂေါင်ကို တွေ့ရပါသည်။

"သူက ဗေဒင်တွေ ဘာတွေ မေးတတ်လို့လား"

"အရင်ကတော့ တစ်ခါမှ မမေးဖူးပါဘူး မေမေ"

"ဘာများ လာလုပ်လဲ၊ ထူးထူးဆန်းဆန်း"

မိုးဂေါင်က ရည်ရွယ်ရာမဲ့ ဒီကဟို ဟိုကဒီ လျှောက်ချင်သလို လျှောက်နေတာဖြစ်ရာ ခဏအကြာမှာတော့ သူ့ခြေလှမ်းများက ရိုးတို့ကား ရပ်ထားတဲ့ဘက်ဆီ ဦးတည်လာနေပါသည်။

"ဒုက္ခပဲ ... သင်းက ဒီဘက်ကို လျှောက်လာနေပြန်ပြီ၊ ညည်း မမြင်ချင်ယောင် ဆောင်နေစမ်း၊ တောက် ... တိုက်တိုက်ဆိုင်ဆိုင် သူနဲ့မှ လာတွေ့နေရတယ်လို့ပဲ"

ရိုးကတော့ မမြင်ချင်ယောင်ဆောင်နေတာက ပိုပြီး ရုပ်ပျက်တယ်ထင်ရာ သူ ဒီဘက်လျှောက်လာနေတာကို ရှေ့တူရူက ကားထဲမှနေပဲ လှမ်းကြည့်နေလိုက်ပါသည်။ မေမေက မျက်နှာမပြင်နိုင်ဘဲ ...

"ဟဲ့ ... မမြင်ချင်ယောင်ဆောင်ပါဆိုမှ တည့်တည့်ကြည့်နေရသလား"





"ကိုယ်က မမြင်ချင်ယောင်ဆောင်ရ ရှောင်ရအောင် ကိုယ်က ဘာအပြစ် ကျူးလွန်ထားတာမို့လဲ မေမေရယ်၊ ကိုယ်က စင်ပေါ်ကပါ၊ အေးအေးဆေးဆေး နေနိုင်ရမှာပေါ့၊ သူကသာ တုန်လှုပ်ရမှာပါ"

"အို ... ဘာပဲဖြစ်ဖြစ် ညည်း နှုတ်တော့မဆက်နဲ့နော် မွေးနွယ်ရိုး"

အဲဒီအချိန်မှာပဲ မိုးဂေါင်က နီးကပ်လာခဲ့ပါသည်။ ခေါင်းငုံ့လျှောက်လာတဲ့ သူဟာ ကားရှေ့ဆယ်ပေါ်ငါးပေလောက်ရောက်မှပင် ခေါင်းတစ်ချက်မော့ကာ ကားကို လှမ်းမြင်သွားပါသည်။ မြင်သွားသည်နှင့် ခြေလှမ်းတွေက တုံ့ခနဲ ရပ်သွားပြီး လူများလစ်လျှင်တော့ ကမန်းကတန်း ရှောင်ထွက်ပြေးသွားမည့် ပုံစံမျိုး ဖြစ်သွားပါသည်။

သို့ပေမယ့် သူ့ထံ စေ့စေ့စူးစူး စိုက်ကြည့်နေခဲ့တဲ့ ရိုးကို အမြင်မှာတော့ ဘယ်လိုမှ လှည့်ပြေးလို့ မဖြစ်နိုင်တာကြောင့် မိုးဂေါင်က ရှေ့ကိုဆက်လျှောက်ရင်း နီးကပ်လာပါသည်။ ကားနံဘေးရောက်လျှင်တော့ မိုးဂေါင်က အကျဉ်းအကျပ်ကျတဲ့ရုပ်မျိုးနှင့်ပင် အားယူဖျစ်ညှစ်ပြုံးရတဲ့ အပြုံးမျိုးနှင့် ခါးကိုင်းခေါင်းနိမ့်၍ ဟိုဘက်မှာ ထိုင်နေတဲ့ ရိုးရဲ့မေမေ ဒေါ်တင်လေးဝေထံ လှမ်းကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ နေကောင်းပါတယ်နော်"

ဒေါ်တင်လေးဝေက နည်းနည်းကလေးမှ လိုက်လျော ညီထွေ အားနာပါးနာပြုဖို့ စိတ်ကူးဘဲ မိုးဂေါင်ရဲ့စကားကို မဖြေ ဘဲအပြင် ဟိုဘက်သို့ ဆတ်ခနဲ မျက်နှာကို လွှဲပစ်လိုက်ပါသည်။

"ရိုး နေကောင်းကြတယ်နော်၊ အန်ကယ်လ်ရော"

မိုးဂေါင်က အစကတည်းက ယောက္ခမကို အန်ကယ်လ် အန်တီ ခေါ်ခဲ့သူပါ။ သူ့ဘဝမှာ "ဖေဖေ" "မေမေ"ဆို တာကို မှက်မှက် ရရ ခေါ်မှမခေါ်ဖူးခဲ့တာပဲ။

"ကောင်းပါတယ်"

"ရိုးတို့ ရောက်တာကြာပြီလား"

"ခုနမှပါ၊ နံပါတ်တောင် နှစ်ဆယ့်ရှစ်တဲ့"

"ကိုယ်က ဆယ့်ငါး၊ မကြာခင် ဝင်ရမယ် ပြောတယ်"

"မောင်လေး ဟိုမှာ ရုံးဌာနအပြောင်းအလဲနဲ့ ရာထူးတိုး စရာကိစ္စလေး ရှိတာနဲ့ လိုအပ်တာလေး ဒီက ယကြာချေ ပေးချင်လို့ လာလိုက်တာပါ"

ရိုး စကားကြောင့် ဘာကိစ္စ လျှာရှည်နေရတာလဲ ဆိုတဲ့ မနှစ်မြို့လွန်းတဲ့ အကြည့်မျိုးနှင့် ဒေါ်တင်လေးဝေက မျက် စောင်းလှည့်ထိုးပါသည်။ ရိုးကတော့ တမင်တကာကို ထုတ်ပြော လိုက်တာပါ။ ဒါမှ ရိုးသိပ်သိနေချင်တာကို နောက်ဆက်တွဲစပ်စပ် စုစုမေးဖို့ သင့်မည်မဟုတ်လား။





"ကိုမိုးဂေါင်ရော ... ဘာကိစ္စရှိလို့ လာတာလဲ၊ ထူးထူး ဆန်းဆန်း"

မိုးဂေါင်က ပြုံးတုံ့တုံ့ မျက်နှာလွှဲလွှဲနှင့် ...

"ဟိုဟာပါ၊ နောက်လမှာ ကလေးကို ခွဲစိတ်မီးဖွားဖို့ရှိ တာနဲ့ အဲဒါ ကောင်းတဲ့နေ့ရက် အချိန်လေးပေါ့၊ အဲဒါလေး တွက်ဖို့သင့်တယ် ထင်တာနဲ့လေ၊ အဲဒီကိစ္စလေး လာမေး လိုက်တာပါ"

ဩော် ... လို့ ခပ်တိုးတိုးသာ ရေရွတ်နိုင်ပြီး ရိုးက မိုးဂေါင်ကို ခပ်ငေးငေးသာ ကြည့်နေမိခဲ့ပါသည်။

✤ ✦ ✤



www.burmeseclassic.com

www.burmeseclassic.com



၁၂

ကားထဲ ဖျတ်ခနဲ ဝင်ထိုင်လိုက်တဲ့ ခက်ခက်က သက်ပြင်းကြီး ဟူးခနဲ မှုတ်ထုတ်ရင်း ရီးကို အရင် မျက်စောင်း လှည့်ထိုးလိုက်ပါသည်။ လှိုင်းအိတ္တွင် ကလေးမီးဖွားပြီ ကြားက တည်းက သွားကြည့်ချင်သည် လိုက်ပို့ပါနှင့် ရီးတစ်ယောက်မရီး မရ ဖြစ်နေတာ။

"ဟဲ့ … ငါက သက်သက်အစ်မမို့လို့ ခင်မိုးထွဋ်နဲ့လည်း ရင်းနှီးလို့ သွားသတင်းမေးလို့ ရတယ်မှန်ပေမယ့် နင့်ကို တော့ ဘယ်ခေါ်သွားခွင့် ရှိမလဲဟဲ့၊ နင့် ခေါ်သွားရင် ငါ အရမ်းဖောင်းလ်သွားမှာပေါ့၊ ငါဟာ ငါတော့ သွားလို့ရ တယ်၊ ခင်မိုးထွဋ် အသိအနေနဲ့လည်းရတယ်၊ ကိုမိုးဂေါင်





ရဲ့သူငယ်ချင်း ကိုရဲရဲ့ဇနီးအဖြစ်နဲ့လည်း လှိုင်းနဲ့မင်္ဂလာ ဆောင်တုန်းကတစ်ခါ မှောက်ပိုင်းတစ်ခါ ထပ်တွေ့ဖူးသေး တော့ သတင်းမေးသွားလို့ ရတယ်လေ ရီး …

နင့်ကို ငါ့သူငယ်ချင်း၊ ငါ့အဖော်အဖြစ် ခေါ်သွားဆို ပေမယ့် သူတို့ပြန်သိသွားရင် ဘယ်ကောင်းပါ့မလဲ၊ ငါတော် တော်ရိုင်းရာကျမှာပေါ့၊ ဘာအကြံအစည်ရှိသလဲတောင် သံသယဝင်ဦးမယ်၊ နင် ဘာကြောင့် ကလေးကိုကြည့်ချင် ရတာလဲ၊ မမြင်ဖူးတော့ ဘာအရေးလဲ၊ ဘာလို့ဒီလောက် ရှူးချင်ရတာလည်း ရီးရယ်"

ရီး လက်ခံလိုက်ရပါသည်။

"အေး … ကောင်းပြီ၊ နင်ပဲ သတင်းမေးသွားကြည့်ပေးပါ၊ အဓိက ငါသိချင်တာက အဲဒီကလေး ကိုနဲ့ … မိုးဂေါင် နဲ့ တူ,မတူပဲ"

"ရီး"

ခက်ခက်က ရီးကို စိတ်မသက်မသာနှင့် ကြည့်သည်။

"နင် ဒီကိစ္စတွေ မေ့ပစ်လို့ မရဘူးလား ရီး၊ ဒီကိစ္စက နင် နဲ့လည်း မဆိုင်တော့ပါဘူးဟာ၊ အမှတ်မထင် မမျှော်လင့် ဘဲ သိခွင့်ရလိုက်ရပေမယ့် ဒါက လှိုင်းရဲ့ကိစ္စပါ ရီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခက်ခက် ... နင်က မိုးဂေါင်ရဲ့မိတ်ဆွေ သူငယ်ချင်း မဟုတ်တော့ဘူးလားဟင်၊ မိုးဂေါင်ဘက်ကော နင် မတွေး တော့ဘူးလား၊ ခင်မိုးထွန်းက နင့်ညီမသူငယ်ချင်းမို့ နင်နဲ့ ရင်းနှီးသလို မိုးဂေါင်က နင့်ယောက်ျားရဲ့သူငယ်ချင်းအရင်း၊ နင်နဲ့လည်း မိတ်ဆွေသူငယ်ချင်းပါပဲ၊ မိုးဂေါင် လည်း ကျိုးထမ်းရတဲ့ အဖြစ်မျိုးဆိုရင် ..."

"ရီး ... ငါ နင့်ကို ဖွင့်ပြောမိတာတောင် မှားသွားလား မသိပါဘူးဟာ၊ ငါ ဒီနေ့ထိ ကိုရဲကိုတောင် မပြောခဲ့ဘူး၊ နင့်ကိုကျတော့ ငါတို့ချင်း အူမချေးခါးမကျန် အတွင်းသိ အပြင်သိ လျှို့ဝှက်ချက်မရှိအောင် ရင်းနှီးသူချင်းဖြစ်လို့ ငါ ပြောပြလိုက်တာ ..."

ငါတို့ သိထားတာက လှိုင်းဟာ အဲဒီညက ဟိုကောင် လေးနဲ့ပျောက်နေတယ်၊ ခင်မိုးထွန်းကလိုက်ရှာဖို့ သက်သက် တို့ ဒရိုင်ဘာကို အကူအညီတောင်းတယ်၊ လိုက်ရှာတယ်၊ မနက်မလင်းခင် သုံးနာရီခွဲ ကိုယ့်အိမ်ကိုယ် ပြန်လာကြ တယ်၊ ဒါပဲလေ၊ အဲဒီထက် အတွင်းကျကျ နင် ဘာသိလို့လဲ"

"ဒီထက်လည်း အတွင်းကျစရာ မရှိတော့ပါဘူးဟာ"

"ဒီကလေးနှစ်ယောက် ဘာမှမများယွင်းခဲ့ကြပဲ ထိုင်စကား ပြောနေကြတာလည်း ဖြစ်နေနိုင်တာပဲ"





"အဲဒီလို ဖြစ်နိုင်လား၊ တကူးတက ခိုးပြေးပြီးမှ"

"ဒါ မပြောနိုင်ဘူးလေ၊ နှစ်မျိုးလည်း ဖြစ်နိုင်တာပဲ၊ ဖြစ် နိုင်ချေ ငါးဆယ်စီပဲ၊ ဒီကိုယ်ဝန်ဟာ ဟိုကောင်လေးလည်း ဖြစ်နိုင်တယ်ဆိုတဲ့ သံသယကို နင် ခုချိန်မှာ မေ့ထားလိုက် ပါတော့"

"ဖြစ်နိုင်ချေ ငါးဆယ်ဝဲလေ"

"ရီး ... ကိုမိုးဂေါင်နဲ့ လှိုင်းရဲ့အိမ်ထောင်သက်လည်း ကိုး လကျော်ရှိသွားပြီလေ"

ရီးက ရုတ်တရက် မျက်ရည်တွေ စီးကျလာကာ ...

"ငါနဲ့က ဆယ့်ငါးနှစ်ပါ ခက်ခက်ရဲ့၊ သူတို့အိမ်ထောင် သက် ကိုးလလေးကို တန်ဖိုးထားရမယ်ဆိုရင် ငါ့ရဲ့ဆယ့် ငါးနှစ်ကို ဘယ်သွားလွှင့်ပစ်မှာလဲ ... ဟင်"

"ရီး ... ဒီလိုပဲ ဖြစ်လာခဲ့ပြီပဲ ရီး၊ ကိုမိုးဂေါင်က ရွေးချယ် ဆုံးဖြတ်လိုက်တာပဲလေ၊ သူ မှန်မှန်မှားမှား သူ ကောင်း ကောင်းဆိုးဆိုး ခုချိန်မှာ သူနဲ့ လှိုင်းက လင်မယား၊ သူ့ ရင်သွေးလို့ အားလုံး လက်ခံရတဲ့ ကလေးကို မီးဖွားနေ ချိန်လေ"

ရီး ရင်ထဲမှာတော့ အရှုံးတစ်ယောက်လို သေချာတာ မှ မဟုတ်ဘဲရယ်လို့သာ ရှေ့ရှုဘ်ကြွေးကြော်နေမိသည်။ အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မှန်ဟာ ငါးဆယ်ရာခိုင်နှုန်းစီ ကြားထဲမှာ ဟိုဘက်ရော ဒီဘက်ကိုပါ ဖြစ်နိုင်ချေရှိနေတာပဲ မဟုတ်လား။

ရွှေနှယ်ရိုး။

နင် ဘာကိုမျှော်လင့်နေတာလဲ။ အကောင်းကိုမျှော်လင့်နေတာလား။ အဆိုးကို မျှော်လင့်နေတာလား။ ဒါကိုဖြေဖို့အတွက်က ဘယ်ဟာက အကောင်းလဲ၊ ဘယ်ဟာက အဆိုးလဲဆိုတဲ့ မေးခွန်းက ရှိလာဦးမှာ။ အကောင်းဆိုတာက မိုးဂေါင်အတွက် ကောင်းဖို့လား ရိုးအတွက် ကောင်းဖို့လား။ အဆိုးကကော ဘယ်သူ့အတွက် အဆိုးလဲ။

"ဘာထူးဦးမှာမို့လဲ ရိုးရယ်"

မထူးတော့ပါဘူးဆိုတဲ့ စိတ်ဒုံးဒုံးချ လက်လျှော့မှုမျိုးဟာ အခြေအနေတိုင်းအတွက် မမှန်ကန်နိုင်ပါ။ မထူးတော့ဘူးဆိုပြီး ကိုယ့်ကလေးမဟုတ်တဲ့ ကလေးတစ်ယောက်ကို မိုးဂေါင်က ချီပိုးချော့မြူနေရမှာလား။ သူ သိလို့ ကြည်ဖြူလို့ဆိုရင် တစ်မျိုးလေ။ သူ မသိဘဲဆိုရင် ...။

ရိုးသည် ဘယ်လိုမှ မဆိုင်သလိုတော့ မနေလိုက်နိုင်ဘဲ ခက်ခက် လှိုင်းထဲသတင်းမေး ကလေးကြည့်သွားဖို့ ကိုယ်တိုင် ကားမောင်းလိုက်ပို့ပါသည်။ ခက်ခက် ဆေးရုံပေါ်တက်တုန်း ကားပေါ်မှာ ထိုင်စောင့်နေခဲ့တာပါ။





"ဘယ်လိုလဲဟင် ဘယ်လိုတုန်း ခက်ခက်"

ခက်ခက် ကားပေါ်ထိုင်ပြီးသော်လည်း ကားကို မောင်းမထွက်နိုင်သေးဘဲ ရိုးက အမောတကော မေးမိသည်။ ခက်ခက်က ရိုးကို စိတ်မသက်မသာ မျက်စောင်းရွယ်ရင်း ...

"ဘယ်လိုမှ မလဲဘူး၊ ဒီတိုင်းပဲ၊ မိန်းကလေး၊ ကလေးက ချစ်စရာ ဖြူဖြူဖွံ့ဖွံ့ကြီးပဲ"

"မိုးဂေါင်နဲ့ တူလား"

"ရိုးရယ် ... အမှန်အတိုင်း ပြောရရင်တော့ ကလေးလေး ရက်သားလေး ပေါက်စနလေးကို ရုပ်ကြည့်ပြီး ဟိုလူနဲ့ တူလား ဒီလူနဲ့တူလား ငါမခွဲတတ်ဘူးဟဲ့၊ ကလေးဆိုတာ အခါလည်ခါနီးလောက်မှ သေချာရုပ်ထွက်လာတာ၊ ငါ့ ကလေးတွေတောင် မွေးကာစက အဖေဟူလား အမေတူလားဆိုရင် ငါ အူလည်လည်နဲ့ မဖြေတတ်ဘူး"

"မိုးဂေါင်နဲ့ တူတယ်ဆိုတဲ့စိတ်တော့ မဖြစ်ဘူးပေါ့"

"ကျွတ် ... နင် ရူးမယ် ရိုး"

"မိုးဂေါင်ရော ရှိနေလား"

"အေး ... ရှိနေတယ်"

ရိုးရဲ့မျက်နှာက တစ်ချိုးတည်း မှိုင်ကျသွားပါသည်။ ဝမ်းနည်းနာကျင်သွားတဲ့ မျက်နှာရိပ်ကြောင့် "ပါးစပ်က နာခွက်



www.burmeseclassic.com

www.burmeseclassic.com



တက်ချိတ်မတတ် ပျော်မြူးပြီး ပီတိတွေ ဟုန်နေတာ”ဆိုတဲ့ စကားကို ဆက်မပြောမိတာ မှန်လှပါဘိတော့သည်။

ရိုးက မျက်နှာပျက်ပျက်နှင့် ခပ်ငိုင်ငိုင်တွေတွေလေး ရှိနေရာမှ ကားကို စက်နှိုးကာ မောင်းထွက်လာပါသည်။ ခက်ခက် ဆီက ကြားရတဲ့ သတင်းစကားကလည်း ဘာမှရေရေရာရာမရှိ။ ကိုယ်တိုင်လည်း လှိုင်းရဲ့အခန်းထဲထိဝင်ပြီး ကလေးကိုကြည့်ဖို့က အခြေအနေမပေး။ ဟိုဘက် ဒီဘက် အခြေအနေနှစ်မျိုးစလုံး ဖြစ်နိုင်ချေရှိနေပြီး အဲဒီအခြေအနေအပေါ် ကိုယ့်လိုပဲ စိတ်တထင့် ထင့် ဖြစ်နေမယ့်သူဆိုရင် “နေလင်း”ဆိုတဲ့ကောင်လေးတစ်ယောက် တော့ ရှိနေပါလေရဲ့။

ကိုယ်က ကလေးကို ဝင်ကြည့်ဖို့ ဇွတ်ကြိုးစားရန် မသင့်တော်၊ သတ္တိလည်းမရှိပေမယ့် ဟိုကောင်ကလေး ဆိုရင်တော့ ဖြင့် ကိုယ့်ထက်တော့ မိုက်ရူးရဲ ဇွတ်တရွတ်ဆန်နိုင်ကောင်းရဲ့ ထင်ရတာပဲလေ။

✤ ✦ ✤

ရိုးက ပထမဆုံး အဲဒီကောင်လေးရဲ့အဖေ ပိုင်ဆိုင် တယ်လို့ သိထားရတဲ့ ချောင်းသာကမ်းခြေ ဟိုတယ်တစ်လုံးရဲ့ ဖုန်းနံပါတ်ကိုပဲ ဒိုင်ယက်ထရီက ကြည့်ရှုရှာဖွေလိုက်ပါသည်။





“ကျွန်က ဒီဟိုတယ်ပိုင်ရှင် ဦးခင်မောင်ဝင်းရဲ့သား နေလင်း ရဲ့မိတ်ဆွေပါရှင်၊ လူကြုံပစ္စည်းပေးဖို့ သူ ရေးပေးလိုက်တဲ့ အိမ်ဖုန်းနံပါတ် ပျောက်သွားလို့ပါ။ အိမ်ဖုန်းနံပါတ်ကလေး များ သိခွင့်ရရင် သိပါရစေရှင်”

“ဟုတ်ကဲ့ပါ၊ ရန်ကုန်အိမ် ဖုန်းနံပါတ်က (........)ပါ ခင်ဗျာ”

“ကျေးဇူးတင်ပါတယ်ရှင်”

အိမ်ဖုန်းနံပါတ်ကို ခပ်လွယ်လွယ်ကလေးပဲ ရရှိခဲ့ ပါသည်။ ရိုးက အမှန်တော့ နေလင်းရဲ့အမေကို ပြောခွင့်ရဖို့ ရည်ရွယ်တာပင်။ သို့သော် တကယ်တမ်း အဲဒီဖုန်းနံပါတ်ကို ခေါ်လိုက်တဲ့ အခါမှာတော့ မြန်မာပြည်ကို ပြန်ရောက်နေတဲ့ နေလင်းနဲ့ မမျှော်လင့်ဘဲ သွားတိုးနေရပါတော့သည်။

“နေလင်းရဲ့အမေနဲ့ စကားပြောချင်လို့ပါ”

“ကျွန်တော် နေလင်းပါ၊ ဘယ်သူပါလဲ”

“ဟင် ... နေလင်းက ဩစတြေးလျမှာ မဟုတ်ဘူးလား”

“ခဏပြန်ရောက်နေတာပါ၊ ဘာကိစ္စများလဲ ခင်ဗျာ”

“ဩော် ...၊ နေလင်းကိုယ်တိုင် ရှိနေတော့လည်း ပိုကောင်း ပါတယ်၊ တို့က နေလင်းရယ်၊ လှိုင်းရယ်၊ ဦးမိုးဝေါင်ရယ် သုံးဦးသုံးဖလှယ် ပတ်သက်တဲ့ အခြေအနေတွေကို ဟိုတုန်း

www.burmeseclassic.com



ကတည်းက သိနေတဲ့သူပါ။ ရှင်းရှင်းပြောရရင် အဖြစ်အပျက်တစ်ခုကို အမှန်အတိုင်း ဖြစ်စေချင်တဲ့ ဆန္ဒမျိုးရှိတဲ့သူတစ်ယောက်ပါ"

"ဘာပြောချင်တာလဲ မသိဘူး"

"လှိုင်းအိထွဋ် ကလေးမွေးသွားပြီဆိုတာ သိတယ်နော်"

"သိပါတယ်"

"ကလေးက ဦးမိုးဝေါင်နဲ့ လုံးဝမတူဘူးဆိုတာ ပြောချင်တာပါ"

"အဲဒါ ဘာအဓိပ္ပာယ်လဲ ခင်ဗျာ"

"ကလေးက နေလင်းတို့မိသားစုနဲ့ တူတယ်လို့ ပြောချင်တာပါ၊ သိဖို့သင့်တယ်လို့လည်း ထင်လို့ပါ"

ရှီးက စကားဆုံးသည်နှင့် ဖုန်းကိုဖိချလိုက်ပါသည်။ တစ်ဖက်မှာ အူကြောင်ကြောင်နှင့် တောင့်တင်းပြီး ကျန်ရစ်ခဲ့ရသူကတော့ နေလင်း။ ဒါ ဘယ်သူလဲ။ ဖုန်းသရဲလား၊ ဖုန်းနှောက်တာလား။

ဒီကိစ္စတွေကို ဒီလိုပြောနိုင်အောင် သူက ဘယ်ကနေ ဘာတွေ ဘယ်လိုသိနေလို့လဲ။

"နေလင်း ... သား"

"ဗျာ"





"ဘယ်ကဖုန်းလဲ၊ မင်း ဘာငိုင်နေတာလဲ"

"ဘယ်သူလဲ မသိဘူး မာမီ"

"ဘာပြောသွားလို့လဲ"

"လှိုင်း ကလေးမွေးပြီတဲ့၊ လှိုင်းရဲ့ကလေးက ဦးမိုးဝေါင်ရဲ့ရုပ်နဲ့ မတူဘဲ နေလင်းတို့မိသားစုနဲ့ တူတယ်ဆိုတာ သိသင့်တယ်ထင်လို့ ပြောပြတာတဲ့"

"ဘာ"

နေလင်းရဲ့အမေမှာ ကြားရတဲ့စကားကြောင့် မူးယိုင်မတတ် ဖြစ်သွားပါသည်။

"အဖြစ်အပျက်တစ်ခုကို အမှန်အတိုင်း ဖြစ်စေချင်လို့ဆက်တာတဲ့"

"သူက ဘာဖြစ်လို့ ဒီစကားမျိုး ပြောနိုင်ရတာလဲ၊ ဘယ်သူလဲ ရအောင် မမေးဘူးလား၊ အခြေအမြစ် မရှိတာတွေ၊ အလကားမနေရင်း စိတ်အနှောင့်အယှက်ဖြစ်ရအောင် မင်းကကော ဘာဖြစ်နေရတာလဲ"

"မာမီ ... လှိုင်းကို သတင်းသွားမေးတဲ့ သဘောပဲဖြစ်ဖြစ် သူ့ကလေးကို ကျွန်တော် ကြည့်ချင်တယ်"

"ဘာကိစ္စ ကြည့်ရမှာလဲ၊ ဘယ်သူဘယ်ဝါမှန်းမသိ ဖုန်းသရဲလုပ်တာကို အတည်ယူနေစရာလား နေလင်း၊ ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



တောင် ကြာနေပြီလဲ၊ မင်းစိတ်တွေက မတည်ငြိမ်နိုင်သေးဘူးလား၊ သူ့မှာ သူ့တရားဝင်ယောကျ်ားနဲ့သူ၊ မင်းအရှက်မရှိ ဘာမှသွားကြည့်ဖို့ မလိုပါဘူး နေလင်း"

"မာမီ … ဒီကလေးကို ကျွန်တော် တွေ့ရမှဖြစ်မယ်၊ ကြည့်ချင်တယ်၊ မာမီမတားပါနဲ့၊ မာမီတားလည်း တစ်နည်းနည်းနဲ့တော့ ကျွန်တော် ရောက်အောင်သွားမှာပဲ"

"နေလင်း"

နေလင်းရဲ့မျက်ဝန်းအိမ်မှာ မျက်ရည်ကြည် ရစ်ဝဲလာပါသည်။

"လှိုင်းကို ကိုယ်ဝန်ကြီးနဲ့ ဓာတ်ပုံထဲ မြင်ရကတည်းက ကျွန်တော့်စိတ်တွေ တစ်မျိုးပဲ မာမီ၊ ဟိုတုန်းကတည်းက မာမီ့စကား နားထောင်ခဲ့ပြီးသားပါ၊ အခုဟာက ရင်ထဲမှာ အရမ်းပြင်းထန်တဲ့ဆန္ဒ ဖြစ်လာလို့၊ ကျွန်တော် ကြည့်ချင်တယ်"

"မင်းကို ဘယ်သူက အလာခံမှာလဲ"

"အလာမခံရင်လည်း တစ်နည်းနည်းနဲ့တော့ ကလေးကို မြင်ရဖို့ ကြိုးစားရမှာပဲ"

တည်ငြိမ်စပြုနေပြီဖြစ်တဲ့ နေလင်းရဲ့စိတ်ကနိရေပြင်ထဲ ခဲတစ်လုံး လှမ်းပစ်တဲ့သူကိုသာ နေလင်းရဲ့အမေက ဒေါမနဿ



တွေ ပွားနေရပါတော့သည်။ သို့ပေမဲ့လည်း အမှန်အတိုင်းပြောရရင်တော့ "ကလေးက နေလင်းတို့မိသားစုနဲ့ တူတယ်"ဆိုတဲ့ စကားစုက နားထဲမှ မထွက်နိုင်အောင် လှုကိုကသိကအောက်ဖြစ်နေစေတော့တာပင်။

နေလင်းက အောင်ကိုကိုတို့ ရတနာတို့ အုပ်စုက တစ်ဆင့် လှိုင်းထံ သူ သတင်းမေး လာကြည့်ချင်တဲ့အကြောင်း စကားကမ်းလှမ်းခိုင်းလိုက်ပါသည်။ ထင်တဲ့အတိုင်းပင် လှိုင်းက ခါးခါးသီးသီး ငြင်းထုတ်ခဲ့ပါသည်။ လာမကြည့်နဲ့တဲ့။ သို့ပေမဲ့ နေလင်းအဖို့ ကလေးကို မြင်တွေ့ခွင့် ရခဲ့ပါသည်။ အကြောင်းမှာ စ,မှာလိုက်ကတည်းက ခွင့်တောင်းကြည့် မရရင် ကလေးကို ဓာတ်ပုံဗီဒီယိုတွေ ရိုက်ခဲ့လို့ နေလင်းက မှာလိုက်တာ။

အောင်ကိုကိုရဲ့လက်ကိုင်ဖုန်းထဲမှာ ကလေးကိုသေချာရိုက်လာတဲ့ ငါးမိနစ်စာ ဗီဒီယိုမှတ်တမ်းလေးက ပါလာခဲ့ပါသည်။ ဆေးရုံကအပြန် နေလင်းအိမ်ကို ဝင်လာတဲ့ အောင်ကိုကိုက သူ့ဖုန်းထဲက ဗီဒီယိုမှတ်တမ်းလေးကို ဖွင့်ပြရင်း …

"ဟော့ကောင် … ဒီမှာကြည့်၊ ကလေးလေးက မင်းအမေနဲ့ တူတာကွ၊ ဟား ဟား … မိစိမ့်တို့လည်း ပြောနေကြတယ်၊ နင် နေလင်းအမေကို မုန်းမုန်းနဲ့ စိတ်စွဲပြီးမွေးလို့ ရုပ်တူနေတာ ဖြစ်မယ်တဲ့၊ ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ စတိတ်ရှိုးကြည့်ကြတဲ့ညက ဆယ်နာရီခွဲလောက် အားလုံး လူစုခွဲပြီး ပြန်ကြပေမယ့် လှိုင်း ပြန်မရောက်သေးလို့ လှိုင်းအမေက လှမ်းမေးတဲ့ဖုန်းတွေ မိနစ်ကလေးတွေထဲ ဝင်လာသလို နေလင်း ပြန်မရောက်သေးလို့ နေလင်းအမေက လှမ်းမေးတဲ့ဖုန်းတွေလည်း အောင်ကိုကိုနှင့် စိုင်းသီဟထံ ဝင်လာခဲ့ဖူးပေမယ့် နောက်တစ်ရက်မှာ ဟန်မပျက် သင်တန်းလာတက်တဲ့ လှိုင်းက ...

"နေပင်းကားက လမ်းမှာ ပျက်နေတာလေ၊ နောက်ဆုံးတော့ သူ့အမေရော ငါ့အမေပါ လိုက်လာတာပေါ့၊ ထုံးစံအတိုင်း သူ့အမေက အပေါက်ဆိုးတော့ ငါ့အမေနဲ့ဆိုရန်ဖြစ်မတတ်ဘဲ"

လှိုင်း ပြန်ပြောပြတဲ့စကားကို အားလုံးက ဘာသံသယမှ မရှိခဲ့။ အဲဒီရက်တွေကစပြီး နေလင်းက နိုင်ငံခြားချက်ချင်းထွက်ဖို့ လုံးပန်းနေပြီဖြစ်တဲ့အတွက် သူတို့အုပ်စုနှင့် သိပ်မတွေ့ဖြစ်တော့။ နေလင်းရော လှိုင်းပါ ရေငုံနှုတ်ပိတ်ခဲ့ကြသည့် သူတို့ရဲ့လျှို့ဝှက်အဖြစ်အပျက်လေးကို သူငယ်ချင်းတွေ မသိခဲ့ကြပါ။

ဘာမှမသိဘဲနှင့်တောင် အောင်ကိုကိုက "မင်းအမေနဲ့တူတာ"လို့ အဆိုတင်သွင်းလာတော့ နေလင်း တုန်လှုပ်ရော





သည်။ လှိုင်းရဲ့သမီးလေးဟာ ဝိုင်းစက်တဲ့မျက်နှာ၊ နှာခေါင်းပြားပြားလေးနှင့် ဖြူအစ်အစ်ကြီး ဖြစ်နေပုံက နေလင်းရဲ့အမေနှင့် တကယ်ကို တူနေတာပါ။

အောင်ကိုကို့ ဖုန်းထဲက ဗီဒီယိုမှတ်တမ်းလေးကို နေလင်းက သူ့ဖုန်းထဲ ကူးယူကာ အဲဒီနေ့ အိမ်အပြန်မှာတော့ မျက်နှာက မချိမဆန့် ပျက်မှိုင်နေပါသည်။

နေလင်း ... လှိုင်းကိုချစ်သည်။ သို့ပေမဲ့ အမေကိုလည်း မလွန်ဆန်ရဲပြန်။ လှိုင်းနဲ့သဘောမတူတဲ့ အမေဖြစ်သူအပေါ် ကျိတ်ပြီးမကျေနပ်တဲ့စိတ်၊ သူ့အမေကြောင့် သူ့အပေါ် မတုံ့ပြန်ဘဲ မာရေကျောရေ စီးပိုးဆက်ဆံခဲ့တဲ့ လှိုင်းအပေါ် မကျေနပ်တဲ့စိတ်။ ဤမကျေနပ်ချက်တွေကို ရင်နဲ့တစ်လုံးလွယ်ကာ ရှေ့တိုးဖို့လည်းမရဲ၊ နောက်ဆုတ်ဖို့လည်း မလွယ်နှင့် ပွင့်ကန်ဖို့ ထွက်ပေါက်ရှာနေခဲ့တဲ့ လူငယ်တစ်ယောက်ရဲ့ အဆင်ခြင်ကင်းမဲ့မှုနှင့် လှိုင်းအပေါ် သူ အနိုင်ယူခဲ့မိပါသည်။

မာမိက ချက်ချင်း နိုင်ငံခြားထွက်ဖို့ ဒလကြမ်းစီစဉ် [illegible] သူ လှိုင်းကို ဖွင့်ဟမေးချင်သော်လည်း ကောင်းမလားလို့ ချီတုံချတုံ [illegible]ခဲ့။ အဲဒီတုန်းမှာ သတ္တိရှိတယ် ခေါ်ရမလား၊ မိုက် [illegible]လား မသိတဲ့ လှိုင်းက ဦးမိုးဝေါင်နှင့် လူတကာ [illegible]အောင် ကောက်လက်ထပ်ချလိုက်တဲ့အခါ ...။

www.burmeseclassic.com



ကိုးလကျော်ကျော် နိုင်ငံရပ်ခြားမှာ မေ့မေ့ပျောက်ပျောက် နေခဲ့ပြီးတဲ့နောက် လှိုင်းနဲ့ပတ်သက်တဲ့ ဝေဒနာခံစားချက်တို့ လျော့ပါးတန်သလောက် လျော့ပါးလာပြီးမှ လှိုင်းရဲ့ဗိုက်ပူပူဓာတ်ပုံကို ပြန်တွေ့ရတဲ့အခါ သူပြန်တုန်လှုပ်ရပြန်သည်။ ခုတော့ ပိုပြီး ပိုပြီး တုန်လှုပ်စရာ ဖြစ်လာတာ။ ဒီကျောင်းပိတ်ရက် မြန်မာပြည်ကို ပြန်မလာမိရင်လည်း အကောင်းသားလို့ တွေးမိပြန်သည်။

ခနလင်း ... သူ့ကိုယ်သူ နားလည်မိသည်မှာ ဝေးလက်စနဲ့ ဆက်ဝေးကွာနေပြီး လှိုင်းတစ်ယောက်လည်း ဦးမိုးဂေါင်နဲ့ အိမ်ထောင်သည်ဘဝ အဆင်ပြေ ခိုင်မြဲနေမယ်ဆိုရင် သူလည်းပဲ အသည်းတွေ ဆက်လက်ကွဲအက်နေလိမ့်မှာ မဟုတ်ပါ။ အခုက သံသယတစ်ချက်က သူ့ခေါင်းထဲ ရောက်လာလို့။သူ့ရင်သွေးလေးများ ဖြစ်နေခဲ့ရင် ဘယ်လိုလုပ်မလဲ ဆိုတဲ့ သံသယတစ်ချက်က ဝင်စားနေလို့။

ရှင်းရှင်းပြောရရင်တော့ ဦးမိုးဂေါင်ရဲ့ကလေးစစ်စစ် ဖြစ်နေတာက အကောင်းဆုံးပါပဲ။ ဒါပေမဲ့ မတော်လို့များ သူ့ကလေးလေး ဖြစ်နေခဲ့ရင်တော့ ဘာမှမဖြစ်သလိုနေနိုင်ဖို့ နေလင်းအတွက် ခက်လှပါသည်။ ဒီကြားထဲက သူ့လက်ထဲရောက်လာတဲ့ ကလေးရဲ့ပုံတွေက အောင်ကိုကို ပြောသလိုပဲ မာမီနှင့်တကယ်ပဲ ဆင်နေလေတဲ့အခါ ...။





နေလင်းသည် ခြံထဲမှာ ခြေပစ်လက်ပစ် မှီလို့ရတဲ့ ကြိမ်ခုံဝိုင်း အကြီးကြီးချကာ တစ်ယောက်တည်းထိုင်ရင်း ငေးမောတွေးတောနေမိသည်။ သူ့ကလေးလေးများ ဖြစ်နေရင် ဘယ်လိုလုပ်ရပါ့မလဲ။ လက်လွတ်စပယ် ခေါင်းထဲက ထုတ်ပစ်မေ့ပစ်ဖို့အထိလောက်အောင် နေလင်းရဲ့ နှလုံးသားက မမာကျောပါ။

"နေလင်း ... သား"

ညနေ မာမီ အပြင်က ပြန်လာချိန်မှာ မှိုင်ငေးနေတဲ့ နေလင်းအနား ရောက်လာပါသည်။ နေလင်းရဲ့ဘဝကို သူဖြစ်စေချင်တဲ့ ပုံစံအတိုင်း ကြိုးကိုင်ပုံသွင်းခဲ့တဲ့ မာမီ့ကို ချစ်ကြောက်ရိုသေစိတ်ကြောင့် နာကြည်းတဲ့စိတ်မျိုးအထိတော့ တစ်ကြိမ်မှ မဖြစ်ခဲ့ဖူးပေမယ့် တစ်ခါတစ်ရံတော့ဖြင့် မာမီ ရက်စက်တယ်လို့ တွေးမိတတ်ပါသည်။ နေလင်းအပေါ်တင် မကဘဲ လှိုင်းအပေါ်လည်း ရက်စက်ရာကျတာဝင်။

လက်မှတ်ထိုး လက်ထပ်ပေးမည်လို့ ပြောခဲ့တယ်ဆိုပေမယ့် အဲဒီလက်မှတ်စာချုပ်ကိုကိုင်ပြီး ကျန်ရစ်ခဲ့ရတာအပြင် ပိုပြီးထူးခြားစရာ မရှိလှတဲ့ အပေးအယူမျိုးကို လှိုင်းကလည်း အောက်ကျနောက်ကျခံပြီး လက်ခံမယူခဲ့။ တကယ်များ လက်မှတ်ထိုးဖြစ်ခဲ့ရင်လည်း အဲဒီစာချုပ်ဟာ လှိုင်းအတွက် အရေးပေါ်သုံးစရာ သက်သေတစ်စုံတစ်ရာ ဖြစ်တာကလွဲပြီး အမှန်တကယ်ပဲ နွေးထွေးလုံခြုံမှုကိုတော့ ပေးနိုင်ခဲ့မှာမဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ လှိုင်းအပေါ် ရက်စက်စွာ ကျွံနေ[illegible]ပါသည်။

"ဘာဖြစ်နေတာလဲ သား"

နေလင်းက မာမိကို စေ့စေ့ကြည့်ရင်း ...

"မာမိ ... လှိုင်း မွေးထားတဲ့ ကလေးလေးက မာမိနဲ့အရမ်းတူတယ်"

"ဘာ"

မာမိ မျက်နှာဟာ နီရဲမည်းပုပ်သွားကာ အကြီးအကျယ် ပျက်သွားပါသည်။ ရင်ဘတ်ကို ဖိထားလိုက်ရင်း ...

"ဘာပြောတယ်၊ ဘာပြောတယ် နေလင်း၊ မင်း ဘယ်လိုပြောလိုက်တာလဲ"

နေလင်းက သူ့ရှပ်အင်္ကျီအိတ်ထဲကဖုန်းကို ထုတ်ယူကာ ကလေးလေးရဲ့ ဗီဒီယိုရိုက်ချက်လေးကို ရွေးချယ်ပြီး မေမေ့ထံ ကမ်းပေးလိုက်ပါသည်။ ပုခက်ထဲ အိပ်ပျော်နေတဲ့ ကလေးလေး၊ ခဏအကြာမှာ "အဲ့"ဆိုနဲ့ လ[illegible] ကလေးက မဖွင့်တတ် ဖွင့်တတ် ဖွင့်[illegible] လက်သီးဆုပ်လေးတွေ လှုပ်က[illegible] ပါးစပ်လေး ဟစ်မှာစီ [illegible]



"မာမိနဲ့တူတယ်၊ အဲဒါ ကျွန်တော်တစ်ယောက်တည်းပြောတာ မဟုတ်ဘူး၊ အောင်ကိုကိုလည်း ပြောတာ၊ မိမိနဲ့တို့ရော အားလုံး ပြောကြတာ၊ မာမိကော မထင်ဘူးလား၊ မာမိအတိုင်းပဲ မျက်နှာက ဝိုင်းစက်နေတာ"

"ဟဲ့ ... ကလေးဆိုတာ မျက်နှာရှည်လမျှောနဲ့ မင်း တွေ့ဖူးလို့လား"

"နှာခေါင်းပြားပြားလေးနဲ့"

"ကလေးတိုင်း နှာခေါင်းပြားတယ်၊ မွေးကာစ လေးငါးဆယ်ရက်သားလေးမှာ ဘယ်ကလေးမှ နှာခေါင်းမချွန်ဘူး"

"မျက်ခုံးလည်းပါးပါးနဲ့ ကွေးကွေးလေး"

"မျက်ခုံးဆိုတာလည်း မွေးကာစမှာ မဲသဲပြီး မွေးလာတဲ့လူ ရှားပါတယ် နေလင်းရယ်၊ မျက်ခုံးပါးပါးလေးတွေချည်းပါပဲ"

"ဒါဖြင့် မာမိနဲ့တူတယ်လို့ မထင်ဘူးလား"

မာမိ ဘာစကားမှ မပြန်ဘဲ နှုတ်ပိတ်သွားပါသည်။

အဲဒီမေးခွန်းကိုတော့ ရုတ်တရက် ခပ်ပြတ်ပြတ်နှင့် "မတူပါဘူး"လို့ နှုတ်မှိတ်ဖြေဖို့ နှုတ်လေးသွားတဲ့ နေလင်းအမေက ဗီဒီယိုကို နောက်တစ်ခေါက် အစကပြန်ဖွင့်ကြည့်နေမိပြန်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရင်ထဲ ဒုတ်ဒုတ် ဒုတ်ဒုတ်နှင့် နှလုံးခုန်သံ ခပ်ပြင်းပြင်းကလေး မြည်လာတာလည်း ကိုယ့်ကိုယ်ကိုယ် သတိထားမိပါသည်။

ပုံ့ပုံ့အိအိ ဖြူဖြူဖွေးဖွေးကြီး ဖွံ့နေတဲ့ ကလေးရဲ့ မျက်နှာလေးဟာ တကယ်ပဲ ကိုယ်နဲ့ဆင်ဆင်တူတယ်လို့ ဒေါ်ခင်မမက ဘွေးလိုက်မိတာကို ကိုယ့်ကိုယ်ကိုယ် လိမ်လို့ညာလို့မရပါ။ အသက်ကို ခပ်ပြင်းပြင်း ရှူနေမိရင်း ...

"ဒါ ဘယ်သူရိုက်လာတာလဲ"

"အောင်ကိုကို"

"လှိုင်းက မင်းကို မြင်ချင်မြင်ပစေ ကြည့်ချင်ကြည့်ပစေဆိုတဲ့ သဘောပေါ့"

"ဒီလိုပဲ ဟိုလူက ဓာတ်ပုံရိုက်၊ ဒီလူက ဗီဒီယိုရိုက်နဲ့ ရှုပ်နေကြတော့ ဘယ်သူ့ကိုမှ တားမနေတော့တာပေါ့၊ ကျွန်တော့်ကို သွားပြဖို့ရယ်လို့တော့ သူလည်း ဘယ်တွေးမိမလဲမာမိ"

"ငါတို့နဲ့တူတယ်လို့ ဖုန်းလှမ်းဆက်တဲ့ အမျိုးသမီးကကော သူတို့သားအမိတော့ မဖြစ်နိုင်ပါဘူးနော်"

"လှိုင်းတို့သားအမိတော့ လုံးဝမဟုတ်ပါဘူး၊ သေချာပါတယ်"





"အိမ်ဖုန်းရဲ့ Caller ID က ဆယ်လုံးအထိ မှတ်တာပဲ၊ အဲဒီဖုန်းနံပါတ်ကို ပြန်ရှာကြည့်ကြည့်စမ်း နေလင်း"

နေလင်းက ဖျတ်ခနဲ နေရာမှ သွက်သွက်ထ,ပြေးသွားပါသည်။

✤ ✦ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"ဟိုက ဝင်လာနေတာ ထင်တယ်"

နေလင်းရဲ့အမေ ဒေါ်ခင်မမသည် ရှေ့က ကော်ဖီပန်းကန်ကို အနည်းငယ် ရှေ့တိုးတွန်းရွှေ့လိုက်ပြီး စားပွဲပေါ် လက်နှစ်ဖက် ပိုက်တင်ကာ ဝင်လာတဲ့ အမျိုးသမီးကို စူးစူးစေ့စေ့ စောင့်ကြည့်နေလိုက်ပါသည်။ ဘယ်လိုအမျိုးသမီးမျိုးလဲလို့ပင်။ အဆင့်အတန်းရှိရှိ ဣန္ဒြေရရ ကျက်သရေရှိရှိ အမျိုးသမီးတစ်ယောက်ပဲ ဖြစ်နေ၍ ဒီအမှုကိစ္စထဲ ဘယ်လိုပါနေပါလိမ့်လို့ အံ့အားသင့်မိသည်။

"ဒေါ်ခင်မမနဲ့ မောင်နေလင်းနော်"

"ဟုတ်ပါတယ်"

"ကျွန်မ ချွေနွယ်ရီးပါ"



သူ့ကိုယ်သူ မိတ်ဆက်ပြီး ရီးက ဝင်ထိုင်လိုက်ပါသည်။ မနေ့က ရီးထံ ဒေါ်ခင်မမ ဖုန်းဆက်ကာ လှိုင်းရဲ့ကလေးနဲ့ ပတ်သက်တဲ့ကိစ္စကို ဘယ်လိုဆက်စပ်မှုမျိုးကြောင့် သူ့သားထံ ဖုန်းဆက်ပြောတာလဲ စုံစမ်းတာပင်။ အနားမှာ မေမေရှိနေ၍ ရီးက တစ်နေရာမှာ တွေ့ဆုံဖို့ ချိန်းလိုက်ရပါသည်။

"ကျွန်မက ဖုန်းသရဲလား ဘာလား ထင်နေတာ၊ ပြဿနာတွေကို ကြားဖူးနားဝသိတဲ့သူ တစ်ယောက်ယောက် လှမ်းနှောက်နေတာလားလို့၊ ခုလို ကျွန်မနဲ့ မတိမ်းမယိမ်း အမျိုးသမီးတစ်ယောက် ဖြစ်နေမယ်လို့ကို မထင်မိတာ"

"ကျွန်မ ဦးမိုးဝေါင်ရဲ့ ဇနီးဟောင်းပါ"

"ဩော်"

ဒေါ်မမရဲ့ "ဩော်" သံဟာ အရှည်ကြီးဆွဲကာ အပေါ်ယံ ခြိမ့်ခြိမ့်ငုံ့ငုံ့တော့ သဘောပေါက်သွားရ၍ သတိအနေအထားမျိုး တင်းတောင့်နေတဲ့ ခန္ဓာကိုယ်ကိုလည်း ဖြေလျှော့ပြီး နောက်ခုံကို မှီလိုက်ပါသည်။

"ပထမဆုံး မေးချင်တာက ညီမက 'ကလေးဟာ နေလင်းတို့မိသားစုနဲ့ တူတယ်လို့ ပြောတဲ့စကားပါ၊ ဦးမိုးဝေါင်နဲ့ လှိုင်းအိထွဋ်က မွေးလာတဲ့ကလေးကို နေလင်းတို့မိသားစုနဲ့တူတယ်လို့ ပြောထွက်နိုင်လောက်တဲ့ နောက်ခံအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ရင်းက ဘယ်လိုများရှိသလဲ၊ နေလင်းတို့မိသားစုနဲ့တူတယ် ဆိုတဲ့စကားက စွပ်စွဲစော်ကားရာကျတဲ့ စကားတစ်ခွန်း ဖြစ်မနေဘူးလား"

ရှီးက ခပ်ထက်ထက် ခပ်မှာမှာပုံ ပေါက်နေတဲ့ နေလင်းရဲ့အမေကို တောင်းပန်တဲ့ အပြုံးကလေး ပြုံးပြရကာ ...

"ကျွန်မ ပွင့်ပွင့်လင်းလင်း ပြောပါရစေ အစ်မ"

"ကျွန်မကလည်း ပွင့်ပွင့်လင်းလင်းပဲ ကြားချင်တယ်"

"နေလင်းတို့ လှိုင်းအိထွဋ်တို့ သူငယ်ချင်းတစ်ခု စတိတ် ရှိုးက ပြန်တဲ့ညရဲ့အဖြစ်အပျက်ကို နိုင်နိုင်လုံလုံ သိနေလို့ ပါ"

ဒေါ်ခင်မမက စူးစူးရဲရဲ ကြည့်ရင်း ...

"ဘယ်လိုသိနေတာမျိုးလဲ"

"အဲဒီညက လှိုင်းကို လိုက်ရှာဖို့ ပြန်ခေါ်ဖို့အတွက် သူ့ အမေဒေါ်ခင်မိုးထွဋ်က မိတ်ဆွေအိမ်တစ်အိမ်က ဒရိုင်ဘာ ကို လှမ်းအကူအညီတောင်းရပါတယ်၊ အဲဒီမိတ်ဆွေမိသား စုက ကျွန်မမိတ်ဆွေတွေပဲ ဖြစ်နေလို့ ဒီကိစ္စကို သိရတာ ပါ"

"သြော် ... လူတွေဟာ ဘယ်သူမှ နှုတ်မလုံကြဘူးကိုး"

"ဆက်နွယ်မှု ရှိမလာရင်တော့ သူတို့မိသားစုက နှုတ်လုံတဲ့





မိသားစုမျိုးပါ အစ်မ၊ ဆက်နွယ်မှုက ရှိလာတာကိုး၊ အဲဒီ ညက သူတို့ဒရိုင်ဘာက ကူညီပေးပြီး သွားပြန်ခေါ်လာရ တဲ့ မိန်းကလေးဟာ ရက်ပိုင်းအတွင်း ကျွန်မရဲ့ခင်ပွန်း လောင်းနဲ့ လက်ထပ်သွားခဲ့တာကိုး"

ဒေါ်ခင်မမက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။ ဟုတ်တာပေါ့လေ။ ဒီလိုကြီး ပတ်သက်ဆက်စပ်လာတော့လည်း သူ့သူကိုယ်ကိုယ် ပြောဖြစ်ကြမှာပင်။

"အဲဒီကအပြီး လေးရက်မြောက်နေ့မှာ လှိုင်းအိထွဋ်က ဦးမိုးဂေါင်နောက် လိုက်သွားပြီး ခြောက်ရက်မြောက်မှာ လက်မှတ်တိုး လက်ထပ်လိုက်ကြတယ်၊ ကျွန်မ ရက်စွဲတွေ ပါ အတိအကျ ပြန်ရေးမှတ်ထားပြီးပါပြီ"

"အဲဒါ ဘာအတွက်လဲ"

"... ... ..."

ရှီးက နှုတ်ခမ်းလေးချင်းပွတ်ကာ ခေတ္တအားယူနေ ပါသည်။

"ရှင်နဲ့ ဦးမိုးဂေါင်က ဒီမတိုင်ခင်ကတည်းက ကွာရှင်းပြီး သားပဲ မဟုတ်လား၊ ရှင်နဲ့ ဘာမှမပတ်သက်တော့တဲ့ ကိစ္စတစ်ခုထဲမှာ ဘာအတွက် ဝင်ပါနေတာလဲ နားမလည် နိုင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဘယ်သူ့ကိုမှ မပြောဖြစ်တဲ့စကား အစ်မတို့သား အမိကိုတော့ ပြောပြရတော့မှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ အစ်မတို့ကို ကျွန်မက ကလေးဟာ အစ်မတို့ဘက်နဲ့တူတယ်လို့ ပြောထားမိတယ်လေ၊ ဒါကိုဖြေရှင်းရတော့မှာပေါ့"

"ဟုတ်တယ် နားမလည်နိုင်ဘူး၊ ပြောပြပါ"

"ကျွန်မတို့လင်မယား ကွာရှင်းဖြစ်ခဲ့တာဟာ ကျွန်မတို့မှာ ရင်သွေးမရခဲ့တဲ့ အတွက်ပါ၊ ဦးမိုးဂေါင်က မိဘမဲ့တစ်ကောင်ကြွက် ဖြစ်ခဲ့တဲ့သူမို့ မိသားစုဘဝကို အရှမ်းတပ်မက်ပါတယ်၊ ကလေးရူး သိပ်ရူးပါတယ်"

"ဩော် ... ညီမက ... ညီမက ကလေးမရနိုင်ခဲ့ဘူးပေါ့"

"ကျွန်မက Normal ပါ၊ ကလေးရနိုင်ပါတယ်"

"ဟင် ... ဒါဖြင့် သူက ..."

"ကျွန်မတို့က ... ..."

ရိုးသည် အဖြစ်အပျက် အစုံအလင်ကို တစ်လုံးချင်း စေ့စေ့စပ်စပ် ရှင်းပြလိုက်ရပါသည်။ ဒီလိုပြောမပြဘဲနဲ့တော့ သူတို့က ရိုးစကားကို အလွယ်လက်ခံနိုင်မှာ မဟုတ်ပါ။

"ဩော်"

ဒေါ်ခင်မမက အံ့အားတသင့် ဖြစ်နေတော့ကာ —





"ဒါဖြင့် ဦးမိုးဂေါင်ဟာ ကလေးမရနိုင်တဲ့ လူတစ်ယောက်"

"ဖြစ်ဖို့ ရာခိုင်နှုန်းများတဲ့ဘက်မှာပါ၊ သူ့ကိုမစစ်ခဲ့ဖူးတဲ့ အတွက် ဘာမှ အတိအကျ မပြောနိုင်ဘူး ဆိုပေမယ့် ဖြစ်နိုင်ချေသဘောကတော့ ..."

"နားလည်ပြီ ... နားလည်ပါပြီ"

ဒေါ်ခင်မမက စိတ်တွေလှုပ်ရှားနေတဲ့ သားဖြစ်သူ နေလင်းဘက်လှည့်၍ အကဲခတ်ကြည့်ရင်း သူပါ ထူပူနေပါသည်။ ကဲ ... ဘာလုပ်မလဲ။ ကလေးလေးဟာ တကယ်လို့များ သူ့မြေးပဲ ဖြစ်နေခဲ့ပြီ ဆိုပါစို့။ ဘာဆက်လုပ်မလဲ။

"ဒါနဲ့ ညီမက ဘယ်လိုအစီအစဉ်ရှိလို့ ဒါကို ထုတ်ဖော်ချင်ရတာလဲ"

"ကျွန်မမှာ ဘာအစီအစဉ်မှ မရှိပါဘူး အစ်မ၊ ဦးမိုးဂေါင်နဲ့ လှိုင်းကလည်း တရားဝင်လက်ထပ်ပြီးတဲ့ လင်မယားပါပဲ၊ ဘာကိုမှ ပြန်မမျှော်လင့်ပါဘူး၊ တစ်ခုပါပဲ၊ သူ့ရဲ့ မျိုးဆက်ရင်သွေးကို အင်မတန် ရူးသွပ်တဲ့ ဦးမိုးဂေါင် သူ့ရင်သွေးစစ်စစ်ကိုပဲ ပိုင်ဆိုင်ခွင့် ရစေချင်တာပါ၊ သူ အညာခံနေရတာလည်း မဖြစ်စေချင်ဘူး၊ သူ့ကိုတောင် စွန့်လွှတ်ပေးလိုက်ရပြီးမှ ကျွန်မအနေနဲ့ သူ သူ့ကလေး မဟုတ်တဲ့ ကလေးတစ်ယောက်ကို သူ့ကလေးအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးတန်ဖိုးထားနေတာ မကြည့်နိုင်ဘူး၊ ကျွန်မ ကွဲပေးလိုက်ရတာနဲ့ မတန်ဘူးလို့ ခံစားရတယ်"

ဒေါ်ခင်မမက သက်ပြင်းတစ်ချက် ခပ်ပြင်းပြင်း မှုတ်ထုတ်လိုက်ကာ ...

"ဘာဆက်လုပ်ရင် ကောင်းမလဲတောင် မစဉ်းစားတတ်တော့ဘူး၊ ဟောဒီမှာ နေလင်းကလည်း လှိုင်းရဲ့သမီးလေး ဓာတ်ပုံ ရထားတယ်၊ တွေ့တဲ့သူတွေက ကျွန်မနဲ့တူတယ်လို့ ပြောနေကြတယ်၊ ဘာဇာတ်ကြောင်းမှ မသိဘဲ ပြောကြတာပါ၊ ခုလို ထပ်သိရတော့ ကျွန်မလည်း ခေါင်းတွေ အတော်ပူရှုပ်သွားပြီ"

ဒေါ်ခင်မမက နေလင်းရဲ့ဖုန်းကိုယူကာ ရိုးကိုဖွင့်ပြလိုက်ပါသည်။ ကလေးလေးရဲ့ လှုပ်ရှားမှုလေးတွေကို အံ့အားတသင့်ကြည့်ရင်း ရိုးရင်ထဲ ဝမ်းနည်းသလိုလို ဂမ်းသာသလိုလို ကတုန်ကယင် ဖြစ်မိသည်။ ကိုတစ်ယောက် ဘယ်လောက်ကြည်နူးပီတိ ရွှန်းအိမာန်တက်နေလိုက်မလဲ။

တကယ်တော့ သူ့ကို ရင်ကွဲပက်လက် ချုံးချုံးကျစိတ်ဓာတ်ပျက်ပြားသွားစေလိုစိတ်မျိုး ရိုးမှာ တကယ်မရှိပါ။ သူ့ကလေး မဟုတ်ပါစေနဲ့လို့လည်း ရိုး ဆုမတောင်းမိတာ အမှန်ပါပေ။



ဒေါ်ခင်မမသည်လည်း ကိုယ့်အတွေးနှင့်ကိုယ် ငိုင်လျက်သား။ သားအငယ်ဆုံးလေး နေလင်းကို လှိုင်းထက်သာတဲ့ အခြေအနေ အဆင့်အတန်းနှင့်မှ ရည်မှန်းခဲ့ပါသည်။ လှိုင်းကို လက်မှတ်ရေးထိုးပေးတာအပြင် တခြားဘာမှ တာဝန်ယူမပေးနိုင်တဲ့သဘော၊ သွေးပူပူနှင့် ပြောခဲ့တုန်းကတော့ တကယ့်စိတ်ရင်းက အဲဒီအတိုင်းပင်။ သူ့သားနှင့် ပေးစားပြီး သူ့သားရဲ့ရှေ့ရေး အနာဂတ်တွေ ရပ်တန့်ပိတ်ဆို့ကုန်တာမျိုး အဖြစ်မခံနိုင်ခဲ့တာ။

သွေးအေးပြီး ရက်လတွေ ချီကြာလာတဲ့အခါမှာတော့ လှိုင်းလည်း သူ့အိမ်ထောင်နှင့်သူ။ နေလင်းလည်း နိုင်ငံရပ်ခြားမှာ စာသင်လျက် ရှိနေတာကို ကျေနပ်ပါလျက်နှင့် တစ်ချိန်က သူဟာ သူတစ်ပါးသမီးပျိုကလေးအပေါ် မိန်းမရိုင်း မိန်းမကြမ်းဆန်စွာ ရက်ရက်စက်စက် ဆက်ဆံခဲ့မိပါသလားလို့ ဘယ်သူမှ မသိဘဲ တစ်ယောက်တည်း တွေးမိလျက် လှုသူမသိ ကျိတ်ရှက်မိတာမျိုး ဖြစ်ဖူးခဲ့ပါသည်။

အကုသိုလ်များခဲ့တယ်လို့ တွေးမိကာ ကုသိုလ်ရေးတွေ အလှူအတန်းတွေတောင် ပိုလုပ်ခဲ့မိပါသည်။ အခုလို "တကယ်လို့များ ငါ့သွေး ငါ့မြေးကလေးများ ဖြစ်နေခဲ့ရင်"လို့ တွေးမိတဲ့အခါမှာတော့ မျက်နှာလွှဲခဲပစ် ထားနိုင်ဖို့ အတော်ပင် ဆောက်တည်ရာမရ ဖြစ်နေမိတာမျိုးပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ကိုယ်နဲ့တူသလိုလိုလို့ ကိုယ်တိုင်ထင်မိတဲ့ ဤကလေးလေးကို မဟုတ်ပါစေနဲ့၊ နေလင်းရဲ့သွေး မဟုတ်ပါစေနဲ့လို့ ဆုတောင်းမိပါသည်။ တစ်ထပ်တည်း ဆုတောင်းနေမိသည်မှာ နေလင်းပါ။

ကိုယ့်သွေးများ ဖြစ်နေခဲ့ရင် လက်လွှတ်စပယ်သဘောမထားနိုင်တဲ့ နေလင်းဟာ ခုချိန်မှာ လှိုင်းနှင့်ပတ်သက်လို့ သူ့ဟာနဲ့သူ သွေးအေးစ,ပြုနေပြီဖြစ်တာလည်း တစ်ကြောင်း။ ကိုးလ ဆယ်လ လက်ထပ်ခင်ပွန်းနှင့် ပေါင်းသင်းနေပြီးသော လှိုင်းကို ခုချိန်မှာမှ ကိုယ့်ကလေးရဲ့မိခင်ဆိုပြီး ပြန်လည်ပေါင်းစည်းဖို့ဆိုတာမျိုးက တွေးကြည့်ဖို့တောင် မလွယ်ကူလှတာပါ။

ပတ်သက်စရာရှိခဲ့ရင်တောင် ကိုယ့်သွေးဖြစ်နေတယ်ဆိုတဲ့ ကလေးအပေါ်သာ ပတ်သက်ချင်စိတ်က ပိုနေခဲ့ပြီး လှိုင်းကိုတော့ သူ့ခင်ပွန်းသည်နှင့်သူသာ ရှိစေချင်တာမျိုး။ တကယ်လို့ သူ့ကလေးများ ဖြစ်နေခဲ့ရင် လှိုင်းရဲ့ခင်ပွန်း ဦးမိုးဂေါင်ကကော လှိုင်းအပေါ် အလွယ်တကူ ကြည်ဖြူခွင့်လွှတ်နိုင်မှာတဲ့လား။ သူတို့အိမ်ထောင်ရေးကို အနည်းနှင့်အများ ထိခိုက်မှာ။ ထိခိုက်သွားတဲ့ အိမ်ထောင်ရေးရဲ့အနောက်မှာ လှိုင်းရဲ့ရှေ့ရေးဟာ ...။

မတွေးချင်ပါ။



ဒီတော့ နေလင်းရဲ့ဆုတောင်းကလည်း သူ့အမေနှင့်တစ်ထပ်တည်းပင်။ သူ့သွေးဖြစ်မနေပါစေနှင့်။ ဦးမိုးဂေါင်ရဲ့သွေးသာ ဖြစ်ပါစေ။

"ကဲ ... ဒီတော့ ဒီကိစ္စကို ညီမက ဘယ်လိုလုပ်ချင်တာလဲ"

"အစ်မတို့ကရော"

"ဒီကိစ္စကို အစဆွဲထုတ်လာတဲ့သူက ညီမပါ၊ ညီမက ဘယ်လိုဖြစ်ချင်လို့ဆိုတာကို အရင်ပြောပါ"

"ကျွန်မက ဒီကလေးဟာ ဦးမိုးဂေါင်သွေး ဟုတ်မဟုတ်ကို အတိအကျ သိချင်တာပါ၊ အမှန်အတိုင်း သိချင်တာပါ"

"ကျွန်မလည်း နေလင်းသွေး ဟုတ်မဟုတ် သိချင်တာပဲ၊ ဒါပေမဲ့ တစ်မျိုးစဉ်းစားကြည့်ပါဦး ရွှေနှယ်ရီး။ အမှန်အတိုင်း သိရခြင်းအားဖြင့် ညီမမှာ ဘာအကျိုးရှိနိုင်သလဲ"

"ကျွန်မ အကျိုးရှိဖို့ မဟုတ်ပါဘူး"

"ဦးမိုးဂေါင်အတွက်ပေါ့ !"

"သူ့လောက်ရူးသွပ်တဲ့သူဟာ သူ့ရင်သွေးအစစ်ကိုပဲ ဂုဏ်ယူသင့်တယ်လေ၊ သူများရဲ့ကလေးကို သူ့သွေးထင်ပြီး ချီပိုးချော့မြှူဂုဏ်ယူနေရမှာ သူ့အတွက် စဉ်းစားကြည့်ပါဦး၊ သူ သိရင် ဘယ်လောက်ပေါက်ကွဲမလဲ၊ သူ့အပေါ် မတရားရာ မကျလွန်းဘူးလား"

www.burmeseclassic.com



ဒေါ်ခင်မမက ဈေးနွယ်ရီးကို တစ်ခဏစိုက်ကြည့်အကဲခတ်နေမိပါသည်။ ဒီအမျိုးသမီးဟာလည်း ဦးမိုးဝေါင်အပေါ် သူ့ဘက်က အလွန်ချစ်ခဲ့ပါလျက် ဦးမိုးဝေါင်ရဲ့ဆုံးဖြတ်ချက်တို့ ကျတော့ သူ့အပေါ် စိမ်းကားရက်စက်ရာကျခဲ့တာအတွက် နာကျင်ခြင်းဝေဒနာနှင့် တစ်မျိုးတစ်ဖုံ ရူးသွပ်နေသူပေပဲလို့သာ မှတ်ချက်ပြုမိပါသည်။

ဒါပေမဲ့ ကိုယ်တိုင်လည်း အမှန်တရားကိုတော့ သိကိုသိချင်သေးတာ။

"ဒါဖြင့် လှိုင်းအိထွန်းကို ဖွင့်မေးကြဖို့ပဲ ရှိတာပေါ့"

"ဖွင့်မေးရုံနဲ့တော့ သူ ဖြစ်စေချင်သလိုဖြေတဲ့ အဖြေစကားကိုပဲရမှာပေါ့ အစ်မ၊ ဘယ်နည်းနဲ့မဆို သူက ဦးမိုးဝေါင်ရဲ့သွေးပါ ဆိုတာကလွဲပြီး တခြားအဖြေ ပေးစရာအကြောင်းမရှိဘူး၊ ဒီအဖြေတစ်မျိုးတည်းကသာ အသင့်တင့်အလျောက်ပတ်ဆုံးပဲလေ၊ ကျွန်မတို့က သင့်တင့်လျောက်ပတ်တဲ့အဖြေကို လိုချင်တာ မဟုတ်ဘူး၊ အဖြေမှန်ကို လိုချင်တာ"

"အဲဒီတော့ ! "

"နည်းတွေရှိပါတယ်၊ သွေးစစ်ကြည့်တာ၊ DNA စစ်ကြည့်တာ"





"DNA က ဒီမှာပဲ စစ်လို့ရလို့လား၊ စင်ကာပူကို ပို့စစ်ရမယ်ထင်တယ်"

"ဘာပဲဖြစ်ဖြစ် စစ်လို့တော့ ရတာပဲ"

ငြိမ်သက်နေတဲ့ နေလင်းက သက်ပြင်းကြီးတစ်ချက်ချရင်း ရီးကိုကြည့်ကာ ...

"အန်တီ့ကို ကျွန်တော် တစ်ခုလောက် ပြောချင်တယ်"

"ပြောပါ နေလင်း"

"ခုအဖြစ်အပျက် အခြေအနေတွေမှာ ကျွန်တော့်စိတ်ထဲရင်ထဲလည်း ရှုပ်ထွေးနေတယ်၊ အန်တီ့ရင်ထဲ ဦးနှောက်ထဲလည်း ဒီတိုင်းပဲ ရှုပ်ထွေးနေမှာပဲ၊ ပူထူနေမှာပဲ၊ ကျွန်တော်တို့ ကြိုတွေးထားဖို့ တစ်ခုတော့ရှိတယ် အန်တီ"

"... ... ..."

"ဒီပြဿနာတွေ ရုတ်တရက် ထပြီးပေါ်ပေါက်လာတဲ့အတွက် လှိုင်းတို့အိမ်ထောင်ရေး ထိခိုက်ပျက်စီးသွားနိုင်တယ်"

✤ ✦ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

"သမီး … သမီးလေး၊ ငါ့သမီးလေး … ဟား ဟား၊ ဖေဖေ ဖေဖေလို့ ခေါ်ပါဦးကွ၊ အဟား ဟား"

သမီးလေးထားတဲ့အခန်းနှင့် လှိုင်းတို့အိပ်ခန်းကို ကြားမှာကူးဖို့ တံခါးပေါက်တစ်ခု ဦးမိုးဂေါင်က ဖောက်ချလိုက်ပါသည်။ ညကျ သမီးအခန်းမှာ သမီးလေးရယ် သမီးအတွက် ငှားထားတဲ့ နာ့စ်ရယ် အိပ်သည်။ ဒီနာ့စ်ကို ဦးမိုးဂေါင်က လေး လလောက်ထိတော့ ဆက်တိုက်ငှားထားမည်ဟု ဆိုပါသည်။

မနက်မိုးလင်းသည်နှင့် ဦးထံမှ ဖေဖေသံ ညံစီနေသည်။ အလုပ်မသွားခင် သူ့သမီးနှင့်ပဲ လုံးထွေးနေပါသည်။ လှိုင်းက ရေချိုးခန်းထဲက ထွက်လာပြီး မှန်တင်ခုံရှေ့ထိုင်ကာ တုန်ယင်နေတဲ့ရင်ကိုဖိရင်း သက်ပြင်းတွေချည်း ချနေမိပါသည်။





"လှိုင်း နေမကောင်းဘူးလား"

ဒီဘက်ခန်း ပြန်ကူးလာကာ ကမန်းကတန်း အဝတ်အစားလဲနေတဲ့ မိုးဂေါင်က လှိုင်းရဲ့ခပ်နွမ်းနွမ်း မျက်နှာလေးကို လှမ်းကြည့်ရင်း မေးသည်။

"ကောင်းပါတယ်"

"မျက်နှာက နွမ်းနေလို့"

"ညကအိပ်မပျော်လို့"

"အင်း … ညက သမီးလေး ထ,ငိုသေးတာကိုး၊ ဦးကတော့ ချက်ချင်းပဲ ပြန်အိပ်ပျော်တယ်၊ လှိုင်း ပြန်မအိပ်ပျော်လို့ ထင်တယ်၊ ဒီနေ့ အိုဂျီက ပြန်ကြည့်ဖို့ ဖောလိုးအပ်ပ်ချိန်းထားတာ မဟုတ်လား၊ ပြန်ရောက်ရင် တစ်ရေးလောက် အိပ်လိုက်ဦး၊ လှိုင်း အိပ်ရေးပျက် အစားပျက်ရင် သမီးလေးပါ နို့မဝဘဲနေမယ်၊ ကြားလား လှိုင်း"

လှိုင်းက ဦးကို မှန်ထဲကနေ ခေါင်းညိတ်ပြလိုက်ပါသည်။ ညကအိပ်မပျော်တာက သမီး ထ,ငိုလို့မဟုတ်။ သမီး ထမငိုခင်ကတည်းက အိပ်မပျော်လိုက်တာ မိုးလင်းခါနီးအထိပါပဲ။ မေ့ခနဲ ငိုက်ခနဲ တစ်ချက် တစ်ချက် ဖြစ်တာကလွဲလို့ အိပ်ကိုမပျော်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ ... တာ့တာ၊ ဖေကြီး သွားပြီ၊ ဆရာမ ... ဒီနေ့ သူ့အမေ အပြင်သွားမှာမို့လို့ သမီးကို သေချာဂရုစိုက်ပါနော်"

"စိတ်ချပါ ဆရာ"

"ဒေါ်လုံး ... ဆရာမနားပဲနေ၊ ဆရာမ တစ်ခုခုလိုအပ်ရင် ချက်ချင်းကူနိုင်အောင် တစ်ခုခုဆိုရင် ကျွန်တော့်ဆီ ချက်ချင်း ဖုန်းဆက်နော်"

"ဟုတ်ကဲ့ ဆရာ"

ဦး ထွက်သွားတဲ့အခါ မသိမသာ ဟန်ဆောင်ထားတဲ့ ကိုယ့်ကိုယ်ကိုယ် "ဟင်း"ခနဲ စိတ်လျှော့ချလိုက်တဲ့အခါ လှိုင်း ပုံသဏ္ဌာန်က ကဗြစ်ကစုတ်နှင့် နွမ်းခွေသွားပါသည်။ ခေါင်းထဲလည်း ပူထူရှုပ်ထွေးလာသည်။ နေလင်း ဖုန်းဆက် ဆက်သွယ်နေတာ နှစ်ကြိမ်ရှိပြီ။ သူ့ဖုန်းနံပါတ်ကို မကိုင်တော့ တခြားနံပါတ်နှင့်ဆက်ကာ လှိုင်း ကိုင်လိုက်မိတဲ့အခါ ပြောစရာရှိတယ်ဆိုပြီး တွေ့ဖို့ချိန်းပါသည်။

လှိုင်းက ခပ်ပြတ်ပြတ်ငြင်းပြီး ဖုန်းကိုချချပစ်သည်။ တစ်နေ့ကတော့ အံ့သြစရာ။ နေလင်း ဆက်တာမဟုတ်ဘဲ နေလင်းရဲ့အမေ ဆက်လာတာ။ အေးအေးဆေးဆေး ဆွေးနွေးစကား ပြောစရာရှိ၍ လှိုင်း လာတွေ့မလား သူတို့ လာတွေ့ရ





မလားတဲ့။ ဘယ်လိုမှ ငြင်းမရတော့ဘဲ ဒီနေ့ ဆရာဝန်နှင့် ဖော လိုးအပ်ပ် ပြန်ပြစရာရှိတာမို့ အပြန်မှာလာခဲ့မည်လို့ လက်ခံချိန်းဆိုလိုက်ရသည်။

ဒီအတွက် ရင်ထဲလေးပြီး ထိုင်းမှိုင်းနေတာ။ ဘာတွေ ဆွေးနွေးမလို့လဲ။ သာယာတည်ငြိမ်နေတဲ့ လှိုင်းရဲ့ဘဝကလေးကို လှိုင်း ထိခိုက်ပျက်စီး မခံနိုင်တော့ပါ။ ကိုယ့်ဘက်က လော်လီခြင်းကင်းသော်လည်း အမှားအယွင်း ဖြစ်ခဲ့ရကာ အဲဒီအမှားအယွင်းကို ဖွင့်ဟဝန်မခံဘဲ ဦးကို လက်ထပ်ခဲ့မိတာက လှိုင်းဘက်က အပြစ်ဖြစ်သည်။ ခုတော့ ကြိုတင်ဝန်မခံခဲ့တဲ့ အပြစ်ကြီးတစ်ခုကို ဦး သိသွားမှာ လှိုင်း အသေအလဲ ကြောက်ရွံ့နေရပြီ။

စိတ်မပါလက်မပါနှင့် ဆရာဝန်ဆီရောက်။ ချုပ်ရိုးတွေ ဘာတွေ စစ်ဆေး၊ ဗိုက်ကို စမ်းသပ်စစ်ဆေးပြီး ဆရာဝန်ဆီက အပြန်မှာတော့ ဒရိုင်ဘာကို နေလင်းတို့သားအမိနှင့်ချိန်းထားသည့် စားသောက်ဆိုင်လေးသို့ မောင်းခိုင်းလိုက်ရသည်။ ရီဆက်ပ်ရှင်မှာ မေးလိုက်တော့ သူတို့ရောက်နှင့်နေပြီဆိုကာ သီးသန့်ခန်းကလေးဆီ လိုက်ပို့ပါသည်။

အခန်းကို ဖွင့်ဝင်လိုက်လျှင် စားပွဲမှာ ထိုင်နေတာက သုံးယောက်။ နေလင်းတို့ သားအမိရယ်၊ နောက်ထပ်အမျိုးသမီး တစ်ယောက်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော … လာ လာ … လှိုင်း၊ နေကောင်းရဲ့လား"

ရှိုသာပျော့ပျောင်းနေတဲ့ နေလင်း အမေကို လှိုင်းက အကဲတခတ်ခတ်နှင့်ပင် စားပွဲမှာ ဝင်ထိုင်ရကာ …

"ဟုတ် … နေကောင်းပါတယ်"

"ကလေးတောင် သုံးပတ်လောက် ရပြီပေါ့"

"ဟုတ်ကဲ့"

လှိုင်းက နေလင်း၊ နေလင်းအမေ၊ မြင်မှုးသလိုရှိသော မျက်နှာစိမ်းအမျိုးသမီးတို့ကို တစ်လှည့်စီကြည့်ပြီး …

"အန်တီ ဘာကိစ္စရှိလို့လဲ မသိဘူး"

"ပြောရခက်တဲ့ကိစ္စ ဖြစ်ပေမယ့် မပြောလည်းမဖြစ်ဘူးဆိုတော့ ပြောရတော့မှာပဲ လှိုင်းရေ၊ မိတ်ဆက်ပေးရဦးမယ်၊ ဒီဘက်က ဦးမိုးဝေါင်ရဲ့ဇနီးဟောင်း ဒေါ်ရွှေနှယ်ရီးတဲ့"

"ရှင်"

လှိုင်းသည် ဦးရဲ့ဇနီးဟောင်း ဆိုသူကို တအံ့တဩ အလန့်တကြား ကြည့်နေမိပါသည်။ ဦးရဲ့ဇနီးဟောင်းက နေလင်းတို့သားအမိနှင့် ဘယ်လိုပတ်သက်နေလို့လဲ။ ခုကိစ္စမှာရော ဘာကြောင့် ပါလာတာလဲ။

"ဟို … ဘာ … ဘာကိစ္စရှိလို့လဲ မသိဘူး"

လှိုင်းအသံလေးက တုန်ယင်နေခဲ့သည်။

✤ ✦ ✤





စားပွဲပေါ်မှာ မှာယူထားတဲ့ အစားအသောက်အချို့က အေးစက်လျက်။ အားလုံးရဲ့အာရုံက လှိုင်းထံမှာသာ။ ဘယ်သူမှ ဘာကိုမှ စားဖို့စိတ်ကူးမရှိ။

"လှိုင်းမှာ ပြောစရာစကား တစ်ခွန်းပဲရှိပါတယ်၊ သမီးလေးက ဦးရဲ့ရင်သွေးပါ"

"သေချာလား သမီး"

ဒေါ်ခင်မမက ကိုယ်ရှေ့ကိုင်းကာ မေးလိုက်ပါသည်။

"သမီး အသိဆုံးပေါ့ အန်တီ၊ နေလင်းနဲ့ ပတ်သက်ပြီး လှိုင်း စိတ်ပူခဲ့ရတဲ့ အခြေအနေမျိုး လှိုင်းမှာ မရှိလာခဲ့ပါဘူး၊ အဲဒါကို ဦးနဲ့မင်္ဂလာဆောင်ခဲ့ပွဲ မလုပ်ခင်ကတည်းက သေချာခဲ့ပါတယ်၊ လုံးဝမဟုတ်ပါဘူး၊ အန်တီတို့ စိတ်ရှင်းရှင်းထားပါ၊ လှိုင်း မညာပါဘူး၊ ကလေး လာကြည့်ကြတုန်းက ရတနာတို့ စိမ့်တို့ ဖူးပွင့်တို့ပါ ကလေးကို အန်တီနဲ့တူတယ်လို့ ပြောကြပါတယ်၊ ဖြူဖြူဝိုင်းဝိုင်း နှာခေါင်းပြားပြားလေးနဲ့ ဆင်တယ်လို့ ပြောနိုင်တယ်လို့ လှိုင်းကိုယ်တိုင်လည်း တွေးလိုက်မိပါသေးတယ် …

www.burmeseclassic.com



အဲဒါဟာ ဆင်တာကို ဆင်တယ်လို့ ပြောတာကလွဲရင် အန်တီနဲ့ မပတ်သက်ဘူး၊ အန်တီသွေးလည်း မပါဘူး၊ ဘာမှမဆိုင်ဘူး၊ သမီးက ဦးရဲ့ရင်သွေးပါ”

“ဒါဖြင့် နင် ဘာဖြစ်လို့ အခု တုန်လှုပ်နေတာလဲ”

လှိုင်းက နေလင်းကို မျက်စောင်းတစ်ချက်ထိုးရင်း နာနာကြည်းကြည်းကြည့်ကာ ...

“ငါမမှားခဲ့တဲ့ ကိစ္စတစ်ခုကြောင့် ငါ့မှာ အမည်းစက်ထင်ခဲ့တယ်လေ၊ ဒါကို သွေးပူပူမှာ ဖုံးကွယ်ချင်တဲ့ ဆန္ဒပဲရှိခဲ့ပြီး ဦးကို ဖွင့်ဝန်မခံဘဲ ငါ လက်ထပ်ခဲ့တယ်၊ ခုချိန်ကျမှ ဖွင့်ပြောဖို့ သိပ်ခက်တယ် နေလင်း၊ အတွင်းအတာတစ်ခုအထိ အခြေခိုင်လာပြီးမှ ယိုင်လဲမှာ ပြိုပျက်မှာ သိပ်ကြောက်တယ် ...

ဒါကြောင့် အဲဒီကလျှာကို မှောင်အတိချထားချင်တယ်၊ ဒီကိစ္စကိုသိတဲ့လူတွေအားလုံး အဝေးကြီးရောက်နေလေကောင်းလေ၊ နင့်ကိုလည်း ပြန်တောင်မလာစေချင်ဘူး၊ မတော်တဆ အစွန်းအစထွက်လာမှာ ကြောက်တဲ့စိတ်နဲ့ ငါ တုန်လှုပ်တာ၊ ကလေးမမွေးခင်ကတည်းက မှတ်ပုံကြည့်ပြီး နင် ဖုန်းဆက်လိုက်ကတည်းက နင် ပြဿနာရှာမလားလို့ တုန်လှုပ်နေတာ ...





နင် ယုံပါ နေလင်း၊ နင်နဲ့ ငါ့မှာ ငါက နင့်ကို တောင်းပန်နေရမယ့် အနေအထား မဟုတ်ပါဘူး၊ နင်က အပြစ်ကျူးလွန်သူပါ၊ ဒါပေမဲ့ ငါပဲ တောင်းပန်ပါတယ်၊ နင်ယုံပါ၊ ဘာမှမပတ်သက်ပါဘူး၊ ငါ့ကိုယ်ငါ အသေချာဆုံးပါ၊ သမီးလေးက ဦးရဲ့ရင်သွေး အစစ်ပါ”

နေလင်းနှင့် ဒေါ်ခင်မမတို့ သားအမိ သက်ပြင်းကြီးတွေ ကျိတ်၍မှုတ်ထုတ်ကာ အနည်းငယ်ပေါ့ပါး ဘဝင်ကျသွားတဲ့ ဟန်မူရာ ရှိသော်လည်း ရိုးက တိတ်ဆိတ်နေရာမှ ကိုယ်ကို လှုပ်ရှားလိုက်ပါသည်။

“သမီး”

“... ... ...”

“ဦးမိုးဝေါင်ဟာ ကလေးအဖေဖြစ်ဖို့ ဘယ်လောက်ရူးသွပ်လဲ သမီး သိသလား”

“လှိုင်း အသိဆုံးပေါ့ အန်တီ၊ တစ်ချိန်လုံး ရူးနေတာပါ”

“ဒီလောက်တောင် ရူးသွပ်တန်မိုးထားတဲ့သူ တစ်ယောက်ဟာ သူ့ကလေးအစစ်မဟုတ်တဲ့ ကလေးတစ်ယောက်ကို သူ့ကလေးအမှတ်နဲ့ ရူးသွပ်နေရတယ်ဆိုရင် သူ့အဖို့ဘယ်လောက် နစ်နာပြီး မခံချင်စရာ ကောင်းမလဲ၊ လှိုင်း နားလည်လား”



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းသည် ဖွဲ့ကြီးလှတဲ့ ရီးကို စိတ်ပျက်ပျက်နှင့် ကြည့်ကာ ...

"သမီးလေးက ဦးကလေး အစစ်ပါလို့ အန်တီ့ကို ပြောပြီးပါပြီ"

"စကားလေးတစ်ခွန်း ပါးစပ်က ပြောရတယ်ဆိုတာ ဘာခက်လို့လဲ၊ လွယ်ပါတယ်၊ ပြောချင်တိုင်းပြောလို့ ရနေတာပဲ"

"ဒါဖြင့် လှိုင်းက ဘယ်လိုပြောရမှာလဲ"

"သေချာဖို့ လိုတာပါ"

"လှိုင်းထက် ဘယ်သူက သေချာနိုင်မလဲ၊ ဦးနဲ့ဧည့်ခံပွဲ မလုပ်ခင်မှာပဲ သေချာခဲ့ပါတယ်လို့ အပွင့်လင်းဆုံး ပြောထားပြီးပြီပဲ အန်တီရယ်"

လှိုင်း အသံက ကတုန်ကယင်ဖြစ်ကာ မျက်ရည်တွေ ရစ်လည်လာပါသည်။ အားလုံးက လှိုင်းမျက်နှာကိုသာ စေ့စေ့ကြည့်ကာ လှိုင်းစကားတွေဟာ အမှန်တွေလား မုသားတွေလား ဝေဖန်ပိုင်းခြားရခက်တဲ့ မျက်ဝန်းတွေနှင့်။ စာမေးပွဲစစ်နေတဲ့ ပါမောက္ခကြီးသုံးဦးရှေ့ တစ်ယောက်တည်း ဖြေနေရတဲ့ ကျောင်းသူလို အသည်းငယ်နေပါသည်။





"ဒါက နှုတ်က ပြောတာပဲ ဖြစ်တဲ့အတွက် ဘယ်လိုမဆို ပြောလို့ဖြစ်နေတာမျိုးဆိုတော့ ခိုင်လုံ သေချာတယ်လို့ ပြောလို့မရနိုင်လို့ပါ"

"ဘယ်သူ့အတွက် ခိုင်လုံ သေချာရမှာလဲ အန်တီ၊ အန်တီ့အတွက်လား"

ရီးက မျက်နှာလေး အနည်းငယ်နီမြန်းကာ ...

"အားလုံးအတွက်ပေါ့၊ တကယ်တော့ နေလင်းတို့အတွက်လည်း ခိုင်လုံဖို့ လိုအပ်တာပဲ၊ သက်သေလိုတာပဲလေ"

"ဒီကိစ္စကို ဘယ်လိုသက်သေပြမလဲ အန်တီ"

"နှုတ်က ပြောတာထက် ခိုင်လုံတာ တစ်ခုခုပေါ့"

"အန်တီက ဒါဟာ ဦးရဲ့ရင်သွေးပါလို့ လုံးဝမယုံကြည်တာလား"

"ယုံကြည်ချင်တာပါ"

"အန်တီနဲ့ ဆိုင်လို့လား"

ရီးမျက်နှာက ဖျတ်ခနဲပျက်ကာ အနည်းငယ်လည်း တင်းသယောင် ရှိသွားပါသည်။

"ဦးမိုးဝေါင်က အန်တီနဲ့ ဆယ့်ငါးနှစ်လုံးလုံး ပေါင်းခဲ့တဲ့ ခင်ပွန်းဟောင်း၊ ကလေးမရခဲ့တဲ့သူ၊ ဒါကြောင့် ဒီကလေးဟာ သူ့ကလေးပါလို့ အလွယ်တကူ မယုံနိုင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ မယုံပေမယ့် ဦးကယုံရင် မပြီးဘူးလား"

ရီးက ရတ်တရက် ဘာပြောရမှန်းမသိ ပလုံးပထွေး ဖြစ်နေပြီး စိတ်တိုတိုနှင့် ...

"သူမှ မင်းရဲ့အဖြစ်မှန်ကို မသိတာ"

"ကဲ ... အန်တီ၊ ဥပမာ ... ကဲ ... ဦးကလေး မဟုတ်ဘူးဆိုရင် အန်တီ ဘာလုပ်မလို့လဲ၊ ဦးနဲ့ အန်တီ ဘာဆိုင်တော့လို့လဲ"

ရီးက သက်ပြင်းတစ်ချက် ဖြည်းညင်းစွာချကာ ...

"ဟုတ်ပါတယ်၊ မဆိုင်တော့ပါဘူး သမီး၊ အန်တီမှာ ဘာမှပြောပိုင်ခွင့် လုပ်ပိုင်ခွင့် မရှိပါဘူး၊ ဒါပေမဲ့ ငယ်ကတည်းက ရင်သွေးဆိုတာရယ် မိသားစုဆိုတာရယ်ကိုပဲ အရူးအမူး တောင့်တကြီးပြင်းလာတဲ့ ဦးမိုးဝေါင်ကို အန်တီကိုယ်တိုင် မေတ္တာစေတနာရှိရက်နဲ့ အန်တီ့မှာလည်း ဘာချွတ်ယွင်းချက်မှမရှိခဲ့ဘဲနဲ့ ရင်သွေးလေး မွေးမပေးနိုင်ခဲ့ဘူး၊ ဒီကိစ္စကြောင့်ပဲ တခြားစိတ်သဘောကွဲလွဲမှု မရှိဘဲ လမ်းခွဲရတဲ့ အထိဖြစ်ခဲ့တယ်၊ ဦးမိုးဝေါင်ကိုက သူ့ကိုယ်သူ ချွတ်ယွင်းချက်မရှိဘူး ထင်ခဲ့တော့ ခုကိစ္စကိုလည်း သူကတော့ ဘာသံသယမှ ရှိမှာမဟုတ်ပါဘူး၊ အန်တီနေရာကနေ ရှင်းရှင်းပြောရရင် အားလုံးသိနေတဲ့ သူတစ်ယောက်အနေနဲ့ သံသယဝင်စရာ မကောင်းဘူးလား လှိုင်၊ ...





ကိုယ် လမ်းခွဲပြတ်စဲပေးခဲ့ရတဲ့ အဖြစ်အပျက်နဲ့ မထိုက်တန်အောင် တစ်ဖက်မှာ သူ အညာခံရတယ်ဆိုရင် အန်တီ မခံစားရဘဲ နေနိုင်ပါ့မလား၊ သူ့အတွက် နစ်နာလွန်းအားရော မကြီးဘူးလား၊ သူလို စိတ်ထားကောင်းပြီး သမီးအပေါ်လည်း ကြင်နာမှာသေချာတဲ့ လူတစ်ယောက်ဟာ အမှန်နဲ့မထိုက်တန်ဘူးလား သမီး၊ လှည့်ဖြားမခံရထိုက်ဘူးလို့ မထင်ဘူးလား"

လှိုင်းက မျက်ရည်တွေ လည်နေတဲ့ ရီးကို အံ့အံ့သြသြလေး ငေးကြည့်နေကာ ...

"အန်တီ ... ဦးကို သိပ်ချစ်ခဲ့တာပဲနော်"

"ဟုတ်တယ်၊ ဒါကြောင့်လည်း မဆိုင်တော့တဲ့ ဘေးထွက်နေရတဲ့ အချိန်မှာတောင် သူ့အတွက် လိုက်စဉ်းစားနေမိတာ"

"လှိုင်း စိတ်မကောင်းပါဘူး အန်တီ၊ ဦးဟာ ကလေးမရတာတစ်ခုနဲ့ သူ့အပေါ်ကောင်းတဲ့ ဇနီးတစ်ယောက်ကို လက်လွှတ်ခဲ့ရတာပဲ"

"အဲဒါကြောင့် သူ့ကို စိတ်မထိခိုက်ရစေချင်တာပါ"

"အန်တီ ... လှိုင်းလည်း ဦး ... ဦးကို ချစ်ပါတယ်"

ရီး မျက်နှာက ကွက်ခနဲပျက်ကာ သူ့ရှေ့က နုနယ်ဝင်းစင်တဲ့ မိန်းမငယ်လေးကို မျက်နှာလွှဲလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးကို လှိုင်းရဲ့အဖြစ်အပျက်တွေအားလုံး ဖွင့်မပြောဖြစ်ခဲ့ဘဲ ဖုံးကွယ်လျှို့ဝှက်ခဲ့ပေမယ့် ဦးအပေါ် ဒီလောက်တောင် ရက်ရက်စက်စက် မညှာပါဘူး အန်တီ၊ ဦးရဲ့ရင်သွေးပါ၊ အန်တီ ယုံပေးပါ လှိုင်း တောင်းပန်ပါတယ်"

"သက်သေခိုင်လုံဖို့လိုတယ် လှိုင်း"

"အန်တီက ဦးကို လုံးဝ ဘယ်နည်းနဲ့မှ ကလေးမရနိုင်ဘူးလို့ ဘာဖြစ်လို့ ယုံထားရတာလဲ"

"ဒီဒ ဘိုင်းပဲ ဖြစ်ခဲ့တာပဲလေ"

"ဦးဘက်ကိုမှ မစစ်ဆေးခဲ့တာ"

"အဲဒီတစ်ချက်တော့ ထွက်ပေါက်ရှိတာပေါ့၊ ဒါပေမဲ့ ရနိုင်ပါတယ်ဆိုတဲ့ သက်သေလည်း မရှိခဲ့ဘူးလေ"

"သမီးလေးက သက်သေပါ အန်တီ"

ရီးက သက်ပြင်းတစ်ချက် ချလိုက်လျှင် လှိုင်းကလည်း စိတ်ရှုပ်သလို သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"အန်တီ ... လှိုင်းက ဘယ်လိုသက်သေပြရမှာလဲ"

"နည်းလမ်းတွေ အများကြီးပါ၊ ကလေးကို သွေးစစ်တာ DNA စစ်တာတွေနဲ့ ဘယ်လိုမှ ငြင်းမရတဲ့ သက်သေအမှန်တွေ ရနိုင်တာပေါ့"

"သွေးအုပ်စုက ထပ်စစ်ဖို့ မလိုပါဘူး၊ လှိုင်းက ဘီ၊ ဦးက အေဘီ"





မိုးဂေါင်ရဲ့သွေးအုပ်စု အေဘီ ဆိုတာ ရီးလည်းသိပါသည်။

"ကလေးက !! "

"သမီးလေးက အေဘီပါ၊ ဆေးရုံက စစ်ပေးပြီးပြီ၊ ဦးနဲ့ သွေးအုပ်စု တူတူပဲ၊ ဒါအခိုင်မာဆုံး သက်သေပဲ၊ လှိုင်း စာရွက်လည်း ပြနိုင်ပါတယ်၊ ဒါဆိုရင် လုံလောက်ပြီမဟုတ်လား"

ရီးက နေလင်းတို့သားအမိဘက် အမောတကော လှည့်ကာ ...

"နေလင်း သွေးအုပ်စုက ! "

"နေလင်းသွေးက အေ"

"ဟင်"

"နေလင်းက အေ ဆိုတော့ ..."

လှိုင်းက စိတ်တွေရှုပ်လာသလို ...

"ဦးနဲ့ သမီးလေး သွေးအုပ်စု တူနေတာတောင် မပြီးသေးဘူးလား အန်တီ"

"နေလင်းက အေ ဆိုရင် နေလင်းနဲ့ လှိုင်းကနေလည်း အေဘီရင်သွေး ရနိုင်သေးတာပဲလေ"

လှိုင်းသည် ငိုချလိုက်ချင်စောတဲ့ရုပ်နှင့် ရီးကို မျက်ရည်တွေပြည့်တဲ့ မျက်လုံးနှင့် စူးစူးရဲရဲကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ဘာကိုတွေ့ရမှ ကျေနပ်မှာလဲ၊ ခုဟာက အန်တီက ကလေးဟာ ဦးရဲ့ကလေး မဟုတ်ဘူး ဆိုပြီးတော့ပဲ ဖြစ်စေချင်နေတာလား ... ဟုတ်လား၊ ဘယ်နည်းနဲ့မဆို ဦး မဟုတ်တဲ့ တခြားတစ်ယောက်ရဲ့သွေးပဲဆိုတဲ့ အဖြေမျိုးပဲ ပေါ်စေချင်နေတာလား ...

နေလင်း ... နင်တို့သားအမိကော ဘာလဲ၊ တလောကလုံးက ဒီကလေးကို ဦးမိုးဂေါင်ကလေး မဟုတ်ပါဘူးဆိုပြီး ... စွပ်စွဲချင်နေတာလား၊ အဲဒါကိုပဲ သက်သေပြနိုင်ချင်တာလား"

"လှိုင်း ... အန်တီကတော့ ရှင်းရှင်းပြောရရင် နေလင်းနဲ့ ဘာမှမဆိုင်စေချင်တာ၊ နေလင်းနဲ့ သက်ဆိုင်စေချင်ပါ့မလား စဉ်းစားကြည့်ပေါ့။ သက်ဆိုင်နေရင်သာ မလွဲမရှောင်သာ လူသားပီသချင်စွာနဲ့ ကိုယ့်သွေးကိုယ့်သားတာဝန် ကိုယ်ယူထိုက်တယ်လို့ ခံယူပြီး လာတွေ့ရတာပါ၊ နေလင်းနဲ့ မပတ်သက်စေချင်တာပါ"

"ခု မပတ်သက်ပါဘူး ဆိုတာကို မကျေနပ်နိုင်ဘူးလား"

ဒေါ်ခင်မမက ပခုံးတစ်ချက်တွန့်မိရင်း ...

"အန်တီ့အနေနဲ့တော့ ကျေနပ်ရမှာပါ"

"နေလင်း ... နင်ကော"





"ငါလည်း မဟုတ်ဘူးဆိုရင် ကျေနပ်ပါတယ်၊ မဟုတ်ပါစေနဲ့လို့ပဲ ဆုတောင်းခဲ့တာပါ လှိုင်း"

လှိုင်းက ရိုးထံသို့ ဆတ်ခနဲ လှည့်ကြည့်လိုက်ရင်း နာနာကျင်ကျင်နှင့် ...

"အန်တီတစ်ယောက်တည်းကပဲ နေလင်းရဲ့သွေး ဖြစ်စေချင်နေတာပေါ့နော်၊ ဦးနဲ့ဘာမှမဆိုင်ဘဲ နေလင်းနဲ့ပဲသက်ဆိုင်စေချင်တာ အန်တီတစ်ယောက်တည်းပေါ့၊ အန်တီတစ်ယောက်တည်းရဲ့ ပြဿနာပေါ့နော်"

ရိုးသည် သူ့ဘက်၌ စစ်ကူတွဲထားတဲ့ အားတွေလျော့ကျကာ တစ်ယောက်တည်း တစ်ဖက်ကျန်ခဲ့သလို ဖြစ်ရတဲ့အတွက် မျက်နှာပူရသည်မှန်သော်လည်း ...

"မင်း ယုံချင်မှတော့ ယုံပေါ့ လှိုင်း၊ အန်တီကလည်း ဦးမိုးဂေါင်ရဲ့ ရင်သွေးအစစ်ပဲ ဖြစ်စေချင်တဲ့ဆန္ဒပါ၊ DNA ထပ်စစ်လို့ ရသေးတာပဲ၊ ဒါကတော့ ခုနက သွေးအုပ်စုလို တိုက်ဆိုင်နေစရာ အကြောင်းမရှိဘူးပေါ့"

လှိုင်းက မျက်ရည်ပေါက်များ ပါးပြင်ပေါ် စီးလိမ့်ကျကာ ရိုးကို မျက်လုံးမှေးစင်းကြည့်ရင်း ...

"မဟုတ်ပါဘူး အန်တီ၊ အန်တီက ဦးရဲ့ရင်သွေး မဟုတ်စေချင်တာ၊ ဦးဟာ ကလေးမရနိုင်ဘူးဆိုတဲ့ အချက်ကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



မှန်ကန်စေချင်နေတာပါ၊ သူ့ရင်သွေးအစစ်ကိုသာ ရစေချင်တာ၊ ဘာစေတနာ ညာစေတနာတွေ အန်တီရေရွတ်နေပေမယ့် အန်တီ ရင်ထဲမှာ ဟိုးအတွင်းထဲမှာ ဦးကို ကလေးမရနိုင်တဲ့သူပဲ ဖြစ်စေချင်တယ် ...

အတ္တပဲ၊ အဲဒါ အတ္တပဲ၊ အန်တီနဲ့ ဆယ့်ငါးနှစ်နေလို့ ကလေးမမွေးခဲ့တဲ့အတွက် လှိုင်းနဲ့လည်း မရနိုင်ဘူး၊ မရစေရဘူး၊ ရတယ်ဆိုရင် အလိမ်အညာပဲလို့ တစ်ယူသန်နေတာဟာ အန်တီ မသိစိတ်မှာ မနာလိုနေတာ၊ လက်သင့်မခံနိုင်တာ၊ တခြားမိန်းမနဲ့ ကလေးရပါတယ် ဆိုတာကို မကြည်ဖြူနိုင်တာ၊ ဘယ်လိုပဲ အမှန်တရားကို ပြောနေပါစေ၊ မျက်စိမှိတ်ပြီးတော့ကို မယုံဘူးငြင်းနေတာဟာ အဲဒါကြောင့်မဟုတ်ရင် ဘာလဲ ...

ဦးက လှိုင်းကို မယုံကြည်လို့ စစ်ဖို့ဆေးဖို့ တောင်းဆိုရင် ဒါဟာ သဘာဝကျပါတယ်၊ ဦးမှာ စီရင်ပိုင်ခွင့်ရှိတယ်၊ အန်တီမှာ လှိုင်းကို ဘာစစ်ဖို့ ညာစစ်ဖို့ တောင်းဆိုပိုင်ခွင့် မရှိပါဘူး၊ နေလင်းတို့ သားအမိတောင်မှ တစ်ချိန်ကတော့ တာဝန်မဲ့ချင်ခဲ့ပြီး ခုမှ အလန့်တကြား ငါ့သွေးသားလား ထ,ဖြစ်လာကြတဲ့အတွက် ဒီကိစ္စကိုသိချင်တယ်ဆိုတာ အခွင့်အရေးရှိပါသေးတယ် ...





အန်တီ့အနေနဲ့ တောင်းဆိုခွင့်လည်း မရှိသလို အခွင့်အရေးလည်း လုံးဝမရှိဘူး၊ အန်တီနဲ့ ဦးဟာ ဘာပြဿနာမှမရှိဘဲ ခွဲခွာခဲ့ကြတယ်၊ ဒီခေါင်းစဉ်ကြောင့် ဆယ့်ငါးနှစ်အိမ်ထောင်ရေးကို ဖြိုဖျက်လက်လျှော့လိုက်ရတယ်၊ အန်တီအသည်းနာရတယ်ဆိုတာ နာထိုက်ပါတယ်၊ ဒါပေမဲ့ အန်တီနဲ့ ဦးက တရားဝင်ကွာရှင်းထားသလို ဦးနဲ့လှိုင်းက တရားဝင်လက်ထပ်ထားတာပါ ...

ဦးရဲ့နောက်ပိုင်းကိစ္စတွေမှာ အန်တီ ဝင်စွက်ဖက်ပူပန်နေရစရာလည်း မလိုအပ်ပါဘူး၊ လှိုင်းရဲ့နောက်ကြောင်းကိစ္စတွေကို မမျှော်လင့်ဘဲ အန်တီ သိခွင့်ရထားတယ်ဆိုပေမယ့် လှိုင်းကိုလည်း အန်တီ စွက်ဖက်ခွင့် အမိန့်ပေးခွင့်စီစဉ်ခြယ်လှယ်ခွင့် လုံးဝမရှိပါဘူး ...

တစ်ခုပဲရှိတယ် ...

ခြိမ်းခြောက်လို့တော့ ရတယ်၊ ဟုတ်တယ်၊ ခုဟာက အန်တီ လှိုင်းကို ခြိမ်းခြောက်နေတာ၊ အန်တီ့စိတ်ထဲမှာ ကိုယ်နဲ့တုန်းက မရခဲ့တဲ့ကလေး သူနဲ့ကျတော့ ရသွားတယ်ဆိုတာကို မနာလိုနေတာ၊ အန်တီကိုယ်တိုင်လည်း ဘာချွတ်ယွင်းချက်မှ မရှိခဲ့တော့ ပိုဆိုးတယ်၊ တကယ်လို့များ အန်တီထင်သလိုပဲ ဒါဟာ ဦးကလေး မဟုတ်ဘူးဆိုရင်

www.burmeseclassic.com



အန်တီ ဘာလုပ်မလို့လဲ၊ ပြိုကွဲသွားမယ့် အိမ်ထောင်တစ်ခုကို ဆောင့်ကြည့်ရမှာ အရသာရှိမှာမို့လို့လား အန်တီရယ် ...

တကယ်တော့ ဘယ်သူ့ကလေးဆိုတဲ့ အဖြေတောင် ပေါ်နေစရာ မလိုဘူး၊ တစ်စုံတစ်ယောက်က သံသယရှိလို့ ကလေးကို DNA စစ်ဖို့ တောင်းဆိုနေပါတယ် ဆိုရုံနဲ့ စစ်ရမယ်ဆိုရုံနဲ့ ဦးနဲ့လှိုင်းရဲ့ကြားက ဆက်နွယ်မှုတွေ ပျက်စီးကုန်ပါပြီ၊ ဦးရဲ့ခါးသီးတဲ့အမုန်းကို လှိုင်း လက်ခံရမှာ၊ လှိုင်းကို ရွံရှာနာကြည်းသွားမှာ၊ နင်က လိမ်ညာဖုံးကွယ်ခဲ့တဲ့သူမို့ ဒီလို ခံစားရထိုက်တယ်လို့ အန်တီ သတ်မှတ်ထားတယ်ဆိုရင် လှိုင်း အရှုံးပေးပါတယ် ...

လှိုင်းရဲ့ကလေးမို့ လှိုင်းရဲ့စိတ်နဲ့ လှိုင်းရဲ့ကိုယ် စစ်မပေးနိုင်ဘူးလို့ အန်တီ့ကို ငြင်းလို့ရတယ်၊ ဒါပေမဲ့ အန်တီ့ရင်ထဲမှာ မှောင်ရိပ်ခိုနေတဲ့ ဝန်တိုမစ္ဆရိယက တခြားတစ်ချိန်မှာ တခြားတစ်နည်းနည်းနည်းနဲ့ ဒီကလေးအပေါ် တိုက်ခိုက်လာဦးမှာပါ၊ ပျက်ပြယ်သွားမှာ မဟုတ်ဘူး ...

ဒီတော့ ... အန်တီ စစ်စေချင်သပဆိုရင် ဦးကိုသာ အလုံးစုံ ဖွင့်ပြောပြီး စစ်နိုင်းကြည့်လိုက်ပါတော့၊ စစ်ပြီးတဲ့ အခါမှာတော့ ဒါဟာ ဦးရင်သွေးလေးစစ်စစ်ဆိုတာ နိုင်နိုင်မာမာ ပေါ်လာမှာမို့ အန်တီ ရှုံးမှာပါ၊ ဒါပေမဲ့ စစ်ပြီ





ဆိုကတည်းက ဦးနဲ့လှိုင်းကြားမှာ အက်ကြောင်းဟသွားပြီမို့ လှိုင်းလည်းရှုံးမှာပါ၊ ဦးရဲ့သမီးလေးဟာ ဦးလိုမိဘအစုံမဟုတ်တောင် အမေဖြစ်စေ အဖေဖြစ်စေတော့မဲ့သွားတော့မှာပါ၊ ဦးအဖို့လည်း အိမ်ထောင်တစ်ဆက်ကနေ နှစ်ဆက်ပျက်၊ ယုံကြည်ချက်တွေ ပြိုကွဲပြီး တော်တော်နဲ့ နာလန်ထူနိုင်တော့မှာ မဟုတ်ပါဘူး ...

လှိုင်းက ဦးကို ဖုံးကွယ်ခဲ့တဲ့ အပြစ်ရှိတဲ့သူမို့ လှိုင်းခံစားထိုက်တဲ့ အပြစ်ဒဏ်လို့ သတ်မှတ်လို့ ရပါတယ်၊ ဦးကလည်း အန်တီ့အပေါ် တစ်ကိုယ်ကောင်းဆန်ဆန် ဆုံးဖြတ်စွန့်ခွာခဲ့တယ်ဆိုတဲ့ ပြစ်မှုနဲ့ ပြစ်ဒဏ် ခံထိုက်တယ်လို့ ယူဆလို့ ရပါတယ်၊ အပြစ်မဲ့တာက ခုမှ တစ်လမပြည့်သေးတဲ့ လှိုင်းတို့သမီးလေးပါ၊ ဦးရဲ့မျိုးဆက် ရင်သွေးလေးပါ အန်တီ"

ရှိုးသည် အဆက်မပြတ် ပြောနေတဲ့ လှိုင်းရဲ့စကားတွေကို ပါးစပ်လေး အဟောင်းသားဟတဲ့အထိ အငိုက်မိပြီး နားစိုက်ထောင်နေမိသည်။ ပိုးပိုးပေါက်ပေါက် ကျနေတဲ့ လှိုင်းရဲ့မျက်ရည်ပေါက်ကြီးတွေကိုလည်း သတိလက်လွတ် ငေးမောငေးမိသည်။ နေလင်းတို့ သားအမိလည်း လှိုင်းကို အငေးသားငိုင်သား ငေးကြည့်နေပါသည်။ နေလင်းဟာ အတိတ်က သူ ရွတ်

www.burmeseclassic.com



တစ္ဆတ်ပြုမူးခဲ့တဲ့ ဖြစ်မှုတစ်ခုအတွက် လှိုင်းကို မဖော်ပြတတ်အောင် သနားကရုဏာသက်မိကာ မျက်ရည်လည်နေမိပါသည်။

လှိုင်းက ထိုင်ရာမှ ဖြည်းညင်းစွာ ထရပ်လိုက်ပါသည်။ ခုံကိုတွန်းရွှေ့ကာ လှည့်ထွက်ဖို့ပြင်ရင်း ...

"DNA စစ်ကြည့်ပါလို့ ဦးကို အန်တီကိုယ်တိုင် ပြောပြီးတောင်းဆိုနိုင်ပါတယ် အန်တီ၊ ဒါပေမဲ့ ..."

လှိုင်းက တစ်ရှူးဘူးမှ တစ်ရှူးစတွေ လှမ်းဆွဲဖြုတ်ကာ မျက်ရည်တို့ကို ပွတ်သုတ်ရင်း ...

"ဒီပြဿနာတွေအားလုံး ပြီးဆုံးသွားတဲ့ အချိန်မှာ သမီးလေးဟာ သူ့ရင်သွေးစစ်စစ်ဖြစ်တာ ဦးသိသွားမှာမို့ အန်တီဆီကိုတော့ ဦး ပြန်ရောက်လာမယ် မထင်ပါဘူး အန်တီ"

ဖြည်းဖြည်း ထွက်ခွာသွားတဲ့ လှိုင်းကျောပြင်ကို ကြည့်ရင်း ရိုး ရင်ထဲက နှလုံးသားက အပြင်ကို ပေါက်ထွက်မတတ် ခုန်လှုပ်တုန်ခါနေခဲ့ပါသည်။

✤ ✦ ✤



၁၅

ဆင့်ထပ်ထားတဲ့ ခေါင်းအုံးကြီးများမှာ ခပ်မြုပ်မြုပ်မှီရင်း ဗွမ်းစောင်ပုံကြီးအောက်၌ မလှုပ်မယှက် နဖူးပေါ် လက်တင်ငြိမ်သက် တွေးတောနေတဲ့ ရိုးရဲ့မျက်ဝန်းကလေးဟာ စိုစွတ်လျက်မီးရောင်တွင် မျက်ရည်ရောင်လက်နေသည်။

တစ်ခဏအကြာမှာတော့ ရိုးက လူးလွန့်လိုက်ရင်း ခုတင်ကြီးနံ့ဘေးက မှန်တင်ခုံပေါ် တင်ထားသည့် ဖုန်းလေးကို လှမ်းယူလိုက်ပါသည်။ မနှိပ်ရတာ ကြာပြီဖြစ်တဲ့နံပါတ်။ Speed dial စာရင်းမှာ နံပါတ်တစ်နေရာက ထည့်ထားတာ ဖြစ်တဲ့အတွက် "တစ်"ဂဏန်းလေးတစ်လုံးကိုသာ နှိပ်ပြီး ဖုန်းခေါ်လိုက်ပါသည်။

"ဟယ်လို"

"ဟယ်လို ... ကိုမိုးဝေါင်လား၊ ရိုးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ရှိး ... ပြောပါ"

"သမီးကလေး မွေးတယ်လို့ သတင်းကြားလို့ပါ"

"ဟုတ်တယ် ရှိး"

"ကွန်ဂရက်ကျူလေးရှင်းပါ ကိုမိုးခေါင်၊ ဝမ်းသာပါတယ်"

"ကျေးဇူးတင်ပါတယ် ရှိး"

ရှိးက ဖုန်းခလုတ်လေးကို ဖိချကာ မျက်ရည်တစ်ပေါက် စီးလိမ့်ကျရင်းက မသဲမကွဲ ပြုံးနေမိပါသည်။

✤ ✦ ✤

လမင်းမိုမို



www.burmeseclassic.com